
လွမ်းတဲ့အခါ




ွမ်းတဲ့အခါ

# အလင်္ကာရ

## လွမ်းတဲ့အခါ



**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


**စာမူခွင့်ပြုချက်အမှတ်**
၁၀၇၀/၂၀၀၄ (၉)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၀၆၇၀၆၀၁
**ထုတ်ဝေသူ**
**ဦးမောင်မျိုး**
**ကြောင်နှစ်ကောင်စာပေ**

**ပုံနှိပ်သူ**
**ဦးမောင်မျိုး**
**ကြောင်နှစ်ကောင်ပုံနှိပ်တိုက်**

**ထုတ်ဝေခြင်း**
**ပထမအကြိမ် ၂၀၀၆ ခုနှစ် မတ်လ**
**အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်**

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**အထင်ကရ**

## ကျေးဇူးတင်လွှာ

ဤဝတ္ထုကိုရေးသားဖန်တီးရာတွင် ကျိုက်ထိုမြို့ ခလရ(၉၆) တွင် တပ်ရင်းမှူးအဖြစ်တာဝန်ကျနေသော 'ဒုတိယဗိုလ်မှူးကြီးတင်စန်းနိုင် နှင့် အန်တီနီ'၊ ခင်မင်စွာ ပတ်သက်ခဲ့ရတဲ့မိသားစုများ၊ နွေးထွေးဖော်ရွေမှုရှိတဲ့ ကျိုက်ထိုမြို့သူမြို့သားများနှင့်တကွ ရင်းနှီးပတ်သက်ခဲ့ဖူးတဲ့ မိတ်ဆွေများအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

စိတ်လှုပ်ရှားဖွယ်ရာ ရင်မောစရာ အဖြစ်တွေကို ဖန်တီးခဲ့သူသည် ဘယ်သူမှ မဟုတ်ခဲ့ပါ။ ကျွန်မကိုယ်တိုင်ပဲ ဖြစ်ခဲ့ပါသည်။ သိပ်ချစ်တဲ့ မြေးလေး 'နေမင်း' ကို 'လင်္ကာ' ဆိုတဲ့ ပျံတန်တန်ကောင်မလေးနဲ့ ဝေးအောင် နယ်မြို့တစ်မြို့ကိုပို့လိုက်ကာမှပဲ နှလုံးရောဂါ ဆိုတဲ့ ဝေဒနာက ကျွန်မရင်ထဲကို စတင်ထိုးဖေါက် ဝင်ရောက်ခဲ့တော့တာပါပဲ။ အချိန်တွေကိုသာ ပြန်ပြောင်းပြီး ပြင်ဆင်ချယ်လှယ်ခွင့်ရခဲ့မယ်ဆိုရင် 'နေမင်း' ကို ကျိုက်ထိုမြို့သို့ ကျွန်မ ဘယ်ပို့ခဲ့ပါ့မလဲ။ ခုချိန်မှတော့ ကျွန်မ ဘာမှ မတတ်နိုင်တော့ပါ။





## ၁

F.M.I ရှိ ကျွန်မသူငယ်ချင်းရဲ့ စိန်၊ ရွှေဆိုင်ကို မရောက်မီ လမ်းတစ်ဝက်မှာပင် ခပ်ဖြည်းဖြည်းချင်း လှမ်းနေတဲ့ ကျွန်မရဲ့ခြေလှမ်းတွေက တုံ့ကနဲနေအောင် ရပ်တန့်လို့သွားခဲ့ရတော့သည်။

လက်ချင်းယှက်ကာ စကားတွေတွတ်ထိုးပြီး ရပ်နေတဲ့ စုံတွဲကတော့ ကျောပေးအနေအထားမို့ ကျွန်မရပ်ကြည့်နေတာကို မမြင်သေးချေ။

ဝုန်းဒိုင်းပေါက်ကွဲချင်နေတဲ့ ကျွန်မရဲ့ဒေါသကို မနည်း

မြို့သိပ်ဖိချရင်း ခြေလှမ်းကိုခပ်ဖွဖွကလေး လှမ်းမိလျက်သား ဖြစ်နေပါပြီ။ မြေးဖြစ်တဲ့ 'နေမင်း' ကို စိတ်တိုဒေါသထွက်တာ မှန်ပေမယ့် 'လင်္ကာ' ဆိုတဲ့ မိန်းကလေးကို ပိုမုန်းတီးမိပါသည်။

ကျွန်မဘက်က ဒီလောက်ပြောဆို ပိတ်ပင်တားဆီးထား ရဲ့နဲ့ ဒင်းမို့လို့ အရှက်မရှိ 'နေမင်း' နဲ့ ဆက်တွဲနေရတယ်လို့။ ယောကျ်ားလေးရှင်ဘက်က တင်တင်စီးစီး ကန့်ကွက်တာမျိုး ကျွန်မသာခံရမယ်ဆိုရင် အော့နှလုံးနာလွန်းလို့ ထိုယောကျ်ား ကို ထွီကနဲဆိုပြီး မုန်းမေ့ပစ်လိုက်မှာ သေချာပါသည်။

ခုလို ကျွန်မလို စိတ်ဓါတ်မမာကြောတဲ့မိန်းကလေး မာန မရှိတဲ့ မိန်းကလေးမျိုးနဲ့ တွေ့နေရတာ အခက်ကြုံမနေပေဘူး လား။

ထစ်ကနဲဆို ကျွန်မရဲ့စိတ်ကိုကျွန်မ ဘယ်လိုမှထိန်း သိမ်းလို့မရခဲ့ပါ။ ခုလဲ ဒေါသဖြစ်တာနဲ့ လက်ကပါ အလိုလိုပါ သွားခဲ့ရပြီ။

'နေမင်း' ရဲ့လက်ကို မှီနွဲ့စွာ တွဲဆုပ်ကိုင်ထားတဲ့ 'လင်္ကာ့' ရဲ့လက်ကို ဆောင့်ဆွဲဖြုတ်၍ ခပ်ဝေးဝေးရောက်အောင် တွန်း ထုတ်ရင်း ကြားကနေ ကျွန်မ ဝင်ရပ်ပစ်လိုက်မိသည်။

အလန့်တကြား လှမ်းကြည့်လာတဲ့ 'လင်္ကာ့' ရဲ့ မျက်လုံး





တွေက ကျွန်မကိုတွေ့တာနဲ့ ချက်ချင်းအရောင်ပြောင်းကာ က လန့်ကဆန့်လုပ်လိုမှုတွေ ပျော်ဝင်လာခဲ့၏။

"ဟာ ဘွားဘွား ဘယ်လိုလုပ်လိုက်တာလဲ...ကျွတ် လူတွေ ကြားထဲမှာ ရှက်စရာကြီးဗျာ"

'နေမင်း' ရဲ့အသံက ရှက်ရွံ့မှုကြောင့် တိုးတိမ်လှိုက်ဝင် ချင်နေသည်။

"မင်း ရှက်တတ်ရင် သူနဲ့ ဘာလို့တွဲနေသေးလဲ... မင်း ကို ဘာပြောထားလဲ... ပြီးတော့ မင်းကလည်း ဘာကတိတွေ ပြန်ပေးထားသလဲ ပြောစမ်း"

"ခက်နေပါပြီ... ကဲ ကဲ ပြန်တော့မယ်... ဘွားဘွား လည်းပြန်တော့"

"မင်း ငါနဲ့ ပြန်လိုက်ခဲ့ 'နေမင်း'"

"ကျွန်တော် သူ့ကို ပြန်ပို့ပေးရမယ်"

"အို ရာရာစစ ဘာလိုက်ပို့ပေးစရာ လိုသလဲ... သူ့လမ်း သူသွားပစေပေါ့"

"ဘယ်ကောင်းမလဲ ဗျာ"

"ကောင်းတယ်... ကဲ သွားမယ် လာတော့"

'နေမင်း' သည် 'လင်္ကာ့' ကို ဖြီးစလွယ် ဒီအတိုင်းထား

ပစ်ခဲ့ရမယ်ဆိုတော့လည်း ဘယ်လိုမှစိတ်မကောင်းနိုင်။ အဖွား ဖြစ်သူ 'ဒေါ် စိန်ဥ' ရဲ့ ဆန္ဒကိုလည်း ဆန့်ကျင်ရမှာ ဝန်လေး လို့နေမိပြန်သည်။

'နေမင်း' ကိုယ်က မှားတာပါ။

'လက်ကီ့' ချိန်းတာကို မလာခဲ့လိုက်ရင် ဒီလိုမျိုးပြဿနာ တွေက ဖြစ်လာမှာကို မဟုတ်။ ခုလို ပက်ပင်းကြီးမိမှတော့ ဘယ်လိုရှင်းလို့ ရနိုင်ပါ့တော့မလဲ။

'လက်ကီ့' ကို ကြည့်ရတာလည်း ရှုံးပြီး ကျန်ခဲ့မည့်ပုံ မပေါ် ပါ။

"မင်း လိုက်သွားရင် ကိုယ် ရင်ကွဲမတတ် အကျယ်ကြီး အော်ပစ်လိုက်မှာနော်... မင်း ကိုယ့်ကို ပြန်လိုက်ပို့ပေးမှ ကိုယ် ကျေနပ်မှာ"

ဟု 'လက်ကီ့' ရဲ့ လေသံက ခြိမ်းခြောက်သလိုမျိုး မာကျစ် ကျစ် ထွက်ပေါ်လို့လာခဲ့သည်။ 'လက်ကီ့' ရဲ့ ပုံစံကိုကြည့်ပြီး 'နေမင်း' ပိုပြီး စိတ်ပျက်ရပါသည်။

သူ ဒီလို ရှုတ်ဆတ်ဆတ် ကလန်ကဆန် လုပ်နေလို့လည်း ဘွားဘွားနဲ့မတည့်တာ။

"ဘွားဘွား ကျွန်တော် 'လက်ကီ့' ကို ပြန်လိုက်ပို့ပေး





လိုက်မယ်နော်"

ဟု လေချိုကလေးနဲ့ သူ ခွင့်တောင်းကြည့်ပေမယ့် ခွင့်မပြုပေ။

"မလိုပါဘူး... မင်းက သူ့စကားကိုယုံပြီး ကြောက်နေ တာလား ရင်ကွဲယုံမကလို့ သူ့ခန္ဓာကိုယ်တစ်ခုလုံး ကွဲထွက် သွားပါစေဦး ဂရုစိုက်နေစရာကို မလိုဘူး... သူ့လို မိန်းကလေး မျိုးကို ပစ်ထားခဲ့နိုင်မှ တော်ကာကျမှာ"

'လက်ကီ့' ရဲ့ ခြေလှမ်းက ဖျတ်ကနဲ ရှေ့သို့တိုးလာခဲ့ သည်။

"'နေမင်း' နဲ့ ကျွန်မနဲ့ကို ဘယ်တော့မှခွဲဖို့ မကြိုးစား ပါနဲ့ ဘွားဒေါ်ကြီး... ကျွန်မက 'နေမင်း' ကို အပိုင်သိမ်းပိုက် မှာ... ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည်ဆိုတာ မသိဘူး လား"

"ကြည့်စမ်း... မင်း မိုက်ရိုင်းစော်ကားရဲလှချည်လား... ညည်းလို မိန်းကလေးမျိုးနဲ့ 'နေမင်း' နဲ့ တန်လို့လား တူလို့ လား... ငါ့မြေးက ကောင်းကင်ထက်က ပဒုမ္မာရွှေကြာ... ညည်း က နွားခြေရာ ခွက်ထဲက မြက်ပွင့်... တကယ့်ကို တခြားစီပဲ... စိတ်ကူးမယဉ်နဲ့... စိတ်ကူးမယဉ်နဲ့... ရူးသွားလိမ့်မယ် မှတ်

ထား"

"ဘွားတော်ကြီးလည်း လောဘရမ္မက်တွေများပြီး ဗြုန်းကနဲ အသက်ထွက်သွားမှ ခက်နေမယ်"

"ဟာ 'လင်္ကာ' ဘာစကားတွေ လျှောက်ပြောနေတာလဲ"

"မှန်တဲ့စကားတွေ ပြောနေတာလေ... မင်းရဲ့ဘွားတော်ကြီးပြောတဲ့ စကားတွေကကော ဘယ်လောက်တောင်များ အထာကျနေလို့လဲ"

"ဘယ်လိုပဲဖြစ်ဖြစ် လူကြီးကို ပြန်မပြောနဲ့လေကွာ"

"မပြောစေချင်ရင် ဒီ ဘွားတော်နဲ့ ဝေးရာဆီ မင်းကိုယ့်ကို ခေါ်သွားလိုက်လေ"

"ဟာကွာ..."

'လင်္ကာ့' ရဲ့ ကြမ်းတမ်းသော စကားတွေကို 'နေမင်း' ဆက်ပြီး နားမထောင်ချင်တော့ပါ။ ဘွားဘွားကို ပြန်အော်ပြောနေတာကိုလည်း ဘယ်လိုနည်းနဲ့မှ သည်းခံလို့မရတော့ချေ။

ဒီနေရာကနေ ဆွဲခေါ်ထုတ်သွားတာကအားလုံးအတွက်အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မည်။

"ကျွန်တော် ခုပဲ ပြန်လာခဲ့မယ် ဘွားဘွား"

"'နေမင်း' မသွားနဲ့... ခုချက်ချင်း ပြန်လာခဲ့စမ်း"





သူ 'လင်္ကာ့' ရဲ့ လက်ကိုဆွဲပြီး ခပ်သွက်သွက် ခြေလှမ်းတွေဖြင့် လှေကားထစ်တွေကို ပြေးဆင်းလာခဲ့လိုက်ပါသည်။ ကားပါကင်ကနေ ကားကိုဆောင့်ထွက်ရင်း 'လင်္ကာ့' ကို အော်လိုက်မိသည်။

"'လင်္ကာ့' လေသံတွေက တကယ့်ကိုအောက်တယ်ကွာ... လူကြီးတစ်ယောက်ကို ဒီလိုမျိုး ပြန်ပြောဖို့မသင့်ဘူး"

"အို လူတိုင်းမှာ မခံချင်စိတ်တို့ ဒေါသစိတ်တို့ဆိုတာ မွေးကတည်းက ပါလာပြီးသား... ကိုယ့်ကို ဒီလောက် ချိုးနှိမ်ဖို့ရွဲ့ပြီးပြောနေတာကို ငြိမ်ခံနေရအောင် အ,အမှမဟုတ်တာ... 'လင်္ကာ့' ဘက်က ဒီလောက်ကြီးလည်း သဘောထား ကြီးမပေးနိုင်ဘူး... ဒါတောင် မင်းရဲ့အဘွားဖြစ်နေလို့... တခြားလူသာဆို သူ တစ်ခွန်း 'လင်္ကာ့' ဘက် က ဆယ်ခွန်းပဲဆိုတာမှတ်ထား"

"စရိုက်ကြမ်းလှချည်လားကွာ... ကိုယ့်ပတ်ဝန်းကျင်မှာ ရန်ထောင်တာတို့ အော်ကြီးဟစ်ကျယ် ရန်ဖြစ်တယ်တို့ ဘာတို့ဆိုတာမရှိဘူး"

"ဩော် ဩော် မရှိပေလို့သာပဲ... ရှိများရှိလို့ကတော့ 'လင်္ကာ' တို့ အစအနတောင် ကျန်မှာမဟုတ်တော့ဘူး... မင်းအဘွားကသက်သေပဲ မှတ်ထား"

"ဘွားဘွား ကို ထည့်မပြောနဲ့တော့ကွာ"

"မပြောစေချင်ရင် မင်းလည်း ပါးစပ်ပိတ်ထားပါလား… ကိုယ့်ကို အပြစ်လာတင်စရာအကြောင်းမရှိဘူး"

တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် အော်ဟစ်နေကြတာကြောင့် 'နေမင်း' ခေါင်းတွေပင် မူးနောက်ချင်သလိုဖြစ်လာရသည်။

စိတ်ထဲကလည်း 'လင်္ကာ့' ကို လက်လန်နေရပြီ ဖြစ်သည်။ ကားကိုသာ ဂရုတစိုက်နဲ့ လိုရာခရီးကိုရောက်အောင် ခပ်မြန်မြန် မောင်းနေမိတော့သည်။

"ဒါက ဘယ်ကိုသွားနေတာလဲ… ဘယ်သူက အိမ်ပြန်မယ်ပြောနေလို့လဲ"

"အိမ်မပြန်လို့ ကိုယ်က ဘယ်ကိုပို့ပေးရမှာလဲ"

"ဟာ သွားစရာတွေ အများကြီးရှိသေးတယ်လေ… စချိန်းကတည်းက မိုးချုပ်မှပြန်မယ်လို့ သဘောတူထားပြီးရဲ့သားနဲ့ အိမ်မပြန်ချင်သေးဘူး"

"မပြန်လို့ဘယ်ရမလဲ… ကိုယ်က ခုချက်ချင်း အိမ်ပြန်သွားရမှာ"

"မင်းလည်း မပြန်ရပါဘူး… ကိုယ်နဲ့အတူ နေရာအနှံ့





လျှောက်သွားပြီးတော့မှ ပြန်ရမယ်… နောက်ကြောင်းကိစ္စတွေ ထည့်မစဉ်းစားနဲ့"

"မစဉ်းစားလို့ မရဘူး… ဘွားဘွား ရဲ့ ဒေါသကိုကိုယ်အသိဆုံး"

"ကိုယ့်ရဲ့ဒေါသကိုလည်း မင်း မေ့မထားနဲ့လေကွာ"

'နေမင်း' သည် စကားအခြေအတင် ပြောနေရတာကို စိတ်မရှည်နိုင်တော့တာကြောင့် ကားအရှင်းကိုကြည့်ပြီး လမ်းဘေးတစ်နေရာမှာ ကားကိုဆွဲကပ်ရပ်ပစ်လိုက်ပါသည်။

သူငယ်ချင်း အပေါင်းအသင်းတွေ မြှောက်ပေးလွန်းအားကြီးလို့သာ 'လင်္ကာ့' နဲ့သူ ချစ်သူတွေဖြစ်ခဲ့ကြပါသည်။ လူတကာ ငေးမောရအောင် ခေတ်ရှေ့ပြေး အဝတ်အစား အဆင်အပြင်တွေဖြင့် 'လင်္ကာ' က ကျောင်းမှာ ထင်ရှားရေပမ်းစားလေသည်။

ဒီလို ရေပမ်းစားထင်ရှားတဲ့သူမျိုးနဲ့ ရည်းစားဖြစ်ခွင့်ရတာကပဲ သူတို့လူငယ်တွေကြားထဲမှာ ဟီးရိုးသဘောမျိုးဖြစ်နေတာကြောင့် ရင်ခုန်သံကို သေချာပြန်မဆန်းစစ်ခဲ့ဘဲ 'လင်္ကာ' နဲ့သူချစ်သူတွေ ဖြစ်ခဲ့ကြပါသည်။

'နေမင်း' က 'လင်္ကာ့' ရဲ့ အလှအပကို ယစ်မူးသာယာ

ပြီး ချစ်သူအဖြစ်တွဲသလို 'လင်္ကာ' ကလည်း ကြွယ်ဝချမ်းသာသောငွေကြေးပြည့်စုံမှုကို မက်မောပြီး ချစ်သူအဖြစ်တွဲခဲ့ကြတာ ဖြစ်ပါသည်။

ရည်းစားသက်တမ်း ကြာလာတာနဲ့ အမျှတစ်ယောက်ရင်ထဲက ခံစားချက်ကို ကျန်တစ်ယောက်က အလိုလိုသိနေခဲ့ရတာဖြစ်သည်။

ကျောင်းပြီးသွားရင် အနေဝေးပြီး သွေးအေးကာ ဇာတ်လမ်း ပြတ်သွားလိမ့်မည်ဟု 'နေမင်း' က ယူဆထားပေမယ့် အခြေအနေတွေက ထင်ထားသလို ဖြစ်မလာခဲ့တာ 'နေမင်း' ကံဆိုးပါသည်။

ဒီကြားထဲဘွားဘွားသိသွားကာ 'နေမင်း' တို့ကြားထဲ ဝင်ရှုပ်မှ 'လင်္ကာ့' ဘက်က ပိုပြီး ဖြတ်ရခက်၊ ခွာရခက်နဲ့ ပိုတွယ်ကပ်လာခဲ့ရတာ ဖြစ်၏။

'လင်္ကာ' နဲ့ ဇာတ်လမ်းကို ဘွားဘွား ဘက်က မဖြတ်ခိုင်းလည်း 'နေမင်း' ရင်ထဲကဆန္ဒအတိုင်း ဖြတ်ပစ်ဖို့ ကြံရွယ်နေပြီးသားပါ။

'နေမင်း' တို့ ရှင်သန် ကြီးပြင်းလာခဲ့တဲ့ စရိုက်နဲ့ 'လင်္ကာ' တို့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းစရိုက်က တကယ့်ကို တခြားစီ





ဖြစ်နေပါသည်။

တစ်ယောက်နဲ့တစ်ယောက် အမုန်းတွေသင့်ပြီး လမ်းမခွဲချင်ပေမယ့် ခုတော့ အမုန်းနဲ့ပဲ လမ်းခွဲရမယ့်အဖြစ်ကို ရောက်လို့နေရပေပြီ။

"ကဲ ကိုယ်ကတော့ ဆုံးဖြတ်ပြီးနေပြီ... အိမ်ကို ပြန်မှပဲဖြစ်တော့မှာ... မင်း မပြန်ချင်သေးဘူးဆိုရင်လည်း ခုရောက်တဲ့နေရာမှာပဲ ဆင်းနေခဲ့လိုက်တော့"

"ဟင် မင်း ဘာစကားပြောလိုက်တာလဲ 'နေမင်း'"

"ဖြစ်သင့်တဲ့စကားကိုပဲ ပြောတာလေ... 'လင်္ကာ' မှ ကိုယ်အိမ်ပြန်ဖို့တာကို လက်မှမခံဘဲ ကိုယ်ကလည်းဘွားဘွားဆီကို ပြန်မှပဲဖြစ်တော့မှာ... 'လင်္ကာ' သွားချင်တာရှိရင် ကိုယ့်ဖါသာပဲ သွားလိုက်တော့"

"ဒီလို ပြီးစလွယ် ပြောလိုက်လို့ ဘယ်ရမှာလဲ"

"ပြီးစလွယ် ပြောတာ မဟုတ်ဘူးလေ"

"အို မသိဘူး... ဒီနေ့တစ်နေ့လုံး မင်း ကိုယ့်အနားမှာပဲနေပေးရမယ်... မင်းကို ဘယ်ကိုမှ ပေးမသွားနိုင်ဘူး... မင်းကိုယ့်ကိုထားသွားရင် မချစ်လို့ပဲ... ကိုယ် ငိုရအောင် စိတ်ဆင်းရဲရအောင် မင်းလုပ်မလို့လား ပြော..."

'လက်ာ' ရဲ့ အသံက ချွဲနွဲ့စွာ ထွက်ပေါ်လာသည်။

"ဒီအချိန်မှာ ဒါတွေပြောလို့ မရတော့ဘူးကွာ... ဘွား ဘွားဒေါ်သကို ကိုယ်အသိဆုံးပဲ... လူကြီးတစ်ယောက်နဲ့ပြိုင် ပြီးရစ်မနေစမ်းပါနဲ့ 'လက်ာ' ရာ... မင်းလုပ်တာနဲ့ အခြေအနေ တွေ ပိုဆိုးကုန်လိမ့်မယ်"

"အဲ့ဒီတော့လည်း ပိုပြီး ဆွေ့ဆွေ့ခုန်သွားအောင် နှစ် ယောက်စလုံး အိမ်မပြန်ဘဲ နေလိုက်ကျတာပေါ့... လွယ်ပါ တယ် ဘာခက်တာ မှတ်လို့"

"ဘယ်ဖြစ်မလဲ... စကားကိုပြီးစလွယ်မပြောစမ်းပါနဲ့... ကိုယ်မကြိုက်ဘူး"

"အတည်ပြောနေတာ... မင်းက ယောကျ်ားဖြစ်ပြီး သတ္တိ မရှိဘူးလား"

"မရှိဘူး..."

'နေမင်း' ပြောတာကိုကြားပြီး 'လက်ာ' ခေါ် တွေ တ ဆတ်ဆတ်တုန်သွားပုံရသည်။

ဟုတ်တာပဲ။ 'နေမင်း' ဘက်က ခိုးပြေးတဲ့အဆင့်ထိတော့ သတ္တိမရှိတာ အမှန်ပါ။ ကိုယ့်အနာဂတ်ရှေ့ခရီးက ခန့်မှန်းလို့ရ သေးတာမဟုတ်။





ဘွားဘွား ရဲ့ ထိန်းချုပ်မှုအောက်မှာပဲ 'နေမင်း' ကျင် လည်လှုပ်ရှားနေရတဲ့ ဘဝပဲ ရှိပါသေးသည်။ 'လက်ာ' တောင်း ဆိုတာကို လက်ခံလိုက်လို့ မဖြစ်ပါ။ ကိုယ့် ရင်ထဲကနှလုံးသား ခံစားချက်ကိုလည်း ပြန်နားလည်လို့နေပါသေးသည်။

"မင်းက တကယ်အောက်တဲ့ ယောကျ်ားပဲကွာ"

"ပြောချင်တာပြောကွာ... ဟင်း စိတ်ညစ်လိုက်တာ"

"ကိုယ်ကတော့ လုံးဝကို အိမ်မပြန်ချင်သေးဘူး... မင်း စိတ်ညစ်လဲ မတတ်နိုင်တော့ဘူး"

'လက်ာ' သည် စကားဆုံးတာနဲ့ ကုလားထိုင်ကို နောက် လှန်ချလိုက်ကာ မျက်လုံးကိုမှေးစင်းလျှက် အိပ်ပစ်လိုက်လေ သည်။

"မင်း ဘာလုပ်တာလဲ 'လက်ာ' ..."

'နေမင်း' ပြောတာကို ဂရုမစိုက်ဘဲ ခပ်အေးအေးပင် အိပ် နေပါသည်။

"ဒီလောက်တောင် မင်း အိပ်ချင်နေရင်လည်း အိပ်နေ တော့ကွာ"

'နေမင်း' သည် ကားသော့ကိုဖြုတ်ပြီး ကားတံခါးဖွင့် ကာ ဆင်းချလာခဲ့လိုက်သည်။ ဒီလိုအခြေအနေမျိုးတွေ ဖြစ်

မှာစိုး၍ ချော့မော့ကာ ပြောနေပေမယ့် လက်မခံတော့လည်း ထားရစ်ခဲ့ရမှာပါပဲ။

တက္ကစီတစ်စီးငှားကာ အိမ်ကို ပြန်လာခဲ့လိုက်ပါသည်။ နောက်မှပဲ အိမ်ကဒရိုင်ဘာနဲ့ ကားကိုပြန်ယူခိုင်းလိုက်တော့မည်။ 'လက်ာ' နဲ့သူနဲ့ကတော့ ဇာတ်လမ်းက ဒီမှာတင် အဆုံးသတ်ခဲ့ပါပြီ။



## ၂

ဒေါသစိတ်ဖြင့် သွေးရောင်လွှမ်းနေသော ဘွဲးဘွဲး မျက်နှာကိုကြည့်ပြီး 'နေမင်း' ရင်ထဲ စိတ်မကောင်းဖြစ်လို့သွားခဲ့ရပါသည်။

"ပြန်လာသေးတယ်ကိုး... မင်း လုပ်ချင်တာလုပ်သွားပြီတောင် ငါကအောင်းမေ့နေတာ... မင်းကို တန်ဖိုးထားပြီး စေတနာထား ချစ်ခဲ့တဲ့ ငါ့ရဲ့မေတ္တာကို မင်း စော်ကားလိုက်တာပေါ့ ဟုတ်လား"

ဟု ငိုတော့မလို လေသံတုန်တုန်နဲ့ မေးတာကြောင့်

'နေမင်း' ခေါင်းကိုခါပြလိုက်မိသည်။

"မဟုတ်ဘူး... ကျွန်တော်နဲ့ သူနဲ့ ဇာတ်လမ်းက ပြတ်သွားပါပြီ... တကယ်ပြောတာပါ... နောက် 'လင်္ကာ' နဲ့ပတ်သက်ပြီး ဘွားဘွား စိတ်မညစ်စေရတော့ဘူးလို့ ကတိပေးပါတယ်"

"မင်း ကတိကို ယုံစားလို့ ဒီနေ့ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့တာလေ..."

ဘယ်လိုရှင်းပြရမှန်း မသိတာကြောင့် 'နေမင်း' ခေါင်းကိုသာ ငုံ့ထားလိုက်မိတော့သည်။ ဘွားဘွား ပြောတာမှန်သမျှ ခေါင်းငုံ့ခံနေလိုက်တာက အကောင်းဆုံးပါပဲ။

"ရက်စက်လိုက်တာ... ကိုယ်တွေကတော့ မိဘမဲ့မြေးလေးဆိုပြီး ဖူးဖူးမှုတ် အလိုလိုက်ထားလိုက်ရတာ...ဘာဆိုဘာ အစစအရာရာ စိတ်တိုင်းကျ ဖြစ်စေခဲ့တာကြီးပဲ... ကိုယ်တွေ ပေးဆပ်ထားတာနဲ့တောင် မတန်အောင် မင်းမို့ စိတ်ထင်တိုင်း လုပ်ရက်တယ်"

"တော်ပါတော့ ဘွားဘွားရယ်...ကျွန်တော် ပြောပြီးနေပြီပဲ...ဘွားဘွား စိတ်တိုင်းကျဖြစ်စေရပါမယ်ဆိုပြီး... 'လင်္ကာ' နဲ့ပတ်သက်ပြီး နောက်တစ်ခါ ပတ်သက်မှုမျိုး ကျွန်တော့်ဘဝ





မှာ လုံးဝမရှိစေရတော့ဘူးဆိုတာ အာမခံတယ်"

"ဒီလို လယ်လွယ်ပြောလိုက်လို့ ရမလား"

"မရရင် ဘွားဘွား က ဘယ်လိုဖြစ်စေချင်လို့လဲ..."

"မင်းကို ဘကြီးနေတဲ့ ကျိုက်ထိုကိုပို့မယ်... အဲ့ဒီမှာ သွားနေရမယ်... ခြံကိစ္စတွေကိုလည်း မင်း ကူညီပြီးလုပ်ပေးရမယ်... ငြင်းဖို့တော့လုံးဝမစဉ်းစားနဲ့"

"ဘွားဘွား က တကယ်ပို့ဖို့ ဆုံးဖြတ်ပြီးနေပြီလား"

"ဆုံးဖြတ်ပြီးသွားပြီ... မင်းကို ဒီလိုလုပ်မှပဲ အဲ့ဒီကောင်မလေးနဲ့ ခပ်ဝေးဝေးရောက်သွားမှာ"

"ပြတ်ပါပြီလို့ ပြောနေတာကို"

"မလိုချင်ဘူး... ငါက သွားဆိုရင် သွားရမှာပဲ"

'ဒေါ်စိန်ဥ' လေသံက နည်းနည်းကလေးမှ ပျော့ပျောင်းသွားခြင်း မရှိပါ။ 'နေမင်း' ဘဝ ကောင်းစားစေချင်တာ တစ်ခုတည်းနဲ့ မြေးဖြစ်သူနဲ့ မခွဲချင်ပေမယ့်လည်း စိတ်ကိုတင်းကာ ဆုံးဖြတ်လိုက်ရခြင်းဖြစ်သည်။

'လင်္ကာ့' လို မိဘကဆိုဆုံးမမှု သိပ်မရှိသော မိန်းကလေးမျိုးနဲ့ 'နေမင်း' နဲ့ နည်းနည်းကလေးမှုကို သဘောမတူနိုင်ပါ။ ငွေရေးကြေးရေးအနေနဲ့လည်း သာမန် လူတန်းစားဘဝမျိုးအ

သိုင်းအဝိုင်းကဆိုတော့ 'နေမင်း' ဆီက ပူဆာချွဲနွဲ့ပြီး ချူစားနေတာကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ပြောပြောနေကြသည်။

ကိုယ်တွေက ပိုက်ဆံပြည့်စုံတဲ့သူဆိုတော့ ငွေမရှိတာကိုသိပ်မမှုပေမယ့် အကျင့်စာရိတ္တနဲ့မျိုးရိုးကတော့ ကောင်းကောင်းမွန်မွန်လေးပဲ ဖြစ်စေချင်ပါသည်။

ခုလို လူကြီးသူမတစ်ယောက်ကို ကက်ကက်လန်အောင် ပြန်ပြောနေတဲ့ မိန်းကလေးမျိုးနဲ့ ဘယ်လိုလုပ်ပြီး သဘောတူကြည်ဖြူပေးလိုက်ရမလဲ။

'နေမင်း' ဘက်က ဇာတ်လမ်းကို ပြတ်ပါပြီလို့ ပြောပေမယ့်လည်း စိတ်ချလက်ချ ဖြစ်မနေနိုင်သေးပါ။ 'နေမင်း' ရဲ့ စကားကို ယုံပေမယ့် 'လက်ာ' ဆိုတဲ့ မိန်းကလေးကို ဘယ်လို စိတ်ချရပါ့မလဲ။

တစ်ခုခု အကောက်ကြံလိုက်မှာကို ကြိုပြီး စိုးထင့်နေမိပါသည်။ ဒါကြောင့် သားကြီးရှိတဲ့ ကျိုက်ထိုကိုပို့ဖို့ ဆုံးဖြတ်လိုက်တာပါ။ 'နေမင်း' ကို နှစ်လ၊သုံးလလောက် ဖွက်ထားနိုင်မှ တော်ကာကျမည်။

"ဒီက အလုပ်တွေကို ဘယ်သူက လုပ်ပေးမှာလဲ"

"အံမယ်လေး ပူမနေနဲ့... ခိုင်းမယ့်သူတွေ တစ်ပုံကြီး...





မင်းမရှိလည်း ဘာမှမဖြစ်ဘူး...အဓိက,က မင်း 'လက်ာ' နဲ့ ခိုးမဆက်သွယ်ဖို့ပဲ လိုတယ်"

"ဟင်း ဘာမှမပြောချင်တော့ဘူး... ဘွားဘွား သဘောအတိုင်းပါပဲ... ကျိုက်ထိုကို ဘယ်တော့ သွားရမှာလဲ"

"မနက်ဖြန်ပဲ သွားရမယ်... ငါ ကိုယ်တိုင်လိုက်ပို့မယ်"

"ဘကြီး ကကော လက်ခံရဲ့လား"

"လက်မခံလို့ရမလား... သူ့ကို ကူဖို့ရောက်လာတာပဲ ဥစ္စာ... သူ တစ်ယောက်တည်းလည်း အဖေါ်မရှိတာနဲ့ အတော်ပါပဲ"

"ဒါဆိုလည်း အဝတ်အစား သွားထည့်ထားလိုက်တော့မယ်... ဘယ်လောက်ကြာအောင် နေရမှာလဲ"

"အချိန်ကတော့ အကန့်အသတ်မရှိဘဲ... ငါ ပြန်ခေါ်မှပဲ မင်း ရန်ကုန်ကို ပြန်လာရမယ်"

ခေါင်းညိတ်ကာ ခပ်လေးလေး ထွက်ခွာသွားသော 'နေမင်း' ကို ကြည့်ပြီး စိတ်ထဲက သနားသလို ဖြစ်သွားမိပေမယ့် သူ့ဘဝအတွက်မို့ ခေါင်းကိုခါကာ စိတ်ကို ပြန်တင်းထားလိုက်မိသည်။

## ၃

မနက် ခြောက်နာရီလောက်ကနေ ထွက်လာခဲ့တာ ကျိုက်ထိုမြို့သို့ ကိုးနာရီခွဲလောက်မှာ ရောက်လာပါသည်။ ခရီးကတိုတာကြောင့် ခဏကလေးနဲ့ပင် ရောက်လာခဲ့ရသည်။

ရန်ကုန်မြို့လိုခေတ်မီပြီး စည်ကားခမ်းနားသောအဆောက်အဦးတွေနဲ့ ကားရှုပ်ရှုပ်၊ လူရှုပ်ရှုပ် ဒေသမှာ ကျင်လည်ခဲ့တဲ့ 'နေမင်း' အဖို့ ကျိုက်ထိုမြို့က အတော့်ကို ပျင်းစရာကောင်းလို့နေရပါသည်။

ရောက်ရောက်ချင်း မပျော်ဘူးဆိုပြီးပြန်မယ်လို့ပြော





ရင် ဘွားဘွားနဲ့ ပြဿနာတက်ရမှာကို သိနေတာကြောင့် ရင်ထဲကဆန္ဒကို မြိုသိပ်ချထားလိုက်ရပါသည်။

ခြံဝန်းကျယ်ကျယ်မှာ နှစ်ထပ်တိုက်ကြီးက ဟီးထနေအောင်တည်ရှိနေပေမယ့်လည်း နေတဲ့သူက နှစ်ယောက်တည်းဆိုတော့ တိတ်ဆိတ်ငြိမ်သက်လျှက် ရှိပါသည်။

ဘကြီးနဲ့အတူ အဖော်နေပေးတဲ့ 'စိုးမိုး' ကလည်းအသက်သာငယ်တယ် အဖိုးကြီးပေါက်စပုံစံမျိုး ဖြစ်နေတာကြောင့် 'နေမင်း' နဲ့ လည်းတွဲလို့အဆင်ပြေနိုင်မယ်မထင်။

အဖော်အပေါင်းအသင်း မရှိတဲ့ အရပ်ဒေသမှာ ဘယ်လိုနည်းနဲ့များ စိတ်ကိုပျော်အောင်ထားပြီး 'နေမင်း' နေရပါ့မလဲမသိ။

"တစ်ပတ်လောက်ကတော့ မင်း နားနေလိုက်ဦးပေါ့… နောက်မှပဲ ခြံထဲကို လိုက်ချင်လိုက်ခဲ့… ဒီမှာက ဘာအလုပ်မှတော့ သိပ်မရှိပါဘူး… ကြီးကြပ်ပေးယုံလောက်ပဲ ရှိတယ်… မင်းစိတ်ထဲမှာ အနားလာယူတယ်လို့ပဲ မှတ်ထားလိုက်ရင် ပြီးနေပြီ"

"ဒီမှာ ဂိမ်းစင်တာတွေ ဘာတွေရှိလား ဘကြီး… ရုပ်ရှင်မားကက်တွေဘာတွေကော"

"ဟာ ရန်ကုန်မြို့လို့တော့ ကြီးကြီးကျယ်ကျယ်တွေ ဘာတွေ ဘာ်ရှိပါမလဲကွာ... သူ မြို့နဲ့သူတော့ စတိုးဆိုင်တို့ ဘာတို့တော့ ရှိတာပေါ့... ဂိမ်းစင်တာက ဘာလုပ်မလို့လဲ... မင်းအသက်အရွယ်နဲ့များ ဂိမ်းကစားချင်သေးလို့လား"

"တစ်ခါတလေတော့လည်း ပျင်းရင် ကစားချင်ကစားတာပေါ့... ရှိမရှိသိချင်လို့ ကြုံမေးထားတာ"

"မရှိဘူး... မင်း ပျင်းရင် မြို့တစ်ပတ် ဆိုင်ကယ်ပတ်စီးချင်စီး ဒါမှမဟုတ် ကျိုက်ထီးရိုးဘုရား သွားဖူးချင်သွားဖူး... မရောက်ဖူးတဲ့နေရာတွေ ဗဟုသုတရအောင် လျှောက်သွားပေါ့ကွာ"

"ကျွန်တော်မှ ဆိုင်ကယ် မစီးတတ်ပဲ"

"ဟာ တောကျတာပဲ... ဒီမြို့မှာ ကလေးသာသာလေးတွေကအစ ဆိုင်ကယ်စီးတာ ကျွမ်းနေတာပဲ... မင်း မစီးတတ်သေးဘူးဆိုရင် သင်ထား... 'စိုးမိုး' သင်ပေးလိမ့်မယ်"

ဆိုင်ကယ်စီးရမှာကိုတော့ 'နေမင်း' စိတ်ဝင်စားပါသည်။ ဒီတစ်ခုကတော့ မဆိုးပါ။

"ဆိုင်ကယ်စီးတာ အန္တရာယ်များပါတယ် သားရယ်... သင်မနေပါနဲ့... ကားလည်း ရှိနေမှာပဲ ဥစ္စာ... သွားချင်တာမှန်





သမျှ ကားနဲ့ပဲသွားစမ်းပါ"

"မေမေကလည်း ဒီလောက်ကြီးလည်း ပူစရာမရှိပါဘူး လွယ်လွယ်လေးပါ... ဖြည်းဖြည်းစီးရင် ဘာအန္တရာယ်မှ တွေ့စရာမရှိပါဘူး... နေရာတကာ လိုက်စိတ်ပူနေရင် မေမေပဲ ရောဂါရနေလိမ့်မယ်"

"အို ရပစေ ဆိုင်ကယ်ကြောင့် မင်း ခြေထောက်က အနာရွတ်ကြီးက ခုထက်ထိ ပျောက်သေးလို့လား... သေရာပါပဲ မဟုတ်လား ဒီလောက် ဖြစ်ထားခဲ့တာတောင် မမှတ်ဘဲ ကလေးကို မြှောက်ပေးနေချင်သေးတယ်..."

"အဲ့ဒီတုန်းက ကျွန်တော်က မူးနေတာကို..."

"ဒါတွေ ထည့်ပြောမနေနဲ့... 'နေမင်း' ကို မင်း ဆီမှာ စိတ်ချလက်ချနဲ့ ထားခဲ့မယ်နော်... ရန်ကုန်မှာ စိတ်မချလို့ ဒီကို ပို့လိုက်ကာမှ နောက်ထပ် စိတ်ပူရမယ့် အဖြစ်မျိုးတွေ ဖြစ်မလာရအောင် မင်း သွန်သင်ဆုံးမဖို့လိုတယ်... 'နေမင်း' ကို ငါ သဘောတူတဲ့ ရှယ်မိန်းကလေးမျိုးနဲ့ပဲ ပေးစားမယ်... တခြား ဘယ်သူနဲ့မှ ဇာတ်လမ်းဖြစ်တာကို လက်မခံနိုင်ဘူး"

"မေမေ လုပ်တာနဲ့ ကျွန်တော့်လို လူပျိုကြီး ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

ဘကြီးမျက်နှာက ညှိုးနေပါသည်။ ဘွားဘွားကြောင့်ပဲ သူ့ချစ်သူနဲ့ကွဲကာ ခုချိန်ထိအောင် လူပျိုကြီးဘဝနဲ့ပဲ နေ,နေခဲ့တာပါ။

"ငါလုပ်တာ မဟုတ်ပါဘူး မင်းတို့ဖါသာမပြေလည်လို့ ကွဲသွားခဲ့တာပါ..."

'ဒေါ်စိန်ဥ' သားဖြစ်သူကို ခပ်ထန်ထန် စိုက်ကြည့်ပစ်လိုက်သည်။ သားတစ်ယောက် သမီးတစ်ယောက် ရှိတဲ့ဘဝမှာ သမီးဖြစ်တဲ့သူက သူ့ချစ်သူနဲ့သူ ခိုးရာလိုက်ပြေးပြီးတဲ့နောက် သားဖြစ်သူကို ပိုမိုပြီး ဂရုတစိုက် ရှိခဲ့မိတာ မိခင်တိုင်းရဲ့ စိုးရိမ်မှုပဲ မဟုတ်လား။

တစ်ယောက်က အမှားလုပ်သွားခဲ့တာကို ပြန်ပြင်လို့မရတဲ့အတွက် နောက်တစ်ယောက် အမှားလုပ်မိမှာကို စိုးကြောက်နေမိတာ မိမိ မှားသလား။

သားကြီးဖြစ်တဲ့ 'ဟန်မိုး' ကိုသေချာစောင့်ကြည့်ထိန်းချုပ်နေတဲ့ကြားထဲကမှ ကလေးတစ်ယောက်အမေ၊ တစ်ခုလပ်ကို တမ်းတမ်းစွဲ ကြိုက်လှပါချည်ရဲ့ဖြစ်လာတော့ မိမိမှ ဒေါသမထွက်ရင် ဘယ်သူ ဒေါသထွက်ပေါက်ကွဲပါ့မလဲ။

တစ်ချိန်ကျ ကလေးရဲ့ အဖေက အနှောင့်အယှက် ပေး





လာခဲ့ရင် ဘယ်သူ အရှက်ကွဲရမလဲ၊ စိတ်ဆင်းရဲရမလဲ။ ရှေ့ရေးကို ကြိုတွေးပြီး 'ဟန်မိုး' ရဲ့ ချစ်ခြင်းကို အမေဖြစ်တဲ့သူက လူကြမ်းဝင်လုပ်ခဲ့ရပါသည်။

'ဟန်မိုး' တစ်ယောက် အရက်တွေသောက်ပြီး လူပေ၊ လူတေ ဖြစ်ခဲ့သေးပေမယ့် ဇာတ်လမ်းက ပြတ်သွားခဲ့တာကြောင့် သားဖြစ်သူကို အပြစ်မပြောတော့ဘဲ စိတ်ချမ်းသာသလိုသာ နေစေခဲ့ပါသည်။

တစ်ခါတည်းသာ ချစ်ခဲ့ဖူးတဲ့ 'ဟန်မိုး' ကလည်း နောက်ထပ် ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခြင်း မရှိတော့ဘဲ သူ့ဘဝကို လူပျိုကြီးဘဝနဲ့ပဲ နေတော့ကာ အပူမရှာချင်တော့ဘူးဆိုပြီး စိုက်ပျိုးရေးခြံတွေရှိတဲ့ ကျိုက်ထို မှာ အခြေချပြီး နေနေပါတော့သည်။

သင့်တော်တဲ့ မိန်းကလေးမျိုးတွေနဲ့ စပ်ပြီး ပေးစားမယ်လို့ ပြောသေးပေမယ့် လုံးဝကို ခါးခါးသီးသီး ငြင်းဆန်တာကြောင့် စိတ်ကိုလျှော့ပြီး သူ့ အခြေအနေကိုသာ အဝေးကနေပြီး အကဲခတ်နေဖြစ်ပါတော့သည်။

ဒီကြားထဲ မိဘစကားနားမထောင်ဘဲ စိတ်ထင်ရာလုပ်သွားတဲ့ သမီးဖြစ်သူဆီကနေ မထင်မှတ်ဘဲ သတင်းဆိုးကို

ကြားခဲ့ရသည်။

စိတ်နာနာနဲ့ ပစ်ထားခဲ့ပေမယ့် အမေဖြစ်သူဆိုတော့လည်း အခြေအနေတွေကို အမြဲတမ်းစုံစမ်းကာ တတ်နိုင်တဲ့ဘက်က အကူအညီပေးနေခဲ့တာပါပဲ။

လင်မယားနှစ်ယောက် ကားမှောက်ပြီး ဆေးရုံရောက်နေတယ်ဆိုသဖြင့် အမြန်အဆန် လိုက်လာခဲ့ပေမယ့်လည်း အသက်ကိုမီရုံကလေးပဲ ရှိပါတော့သည်။

ကံကောင်းထောက်မစွာဖြင့် မြေးလေး 'နေမင်း' တစ်ယောက်အသက်ရှင်ခွင့်ရခဲ့ပါသည်။ သမီးအပေါ် ဘယ်လောက်ပဲ အမျက်ဒေါသတွေ ထွက်နေပါစေဦး၊ အသက်ထွက်ခါနီးဆဲဆဲ မြင်တွေ့လိုက်ရတဲ့အတွက် 'ဒေါ်စိန်ဥ' ရင်ကွဲရခဲ့ပါသည်။

အဲ့ဒီလို ရင်ကွဲတဲ့ဒဏ်ကို ခဏခဏ မခံစားချင်တော့တာကြောင့် 'နေမင်း' ကို အရိပ်တကြည့်ကြည့်နဲ့နေအောင် ဂရုတစိုက်နဲ့အလိုလိုက်ပြီး အကောင်းဆုံးတွေကြီးပဲ ဖြစ်တည်အောင် ဖန်တီးပေးခဲ့ပါသည်။

'နေမင်း' ဘက်ကလည်း လိမ္မာပါသည်။ လိမ္မာနေတဲ့ကြားထဲကမှ ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး 'လင်္ကာ' ဆိုတဲ့ ခပ်ဆိုးဆိုးမိန်းကလေးမျိုးနဲ့ တွေ့သွားခဲ့ရသလဲ မသိပါ။





ကောင်မလေး ရုပ်ရည်က ရက်ရက်စက်စက်လှပေမယ့် အကျင့်က ပြုပြင်လို့မရအောင် စရိုက်ကကြမ်းနေတော့ ဘယ်လိုလုပ်ပြီး သဘောတူ ကြည်ဖြူပေးလို့ ရနိုင်မှာတဲ့လဲ။

ဒါနဲ့ပဲ မြေးလက်ထက်မှာလည်း 'ဒေါ်စိန်ဥ' ဆိုတဲ့ မိန်းမကြီးက လူကြမ်းကြီးဖြစ်လို့လာရပြန်သည်။ 'ဒေါ်စိန်ဥ' ဘဝမှာ မျိုးရိုးအစဉ်အဆက်ဆက် ချမ်းသာပြည့်စုံလာခဲ့တာ မှန်ပေမယ့် ဆွေမျိုးမောင်နှမနည်းပါးခြင်း၊ ကိုယ်ချစ်တဲ့ မိသားစုတွေနဲ့ စောစောစီးစီး ခွဲခွာရခြင်းတွေကတော့ ကံဆိုးမှုဖြစ်ခဲ့ပါသည်။

သမီးဖြစ်သူကို စွန့်လွှတ်လိုက်ရလို့၊ သားဖြစ်တဲ့သူနဲ့ အတူနေရမလား အောင်းမေ့ပါတယ်၊ သား ဖြစ်သူကလည်း သူ့စိတ်ကူးနဲ့သူ အမေ ဖြစ်တဲ့သူနဲ့ ဝေးရာမှာအခြေချနေသည်။

ခု မြေးဖြစ်တဲ့သူနဲ့ ပျော်ပျော်ရွှင်ရွှင် နေနေရတဲ့ အခြေအနေကနေ အထီးကျန်တဲ့ ဘဝအခြေအနေကို ရောက်လို့လာရပြန်သည်။ 'နေမင်း' ကို ရန်ကုန်မှာဆက်ထားရင် 'လင်္ကာ' နဲ့ အဆက်အသွယ် လုံးဝကို ပြတ်မှာမဟုတ်တာကြောင့် ရင်အကွဲခံပြီး ကျိုက်ထို ကိုပို့ခဲ့တာပါ။

ဒီ ကျိုက်ထို မှာတော့ စိတ်ဆင်းရဲစရာ အဖြစ်မျိုးတွေ

ထပ်မကြုံတွေ့ရပါစေနဲ့လို့ ဆုတောင်းနေရသည်။

"ကဲ မေမေ့မှာ အလုပ်တွေကရှိသေးတယ်… အိမ်မှာလည်း သူစိမ်းတွေကြီးပဲ ထားခဲ့ရတာ… ဘယ်လောက်ပဲ စိတ်ချရပါတယ်ပြောပြော ကိုယ့်ဆွေမျိုးသားချင်းလောက် စိတ်ချရတာမဟုတ်ဘူး… မြန်မြန်ပဲ ပြန်တော့မယ်… "

ဘွားဘွားကိုကြည့်ပြီး 'နေမင်း' သနားသွားရပါသည်။

"တစ်ယောက်တည်း ဖြစ်ရဲ့လား ဘွားဘွားရယ် ကျွန်တော် ပြန်လိုက်ခဲ့ရမလား… အိမ်ထဲကအိမ်ပြင် မထွက်နဲ့ဆို မထွက်ဘဲနေပေးပါ့မယ်… တစ်ခုခု အရေးအကြောင်းဆို ဘွားဘွား အတွက် အခက်အခဲဖြစ်နေမှာစိုးလို့ပါ"

ဟု ပြောလိုက်တော့ ဘွားဘွား မျက်ရည်လည်လာပါသည်။

"ခဏတော့ ဒီမှာနေလိုက်ပါဦး မြေးလေးရယ်… ဘွားဘွား စိတ်မချတာ မင်းကိုမဟုတ်ပါဘူး… 'လင်္ကာ့' ဘက်ကိုပါ စိတ်ချ မြေးကို အကြာကြီးမထားပါဘူး… ဘွားဘွား လည်း ငါ့ မြေးနဲ့ ခပ်ကြာကြာခွဲပြီး မနေနိုင်ဘူး… စိတ်ချရပြီဆိုတာနဲ့ ချက်ချင်းကိုပြန်လာခေါ်မယ်…"

"အရေးအကြောင်းရှိရင်တော့ ဖုန်းဆက်လိုက်နော်…





အင်း ဖုန်းဆက်ရအောင်လည်း လိုင်းကကောင်းဦးမှ… ဘကြီး IP STAR လျှောက်ထားတာမရသေးဘူးလား…"

"ရွှေ့အပတ်လောက်ဆိုရင်တော့ ရတော့မှာပါ…ဒီကြား ထဲ အိတ်ချိန်းကနေပဲ မင်းအဘွားဆီကို နေ့တိုင်းဖုန်းဆက်ပြီး အခြေအနေတွေကိုမေးပေါ့"

"ဟုတ်တယ်… ကျွန်တော် နေ့တိုင်း ဘွားဘွား ဆီကို ဖုန်းဆက်မယ်… "

"ဆက် ဆက်… ဖြစ်သမျှအခြေအနေတွေအားလုံး မြေးကိုပြောပြမယ်…"

"'လင်္ကာ့' ဘက်က တစ်ခုခုလုပ်လာခဲ့ရင် ဘွားဘွား တောင်းပန်တာတွေဘာတွေ လုပ်မနေနဲ့နော်… ကျွန်တော်နဲ့သူ နဲ့ကြားမှာ ဘာကျူးလွန်ထားမှုမှမရှိဘူး… ဘွားဘွားသိအောင် အပြတ်ပြောပြထားတာ"

"ဘွားဘွားဘက်က အခြေအနေတွေကို မြေး စိတ်ပူ မနေပါနဲ့… ဒီမှာ သား ဘကြီးကိုပဲ ကူလုပ်ပေးလိုက်… ခြံထဲ သွားရင် အတွေ့အကြုံရအောင် လိုက်သွားလိုက်လေ… "

"လိုက်မှာပါ… နင်မို့ဆို ဘာအလုပ်မှမရှိဘဲ ဒီအတိုင်း ထိုင်နေရမှာ ပျင်းစရာကောင်းတာပေါ့… ကျွန်တော့်အတွက်

လည်း ဘာခွင်ကလေးများရှိမလဲ ရှာကြည့်ဦးမယ်… မြတ်မယ် ဆိုရင်တော့ လုပ်သင့်ရင်လုပ်ရမှာပဲ”

“ရွှေတွင်းတွေရှိတယ်လေ… မင်း စိတ်ဝင်စားရင်တော့ ဘကြီး လိုက်ပို့ပြီး မိတ်ဆက်ပေးမယ်… ခုလောလောဆယ် တော့ နားပါဦးကွာ… မင်း အဘွားက ရောက်တာနဲ့ ခိုင်းတယ် ဖြစ်နေပါဦးမယ်”

‘နေမင်း’ အတွက် အစစအရာရာ စီစဉ်ပေးပြီးတာနဲ့ ဘွားဘွား တစ်ယောက်ချက်ချင်းပဲပြန်သွားခဲ့ပါသည်။ ရန်ကုန် မြို့ကြီးနဲ့ ဆန့်ကျင်စွာ တိတ်ဆိတ်ငြိမ်သက်နေသော ကျိုက်ထို ဆိုတဲ့မြို့လေးက ‘နေမင်း’ ရဲ့စိတ်ကို ပျော်ရွှင်စေမှာလား မပြော တတ်သေးပါ။



## ၄

‘စိုးမိုး’ တစ်ယောက် ဘယ်ကိုပဲသွားသွား ဆိုင် ကယ်ကလေးစီးပြီး မပင်မပန်းသွားလာတတ်စမြဲမို့ ‘နေမင်း’ လည်း ဆိုင်ကယ်စီးတာကို အားကျလာခဲ့သည်။

မြို့ကျဉ်းကျဉ်းကလေးမှာ နေရာတကာ ကားနဲ့သွားလာ နေတာမျိုးကျတော့လည်း ကိန်းကြီးခန်းကြီး နိုင်လှပါသည်။ ဆိုင်ကယ်စီးပြီး လေညှင်းခံရတာကိုလည်း နှစ်သက်ပြန်သေး တာမို့ ဘွားဘွား မှာထားတဲ့ကြားကမှ ဆိုင်ကယ်စီးသင်ဖို့ကို ‘နေမင်း’ က ဆုံးဖြတ်လိုက်ပါသည်။

"လွယ်ပါတယ် 'ကိုနေမင်း' ရာ ဘာမှမခက်ဘူး…. စက်ဘီးစီးတတ်တယ် မဟုတ်လား…. ဒါဆိုရင် ချက်ချင်းပဲ ဆိုင်ကယ်စီးတတ်ပြီ အောင်းမေ့လိုက်တော့"

ဟု 'စိုးမိုး' ကပြောတော့ 'နေမင်း' ရဲ့စိတ်တွေ ပိုပြီးတက်ကြွ လှုပ်ရှားလို့လာခဲ့ရသည်။

'နေမင်း' ရှေ့မှာ ကလေးသာသာလေးတွေကအစ ဝူးကနဲနေအောင် အစွမ်းပြနေကြတာကြောင့် လွယ်လွယ်ကလေးပဲဟု မှတ်ယူထားလိုက်မိပါသည်။

'နေမင်း' တို့ လမ်းသွယ်ထဲမှာပဲ 'စိုးမိုး' က ဆိုင်ကယ်စီးသင်ပေးပါသည်။ 'စိုးမိုး' ပြောပြတဲ့ နည်းစနစ်တွေအတိုင်း တစ်ဆင့်ပြီး တစ်ဆင့် လုပ်သွားတော့လည်း ဆိုင်ကယ်လေးက ညင်ညင်သာသာနဲ့ ပြေးနေသည်။

လီဗာကို စိတ်ရှိတိုင်း လှည့်,လှည့်မိတတ်တဲ့ 'နေမင်း' ရဲ့အကျင့်ကပဲ ပြောစရာဖြစ်လို့နေရ၏။

" 'ကိုနေမင်း' က စိတ်ကိုလျှော့ထားလေဗျာ… ဖြည်းဖြည်းကလေးလှည့်တာနဲ့တင် လီဗာကတက်နေပြီ ဥစ္စာ… အားကုန်လှည့်လိုက်တော့ ဆိုင်ကယ်က ဆောင့်ဆောင့်ပြီး ထွက်သွားတာပေါ့… အစမို့လို့လည်းဖြစ်မှာပါ နောက်စီးရင်း ကျွမ်း





သွားပါလိမ့်မယ်"

ဘယ်လိုပဲဖြစ်ဖြစ် တစ်ရက်နှစ်ရက်နဲ့တင် ဆိုင်ကယ်သဘောကို နားလည်ပြီး 'နေမင်း' စီးတတ်နေပါပြီ။ စီးတတ်ကာစဆိုတော့ ပိုပြီး စိတ်တွေတက်ကြွကာ အချိန်တိုင်း စီးချင်နေမိသည်။

"တစ်ပတ်လောက်ကတော့ လမ်းထဲမှာပဲ ကျင့်နေပါဦး 'ကိုနေမင်း' ရယ်… ဒီမြို့က စက်ဘီးတွေရော ဆိုင်ကယ်တွေရော နောက်ပြီး ကားကြီးတွေနဲ့ရော ရှုပ်နေတာ… မကျွမ်းကျင်သေးရင် အန္တရာယ်ဖြစ်မှာစိုးတယ်..မြို့ထဲဘက်စီးမယ် ဆိုရင်တော့ 'ကိုနေမင်း' နောက်ကနေ ကျွန်တော် အဖော်လိုက်ခဲ့ပေးမယ်"

"မလိုပါဘူးကွာ… ငါ စီးတတ်နေပါပြီ… ဘာမှခက်တာလည်းမဟုတ်ပါဘူး… ကားမောင်းတာထက်တောင် အများကြီးပိုလွယ်သေးတယ်… အေးဆေးပဲ"

'နေမင်း' စကားကို 'စိုးမိုး' က ဘာမှပြန်မပြောဘဲ ငြိမ်ပြီးသာနားထောင်နေသည်။သူ့မျက်လုံးထဲမှာတော့ တစ်ခုခုဆို ဘွားဘွားရဲ့ ဆူပူမှုကို နားကွဲမတတ် ခံရတော့မယ်ဆိုပြီး စိုးရိမ်မှုက အထင်းသားပေါ်လွင်လျက်ရှိနေသည်။

" 'နေမင်း' ရေ… ကြည့်လဲလုပ်ဟော့… တစ်ခုခု အန္တ

ရာယ်ဖြစ်သွားလို့ကတော့ ငါပါ ခေါင်းကျိန်းမှာ… မင်း အဘွား အကြောင်းလည်း မင်း အသိဆုံးပဲဥစ္စာ”

“ဘကြီး ကပါ ကျွန်တော့်ကို မယုံမကြည်နဲ့ စိတ်မချ ဖြစ်နေတာလား… ကဲ မယုံရင်ကြည့် လက်တွေ့စီးပြမယ်”

မခံချင်စိတ်နဲ့ ဘကြီး ရှေ့မှာပင် ဆိုင်ကယ်ပေါ်တက် ခွပြီး ‘နေမင်း’ က စက်ကိုနှိုးလိုက်ပါသည်။ ဟန်ရေးပြချင်ပါတယ်ဆိုမှ အရှက်ကွဲဖို့ကိန်းက ပါလာခဲ့သည်။

ဂီယာတစ်ချက်နင်းပြီးတာနဲ့ လီဗာကိုဆုပ်ကိုင်ထားတဲ့လက်က ဘယ်လိုဖြစ်ပြီး အရှိန်တက်သွားလိုက်သလဲ မသိပါ။ ဆောင့်ကနဲ့ အရှိန်ဖြင့် ဆိုင်ကယ်ကထွက်သွားတာကြောင့် ‘နေမင်း’ မှာ လန့်ဖြန့်ပြီး ဘရိတ်ကိုနင်းဖို့ မေ့နေရသည်။

ကြောက်စိတ်ဖြင့် ကိုယ်ခန္ဓာကို အမြန်ခုန်ကြပြီး လွတ်ရာလွတ်ကြောင်း ခုန်ဆင်းနိုင်လိုက်ပေမယ့် အရှိန်ရှိသေးတဲ့ ဆိုင်ကယ်က ရှေ့မှာရပ်နေတဲ့ ဘကြီး ဆီကို တန်းတန်းကြီး တိုးဝင်သွားခဲ့ပါတော့သည်။

“ဟ ဟ လုပ်ပါဦး… သေပြီ သေပြီ”

ဘကြီး ရဲ့ အော်ဟစ်သံက အကျယ်ကြီးထွက်ပေါ်လာကာ လွတ်ရာကျွတ်ရာ တိုက်ထဲသို့ ပြေးဝင်သွားလေသည်။





ဆိုင်ကယ်ကတော့ အိမ်ဝမှာ အလှစိုက်ထားတဲ့ ရွက်လှပန်းအိုးကြီးနဲ့ မိတ်ဆက်ပြီး တုံးလုံးလဲကျသွားပါတော့သည်။ ပန်းအိုးကြီးလည်း နှစ်ခြမ်းကွဲထွက်သွားရလေသည်။

‘နေမင်း’ ရဲ့ ရင်ခုန်သံတွေ တဒိုင်းဒိုင်းနဲ့ နေအောင် အခုန်မြန်နေပြီး လူတစ်ကိုယ်လုံး တုန်နေရသည်။ နောက်ပြန်ခုန်ချလိုက်တာကြောင့် သံမံတလင်းပေါ် ဖင်ထိုင်ရက်ပြုတ်ကျပြီး လက်ကပါထောက်မိတဲ့အတွက် တင်ပါးတွေရော၊ လက်ဝါးနှစ်ဖက်စလုံးရော ကျိန်းစပ် နာကျင်နေရလေသည်။

“ကံကောင်းလို့ကွာ… နေရင်းထိုင်ရင်း သေတော့မလို့… မကျွမ်းကျင်ရင်လည်း မစီးဘဲနေပါဦးလား… ခုတော့ ဘေးလူတွေပါ ဒုက္ခရောက်တော့မလို့… တော်ပြီ တော်ပြီ ဆိုင်ကယ်ကို မင်းမစီးတာပဲကောင်းတယ်… ‘စိုးမိုး’ ထူပေးလိုက်ဦးလေကွာ… နာနေပုံရတယ်”

‘စိုးမိုး’ လာတွဲထူပေမယ့် ချက်ချင်း ထလို့မရဖြစ်နေသည်။

“ကျွတ် ပေါင်က ဘာနဲ့ထိသွားသလဲ မသိဘူး… ချက်ချင်းကို အညိုအမဲစွဲသွားတာပဲ… နည်းတဲ့အဝိုင်းကြီး မဟုတ်ဘူး”

"ဒဏ်ကြေဆေးလူးလိုက်... ငါလည်း သွေးဆေးလေး ဘာလေး စားမှဖြစ်မယ်... ခုထက်ထိ ရင်တုန်နေတုန်းပဲ... နေရင်းထိုင်ရင်း လူကိုမောသွားတာပဲ"

တုံးလုံးလဲနေသော ဆိုင်ကယ်ကို စိတ်နာနာနဲ့ လှည့်ပင်မကြည့်တော့ဘဲ 'နေမင်း' မျက်နှာရှုံ့မဲ့ပြီး အိမ်ထဲသို့ ဝင်လာခဲ့လိုက်သည်။ စိတ်ထဲမှာတော့ တေးထားဆဲပါ။

ဈွတ်အရွယ် ချာတိတ်ကလေးတွေတောင် စီးတတ်နေမှတော့ 'နေမင်း' လို အရွယ်ရောက်ပြီး ဘွဲ့တောင်ရပြီးနေတဲ့ ယောကျ်ားတစ်ယောက် ဘာလို့ မစီးတတ်ရမှာလဲ။

လစ်တဲ့အခါ ဘယ်သူမှ မသိအောင် တိတ်တဆိတ် ပြန်စီးကြည့်ဖို့ ဆုံးဖြတ်ထားလိုက်ပါသည်။

"'ကိုနေမင်း' ကလည်း... သင်ပေးရတဲ့ ကျွန်တော်ပါ အချောင်သိက္ခာကျတယ်... လမ်းထဲမှာ စီးနေတုန်းကတော့ ဟုတ်နေတာပဲ... ဘကြီး ရှေ့မှပဲ အလွဲလွဲအချော်ချော်တွေ ဖြစ်ရတယ်လို့... ပြီးတော့ ဆိုင်ကယ်က တန်းတန်းကြီး ငူးကနဲနေအောင် ဘကြီး ဆီကိုသွားတာ မတိုက်မိတာဘဲ ကံကောင်းလှပြီ"

"တော်စမ်းပါ... မင်း သင်ပေးတာ အသုံးမကျလို့ ငါ





ဒီလိုမျိုးဖြစ်ရတာ... လူကို အီစိမ့်သွားတာပဲ"

နာကျင်နေတဲ့ ဝေဒနာတွေ ပျောက်ကင်းအောင်တောင် မစောင့်ဘဲ ညနေပိုင်း လူလစ်တဲ့အချိန်မှာ ဆိုင်ကယ်ကိုခိုးထုတ်ပြီး 'နေမင်း' တစ်ယောက်တည်း ခပ်တည်တည်ပဲ စီးချလာခဲ့လိုက်ပါသည်။

စထွက်ကတည်းက သတိထားပြီးမောင်းတာကြောင့် ဘာအန္တရာယ်မှတော့ မဖြစ်ခဲ့ပါ။ အရှိန်ကလေး ရလာတာနဲ့ အမျှ လူကပိုပြီး သွေးကြွကာ ရဲတင်းလာရပြီး လမ်းမကြီးပေါ် ရောက်လို့လာခဲ့ရတော့သည်။

ဗိုလ်ချုပ်လမ်းမကြီးတလျှောက် စီးလာပြီး ပြည်သူ့ဈေးနားအရောက် ဆိုက်ကားတစ်စီးက ရှေ့ကနေ မထင်မှတ်ဘဲ ဖြတ်ပြီးဝင်လိုက်တာကြောင့် တိုက်မိမှာစိုးပြီး 'နေမင်း' ထူပူသွားရတော့သည်။

ဆိုင်ကယ်ကို ဆတ်ကနဲ ကွေ့ရှောင်လိုက်နိုင်ပေမယ့် ဘရိတ်အုပ်ဖို့ သတိလွတ်နေတာကြောင့် လမ်းဘေးရှိ မုန့်မျိုးစုံတွေရောင်းသော ကုန်စုံဆိုင်လေးကို ဝုန်းကနဲနေအောင် ဝင်ကြုံးလိုက်မိပါတော့သည်။

ပထမတစ်ခါလို ခုန်ဆင်းဖို့ အချိန်မမီတော့တာကြောင့်

ဆိုင်ကယ်ရော လူရော လုံးထွေးလို့နေရသည်။ ခြေထောက်တစ်ဖက်ကအိပ်ဇောနဲ့ကပ်မိပြီး ဆတ်ဆတ်ခါမတတ် ပူလောင်ပြင်းပြစွာ ခံစားလို့နေရပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ရှိသမျှအင်အားကို ညှစ်ထုတ်ပြီး 'နေမင်း' ထရပ်လိုက်မိသည်။ လူတွေလည်း ချက်ချင်းဆိုသလို အုံခဲကာသွားသည်။

"သေသာသေလိုက်ချင်တော့တာပဲ... ဒီနေ့မှစပြီး ဆိုင်လေးစဖွင့်ပါတယ်... ဆိုင်ကယ်တိုက်လို့ ပျက်စီးရပြီ... မုန့်တွေလည်း ပွစာတက်ပြီးကြေမွကုန်ပြီ... ဘယ်လိုလုပ်ရမလဲ မသိဘူး"

ဟု အော်ပြီး ပြောလိုက်တဲ့ မိန်းကလေးအသံက ငိုသံပါနေသည်။

မြေပြင်ပေါ်မှာ ပြန့်ကျဲနေတဲ့ သကြားလုံးတွေ၊ မုန့်ထုပ်တွေကို ဖြတ်ကယ်ဖြတ်ကယ်နဲ့ တစ်ယောက်တည်း လိုက်ကောက်နေပါသည်။

ခေါင်းငုံ့ထားတာကြောင့် ပခုံးလောက်ရှိသော ဆံပင်မည်းမည်း ပျော့ပျော့လေးတွေက ရှေ့သို့ကျပြီး မျက်နှာကိုဖုံးကွယ်လျှက်ရှိနေသည်။





"ကျွန်တော် ပြန်လျှော်ပေးပါ့မယ်ဗျာ... ကျွန်တော့်အပြစ်ပါ... လိုက်ကောက်မနေပါနဲ့တော့"

'နေမင်း' ပြောတဲ့ စကားကို သူမ နားဝင်ပုံမရချေ။

"ဟဲ့ 'လိပ်ပြာ'... လျှော်ပေးမယ်လို့ ပြောနေမှတော့ ဘာလို့ ပြန်လိုက်ကောက်နေရတာလဲ... ဒီအတိုင်း ထားလိုက်တော့လေ... ဘယ်လောက်ကျသလဲသာ ပြောလိုက်လေ"

ရပ်ကြည့်နေတဲ့ သူတွေထဲကမှ ခပ်ဝဝ မိန်းမကြီးတစ်ယောက်က ဝင်ပြောလိုက်တာဖြစ်ပါသည်။

"မလျှော်ပေးလို့လည်း မရပါဘူး... ဒါပေမဲ့ မုန့်ထုပ်တွေက ပြုတ်ကျပေမယ့် ပျက်စီးတာမှမဟုတ်ဘဲ... ဖုန်ပေတာလောက်ကို ပြန်သုတ်ပြီး ရောင်းရင်ရသေးတယ်... အလျှော်ရမယ်ဆိုပြီး မကောက်ဘဲထားရင် ဝင်လုမယ့်သူတွေက တစ်ပြုံကြီး ... ဘယ်သူ့ကိုမှတော့ အလကားမပေးနိုင်ဘူး"

ပစ္စည်းဖိုးအလျှော်ရပြီးနေတာတောင်မှ အဲ့ဒီပစ္စည်းတွေကို ပြန်အမြတ်ထုတ်ပြီး ရောင်းဦးမယ်ဆိုလာသဖြင့် 'နေမင်း' ရယ်ချင်သွားရသည်။

"ကဲပါ ဘယ်လောက် အလျှော်ပေးရမလဲပဲ ပြော ကျွန်တော်က ဆေးခန်းသွားရဦးမှာ... ခြေထောက်က အရမ်းကိုနာ

နေပြီဗျ... ဆေးခန်းဘယ်နားမှာ ရှိတယ်ဆိုတာလည်း ညွှန်ပေးပါဦး"

မော့ကြည့်လာတဲ့ သူမ မျက်ဝန်းလေးတွေကတော ›က်ပကာ အံ့သြသလို ဖြစ်နေပါသည်။

"အစ်ကိုက ဒီ မြို့က မဟုတ်ဘူးလား"

"မဟုတ်ဘူး... အလည်လာတဲ့ သူ... "

"ဒါဆို ဆေးခန်းကို အရင်သွားလိုက်လေ နီးနီးလေးပါ... ဟိုရှေ့ဆိုရောက်ပြီ... "

လက်ညှိုးညွှန်ပြတဲ့ နေရာကိုကြည့်လိုက်တော့ ဆေးခန်းဆိုင်းဘုတ်ကို တွေ့လိုက်ရပါသည်။ ဘောင်းဘီအိတ်ကပ်ကို နှိုက်လိုက်တော့ ထင်သလောက် ပိုက်ဆံက ရှိမနေပါ။ နှစ်ထောင်ကျော်သာရှိသည်။

"ဘယ်လောက် လျှော်ပေးရမလဲ မသိဘူး"

ပျက်စီးသွားသော ပစ္စည်းတွေကို သူမက လည်ပြန်ကာကြည့်နေသည်။

"ဟို လေးထောင်လောက်ဆို ရလောက်ပါပြီ... ဆိုင်ခုံကလည်း ကျိုးသွားတယ်... အအေးပုလင်းတွေလည်း ကွဲသွားတယ်"





'နေမင်း' ရင်ထဲ အခက်အခဲ တွေ့သွားရပါသည်။ ပါလာတဲ့ပိုက်ဆံနဲ့ ဘယ်လိုမှကိုမလောက်ပါ။ ဆေးခန်းလည်းပြရဦးမည်။ အိမ်ပြန်ယူပေးမယ်လို့ ပြောလိုက်ရင်ကော ယုံပါ့မလားမသိ။

"ကျွန်တော့်မှာ အဲ့ဒီလောက် ပိုက်ဆံမပါဘူးဖြစ်နေတယ် နောက်မှလာပြန်ပေးလို့ ဖြစ်မလား... ဆေးခန်း အရင်ပြလိုက်ဦးမယ်လေ "

"ရပါတယ်... ဒါပေမဲ့ အစ်ကို ကတိတည်တည်နဲ့သေချာတော့ ပြန်လာပေးပါနော်... 'လိပ်ပြာ' မှာ အခက်အခဲတွေ ရှိနေလို့ပါ"

'လိပ်ပြာ' ဆိုတဲ့ နာမည်ဆန်းဆန်းလေးကြောင့် 'နေမင်း' ငေးလို့ကြည့်ဖြစ်သွားရသည်။ ဖြူဝင်းနေသော အသားအရည်မှာ မျက်ခုံးမျက်လုံး၊ ဆံပင်တွေက မည်းနက်တောက်ပြောင်နေတာမို့ ထင်းထင်းကလေးနဲ့ လှပလို့နေပါသည်။

အဝန်းကျယ်သော မျက်လုံးအကြည့်တွေက အလိုလိုနေရင်းကို ဈွဲဆောင်မှုတွေနဲ့ ပြည့်နေကာ၊ သနားစရာကောင်းသလိုလည်း ဖြစ်လို့နေပြန်ပါသေးသည်။

"စိတ်ချပါ... ကျွန်တော် အိမ်ပြန်ရောက်တာနဲ့ ပိုက်ဆံ

ယူပြီး လာပြန်ပေးပါ့မယ်... ညီမ ခဏကလေးပဲ စောင့်နေ... ပြီးတော့ အစ်ကို့ဆိုင်ကယ်ကိုလည်း ကြည့်ထားပေးပါနော်"

"ရပါတယ်"

ဆေးခန်းက သိပ်မဝေးတာကြောင့်ထော့နဲ့ထော့နဲ့ဖြင့် 'နေမင်း' ရောက်အောင် လာခဲ့ရသည်။ ဘောင်းဘီဝတ်လာတာကြောင့် အိပ်ဖောလောင်ထားတဲ့ နေရာကို ပြရတာ အတော်အခက်အခဲဖြစ်နေရသည်။

ဆရာဝန်က ဘောင်းဘီကို ကပ်ကြေးဖြင့် ညှပ်လိုက်မှပဲ သက်သာရာရတော့သည်။ နီရဲဖောင်းကြွနေသော ဒဏ်ရာကြီးက တစ်ထွာကျော်ကျော်ခန့် ရှိသည်။ ပူပြင်းပြီး စပ်လိုက်တာဆိုတာလည်း မပြောပါနဲ့တော့။

ဆေးခန်းကအပြန် ဆိုက်ကားငှားပြီး အိမ်သို့ ပြန်လာခဲ့လိုက်သည်။ 'နေမင်း' ပြန်တာကို သူမက အဝေးကနေငေးကာ ကြည့်နေတာကိုတွေ့လိုက်ရပါသေးသည်။

"ပိုက်ဆံတော့ အရင်ရအောင် ယူမထားဘူး... ခုမှ စိတ်မချသလို ကြည့်မနေနဲ့ 'လိပ်ပြာ' ရေ... ဆုံးပြီသာ မှတ်လိုက်တော့... စောစောတည်းက ပြောသားပဲ... အလျှော်ပေးတာကို အရင်ယူပါဆိုတာကို"





'လိပ်ပြာ' ခေါင်းကို ခါပြလိုက်ရင်း...

"သူ့မှာလည်း ဒဏ်ရာကြီးနဲ့ကို... ဆေးခန်းပြဖို့တော့ ပိုက်ဆံ ချန်ထားပေးမှ ဖြစ်မှာပေါ့... နောက် အလျှော်လာပေးမယ်လို့ သူ ပြောသွားသားပဲ 'မမခင်' ကလည်း... 'လိပ်ပြာ' ကတော့ လိမ်မယ်လို့ မထင်ပါဘူး... ပြီးတော့ ဆိုင်ကယ်ကြီးလည်း ထားခဲ့တာပဲဥစ္စာ"

"အို ဆိုင်ကယ်က သူများဟာ ငှားစီးလာတယ်ဆိုရင် ဘယ်လိုလုပ်မလဲ... လွယ်လွယ်များယုံလို့... နင့် အဒေါ်ပါးစပ်ကိုလည်း သိသားနဲ့... နင်မို့လို့ အလွယ်တကူ ယုံလိုက်တယ် ပြန်ရောက်မလာရင် နင်တော့သေတော့မှာပဲ"

"မတတ်နိုင်တော့ဘူး... 'လိပ်ပြာ' ကတော့ ပြန်လာလိမ့်မယ်လို့ ယုံကြည်နေတယ်... ဒေါ်လေးက အမြဲတမ်း 'လိပ်ပြာ' ကို ဆူနေကြဆိုတော့ ကြိုပြီး စိတ်ညစ်မနေတော့ပါဘူး... မလာတော့လည်း ကိုယ့်ကုသိုလ်လို့ပဲ မှတ်လိုက်မယ်"

တစ်ခါပဲ မြင်လိုက်ရပေမယ့် 'လိပ်ပြာ' စိတ်ထဲမှာ ထိုလူရဲ့ရုပ်သွင်က မှတ်မိလို့နေရသည်။ သန့်ပြန့်နေသော ရုပ်ရည်ကလူလိမ်တစ်ယောက်မဟုတ်ဘူးဆိုတာကို ဖော်ပြနေတဲ့ အတိုင်းပါပဲ။

"ဟယ် 'လိပ်ပြာ'... ဟိုမှာ နင့် အဒေါ်လိုက်လာပြီ... ဘယ်သူ သွားပြောလိုက်သလဲ မသိပါဘူး... နင်တော့ အဆူခံထိတော့မှာပဲ"

ဘူတာလမ်းသွယ်ထဲကနေ ထွက်လာတဲ့ ဒေါ်လေးရဲ့ ရုပ်သွင်က ဒေါသတွေနဲ့ နီမြန်းလို့နေပါသည်။ ကားလမ်းကို ခပ်မြန်မြန်ပင် ကူးချလာကာ ဆိုင်နားမရောက်ခင် အသံက အရင်ထွက်လို့လာခဲ့သည်။

"ကုန်ပြီမလား... ဒီနေ့ပဲ မရှိမဲ့ရှိမဲ့နဲ့ ဆိုင်လေးတစ်ဆိုင် ဖွင့်ပေးလိုက်ပါတယ်... တစ်ခါတည်းနဲ့ ဖြုန်းပစ်လိုက်ပြီ... ညည်းကိုယ်ညည်း ဘာမှတ်နေသလဲ ဟင်"

"အလျှော်လာပြန်ပေးမယ်လို့ ပြောသွားပါတယ် ဒေါ်လေးရယ်... ဘာမှမပျက်စီးပါဘူး... 'လိပ်ပြာ' က လိုတာထက်တောင် ပိုအလျှော်တောင်းလိုက်ပါသေးတယ်... စိတ်ပူမနေပါနဲ့"

"စိတ်မပူလို့ရမလား... ပါးစပ်က လွယ်လွယ်ကလေး အလျှော်ပေးမယ်ပြောတာနဲ့ ညည်းက ယုံလိုက်ရသလား... ပြန်မလာတော့ ဘယ်လိုလုပ်မလဲ... အရင်းပြုတ်လို့ကတော့ ညည်းအိမ်ပေါ်ကဆင်းဖို့ပြင်ထား... ဒီတစ်ခါ အပြတ်ပြောတာ"





ဒေါသထွက်တိုင်း အိမ်ပေါ်က နှင်ချတတ်တာ 'လိပ်ပြာ' အဖို့ရိုးလို့ပင်နေပါပြီ။ 'လိပ်ပြာ' မှာလည်း နားခိုစရာနေရာမရှိလို့သာ ဒေါ်လေးတို့ဆီမှာ ကပ်နေရပေမယ့် စိတ်ထဲမှာတော့ မလွတ်လပ်တဲ့ဘဝ၊ အနှိမ်ခံနေရတဲ့ ဘဝကနေ လွတ်မြောက်ချင်နေတာကြာပါပြီ။

"လာမှာပါ ဒေါ်လေး ရယ်... ခဏတော့ စောင့်ကြည့်ပါဦး"

"ဘာကိုစောင့်ရမှာလဲ... ဆိုင်ကယ်ထားသွားတာများ အထင်ကြီးလို့... ခိုးလာတာဆို သူခိုးလက်ခံဖြစ်ပြီး ကိုယ်ပါ ရောပြီး အဖမ်းခံရဦးမယ်... ကျုပ် ညည်းကိုပဲ သတ်ချင်တယ်"

ဘေးပတ်ဝန်းကျင်ရှိ ဆိုင်ခန်းတွေမှ လူတွေကလည်း စပ်စပ်စုစု ကြည့်နေကြတာကြောင့် 'လိပ်ပြာ' မှာ ရှက်ပြီး မျက်ရည်ကြည်တွေ ဝဲတက်လာခဲ့ရသည်။

"ဟဲ့ 'မနု' ရယ်... ဆိုင်ရှေ့မှာ လာအော်ဟစ်မနေစမ်းပါနဲ့... စောင့်ကြည့်ပါဦး... တစ်ခုခုဆို 'လိပ်ပြာ' ကိုပဲ မဲဖို့ပဲကြည့်တော့တာကိုး"

"သူ့မပြောလို့ ဘယ်သူ့ကို သွားပြောရမှာလဲ... ပြောစရာဆိုလို့ သူ တစ်ယောက်တည်းပဲ ရှိတယ်... ဘာမှကို အသုံး

မကျဘူး"

"ဒီလို မပြောနဲ့လေ... 'လိပ်ပြာ' လည်း တတ်နိုင်သလောက်တော့ တစ်ဖက်တစ်လမ်းက 'မနု' တို့အတွက် ငွေရှာပေးနေတာပဲ ခုလည်း သူ့ကိုသနားလို့ ကျွန်မဆိုင်ရှေ့မှာ ဆိုင်ပေးဖွင့်ထားတာလေ ဒီနေ့ပဲ ဆိုင်စဖွင့်တယ် ပြဿနာတက်ရတယ်ဆိုတာ မကောင်းပါဘူး... 'မနု' ပိုက်ဆံမဆုံးစေရဘူးဆိုတာ ကျွန်မ ကြားထဲကအာမခံပါတယ်"

"ဟွန်း 'ခင်ခင့်' ကို အားနာလို့ 'မနု' ပြန်လိုက်မယ်... ဆိုင်သိမ်းချိန်ရောက်တဲ့အထိ အခြေအနေမထူးလို့ကတော့ တောင်ပေါ်က ထမင်းဆိုင်မှာ အလုပ်ဝင်ဖို့ပြင်ပဲ ကြားလား"

'လိပ်ပြာ' ခေါင်းသာ ညိတ်ပြလိုက်ပါသည်။ ကျိုက်ထီးရိုး ဘုရားပေါ်က ဈေးဆိုင်တန်းက ထမင်းဆိုင်မှာတော့ 'လိပ်ပြာ' အလုပ်မလုပ်ချင်ပါ။

အော်ဟစ်ပြီး လူခေါ်ရတဲ့ အလုပ်ကို စိတ်ပျက်သည်။ ပြီးတော့ 'လိပ်ပြာ' ကလည်း လူပေါင်းစုံနဲ့ မဆက်ဆံတတ်ပါ။ လူကြောက်တတ်သည်။

ငယ်ငယ်ကတည်းက နေလာတဲ့ ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းက လူတွေနဲ့ပဲ ခင်ခင်မင်မင်နေချင်ပါသည်။





"ဒီမှာခင်ဗျ... ခုနက ဆိုင်ကယ်ဝင်တိုက်ခံထိတာ ဘယ်ဆိုင်လည်း မသိဘူး... "

ဟု မေးလာတဲ့ အသံတစ်သံကြောင့် 'လိပ်ပြာ' မော့်ကြည့်ဖြစ်သွားရသည်။ မေးတဲ့လူကို ဒီမြို့မှာ ခဏခဏ မြင်ဖူးနေပါသည်။

"ဒီဆိုင် ဒီဆိုင်... မင်းက ဘာလုပ်မလို့လဲ"

ပြန်ဖြေလိုက်တဲ့ ဒေါ်လေး ရဲ့အသံက စွာကျယ်ကာနေသည်။

"အလျော်ပေးမလို့ လာတာဗျ... လေသံကလဲ မာလှချည်လား"

"ဩော် အလျော်ပေးမလို့လား... မသိလို့ပါ... ဘယ်လောက်အလျော်ပေးမှာလဲ"

"ငါးထောင်ပေးလိုက်တယ်... "

"ငါးထောင် ဟုတ်လား"

'လိပ်ပြာ' ဘက်ကိုလှည့်ပြီး မေးနေတာကြောင့် ခေါင်းကို အမြန်ညိတ်ပြလိုက်ရသည်။

"ဟဲ့ ငါးထောင်နဲ့ ပြန်ဝယ်ရမယ့် ပစ္စည်းက လောက်ကောလောက်လို့လား... လိုရင် ညည်းက ဘယ်ကပိုက်ဆံနဲ့

စိုက်မှာလဲ ပြီးစလွယ်ပြောလိုက်တာလား"

'လိပ်ပြာ' တောင်းတုန်းက လေးထောင်ပဲ တောင်းလိုက်တာပါ။ တိုက်မိတာက ဆိုင်ခုံကလေးပဲနဲ့ သွားပြီး မုန့်တွေက အကုန်လုံး ပြန်သုတ်လိုက်တော့ အကောင်းတွေကြီးပါပဲ။ ကျိုးကြေလည်း အားလူးကြော်တို့ ဘာတို့လောက်ပဲရှိမည်။

ဒါကလည်း ပလပ်စတစ်ပက်ကင်နဲ့ ပိတ်ထားတာဆိုတော့ အထဲကို မြင်ရတာမဟုတ်ပါ။

"လောက်ပါတယ် ဒေါ်လေး... ဘာမှ မပျက်စီးပါဘူး"

"ပြီးရောလေ... "

လှမ်းပေးနေသော ပိုက်ဆံကို ဆတ်ကနဲဆွဲယူပြီး ဒေါ်လေးက ထွက်သွားခဲ့ပါသည်။ ပိုက်ဆံလာပေးတဲ့ သူရဲ့ မျက်နှာက ဒေါ်လေး အား စိတ်ပျက်သလိုရှုံ့မဲ့ကာ ကြည့်နေသည်။

"ဟို ဟိုအစ်ကို ဘာဖြစ်သွားသေးလဲ မသိဘူး... "

" 'ကိုနေမင်း' ကို ပြောတာလား... ခြေထောက်ထိသွားတယ်လေ... ဆိုင်ကယ်စီးတာ သိပ်မကျွမ်းကျင်သေးလို့ ဖြစ်သွားရတာ... ကဲ အလျော်လည်း ပေးပြီးပြီဆိုတော့ ပြန်တော့မယ်ဗျာ"

ဆိုင်ကယ်ကိုမကာ ဝူးကနဲနေအောင် မောင်းထွက်သွား





တဲ့ သူကိုကြည့်ပြီး 'လိပ်ပြာ' မျက်ဝန်းထဲ 'နေမင်း' ဆိုတဲ့ အစ်ကိုကို ပြန်မြင်ယောင်နေမိသည်။

## ၅

တစ်ပတ်လောက် အိမ်တွင်းအောင်းနေရတဲ့ အဖြစ်ကို 'နေမင်း' အတော်ကလေး စိတ်ပျက်နေမိပါသည်။ ခြေထောက်အနာကြီး ရှိနေလျှက်နဲ့ပင် ဘွားဘွား ဆီကို ဟန်မပျက် ဖုန်းသွားဆက်ရပါသေးသည်။

ကြားရတဲ့ သတင်းတွေကလည်း နည်းနည်းကလေးမှ ကောင်းတယ်ဆိုတာ မရှိပါ။

"တစ်နေ့တစ်နေ့ သူမို့ မမောတမ်း ခြံဝမှာလာလာ စောင့်ပြီး မင်းအရိပ်အခြေအနေကို လာကြည့်နေတယ်ကွယ်...





ဘွားဘွား လည်းမပြောချင်တော့ဘူး မိန်းကလေးတစ်ယောက် ဖြစ်ပြီး ဒီလောက် အရှက်နည်းလိမ့်မယ်ဆိုတာ ခုမှပဲ လက်တွေ့ကြုံမှပဲ သိတော့တယ်"

"ဘွားဘွား ကို ဘာမှလာမပြောဘူး မဟုတ်လား"

"ဘယ်နှယ့် မပြောရမှာလဲ... အိမ်ကိုဖုန်းတဝွမ်ဝွမ်ဆက်နေတာ နားကိုညီးနေတာပဲ... အဲ့ဒီ ဖုန်းကို ဖြုတ်ကိုထားလိုက်ရတယ်...တော်သေးတာက ဘွားဘွား ရဲ့ ဟန်းဒ်ဖုန်းကို မသိလို့ပေါ့ကွယ်... မင်းရဲ့ ဖုန်းကိုလည်း ပိတ်ထားလိုက်တယ်"

"ဘွားဘွား တော့ စိတ်ညစ်နေရမှာပဲ... "

"မင်း ဘက်က ပြတ်တယ်ဆိုတာ တစ်ခုတည်းနဲ့တင် ဘွားဘွားကျေနပ်ပါတယ်ကွယ် လူငယ်ဆိုတော့လည်း မခံချင်စိတ်နဲ့ အစပထမမို့လို့ သွေးရူးသွေးတန်းဖြစ်နေတာ နေပါလိမ့်မယ်... နောက်တော့လဲ သူ့လမ်းသူ ဆက်လျှောက်သွားမှာပါ"

"ဟင်း စိတ်ပျက်လိုက်တာ"

'နေမင်း' ဘက်က စိတ်ပျက်တာထက် 'ဒေါ်စိန်ဥ' က ပိုပြီးတော့တောင် စိတ်ပျက်နေမိပါသေးသည်။ ကိုယ့်မှာက လက်တွေ့ကိုရင်ဆိုင်နေရတာ။

အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး တစ်ခါတလေ အပြင်လေး ထွက်လိုက်ပါတယ်၊ အနောက်ကနေ ကပ်လိုက်လာကာ လူရှေ့သူရှေ့မရှောင် အော်ကြီးဟစ်ကျယ်နဲ့ 'နေမင်း' ဘယ်မှာလဲ ဟု မေးတတ်ပါသေးသည်။

ကိုယ့်လို လူတကာက လေးလေးစားစားနဲ့ ဆက်ဆံရတဲ့ သူမျိုးကို လူပုံအလယ်မှာ မခန့်လေးစား လာပြောတဲ့အတွက် ရင်ထဲမှာ ဆတ်ဆတ်ခါကာ တစ်ခုခုကို ပြန်လုပ်ချင်တဲ့စိတ် ပေါက်လာရသည်။

ကိုယ့်အဆင့်အတန်းနဲ့ သူမ လို စကားလုံး ရိုင်းရိုင်း၊ ထောင့်မကျိုးတဲ့ အပြုအမူတွေကိုလည်း လုပ်မပြတတ်၊ မပြောပြတတ်တာက ခက်နေသည်။

မျက်နှာထားတင်းတင်းနဲ့ ပင် ဂရုမစိုက်သလို ရှောင်လွှဲပြီး နေနေရတာ အကြိမ်ကြိမ်ရယ်ပါ။ နောက်ဆုံး သည်းမခံနိုင်ရင် တော့ လူကြီးမိဘတွေသိအောင် 'ဒေါ်စိန်ဥ' ကိုယ်တိုင် အသိပေး တိုင်ကြားဖို့ ဆုံးဖြတ်ပြီးသားပါ။

"ဘာမှာဦးမလဲ ဘွားဘွား လူကြုံရှိရင်ထည့်ပေးလိုက်မယ်လေ... ဒါမှမဟုတ် 'ဝင်း' ကားနဲ့ ထည့်ပေးလည်း ဖြစ်တာပဲ"





"မလိုပါဘူး... နောက်တစ်ပတ်လောက်ဆို ဖုန်းလည်း ရတော့မယ်နဲ့တူတယ်... အရေးအကြောင်းရှိမှပဲ ကျွန်တော် ဖုန်းဆက်တော့မယ်နော်"

"အေး အေး ဘွားဘွားလည်း အားရင် တစ်ညအိပ်ဖြစ်ဖြစ်လာခဲ့ဦးမယ်"

"ဟုတ်ကဲ့..."

ဖုန်းချပြီး အိတ်ချိန်းဝင်းထဲက ပြန်အထွက် 'နေမင်း' အား ရပ်ကြည့်နေသော သူမ ကိုတွေ့လိုက်ရတာကြောင့် ပြုံးပြလိုက်မိသည်။

"ဖုန်းလာဆက်တာလား..."

"အစ်မတစ်ယောက်ကို အဖော်လိုက်ခဲ့ပေးတာ... အစ်ကို ခြေထောက်ကဒဏ်ရာ သက်သာရဲ့လားမသိဘူး"

"အင်း ကောင်းနေပါပြီ... ညီမ ဆိုင်ကော ပြန်ပြင်ပြီး သွားပြီလား"

"'လိပ်ပြာ' ရဲ့ဆိုင်က ဘာမှ မဖြစ်တာ... အစ်ကို အလျှော်ပေးတာများနေလို့ 'လိပ်ပြာ' က အားနာနေတာ"

"နာမည်လေးက ဆန်းတယ်နော်... "

"အစ်ကိုနာမည်ကလည်း ဆန်းပါတယ်..."

"သိလို့လား"

"'နေမင်း' မဟုတ်လား"

"ဘယ်လိုသိသွားတာလဲ..."

"ငွေလာပေးတဲ့ အစ်ကိုတစ်ယောက် ပြောသွားတာလေ"

"အင်း အင်း... ကဲ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့..."

'နေမင်း' ရဲ့ကားထွက်သွားတဲ့အထိ သေချာစောင့်ကြည့်နေပြီးမှ အိတ်ချိန်းရုံးအတွင်းသို့ 'လိပ်ပြာ' ဝင်လာခဲ့လိုက်ပါသည်။ 'မမခင်' က ဖုန်းပြောပြီးလို့ ငွေတောင်ရှင်းနေပါပြီ။

"ဘယ်သူနဲ့ စကားပြောနေတာလဲ... "

"ဟို တစ်နေ့က ဆိုက်ကယ်မှောက်တဲ့ အစ်ကိုလေ... သူလည်း ဖုန်းလာဆက်တာနဲ့တူတယ်"

"တွေ့တာဖြင့် ခဏကလေး မှတ်မှတ်ရရများ ရှိနေရသေးတယ် 'လိပ်ပြာ' နော် 'လိပ်ပြာ'... ဘယ်ကဘယ်လို သတ္တိတွေရှိနေရတာလဲ ညည်းလောက် လူကြောက်တာ ညည်းပဲရှိတယ်"

"အဲ့ဒီ အစ်ကိုက ကြောက်စရာမှမကောင်းတာ... မြင်





တာနဲ့ ခင်ဖို့ကောင်းတယ်... သဘောလည်းကောင်းတယ်... 'လိပ်ပြာ' က အလျှော်တွေပို့ပေးလိုက်လို့ အားနာနေတာ"

"ညည်းကသာ အားနာနေတာ... ညည်း အဒေါ်ကဖြင့် ရတာနည်းလို့ ပူညံနေတာမဟုတ်လား"

"ဒေါ်လေး ရဲ့ လောဘကိုတော့ ပြောမနေပါနဲ့တော့ 'မမခင်' ရယ်"

'ကိုနေမင်း' နဲ့ တွေ့လိုက်ရလို့ စိတ်ချမ်းသာနေတဲ့ အချိန်မှာ ဒေါ်လေးတို့ အကြောင်းစဉ်းစားပြီး 'လိပ်ပြာ' ရင်မမောချင်ပါဘူး။ 'လိပ်ပြာ' ရင်ထဲ ဘယ်လိုကနေဘယ်လိုဖြစ်တယ် မသိပါ။

'ကိုနေမင်း' ဆိုတဲ့ အစ်ကိုကြီးကို စမြင်တွေ့ပြီးတည်းက မမေ့နိုင်တာ အိပ်မက်ထဲအထိ ထည့်မက်တဲ့အထိအောင်ပါပဲ။ 'လိပ်ပြာ' ဘက်က ဖြစ်နေတာကိုလည်း ဘယ်သူမှသိအောင် ဖွင့်ပြောမပြရဲပါ။

ပြောပြရင် အားလုံးက 'လိပ်ပြာ' ကိုပဲ ကဲ့ရဲ့ ဆူပူကြမည်။

'လိပ်ပြာ' ရဲ့ဘဝမှာ ခုချိန်ထိအောင် ဘယ်ယောကျ်ားတစ်ယောက်ကိုမှ စိတ်ဝင်တစား မရှိခဲ့ဖူးတာ သေချာပါသည်။

ကိုယ့်မြို့ကကောင်လေးတွေ 'လိပ်ပြာ' ကို ရည်းစားစကားပြောတာတို့၊ ဒေါ်လေးဆီမှာ လာတောင်းရမ်းတာတို့တွေ ရှိပေမယ့် ဘယ်သူ့ကိုမှ စိတ်ဝင်စားလို့ မရနိုင်တာကြောင့် ဒေါ်လေးရဲ့ အဆူအဆဲကိုခံပြီး ငြင်းဆန်ခဲ့တာ အကြိမ်ကြိမ်ပါ။

ဒေါ်လေးကတော့ သူ့လက်က 'လိပ်ပြာ' ကို လွှတ်လိုက်ရရင်ပဲ ကျေနပ်နေသူမို့ ဘယ်သူပဲ လာတောင်းရမ်းတောင်းရမ်း သူ့အတွက် ငွေနည်းနည်းပါးပါးကျန်ရင် ပေးစားဖို့ ဝန်မလေးတတ်ပါ။

'လိပ်ပြာ' ဘက်ကလည်း ဒေါ်လေး ဆီမှာ အောက်ကျနောက်ကျ နေနေရတဲ့ဘဝကို စိတ်ကုန်ခန်းလာတာကြောင့် ကိုယ့်ဘဝအတွက် လွတ်ရာလွတ်ကြောင်း ဖြစ်မယ်ဆိုရင် ပြေးဖို့အဆင်သင့်ပါပဲ။

'လိပ်ပြာ' အား လာတောင်းရမ်းတဲ့သူတွေထဲက ချစ်နိုင်မယ့်သူ သံယောဇဉ်ရှိနိုင်မယ့်သူကို ရှာဖွေမိပေမယ့်လည်း တစ်ယောက်မှကို အဆင်မပြေခဲ့ပါ။

ဘယ်သူ့ကိုမှ ရင်မခုန်ခဲ့၊ ချစ်လို့မရခဲ့၊ ခင်မင်ဖို့ပင်သံယောဇဉ်က ဝေလာဝေးဆိုတော့ ငြင်းပစ်ရတာတွေသာ များလာပါသည်။ ကြာတော့ 'လိပ်ပြာ' ကို ဒေါ်လေးက နှလုံးသား





ရှိတဲ့မိန်းမ၊ မကြင်နာတတ်တဲ့ မိန်းမ၊ သံယောဇဉ်မရှိတဲ့ မိန်းမဟု စွပ်စွဲပြီး မယ်သီလရင် ဝတ်ဖို့အထိ တိုက်တွန်းတတ်လာပါသည်။

"သာမန် လူလောကမှာနေရင် လူတွေလုပ်တဲ့အလုပ်ကို ညည်း လုပ်ရမှာပဲ 'လိပ်ပြာ'... အချိန်တန်အရွယ်ရောက်ရင် ညည်း လင်ယူရမယ်... မိန်းမဆိုတာ အားကိုးစရာ ယောကျ်ားတစ်ယောက်ရှိဖို့ လိုအပ်တယ်... မလိုအပ်ဘူးဆိုပြီး ဇွတ်ပြောနေလို့မရဘူး... တကယ် မလိုအပ်ဘူးဆိုရင် ညည်း မယ်သီလရင်သာ ဝတ်နေလိုက်တော့"

"ဒေါ်လေး ကသာ ပြောနေတာ... ယောကျ်ားတွေကကော တကယ် အားကိုးရလို့လား... ဒေါ်လေး ယောကျ်ားဆို ပိုက်ဆံမရှာဘဲ တစ်ချိန်လုံးအရက်သောက်နေတာပဲ မဟုတ်လား... ဒေါ်လေးပဲ ပြန်ရှာကျွေးနေရတာကိုကော ထည့်မပြောတော့ဘူးလား"

"ပြောစရာမလိုဘူးလေ... ငါတို့အခုနေနေတာ သူပိုင်တဲ့ အိမ်မှာနေနေတာ... ညည်း သူ့ကို မကျေနပ်ရင် အိမ်ပေါ်ကဆင်းသွားလိုက်လို့ရတယ်... ငါ့ယောကျ်ားကို ဘာမှစော်ကားပြီး ပြောနေစရာမလိုဘူး"

ဆင်းစရာအိမ်မရှိတဲ့အတွက် 'လိပ်ပြာ' မှာ ဘာမှပြန်မပြောနိုင်ခဲ့ပါ။ ဒေါ်လေးအိမ်မှာ နေပေမယ့် 'လိပ်ပြာ' အလကားနေနေရတာ မဟုတ်ပါ။

အိမ်မှာရှိတဲ့အလုပ်မှန်သမျှကို 'လိပ်ပြာ' တစ်ယောက်တည်းကပဲ ဒိုင်ခံလုပ်ပေးရသည်။ ဒေါ်လေးရဲ့ ကလေးနှစ်ယောက်ကိုလည်း စာပြပေးရသည်။

'လိပ်ပြာ' ရဲ့ဘဝက မိဘတွေရှိနေစဉ်အထိတော့ အဆင်ပြေနေခဲ့ပါသည်။ 'လိပ်ပြာ' ရှစ်တန်းရောက်တဲ့နှစ်မှာ အဖေကရုတ်တရက် သွေးဆောင့်တိုးကာ ဆုံးပါခဲ့သည်။

အမေက ဒေါ်လေးတို့ရှိတဲ့ ကျိုက်ထိုမှာ ပြောင်းနေခဲ့ပေမယ့် အမေလည်း အဖေ့စိတ်နဲ့ လူ့လောကမှာကြာရှည်မနေလိုက်ရပါ။ 'လိပ်ပြာ' ဆယ်တန်းရောက်တဲ့နှစ်မှာပဲ အမေ ဆုံးသွားခဲ့ပြန်ပါသည်။

မိဘမရှိတော့တဲ့ 'လိပ်ပြာ' ကို ဒေါ်လေးက ခေါ်ယူစောင့်ရှောက်ထားခဲ့ပေမယ့် ဒါကလည်း သူ့အကြံဉာဏ်နဲ့သူ ဖြစ်သည်။ အမေဝယ်ထားတဲ့ အိမ်လေးကို ဒေါ်လေးက သူ့သဘောနဲ့သူ ရောင်းချပြီး ရတဲ့ပိုက်ဆံကို သူပဲ ယူလိုက်ပါသည်။

'လိပ်ပြာ' က ဆယ်တန်းအောင်ဖို့ ကြိုးစားနေချိန်မှ





ဒေါ်လေး လုပ်သမျှကိစ္စတွေကို စိတ်ဝင်တစားမဖြစ်ခဲ့ပါ။ ဆယ်တန်းအောင်ပြီးရင် တက္ကသိုလ်ဆက်တက်မယ်ဆိုပြီး စိတ်ကူးယဉ်နေခဲ့တာဖြစ်သည်။

တကယ်လည်း ဆယ်တန်းအောင်ရော ကျောင်းစရိတ်မတတ်နိုင်ဘူး အကြောင်းပြကာ အဝေးသင်ပင် မထားခဲ့ဘဲ ကြုံရာကျပမ်း အလုပ်တွေကိုသာ 'လိပ်ပြာ' အား လုပ်ခိုင်းစေခဲ့သည်။

ရသမျှပိုက်ဆံကိုလည်း ဒေါ်လေး ကိုပဲ 'လိပ်ပြာ' အပ်ခဲ့ရပါသည်။ ဒေါ်လေး ရဲ့ ပြုမူဆက်ဆံပုံတွေကို မကျေနပ်ပေမယ့်လည်း ဆွေမျိုးအားကိုးစရာ မရှိတဲ့ 'လိပ်ပြာ' ရဲ့ဘဝမှာ အစစအရာရာကို သည်းခံပြီးနေမယ်လို့ ဆုံးဖြတ်ခဲ့လိုက်ရပါသည်။

ဘေးပတ်ဝန်းကျင် မိတ်ဆွေတွေကသာ 'လိပ်ပြာ' ရဲ့ အဖော်တွေသာ ဖြစ်လာခဲ့ပါသည်။

"အဲ့ဒီ အစ်ကိုက ဘယ်မှာနေတာလဲ မသိဘူးနော်"

စိတ်ထဲမှာ သိချင်နေတဲ့ အတွေးက မထိန်းလိုက်နိုင်ဘဲ ပါးစပ်က လွှတ်ကနဲနေအောင် ထွက်သွားမိပါသည်။

"တော်တော့်ကို ရောဂါသည်းနေပါလား 'လိပ်ပြာ' ရယ်

ဆေးကုတာတောင် နိုင်မယ့်ပုံမရှိတော့ဘူး”

“ဩော် ဧည့်သည်ဆိုလို့ ဘယ်မှာနေတာလဲ သိချင်တာပါ”

“အရင်တုန်းကကော တခြားဧည့်သည်တွေကို ဘယ်မှာနေလဲ သိချင်ခဲ့လို့လား”

“လူချင်းမှမတူတာ ‘မမခင်’ ကလည်း... သူက ‘လိပ်ပြာ’ နဲ့ ပတ်သက်ခဲ့တဲ့သူလေ”

“တစ်ခါတည်း ပတ်သက်တာနဲ့ ညည်းက ဆက်ပြီးပတ်သက်ချင်နေတာမဟုတ်လား... ဟိုကဖြင့် ကြုံလို့ မကောင်းတတ်လို့ ရယ်ပြုံးပြုံးပြသွားတာလောက်ပဲ ရှိတယ်... ခုလိုမျိုး တဖွဖွသတိတရပြောနေတာမျိုး ရှိမှာကိုမဟုတ်ဘူး”

‘လိပ်ပြာ’ ရှက်သွားရပါသည်။ ‘မမခင်’ ပြောသလိုမျိုး ‘ကိုနေမင်း’ က ‘လိပ်ပြာ’ ကို အမှတ်တရအနေနဲ့ သတိတရ ရှိနေပါ့မလား။ ‘လိပ်ပြာ’ ကတော့ တစ်ခါဆုံဖူးတာလေးကို တသသနဲ့နေအောင် တမ်းတနေဖြစ်ခဲ့တာ ကိုယ်ကိုယ်တိုင်ပဲ အသိဆုံးပါ။

တစ်နေ့တစ်နေ့ ပုံမှန်အလုပ်တွေသာ လုပ်နေရသော်လည်း စိတ်ထဲမှာတော့ ‘ကိုနေမင်း’ များ ဆိုင်ရှေ့ကနေ ဖြတ်





မလား၊ ဈေးကိုများ တစ်ခုခုလာဝယ်မလားဆိုတဲ့ အတွေး ွားဖြင့် မျှော်နေတတ်မိတာ ‘လိပ်ပြာ’ ပဲ သိပါသည်။

စိတ်တွေမတည်မငြိမ်ဖြစ်နေသော ‘လိပ်ပြာ’ ရဲ့ တ်ကို ဘယ်လိုထိန်းသိမ်းရမယ်မှန်း မစဉ်းစားတတ်အောင် ပါ။ တစ်ခါမှလည်း ဒီလိုမျိုး မခံစားဖူးတာကြောင့် ရှက်သလိုလို ဖြစ်နေမိပါသေးသည်။

‘မမခင်’ တို့လည်း သိမှာစိုးတာကြောင့် ဟန်မပျက်နေ နေ ရသေး၏။ ဒေါ်လေး ကတော့ တစ်အိမ်တည်း အတူနေလို့ လားမသိ မူပျက်ချင်နေသော ‘လိပ်ပြာ့’ ရဲ့ အပြုအမူတွေကို သိသလိုဖြစ်နေရသည်။

“ခုတလော ဘာဖြစ်နေမှန်းကို မသိဘူး... ပြောလိုက်ရင် လည်း မကြားရတာနဲ့... ခေါ်လိုက်ရင် ငူငိုင်ပြီး ထူးဖို့ကိုမေ့နေပုံ ရတယ်... ကလေးတွေကို စာပြပေးတာလည်း ခဏလေး... အရင်ကနဲ့ ကိုမတူ ဘူး... ‘လိပ်ပြာ’ ညည်း ဘာဖြစ်နေတာလဲ... တာအချိုးပြောင်းနေတာလဲ ပြောစမ်းပါ”

ဟု တရားခံစစ်သလို မေးလာတဲ့ ဒေါ်လေး ရဲ့အမေးကို ျက်နှာအပျက်ပျက်နဲ့ ငြင်းဆန်ရတာ ခဏခဏရယ်ပါ။ ‘ကိုနေ င်း’ ကို ‘လိပ်ပြာ’ ထပ်တွေ့ချင်နေတာပဲ သိသည်။

'လိပ်ပြာ' ဘက်က အရမ်းကိုတောင့်တနေလို့ပဲလား မသိ။ တစ်နေ့ မနက်စောစော ဈေးကို 'ကိုနေမင်း' ကားနဲ့ ရောက်လာပါသည်။

'လိပ်ပြာ' က မြင်ပေမယ့် 'ကိုနေမင်း' က 'လိပ်ပြာ' ကို မမြင်သေးပါ။ သူတစ်ခါ ဆိုင်ကယ်တိုက်မိတာ ဈေးဝင်ပေါက် နားဆိုတာကို မေ့နေပုံရသည်။

ဈေးထဲဝင်သွားတဲ့အခါ 'လိပ်ပြာ' မှာ ဘာလုပ်ရမှန်းမသိ ဘဲ ယောင်တောင်တောင်နဲ့ 'ကိုနေမင်း' သွားတဲ့နောက်ကို မလှမ်းမကမ်းကနေ လိုက်လာမိရဲ့သား ဖြစ်နေပါသည်။ ဆိုင်ကို အပ်ထားခဲ့ဖို့လည်း 'လိပ်ပြာ' မေ့သွားရသည်။

လူက အညှို့ခံထားရသလို ပုံစံမျိုးဖြင့် ကြောင်ပြီးလိုက် ကြည့်နေတာသာဖြစ်သည်။ 'ကိုနေမင်း' က ဈေးလမ်းကြား ထောင့်ရှိ 'ဒေါ်ညှာ' မုန့်ဟင်းခါးဆိုင်မှာ သူနဲ့အတူပါလာတဲ့ လူနဲ့အတူ မုန့်ဟင်းခါးထိုင်စားနေပါသည်။

'ကိုနေမင်း' ဘေးနားမှာ မုန့်ဟင်းခါးအတူ ထိုင်စားချင် ပေမယ့် 'လိပ်ပြာ' မှာ ပိုက်ဆံတစ်ပြားမှပါမလာခဲ့ပါ။

"အစ်မ ဘာယူမလဲ ကြည့်လေ... ပဲသီးတွေ ခရမ်းသီး တွေဆိုတာ ကောင်းမှကောင်း... ယူမ ဒ်ဆိုရင် လျှော့ပေးလိုက် မယ်လေ"

ဟု ဈေးဘည် ကောင်မလေးပြောတာကို ခပ်ရှက်ရှက်ဖြင့် ငြင်းဆန်ရသည်။

"မဝယ်ဘူး ညီမ..."

"မဝယ်ရင် ဈေးဗန်းရှေ့မှာ ပိတ်ရပ်မနေပါနဲ့... ကျွန်မ ဈေးရောင်းရမှာမဟုတ်တော့ဘူး"

"ဩော်..."

ဒုက္ခပဲ။ ခိုးကြောင်ခိုးဝှက်ကြည့်နေကာမှ နေရာလုတဲ့လူ နဲ့လာတိုးနေရပါသေးသည်။ 'လိပ်ပြာ' သည် နေရာကနေ လည်း လှည့်ထွက်မသွားနိုင်သေးတာကြောင့် ရှေ့ဘက်နားကို ဘာရယ်မဟုတ် လျှောက်လိုက်မိပါသေးသည်။

'ကိုနေမင်း' က တစ်ယောက်တည်း ဈေးအရှေ့ဘက်ကို ပြန်ထွက်သွားခဲ့ပေမယ့် သူနဲ့ပါလာတဲ့သူက ဈေးထဲဝင်သွားပါ သည်။

'ကိုနေမင်း' သွားတဲ့နောက်ကို 'လိပ်ပြာ' လိုက်လာခဲ့လိုက် ပါသည်။

'လိပ်ပြာ' ဘက်ကဒီလောက်တောင် တကောက်ကောက် လိုက်နေပါလျှက်နဲ့ 'ကိုနေမင်း' အနေနဲ့ နည်းနည်းကလေး

တောင် မသိလိုက်ဘူးဆိုလျှင် ဝမ်းနည်းစရာ ကောင်းလွန်းပါသည်။

တစ်နည်းနည်းနဲ့ 'လိပ်ပြာ' ကို သတိထားမိသွားအောင် သတ္တိမွေးမှပဲဖြစ်မည်။ တစ်သက်လုံး မလုပ်ဖူးတဲ့အလုပ်တွေကိုလုပ်ပစ်ဖို့အတွက် 'လိပ်ပြာ' စိတ်ကို ရဲဆေးတင်နေမိပါသည်။

အနောက်ကနေ တိတ်တဆိတ်လိုက်နေရင် သတိမထားမိဘဲ ပြန်သွားမယ့်အတူတူ အနီးကပ်လိုက်ပြီး သတိထားမိသွားအောင် ဘာလုပ်ရင်ကောင်းမလဲ အကြံဉာဏ်တွေ ထုတ်နေမိပါသည်။

ဈေးထိပ်ကလည်း ရောက်ကာနီးနေပါပြီ။ တအောင့်လောက်ဆို ကားပေါ်ကို ပြန်တက်သွားတော့မှာ။ 'လိပ်ပြာ' သည် 'ကိုနေမင်း' ကားပေါ်ပြန်မတက်ခင်လေးမှာ မှတ်မှတ်ရရရှိစေချင်တာကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အနောက်ကနေသာ အပြေးအလွှားနဲ့ 'ကိုနေမင်း' ဖိနပ်ကို တအား ဆောင့်ဖိနင်းပစ်လိုက်မိပါတော့သည်။

"ဟာ..."

ရုတ်တရက်မို့ 'ကိုနေမင်း' လန့်သွားပုံရပြီး အသံထွက်





လာခဲ့လေသည်။

"ဟယ်.."

ဟု ထွက်ပေါ်လာတဲ့ 'လိပ်ပြာ' ရဲ့ အသံက 'ကိုနေမင်း' ရဲ့အသံထက်ပိုအကျယ်ကြီး ထွက်သွားခဲ့ရပါတော့သည်။ မထွက်လို့လည်း မဖြစ်ပါ။ တက်အနင်းခံလိုက်ရတဲ့ 'ကိုနေမင်း' ရဲ့ ဖိနပ်က ဘာမှဖြစ်မသွားဘဲ 'လိပ်ပြာ' ရဲ့ ဖိနပ်ကသာ ခေါင်းကနေပြုတ်ထွက်သွားသောကြောင့်ဖြစ်သည်။

ဗွက်တွေပေရေနေသော ဖိနပ်စုတ်ကြီးကိုကြည့်ပြီး 'လိပ်ပြာ' ရှက်သွားရပါသည်။ 'ကိုနေမင်း' မျက်နှာကိုလည်း မကြည့်ရဲပါ။

"ဟို တောင်းပန်ပါတယ်နော်..."

"ဩော် ဘယ်သူများလဲလို့ 'လိပ်ပြာ' ကိုး... ဘာတွေဒီလောက် အလောတကြီး ဖြစ်နေရတာလဲ... ကြည့်စမ်း ဖိနပ်ကပြုတ်သွားပြန်ပြီ"

"ဆိုင်ကိုပြန်ဖို့ စိတ်စောနေတာနဲ့ ခလုတ်တိုက်ပြီး အစ်ကို့ဖိနပ်ကို တက်နင်းမိသွားရတာ... နင်းမိတာက အစ်ကို့ဖိနပ်... ပြုတ်သွားတာက 'လိပ်ပြာ' ရဲ့ ဖိနပ်..."

'ကိုနေမင်း' က 'လိပ်ပြာ' ရဲ့ ဖိနပ်ကို ဘာရယ်မဟုတ်

စိုက်ကြည့်လိုက်ပေမယ့် အပျိုလေးဖြစ်တဲ့ 'လိပ်ပြာ' မှာတော့ သေအောင် ရှက်သွားရပါသည်။

"'လိပ်ပြာ' သွားတော့မယ်နော်"

"ခဏနေဦးလေ... ဖိနပ်အပြတ်ကြီးနဲ့ ဘယ်လိုသွားမလဲ"

"ရတယ်... ချွတ်သွားလိုက်တော့မယ်..."

"ဟာ ဘယ်ဖြစ်မလဲ... ကဲ ရော့ ရော့... ကိုယ့်ဖိနပ်ပဲ စီးသွားလိုက်တော့"

"ဟင်..."

"ဟုတ်တယ်... အားနာမနေနဲ့... ကိုယ့်ဖိနပ်ကိုပဲ စီးသွားလိုက်ပါ... ရော့ ရော့"

"ဟင့်အင်း..."

"အားမနာပါနဲ့ 'လိပ်ပြာ' ရယ်"

"အစ်ကို့ကို နောက်မတွေ့တော့ရင် ဘယ်လိုပြန်ပေးရမလဲ"

"ကိုယ်က ကုန်သည်လမ်းထဲမှာနေတယ်... ကျိုက်ထိုမှာကြာဦးမှာပါ... နောက် ကြုံမှာပဲဥစ္စာ"

'လိပ်ပြာ' ကြောင်ကြည့်နေဆဲ 'ကိုနေမင်း' က ခေါင်းကို





ဆတ်ကနဲညိတ်ကာ အပြုံးနဲ့ထွက်သွားလေသည်။

'ကိုနေမင်း' ရဲ့ဖိနပ်လေးကိုစီးဖို့ စိတ်ကူးလိုက်ပေမယ့် တကယ်တမ်းတော့လည်း မစီးရက်ပြန်ပါ။ လူတွေရှေ့မှာပင် တယုတယနဲ့ ဆတ်ကနဲကောက်ယူလိုက်ကာ 'လိပ်ပြာ' ထွက်လာခဲ့လိုက်ပါတော့သည်။

## ၆

ထိုင်နေရာကနေ ဖျတ်ကနဲထ,ထပြီး အိမ်ရှေ့လမ်းမဘက်ကို အပြေးအလွှား ထကြည့်နေတတ်သော 'စိုးမိုး' ကိုကြည့်ပြီး 'နေမင်း' မျက်စိနောက်လာရပါသည်။

ဒီကောင်ဘာကိုများ စိတ်ဝင်တစားနဲ့ ဖြစ်နေရတာလဲ။ ကြည့်နေရင်းတန်းလန်း ဖြုတ်ကနဲ ထသွားပြန်တာကြောင့် အောင့်မထားနိုင်တော့သလို မေးလိုက်မိပါသည်။

" 'စိုးမိုး'... မင်း ဘာကိုစိတ်ဝင်စားနေတာလဲ... ထလိုက်ထိုင်လိုက်နဲ့ မျက်စိကိုနောက်နေတာပဲ"





"ကောင်မလေးတစ်ယောက်ကို ကြည့်နေတာ... ကျွန်တော် မသင်္ကာတော့ဘူး"

"ဘာလဲ မင်းလိုက်နေတဲ့ ကောင်မလေးလား"

"ဘယ်ကလာ... ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး 'ကိုနေမင်း' နဲ့ဆိုင်တဲ့သူ"

"ငါနဲ့ဆိုင်တဲ့သူ..."

"ဟုတ်တယ်..."

"ဟ ကြည့်လည်းလုပ်ပါကွာ ငါက ဧည့်သည်ပါဒီကြားထဲ ဘယ်ကိုမှလည်း သိပ်ထွက်ဖြစ်တာ မဟုတ်ဘူး... ဘယ်သူနဲ့မှလည်း ဖာတ်လမ်းဖြစ်စရာ အကြောင်းမရှိသေးဘူး"

" 'ကိုနေမင်း' ဘက်က မရှိပေမယ့် သူ့ဘက်က ရှိချင်ရင်ရှိလိမ့်မှာပေါ့"

"မင်း ဘယ်သူ့ကိုပြောနေတာလဲ"

'နေမင်း' သည် 'စိုးမိုး' ပြောတဲ့ အကြောင်းအရာကို သိချင်လာရတာကြောင့် 'စိုးမိုး' ကြည့်နေတဲ့ လမ်းမဆီကို ကြည့်လိုက်မိပါသည်။ လမ်းမမှာ လူသူကင်းရှင်းနေပါသည်။

"ဘယ်သူမှလည်း မရှိဘဲနဲ့ မင်းက ဘာထကြောင်နေတာလဲ"

"အခု မရှိပေမယ့် တအောင့်လောက်နေရင် တစ်ခါပြန်ရောက်လာလိမ့်မယ် 'ကိုနေမင်း' စောင့်ကြည့်နေပါ... ကျွန်တော်ပြောတာဟုတ်မဟုတ်ဆိုတာ"

"အေး မင်း ပြောတာမဟုတ်လို့ကတော့ သေပြီသာအောင်းမေ့ထား"

ဘယ်သူများ ဖြစ်နေလိမ့်မလဲရယ်လို့ အတွေးတွေဖြင့် 'နေမင်း' စောင့်ကြည့်နေမိသည်။ 'နေမင်း' ရင်ထဲမှာ စိုးရိမ်နေမိတာက 'လင်္ကာ' များ လိုက်လာပြီလားဆိုပြီး စိုးထင့်နေရတာဖြစ်သည်။ 'လင်္ကာ' တော့ မဟုတ်ပါစေနဲ့။

"ဟော လာပြီ လာပြီ... 'ကိုနေမင်း' မှတ်မိတယ် မဟုတ်လား"

'နေမင်း' မျက်လုံးထဲ အပြာရောင်လွင်လွင်ဝမ်းဆက်ကလေးကိုဝတ်ဆင်ပြီး လျှောက်လာသော 'လိပ်ပြာ' ကို တွေ့လိုက်ရတာကြောင့် အံ့သြသွားရပါသည်။

'လိပ်ပြာ' ရဲ့ ခေါင်းကလေးက 'နေမင်း' တို့ တိုက်ဘက်ဆီကိုသာ လည်ပြန်ကာရောက်နေပြီး တစ်ယောက်ယောက်အား ရှာဖွေနေတဲ့ ပုံစံမျိုးလေးဖြစ်နေပါသည်။

နေကပူတာကြောင့် မျက်နှာပြင်လေးက နီမြန်းပြီးချွေး





တွေစို့နေရလေသည်။

" 'လိပ်ပြာ' ပါလား..."

" 'လိပ်ပြာ' လား 'စာကလေး' လားတော့မသိဘူး အိမ်ရှေ့ကနေဖြတ်သွားတာတော့ ခုနစ်ခါလောက် မကတော့ဘူး... ကြည့်ရတာ 'ကိုနေမင်း' ကို လာရှာတာလား မသိဘူး"

"ငါ့ကို ရှာရအောင် ဘာကိစ္စမှမှ မရှိဘဲ"

"ရှိလို့နေမှာပေါ့"

'နေမင်း' စဉ်းစားနေမိသည်။ 'လိပ်ပြာ' နဲ့ သူနဲ့ကြားမှာ ဘာအကြောင်းကိစ္စများ ရှိနေပါသေးသလဲ။ ဟိုတစ်နေ့က ဈေးထဲမှာတွေ့တာနောက်ဆုံးပါပဲ။

"ဟော ပြန်ရောက်လာပြန်ပြီ... ထွက်တွေ့လိုက်တာကောင်းမယ်နဲ့တူတယ်... တော်ကြာ မိုးချုပ်တဲ့အထိ ဖြတ်လျှောက်နေလို့ ခြေထောက်တွေတောင့်ပြီး ကျောက်ရုပ်ကြီးဖြစ်သွားပါဦးမယ်"

"မင်းကလည်းကွာ..."

'နေမင်း' စိတ်ထဲမှာလည်း ကိုယ့်ဆီကို လာတယ်လို့သာထင်နေမိတာကြောင့် ခြံထဲဆင်းကာ 'လိပ်ပြာ' ပြန်ရောက်အလာကိုသာ စောင့်နေလိုက်မိသည်။

ထင်ထားတာ မှန်သွားပါသည်။ 'လိပ်ပြာ' က သူ့ကို တွေ့တာနဲ့ ဝမ်းသာအားရ အပြေးကလေး ခြံဝကို လျှောက်လာလေသည်။ 'နေမင်း' က ခြံတံခါးကို အသင့်ဖွင့်ထားပေးရင်း...

"'လိပ်ပြာ' ကိုတွေ့တာကြာနေပြီ... ဘယ်ကိုလာမှန်း မသိလို့ ကိုယ်ကကြည့်နေတာ"

"ဟူး မောလိုက်တာ အစ်ကို့ဆီကိုပဲလာခဲ့တာ အစ်ကို စီးလာတဲ့ ကားကိုပဲတွေ့ပြီး လူကိုမတွေ့တော့ မမေးရဲဘူးဖြစ်နေတာ... ခြံနံပါတ်လည်း မသိတော့ လမ်းအစအဆုံးရှာရတာ လူကိုမောသွားတာပဲ"

"လမ်းအစအဆုံး ရှာရတယ်"

"အင်းလေ... ဒီလိုမှမရှာရင် ဘယ်လိုလုပ်ပြီးတွေ့မှာလဲ"

"ကိုယ့်ကိုတွေ့ချင်တဲ့ အကြောင်းကကော"

"ဒါ ပေးချင်လို့လေ"

'နေမင်း' လက်ထဲသို့ အထုပ်တစ်ထုပ် လှမ်းထိုးပေးနေတာကြောင့် ယူထားလိုက်ရသည်။ ဖွင့်ကြည့်လိုက်တော့ ဖိနပ်တစ်ရံဖြစ်နေပါသည်။

"ဟာ နေပါစေ... ပြန်ပေးစရာမလိုပါဘူး... ကြုံလို့ကူညီ





လိုက်တာပဲ ဥစ္စာ... အသစ်ပြန်ဝယ်ပေးစရာလဲ မလိုပါဘူး အားနာဖို့ကောင်းလိုက်တာ"

"မဟုတ်တာ... ဝယ်ပြီးနေမှတော့ ယူလိုက်ပါ အစ်ကိုရယ်"

"ကဲ ကဲ ရောက်တုန်း အိမ်ထဲကိုတော့ ခဏဝင်လိုက်ပါဦး"

'လိပ်ပြာ' က အသာတကြည်ပင် 'နေမင်း' ရဲ့နောက်မှ လိုက်လာခဲ့ပါသည်။ 'စိုးမိုး' က 'လိပ်ပြာ' ကို အကဲခတ်ကာ ကြည့်နေသည်။

"ဒီအိမ်မှာ အစ်ကိုတို့နှစ်ယောက်တည်း နေတာလား ဟင်"

"မဟုတ်ဘူး ဘကြီး ရှိသေးတယ်... ဘကြီး ကအလုပ်ကိစ္စတွေနဲ့ ခြံထဲကိုသွားသွားနေတာ မိုးချုပ်ခါနီးမှပြန်ရောက်တယ်... 'စိုးမိုး' လက်ဘက်ရည်လေးဘာလေး လုပ်ပါဦးကွ"

"အိမ်မှာ ဘာမှမရှိတော့ဘူး 'ကိုနေမင်း' ရ... တိုက်ချင်ရင် ကော်ဖီမစ်ပလိန်းပဲရမယ်... ဒါတောင်မှ ရေနွေးက ခုမှတည်ပေးရမှာ"

'နေမင်း' အားနာသွားရပါသည်။ 'လိပ်ပြာ' က ပြုံးရင်း...

"နေပါစေ… 'လိပ်ပြာ' ရေတစ်ခွက်လောက် သောက်လိုက်ရရင်ပဲ ကျေနပ်ပါတယ်… ကျန်တာ ဘာမှမသောက်ချင်ဘူး… အိမ်မှာ ခိုင်းဖို့လူကောမရှိဘူးလား… မီးဖိုချောင်ကိစ္စ ဘာတွေလုပ်ရအောင်လေ"

"မရှိဘူး… ဘယ်ကရှာရမှန်းလည်း မသိဘူး… ဒီတော့ ဖြစ်သလိုနဲ့ပဲ နှစ်ပါးသွားနေရတာပဲ… 'စိုးမိုး' ရဲ့လက်ရာက တော့ မဆိုးပါဘူး… တစ်နေ့တစ်နေ့ တူးလိုက်ပျော့လိုက် ငံလိုက်နဲ့ပဲ ပြီးနေတာ ဒီကောင့်အကြောင်းကိုသိလို့ ဘကြီးဆိုခြံထဲမှာပဲ အပြီးစားစား လာခဲ့တာ… ကိုယ်ပဲ ဒီကောင်နဲ့ပေါင်းပြီး ဒုက္ခရောက်နေတာ"

"'လိပ်ပြာ' လာကူပြီးချက်ပေးရမလား ဟင်"

"ဟာ မဟုတ်တာ…"

"အားမနာပါနဲ့ 'ကိုနေမင်း' ရဲ့… 'လိပ်ပြာ' အားတဲ့အချိန်ဆို လာကူပြီးလုပ်ပေးပါ့မယ်…"

"နေပါစေဗျာ"

မဖြစ်နိုင်တဲ့ကိစ္စမို့ 'နေမင်း' ငြင်းပစ်လိုက်ရသည်။ 'လိပ်ပြာ' ရဲ့ ပုံစံက အခိုင်းအစေလိုပုံစံမျိုး နည်းနည်းကလေးမှ မပေါက်ချေ။ ပိုက်ဆံသိပ်မရှိပေမယ့် ရုပ်ကလေးက သန့်ပြန့်ပြီး





သိမ်မွေ့နေလေသည်။

လှပချောမောသော 'လိပ်ပြာ' လို မိန်းကလေးမျိုးကို အိမ်မှာ အကူခိုင်းဖို့အတွက် 'နေမင်း' မစဉ်းစားရဲပါ။ သူ့မိဘတွေသိသွားရင်လည်း မကောင်း။

"ကိုယ် တကယ်ငြင်းတယ်နော် 'လိပ်ပြာ'… ဘယ်လိုမှ ဖြစ်မှာကိုမဟုတ်ဘူး… 'လိပ်ပြာ' ရဲ့ မိဘတွေသိသွားရင်လဲ မကောင်းဘူး"

"'လိပ်ပြာ' မှာ မိဘတွေမှမရှိတော့တာ… အဒေါ်အိမ်မှာ ကပ်နေရတာ… အဒေါ်ပေမယ့် 'လိပ်ပြာ' ကို နည်းနည်းကလေးမှ ချစ်တာကိုမဟုတ်ဘူး… မတတ်သာလို့ သူ့အိမ်မှာ ခေါ်ထားရတာ"

"'လိပ်ပြာ' က အခုဘာအလုပ်လုပ်နေလဲ"

"အဒေါ်ဖွင့်ပေးထားတဲ့ ဈေးဆိုင်မှာဈေးရောင်းပေးနေတယ်လေ… အစ်ကို ဆိုင်ကယ်နဲ့ဝင်တိုက်မိတဲ့ ဆိုင်ပေါ့"

"ဟ နင်က ဈေးလည်းရောင်းသေးတယ်… ဒီအိမ်မှာ လည်း လာကူလုပ်ပေးဦးမယ်ဆိုတော့ ဘယ်လိုဖြစ်မှာလဲ… နင့်အဒေါ်က ပြောမှာပေါ့"

"ပြောလို့မရအောင် လစ်တဲ့အချိန်မှာ လာကူလုပ်ပေး

မယ်လေ ပင်ပန်းတာမှမဟုတ်တာ... ချက်ပြုတ်တာလောက်များ ခဏကလေးနဲ့ပြီးတယ်"

"မဖြစ်နိုင်ဘူး ထင်ပါတယ် 'လိပ်ပြာ' ရယ်..."

"အစ်ကိုက 'လိပ်ပြာ' လာတာကို မကြိုက်လို့လား"

'နေမင်း' အဖြေရခက်သွားပါသည်။ ကိုယ့်အိမ်မှာ စေတနာနဲ့ လာကူလုပ်ပေးမယ့် ကိစ္စကို ဘယ်သူက မကြိုက်ဘဲရှိပါ့မလဲ။ ဒါပေမဲ့ မဖြစ်နိုင်ဘူးလို့ ထင်သည်။ နောက်ပိုင်း ပြဿနာတွေ တက်လာရင် ဖြေရှင်းရခက်မည်။

"ကဲပါ... 'လိပ်ပြာ' က စေတနာနဲ့ လာလုပ်ပေးမှာပါ... အမြဲတမ်းလည်း လုပ်ပေးနိုင်မှာမဟုတ်ပါဘူး... အားတဲ့အချိန်လေးပဲ လုပ်ပေးမှာ"

'စိုးမိုး' က 'နေမင်း' အား မျက်စပစ်ပြကာ အခြေအနေကိုမေးနေပါသည်။

"ကိုယ်ကတော့ လာလုပ်ပါလို့ မပြောဘူးနော်... 'လိပ်ပြာ' ဖါသာ လာလုပ်ပေးရင်လည်း မတားပါဘူး... ကိုယ့်ကိုခင်လို့ စေတနာထားပြီး အကူအညီပေးမှာကို သိနေလို့ မကန့်ကွက်ချင်တော့ဘူး"

"ဒါဆို 'လိပ်ပြာ' ပြန်တော့မယ်နော်..."






မျှော်လင့်ချက် ပြည့်ဝသွားသလို ပုံစံမျိုးဖြင့် ခပ်ပြုံးပြုံးလေး ပြန်သွားသော 'လိပ်ပြာ' ကိုကြည့်ပြီး 'နေမင်း' ရင်ထဲခဲ့ညြဆန်းပြားလို့နေနေရပါတော့သည်။

"'မမခင်' ရယ်... ခဏကလေးပဲ ကြည့်ထားပေးပါ နော် ဒေါ်လေး လာရင်လည်း 'မမခင်' တစ်နေရာကို ခိုင်းထား တယ်လို့ပဲ အကြောင်းပြလိုက်... 'လိပ်ပြာ' ဘာမှ သိပ်မကြာ ပါဘူး... ခဏကလေးသွားပြီးတာနဲ့ ပြန်ရောက်လာမှာ"

'ကိုနေမင်း' အိမ်ကိုသွားဖို့အတွက် 'လိပ်ပြာ' ခွင့် တောင်းနေမိခြင်းဖြစ်သည်။ 'မမခင်' မှ မကူညီရင် ဆိုင်ကိုပစ် ပြီး 'လိပ် ပြာ' ထွက်ခွာသွားလို့ ရနိုင်မယ်ကိုမထင်။ဒေါ်လေး သိသွားမှာကိုလည်း ကြောက်ရပါသေးသည်။







"ခက်လိုက်တာ 'လိပ်ပြာ' ရယ်... ကိုယ်နဲ့ဘာမှဆိုင် လည်းမဟုတ်ဘဲနဲ့ ကူညီချင်နေရတာလဲ... သူစိမ်းယော ားနှစ်ယောက်တည်း ရှိတဲ့အိမ်ကို ညည်းတစ်ယောက်တည်း ားရဲ့သလားပြောစမ်း မကြောက်ဘူးလား"

"ကြောက်ရအောင် အစ်ကိုတို့က လူဆိုးတွေ လူယုတ် တွေမှမဟုတ်ကြပဲ... သူတို့မှာ အခက်အခဲတွေ့နေလို့ 'လိပ် ' ကကူညီချင်တာပါ... "

"ကူညီချင်ရအောင် ကိုယ်နဲ့ဘာပတ်သက်မှုမှ ရှိတာ ဟုတ်ဘူးလေ... စိတ်ကိုထိန်းစမ်းပါ ညီမရယ်... ကိုယ်ကမိန်း လေးဆိုတာကိုလည်း သတိရပါဦး... တစ်ဖက်က နေရင်း ဆိုင်ရင်း အထင်အမြင်သေးသွားရင် မကောင်းဘူးနော်"

'လိပ်ပြာ' နှုတ်ခမ်းကိုစူကာ စိတ်ပျက်သလို အဝေးကို ငေးနေလိုက်ပါသည်။ 'ကိုနေမင်း' က 'လိပ်ပြာ' ကို အထင်သေး တဲ့မျက်လုံးနဲ့ တစ်ခါမှမကြည့်ဖူးတာ သေချာပါသည်။

'ကိုနေမင်း' ရဲ့ အကြည့်တွေက ဘယ်နှစ်ခါပဲတွေ့တွေ့ ငြင်းနှီးလိုက်လှဲပြီး တစ်ဖက်သားကို ကြည်နူးစေပါသည်။ 'ကို နေမင်း' ရဲ့ အကြည့်ကိုခံရတိုင်း၊ စကားတွေပြောရတိုင်း 'လိပ် ပြာ' ရဲ့ ရင်ထဲမှာ ပူနွေးပြီးလှိုက်မောနေတတ်တာ အကြိမ်ကြိမ်

ရယ်ပါ။

ဒီလို ခံစားမှုမျိုးကို ဒီတစ်ကြိမ်ပဲ 'လိပ်ပြာ' ခံစားဖူးပါသည်။ 'ကိုနေမင်း' နဲ့တွေ့ရရင် ပျော်ရွှင်ကြည်နူးရလွန်းတာကြောင့် တွေ့ဆုံနိုင်မယ့်နည်းလမ်းကို 'လိပ်ပြာ' ဖါသာ မရမကရှာကြံ မိတာဖြစ်၏။

'လိပ်ပြာ' ရင်ထဲကခံစားချက်ကို 'မမခင်' က ကိုယ်ချင်းစာမပေးဘဲ ကန့်ကွက်နေတဲ့အတွက် ငိုချင်လာရသည်။ 'လိပ်ပြာ' ရဲ့ဘဝကို နားလည်ပေးတဲ့သူဆိုလို့ 'မမခင်' တစ်ယောက်တည်းပဲ ရှိခဲ့တာမဟုတ်လား။

'လိပ်ပြာ' ဘက်ကတော့ ကိုယ့်အစ်မအရင်းလို သဘောထားပြီး အစစအရာရာ အားကိုးတကြီး တိုင်ပင်လိုက်ရတာ။ 'မမခင်' ကမှ နားလည်မပေးရင် 'လိပ်ပြာ' မျှော်လင့်ထားတာတွေက အကောင်အထည်ဖော်နိုင်မယ် မထင်တော့ပါ။

" 'မမခင်' မကြိုက်ရင် 'လိပ်ပြာ' မသွားတော့ပါဘူး"

ဟု ခပ်ဆွေးဆွေးကလေး ပြောလိုက်တော့ 'မမခင်' လေသံက တစ်မျိုးပြန်ဖြစ်သွားသည်။

"ညီမကို စိုးရိမ်လို့ 'မမခင်' ကတားနေရတာ... 'လိပ်ပြာ' ကို စိတ်ချမ်းသာစေချင်ပါတယ်... ငါ့ညီမဘက်က တစ်ခါ





ဒီလိုမျိုးမဖြစ်ဖူးတာ သိနေတော့လည်း မတားရက်တော့ပါဘူး... သွားချင်ရင်လည်း သွားလိုက်တော့... စက်ဘီးယူသွားလိုက်... တစ်နာရီထက် ပိုမကြာစေနဲ့နော်"

"တကယ်ပြောတာနော်..."

"အင်း အင်း"

'လိပ်ပြာ' သည် စက်ဘီးကို ဝမ်းသာအားရဖြင့် အရှိန်ပြင်းပြင်း နင်းလာလိုက်တာ ဈေးနဲ့ 'ကိုနေမင်း' တို့အိမ်နဲ့ကိုဘယ်လောက်မှကို မကြာလိုက်ပါ။ ခြံတံခါးကို ခပ်ရဲရဲပင်တွန်းဖွင့်ဝင်လိုက်ရင်း တံခါးသော့ခလောက်ကို လှုပ်ခါရမ်းကာ ခေါ်လိုက်မိပါသည်။

ထွက်လာသူက 'စိုးမိုး' ပါ။ 'စိုးမိုး' နဲ့ 'လိပ်ပြာ' နဲ့ကရွယ်တူလောက်ပဲ ရှိနိုင်ပါသည်။

"ဟ နောက်သွားတယ်ထင်တာ တကယ်လာတာပါလား... ဆိုင်ကို ဒီအတိုင်းပစ်ထားခဲ့တာလား..."

"ဘယ်ကလာ... စောင့်ပေးမယ့်သူ ရှိတယ်လေ... 'ကိုနေမင်း' ကော ဟင်"

"မရှိဘူး... ဘကြီး ကို လိုက်ပို့တယ်... ပြန်လာမှာပါ... ဈေးတောင်ဝယ်ခဲ့ဖို့ မှာလိုက်သေးတယ်"

"ဟင် ဒုက္ခပဲ"

"ဘာ ဒုက္ခပဲလဲ... ငါ တစ်ယောက်လုံးရှိပါသေးတယ် 'လိပ်ပြာ' ရယ်... 'ကိုနေမင်း' ရှိမှ နင် ကူညီမယ့်ကိစ္စက အဆင်ပြေမှာလား"

'လိပ်ပြာ' သည် ကိုယ့်ရင်ထဲက အခြေအနေတွေကို နေရင်းထိုင်ရင်း 'စိုးမိုး' ရိပ်မိသွားမှာစိုးတာကြောင့် အမြန်အဆန် ငြင်းပစ်လိုက်ရသည်။

"'လိပ်ပြာ' ပြောတာက ဈေးမဝယ်ရသေးတော့ အဆင်သင့် မချက်ပြုတ်ရလို့ ဒုက္ခပဲလို့ပြောတာ... 'ကိုနေမင်း' နဲ့ဘာမှမဆိုင်ဘူး"

"ဟုတ်လို့လား..."

"အိုး ဘာလို့မဟုတ်ရမှာလဲ... "

"မသိဘူးလေ.... 'ကိုနေမင်း' မလာခင်တုန်းက နင် ဒီအိမ်မှာ ဒီလိုမျိုး လာကူညီချက်ပြုတ်ပေးဖို့ စဥ်းစားဖူးလို့လား"

'လိပ်ပြာ' ရင်ထဲ ရှက်သွားရကာ 'စိုးမိုး' ရဲ့ လက်မောင်းရင်းကို ခပ်နာနာပိတ်ထုပစ်လိုက်ပါသည်။

"ချက်ပြုတ်ပေးရအောင် မြင်တောင်မြင်ဖူးလို့လား... တစ်ခါမှဖြင့် မတွေ့ဖူးဘဲနဲ့ 'လိပ်ပြာ' က ဘယ်လိုလုပ်ပြီးလာ





ကူညီပေးလို့ရမှာလဲ..."

"ငါကတော့ နင့်ကို ခဏခဏတွေ့ဖူးပါတယ်... နေရှင်နယ် ဆိုင်ဘေးနားမှာ နင့်ကို ညနေတိုင်းလိုလို ထိုင်နေတာတွေ့တယ်"

"ဟုတ်တယ်... ခင်တဲ့အစ်မကြီးတွေရှိလို့ ထိုင်နေတာ"

"တစ်ခါတလေ နေရှင်နယ်မှာ ငါ အခွေလာငှားရင် နင့်ကို ရယ်ပြပါသေးတယ်... နင့်ပုံစံက ခပ်တည်တည်နဲ့ အဖက်လုပ်ချင်တဲ့ ပုံစံတောင်မပေါက်ဘူး"

"ဒါကတော့ မသိတဲ့လူတစ်ယောက်က ရယ်ပြနေတာကို ဘယ်မိန်းကလေးက ပြန်ရယ်ပြမှာလဲ..."

"'ကိုနေမင်း' ကိုကျတော့ နင်ကစပြီး ရယ်ပြတာမဟုတ်လား"

"လူကိုစစ်နေလိုက်တာ မုန်းဖို့ကောင်းကောင်းတယ်... ဒီမှာ 'ကိုနေမင်း' နဲ့ နင်နဲ့ကတခြားစီ... 'ကိုနေမင်း' က စေတနာကောင်းတယ်... အလျော်လေးထောင်တောင်းတာကို ငါးထောင်ပေးသွားတည်းက စေတနာကောင်းတဲ့ 'ကိုနေမင်း' ကို ငါကခင်သွားတာ... အဲ့ဒီလိုခင်လို့လည်း ဒီလိုကူညီဖို့ဆုံးဖြတ်ပြီး ရောက်လာတာ ရှင်းပြီလား"

"ဟင်း ခင်ချင်တာကျတော့လည်း ချက်ချင်းကြီး"

"အေး ချက်ချင်းကြီးပဲ"

'လိပ်ပြာ' သည် စကားပြောလက်စပေါက်ကပ်လှသော 'စိုးမိုး' ကို တမင်အလျှော့မပေးဘဲ စိတ်ထဲရှိတဲ့အတိုင်း ပြောနေမိခြင်းဖြစ်သည်။

'ကိုနေမင်း' နဲ့ လိုက်ယှဉ်နေရအောင် သူနဲ့တူလို့လား။ 'စိုးမိုး' အား ခဏခဏ မျက်မှန်းတန်းပြီး မြင်နေမိပေမယ့်လည်း 'လိပ်ပြာ' ကို မျက်နှာပြောင်ပြောင်နဲ့ အရောဝင်ချင်သလို အမူအယာမျိုးစုံလုပ်ပြနေတာကြောင့် အမြင်ကတ်ပြီး အဖက်ကိုမလုပ်ခဲ့ပါ။

ခုတော့ 'ကိုနေမင်း' မျက်နှာနဲ့ အမြင်ကတ်ပေမယ့်သည်းခံပြီး စကားတွေ ပြန်ပြောနေရပါသည်။ သိပ်မကြာခင် အချိန်မှာပဲ 'ကိုနေမင်း' ပြန်ရောက်လာခဲ့ပါသည်။ 'လိပ်ပြာ' ရဲ့ မျက်နှာလေးက ကားသံကြားတာနဲ့ ချက်ချင်းဆိုသလို ဝင်းပကာသွားရသည်။

"အံမယ်လေး... စပလိန်မျက်နှာကျနေတာပဲ... ခုနကဖြင့် ရုပ်ကတစ်မျိုး... ခုကျတော့ တစ်မျိုး"

"ဘာဖြစ်လဲ"





'လိပ်ပြာ' သည် ထိုင်နေရာမှ ခပ်သွက်သွက်ထကာ 'ကိုနေမင်း' လက်ထဲမှာပါလာသော အထုပ်တွေကို ဆီးကြိုယူလိုက်ပါသည်။ 'ကိုနေမင်း' က အံ့သြသောပုံစံဖြင့်...

" ဟာ 'လိပ်ပြာ' ရောက်နေတာလား... ကိုယ်တောင် ဈေးဝယ်ရင်းနဲ့ 'လိပ်ပြာ' ရဲ့ ဆိုင်ဘက်ကို ကြည့်မိသေးတယ်... မတွေ့တာနဲ့ နှုတ်မဆက်တော့တာ"

" 'လိပ်ပြာ' က ဒီရောက်နေတာလေ... အစ်ကိုနဲ့ လွဲသွားတာပေါ့... နောက်ဆို 'လိပ်ပြာ' ကို တစ်ခါတည်း ဈေးမှာလိုက်လေ... ဈေးဝယ်လာပြီး လာခဲ့လိုက်မယ်"

'လိပ်ပြာ' သည် ကိုယ့်အိမ်ကိုယ်ယာနှယ် နောက်ဖေးမီးဖိုချောင်လို့ ထင်တဲ့နေရာကို တန်းဝင်သွားကာ 'ကိုနေမင်း' ဝယ်လာတဲ့ သားငါးနဲ့ အသီးအရွက်တွေကို နေရာတကျစီစဉ်ထားထားလိုက်သည်။

"တွေ့တာဝယ်လာတာပဲ... ခါတိုင်း 'စိုးမိုး' ဝယ်နေကျလေ... ဒီနေ့တော့ ကြုံတာနဲ့ ကိုယ်ပဲဝယ်လာလိုက်တာ... 'လိပ်ပြာ' အဆင်ပြေသလိုသာ ချက်ပေးသွားလိုက်"

လက်မှာပတ်ထားသော နာရီကိုတစ်ချက်ကြည့်လိုက်ပြီး ချက်ပြုတ်ဖို့အတွက် 'လိပ်ပြာ' ပြင်ဆင်လိုက်မိသည်။ 'မမခင်'

ပေးလိုက်တဲ့ တစ်နာရီဆိုတဲ့အချိန်ထက် ပိုနောက်မကျချင်ပါ။

"'စိုးမိုး' မင်းက ကူပေးလိုက်လေကွာ... 'လိပ်ပြာ' တစ်ယောက်တည်း သနားပါတယ်"

ဟု 'ကိုနေမင်း' က 'စိုးမိုး' ကို ပြောနေပါသည်။

"သူက ဆရာကြီး... ကူလုပ်ပေးလည်း ကြိုက်မှာကိုမဟုတ်ဘူး ဒီအတိုင်းသာ ပစ်ထားလိုက် 'ကိုနေမင်း' ရာ... အချိန်တန်ရင် ပြီးသွားမှာပဲ... သူက စေတနာဗလပွနဲ့ သိပ်လုပ်ပေးချင်နေတာ မောပန်းတယ်တောင် ထင်မှာမဟုတ်ဘူး"

"ဟုတ်ကောင်"

'ကိုနေမင်း' ရဲ့ ဟန့်တားတဲ့လေသံကို 'လိပ်ပြာ' ကြားလိုက်ရပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် 'စိုးမိုး' ပြောတဲ့စကားတွေက မှန်နေတာကြောင့် 'လိပ်ပြာ' ဘက်က ဒေါသထွက်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။

အမောပန်းခံပြီးတော့ကို သိပ်လုပ်ပေးချင်နေတာဟာ 'ကိုနေမင်း' အနားမှာနေချင်လို့၊ 'ကိုနေမင်း' နဲ့ ပတ်သက်ချင်လို့ဆိုတာ သေချာနေတာပဲမဟုတ်လား။

ချက်ပြုတ်ရှင်းလင်းပြီးတာနဲ့ 'လိပ်ပြာ' က ပြန်ဖို့ နှုတ်ဆက်လိုက်ပါသည်။





"'လိပ်ပြာ' ပြန်တော့မယ်နော်... နက်ဖြန်တော့ ဈေးဝယ်စရာမလိုတော့ပါဘူး... ပိုတဲ့အသားတွေကို ရေခဲသေတ္တာထဲမှာ ထည့်ပေးထားတယ်... နောက်နေ့မှ 'လိပ်ပြာ' လာချက်ပေးတော့မယ်..."

'ကိုနေမင်း' က အားနာသလို ခေါင်းတခါခါဖြင့်...

"ထမင်းစားပြီးမှ ပြန်လေ 'လိပ်ပြာ' ရယ်... ချက်ပြုတ်ပြီး ဘာမှမစားသွားတော့ ဘယ်ကောင်းပါ့မလဲ... စောနေသေးရင်လည်း ချိုင့်နဲ့ထည့်ယူသွားလိုက်"

"မဟုတ်တာ အစ်ကိုကလည်း... 'လိပ်ပြာ' ကို အားနာစရာမလိုပါဘူး... အစ်ကိုတို့ အဆင်ပြေရင်ပြီးတာပါပဲ"

"ဟာ..."

'လိပ်ပြာ' အပြေးကလေးပင် စက်ဘီးပေါ်တက်ပြီး ထွက်လာခဲ့လိုက်သည်။ 'လိပ်ပြာ' ရင်ထဲ တဒိန်းဒိန်းနဲ့နေအောင် အခုန်မြန်နေပါသည်။

'လိပ်ပြာ' ကို 'ကိုနေမင်း' အထင်မသေးပါနဲ့နော်။ သူ့ကိုမှ စေတနာတွေ ဘာကြောင့်ပိုနေပါသလဲလို့ဆိုပြီးလည်း 'ကိုနေမင်း' မတွေးလိုက်ပါနဲ့။

'လိပ်ပြာ' ရဲ့ ကြည်နူးနေတဲ့စိတ်ကလေး တာရှည်ခံနေပါ

ရစေ။ 'ကိုနေမင်း' စိတ်ထဲမှာ 'လိပ်ပြာ' ကို ခင်မင်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်အဖြစ်နဲ့ပဲ သတ်မှတ်ရင်ကို 'လိပ်ပြာ' က ကျေနပ်နေပြီးသားပါ။

"ကြာလိုက်တာ 'လိပ်ပြာ' ရယ်... စောစောကတင် ညည်း အဒေါ်လာသွားသေးတယ်... ငါ ခိုင်းလိုက်တယ်ဆိုလို့ ဘာမှမပြောဘဲ ပြန်သွားတာ... ကြည့်ပုံတော့မရဘူး... နေ့တိုင်း သွားနေရင်တော့ ပြဿနာတက်ဖို့များတယ်နော်"

"ဒေါ်လေးက အမြဲတမ်း 'လိပ်ပြာ' အပေါ် မကြည်မလင် ဖြစ်နေတဲ့သူပဲ... ထားလိုက်ပါ... 'ကိုနေမင်း' အကြောင်း 'မမခင်' ကိုပြောပြမလို့ သိလား"

'လိပ်ပြာ' ရဲ့ ပုံစံက 'ကိုနေမင်း' အကြောင်း ပြောရမယ်ဆိုရင် ချက်ချင်းလို တက်ကြွလန်းဆန်းလာသလို ဖြစ်လာသည်။ ကိုယ်ဖြစ်ချင်တာ ဖြစ်လာရတဲ့အတွက် အိမ်ပြန်ရောက်တဲ့အထိကို မျက်နှာလေးက ကြည်ကြည်သာသာ ရှိနေရပါသည်။

ရောင်းရတဲ့ပိုက်ဆံကို ဒေါ်လေး လက်ထဲထည့်ပေးလိုက်မိသည်။

"နည်းလှချည်လား... တစ်နေကုန်ရောင်းနေတာ ဒီ





လောက်ပဲ ရတယ်ဟုတ်လား... ငွေလေးသုံးထောင်လောက်က ို့မိသားစုကို ဘယ်လိုလုပ်ပြီး စားလောက်မှာတုန်း... အရင်း ာလဲရှိသေးတယ်"

"အဲ့ဒီထဲက 'လိပ်ပြာ' ဘုရားပန်းဝယ်လိုက်သေးတယ်"

"ဒုက္ခပဲ... လူတွေတောင်မှ စားရဖို့ကိုအနိုင်နိုင်... ဘုရား န်းကို ဈေးကြီးပေးပြီး ဝယ်ရတယ်လို့... ပြောပြန်ရင်လည်း ရဲကကြီးဦးမယ်... နောက် ကြိုပြောထားမယ်... ညည်း ပိုက်ဆံ ဆိုရင် ကြိုက်သလိုသာလုပ်... ဈေးရောင်းရတဲ့ငွေထဲကတော့ ာမှထိစရာမလိုဘူး ကြားလား"

'လိပ်ပြာ' ရင်မောစွာဖြင့် သက်ပြင်းကို အရှည်ကြီးချဖြစ် သွားရသည်။ ကုသိုလ်ရေးအတွက်တော့ မသဒ္ဒါနိုင်ဘဲ သူ့ ယောက်ျား အရက်ဖိုးကိုကျတော့ ရက်ရက်ရောရောပေးနေတာ ကောင်းတဲ့အလုပ်လို့ မှတ်နေသည်လားမပြောတတ်ပါ။

"မေးစရာရှိသေးတယ်... မနက်က ဘယ်ကိုသွားနေတာ ဲ... သူများခိုင်းတာလုပ်ဖို့ ညည်းကို အပြင်လွှတ်ထားတာ ဟုတ်ဘူး"

"'မမခင်' အကူအညီတောင်းလို့ပါ"

"နောက် ဘယ်သူ့ပဲအကူအညီတောင်းတောင်း လုပ်

ပေးစရာကိုမလိုဘူး... အကူအညီတောင်းပြီး ဆိုင်ကပိုက်ဆံ တွေခိုးတော့ ညည်းသိမှာမို့လို့လား"

"ဒေါ်လေး ရယ်... 'လိပ်ပြာ' တို့အပေါ် ဒီလောက် အစ တနာထားတဲ့ 'မမခင်' လို လူမျိုးကိုတော့ မစော်ကားသင့်ပါ ဘူး... ဒေါ်လေးဆိုင်ဖွင့်နိုင်တာ 'မမခင်' ကျေးဇူးကြောင့်ပဲ မဟုတ်လား"

"ဒါတွေ ငါ မသိဘူး... စီးပွားရေးလုပ်နေတာ ...ခင်တာ မင်တာတွေကို ထည့်တွက်မနေနိုင်ဘူး... ညည်း သိပ်အားနာနေ ရင် ဒီအိမ်ပေါ်ကဆင်းပြီး သူ့အိမ်ပေါ်မှာ သွားနေလိုက်"

ရင်မောစွာနဲ့ အိမ်ခန်းထဲဝင်လာခဲ့လိုက်ပါသည်။ နှင်ချ နေတာတောင်မှ ဆင်းစရာနေရာမရှိတဲ့ဘဝမို့ 'လိပ်ပြာ' သည်း ခံပြီးနေနေရပါသည်။

'မမခင်' ကိုလည်း ဒီ့ထက်ပိုပြီး အပူမပေးချင်တော့ပါ ဘူး။ သူ့မှာလည်း အစ်မအကြီးဆုံးပီပီ တစ်အိမ်လုံးရဲ့တာဝန်ကို ယူထားခဲ့ရတာမဟုတ်လား။

အဲ့ဒီတာဝန်တွေကြားထဲကနေ 'လိပ်ပြာ' ရဲ့ အပူကို လည်း မျှဝေကာ အကူအညီပေးနေတဲ့အတွက် ဖော်မပြတတ် အောင် ကျေးဇူးတင်နေခဲ့ရသည်။





အလုပ်ကောင်းကောင်းလေးတစ်ခု ရမျှားရလို့က တော့ ဒီအိမ်ကနေ 'လိပ်ပြာ' ထွက်သွားမိမှာ ကျိန်းသေနေပါ သည်။ ဆယ်တန်းအောင်တဲ့အဆင့်လောက်နဲ့တော့ ရန်ကုန် လိုမြို့ကြီးမှာ အိမ်ဖော်လို အဆင့်လောက်ပဲ ရနိုင်ပါသည်။

စတိုးဆိုင်တို့ ဘာတို့မှာဆိုရင်လည်း ရတဲ့လခနဲ့ အဆောင်နေရမယ့်စရိတ်၊ စားစရိတ်တို့နဲ့ဆို ဘယ်လိုနည်းနဲ့ မှ ဖြစ်နိုင်မှာကိုမဟုတ်ပါ။

နည်းမျိုးစုံနှင့် အကြံဉာဏ်တွေထုတ်ပြီး မဖြစ်နိုင်တဲ့ အခြေအနေမျိုးကျတော့မှပဲ 'လိပ်ပြာ' စိတ်ကိုလျှော့ကာ ဒေါ် လေးအိမ်မှာ ဆက်နေခဲ့မိတာဖြစ်ပါသည်။

စိတ်ရှုပ်စရာတွေကို ခေါင်းထဲက နှင်ထုတ်လိုက်ရင်း အဝတ်အစားတွေထည့်သော သေတ္တာထဲကနေ အထုပ်လေး တစ်ထုပ်ကို တရိုတသေ ထုတ်လိုက်မိပါသည်။

'ကိုနေမင်း' ရဲ့ ဖိနပ်ကလေးပါ။ ဒီဖိနပ်လေးကို လိုချင် လွန်းလို့ တမင်တကာကို 'ကိုနေမင်း' အား ဖိနပ်အသစ်တစ်ရံ စားထိုးဝယ်ပေးလိုက်တာဖြစ်သည်။

'ကိုနေမင်း' ရဲ့ အငွေ့အသက်တွေ လွှမ်းခြုံနေသေးသော နပ်ကလေးကလည်း 'လိပ်ပြာ' ရဲ့ စိတ်ကို ကြည်နူးစေနိုင်

တာသေချာပါသည်။

'ကိုနေမင်း' အကြောင်း စဉ်းစားလိုက်ရင် 'လိပ်ပြာ' ရဲ့ စိတ်တွေက အလိုလိုကို ငြိမ်းအေးချမ်းမြေ့သွားတာ ဆန်းတော့ဆန်းကြယ်နေပြီတည်း။



နေ့စဉ်ရက်ဆက်ဆိုသလို ပုံမှန်ရောက်ရောက်လာတတ်သော 'လိပ်ပြာ' ကို ကြည့်ပြီး 'နေမင်း' ရင့်ထဲမှာ ခံစားမှုတစ်မျိုးက လှိုင်းထန်လို့နေရသည်။

ရောက်နေကျအချိန်များ ရောက်မလာဘူးဆိုရင်ဖြင့် ရင်ထဲမှာ စိုးရိမ်စိတ်နဲ့ မျက်လုံးတွေက ခြံဝကိုရောက်နေတတ်တယ်ဆိုတာ 'နေမင်း' ကိုယ်တိုင်ပဲသိပါသည်။

လူတစ်ယောက်ကို အချိန်တိုတို ရက်တိုတိုကလေးနဲ့ သံယောဇဉ်ဖြစ်သွားနိုင်တယ်ဆိုတာကို 'လိပ်ပြာ' နဲ့ပတ်သက်မှပဲ

'နေမင်း' သိပါတော့သည်။

'လက်ကံ' နဲ့တုန်းက ခံစားရတာက ပူလောင်လောဘတွေ ပါပေမယ့် 'လိပ်ပြာ' နဲ့ ပတ်သက်ပြီး ခံစားရတာကကျတော့ ငြိမ်းအေးမှုတွေ ပါနေရပါသည်။

'လိပ်ပြာ' က 'နေမင်း' ဘာပဲပြောလိုက်ပြောလိုက် ခေါင်းညိတ်နာခံလိုက်တာသာများပြီး ငြင်းဆန်စကားဆိုတာ သူမအတွက် မလိုအပ်သလိုဟု ခံယူထားပုံရလေသည်။

'လိပ်ပြာ' ရဲ့ မျက်လုံးလေးတွေက 'နေမင်း' ကို ကြည့်လိုက်တဲ့အခါတိုင်း ရိုဝေကာ အားကိုးတကြီးနဲ့ သံယောဇဉ်တွယ်ငင်နေတယ်ဆိုတာ ပါးစပ်ကထုတ်ဖော်ပြောစရာမလိုဘဲ အလိုလိုပေါ်လွင်နေသယောင်ရှိသည်။

'လိပ်ပြာ' ရင်ထဲက ခံစားချက်ကို 'နေမင်း' ရိပ်မိသလို 'စိုးမိုး' ကလည်း ရိပ်မိပါသည်။ ဘကြီး ကတော့ 'လိပ်ပြာ' နဲ့ သိပ်မဆုံတွေ့တာကြောင့် လူငယ်တွေကိစ္စကို သိပ်ကြီး သိပုံတော့မရပါ။

စိုးရိမ်သလိုတော့ မှာတတ်ပါသည်။

"ကောင်မလေးက သဘောကောင်းလေးပေမယ့် မင်းအတွက်တော့ အန္တရာယ်ပဲနော် 'င ,မင်း'... မီးဖိုချောင်ကိစ္စ





အဆင်ပြေနေလို့သာ ငါ ဘာမှမပြောဘဲနေတာ... မင်း အဘွား သိသွားလို့ကတော့ လုံးဝကို လက်ခံမှာမဟုတ်ဘူး... တစ်နေ့တစ်နေ့ မင်းဆီကို ဖုန်းဆက်ပြီး ချက်ကင်လိုက်နေတာလည်း မင်းလည်း အသိပဲဥစ္စာ"

"ကျွန်တော်တို့က မောင်နှမတွေလို ရိုးရိုးသားသား ခင်တာပါ ဘကြီးကလည်း... သူ ရှိနေလို့လည်း စားရေးသောက်ရေးအဆင်ပြေနေတာ... 'စိုးမိုး' နဲ့က ဖြစ်မှမဖြစ်တဲ့ဟာကို... ပြီးတော့ 'လိပ်ပြာ' ကလည်း နေ့တိုင်းလာနေတာတော့ မဟုတ်ပါဘူး... သူ့အလုပ်အားမှ ရက်ခြားဆိုသလို လာပေးတာပါ"

"ဘာပဲဖြစ်ဖြစ် တစ်ခုခုဆို အမေက ငါ့ကိုပဲ ထုမှာ... မင်း ဆင်ခြင်မှပဲဖြစ်မှာလေ... ကျိုက်ထို ကိုခဏလာတုန်း ဘာပြဿနာမှ မဖြစ်စေချင်လို့ ငါက ကြိုပြောထားရတာ"

"စိတ်ချပါ ဘကြီး ရယ်... ကျွန်တော့်ကြောင့် ဘယ်သူ့မှ စိတ်မညစ်စေရပါဘူး"

ဘကြီး ကျေနပ်အောင် ပြောလိုက်ပေမယ့် 'လိပ်ပြာ' ကိုတော့ ဒီအကြောင်းတွေ မသိစေခဲ့ပါ။ 'လိပ်ပြာ' နေ့တိုင်းလာတာကိုလည်း ဘကြီး သိအောင် ဖွင့်မပြောပြခဲ့ပါ။

'နေမင်း' နဲ့ခင်ရတာကိုပဲ အပျော်လွန်နေတဲ့ 'လိပ်ပြာ'

ရဲ့စိတ်ကလေး မညှိုးနွမ်းစေချင်လို့သာဖြစ်သည်။ ကြိုးချင်းထား၊ကြိုးချင်းငြိ ဆိုသလို မျက်လုံးအကြည့်တွေနဲ့ပဲ တစ်ယောက်ရင်ထဲက သံယောဇဉ်ကို ကျန်တစ်ယောက်က အလိုလိုသိနေရသလိုမျိုးပါ။

'လိပ်ပြာ' လာတာ နောက်ကျနေတဲ့အတွက် 'နေမင်း' စိတ်ထဲ ပူပန်လာရပါသည်။ အဒေါ်နဲ့နေရတာ အဆင်မပြေတဲ့ 'လိပ်ပြာ' ရဲ့ ဘဝကို သိထားတဲ့အတွက်လည်း စိတ်ပူပန်နေမိခြင်းဖြစ်သည်။

ခြံဝမှာလည်း ဆင်းမကြိုချင်တာကြောင့် အိမ်ထဲမှာပဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိပါသည်။

"လာမှာပါ 'ကိုနေမင်း' ရာ... အေးအေးဆေးဆေးပေါ့... ဈေးဝယ်နေလို့ နောက်ကျတာနေမှာပေါ့... ဘယ်လိုဖြစ်နေတာလဲ... သူ မလာတော့လည်း ဘာဖြစ်လဲ... တစ်ရက်တလေ ဟင်းဝယ်စားလိုက်လဲဖြစ်တာကို"

ဟု 'စိုးမိုး' က နှစ်သိမ့်သလိုလိုနဲ့ ငေါ်ပြောနေသည်။

"မင်း စကားကဘာလဲ... 'လိပ်ပြာ' ချက်တဲ့ ထမင်းဟင်းတွေကိုတော့ နေတိုင်းမြိန်နေပြီး ပြောတဲ့စကားက ကျေးဇူးကန်းတဲ့စကား... 'လိပ်ပြာ' လို အခကြေးငွေမယူဘဲ စေတနာနဲ့



ထမင်းဟင်းလာချက်ပေးမယ့် သူမျိုးရှိရင် မင်း ရှာလာခဲ့စမ်း... ငါ ခိုင်းပြမယ်"

"'ကိုနေမင်း' ကလည်း... သူက အခကြေးငွေမယူပေမယ့် လူတစ်ယောက်ရဲ့ နှလုံးသားနဲ့ အကြင်နာတွေကို ဖွဲ့ခြွေယူနေတာကိုတော့ 'ကိုနေမင်း' က ထည့်မပြောတော့ဘူးလား... ဘယ်လောက်ပဲ စေတနာပါတယ်ပြောပြော သူ့စိတ်ချမ်းသာမှုကိုလည်း ကြည့်ပါသေးတယ်နော်... 'လိပ်ပြာ' က လူတိုင်းကို စေတနာထားတာတော့ မဟုတ်ပါဘူး... မယုံရင် တစ်ခြံကျော်က မုဆိုးဖိုတစ်ခုလပ်ကြီးအိမ်မှာ ထမင်း ဟင်းချက်ပေးပါလားလို့ မေးကြည့်ပါလား... ခေါင်းကိုပြုတ်မတတ် ခါယမ်းပြမှာ မြင်ယောင်သေးတယ်... 'ကိုနေမင်း' မျက်နှာနဲ့ သူ့ စေတနာတွေရှိနေတာ"

"ဘယ်လိုပဲ စေတနာရှိရှိ သူများအိမ်မှာ အိမ်ဖော်လို လာလုပ်ပေးတယ်ဆိုကတည်းက သူ့ရဲ့စိတ်ဓါတ်ကို လေးစားသင့်နေပြီ... မင်းကော တခြားအိမ်မှာ 'လိပ်ပြာ' လို အောက်ခြေသိမ်း လုပ်ပေးနိုင်မလား ပြောစမ်းပါ"

"ကျွန်တော်ချစ်တဲ့ ကောင်မလေးအိမ်မှာဆိုရင်တော့ လုပ်ပေးရင်လုပ်ပေးမှာပေါ့"

"သွားစမ်းပါကွာ... အပိုတွေ... မင်းလောက် အပျင်းကြီးတာမင်းပဲရှိတယ်... ခိုင်းလိုက်ရင် အင်းအဲနဲ့ အကြောင်းမျိုးစုံပြပြနေတာ မသိရင်ခက်မယ်"

"'ကိုနေမင်း' က အခုတော့ ပြောပြီပေါ့... 'လိပ်ပြာ'မရှိခင်တုန်းက ကျွန်တော်ပဲ ဒိုင်ခံလုပ်ပေးနေရတာကို မေ့ချင် ဟန်ဆောင်လိုက်ပြီပေါ့လေ... စောင့်ကြည့်ပါဦး 'လိပ်ပြာ' က ဘယ်လောက်ထိ လုပ်ပေးနိုင်မှာမို့လို့လဲ"

'စိုးမိုး' လေသံက 'လိပ်ပြာ' အပေါ် မနာလိုဖြစ်နေသလိုမျိုးပါ။ 'လိပ်ပြာ' ရဲ့ ဆက်ဆံရေးကိုလည်း 'နေမင်း' က နားလည်နေပြန်တာကြောင့် 'စိုးမိုး' ရဲ့ ခံစားချက်ကို သိပ်အပြစ်မပြောမိတာ ဖြစ်သည်။

'နေမင်း' ဘာပဲပြောလိုက်ပြောလိုက် ဟုတ်ကဲ့ ဆိုပြီးနားထောင်တတ်တဲ့ 'လိပ်ပြာ' က 'စိုးမိုး' နဲ့ဆိုရင် သူတစ်ခွန်းကိုယ်တစ်ခွန်း အနိုင်ပြန်ယူနေတတ်သူ ဖြစ်သည်။

'စိုးမိုး' ခိုင်းသမျှကိုလည်း ငြင်းဆန်ရှောင်လွှဲတတ်စမြဲမို့ ရန်ပွဲလေးတွေက နေ့စဉ်ဆိုသလို ဖြစ်ကာနေခဲ့ပါသည်။ စကားနဲ့တင် အနိုင်ယူနေကြတာမို့ 'နေမင်း' က သူတို့နှစ်ယောက်ကြားထဲမှာ ဝင်မပါဘဲ မသိချင်ဟန်ဆောင်နေမိသည်။



'လိပ်ပြာ' က 'စိုးမိုး' ကိုဆိုရင် ခပ်တည်တည်နဲ့ အမြဲတမ်းလိုလို တစ်ခွန်းမခံပြန်ပြန်ပြောနေတတ်တာကတော့ 'စိုးမိုး' ရဲ့စိတ်ကို ဆွနေတဲ့အတိုင်းပါပဲ။

ခြံတံခါးကို တွန်းဖွင့်သံကြားလိုက်ရတာကြောင့် 'နေမင်း' လှမ်းကြည့်လိုက်မိပါသည်။ 'လိပ်ပြာ' ရောက်လာခဲ့ပါပြီ။ မျက်နှာတွေနီမြန်းပြီး ချွေးတွေထွက်နေတဲ့ 'လိပ်ပြာ' ရဲ့ ပုံစံက အတော်မောပန်းလာသလိုမျိုးပါ။

"ဘယ်လိုဖြစ်လာတာလဲ"

"အံမယ်လေး... လာကာနီးမှ အဒေါ်နဲ့တိုးနေလို့ မနည်းလစ်လာခဲ့ရတယ်... 'လိပ်ပြာ' ဝယ်ထားတဲ့ ဈေးခြင်းတောင်းကိုကြည့်ပြီး ဘယ်သူ့အတွက်လည်း ဘာလဲစစ်ဆေးနေလို့ လှည့်ပတ်ပြီးဖြေလိုက်ရတာ မောနေတာပဲ အစ်ကိုရယ်... အခုဆိုင်မှာ အဒေါ်ကထိုင်နေတယ်... 'လိပ်ပြာ' ကလစ်တာနဲ့ အပြေးထွက်လာလိုက်တာ"

"ဒါဆို ပြန်ရင် 'လိပ်ပြာ' အဆူခံထိနေမှာပေါ့..."

"မတတ်နိုင်ဘူး... အပြန်မှဖြစ်မယ့်ကိစ္စ အပြန်မှပဲကြည့်ရှင်းတော့မယ်"

"ခက်တော့တာပဲ ... တစ်နေ့တလေ လာလို့မရရင်လဲ

မလာဘဲ နေလိုက်ပါလား 'လိပ်ပြာ' ရယ်… ကိုယ်နားလည်ပါတယ်… နေ့တိုင်း ပုံမှန်လာရမယ်ဆိုတာမျိုး ကိုယ့်ဘက်က မရှိပါဘူး"

"ဟင့်အင်း… 'လိပ်ပြာ' ကမှ မနေနိုင်တာ… 'လိပ်ပြာ' မလာရင် အစ်ကို့အတွက် စားရေးသောက်ရေး ခက်သွားမှာပေါ့…"

ဖျတ်ကနဲလှမ်းကြည့်လာတဲ့ 'လိပ်ပြာ' ရဲ့အကြည့်နဲ့ 'နေမင်း' ရဲ့အကြည့် ဆုံသွားပါသည်။ 'နေမင်း' ပါးစပ်ကသာ ပြောလိုက်ပေမယ့် 'လိပ်ပြာ' ရောက်မလာခဲ့ရင် သူ့ရင်ထဲမှာ ဘယ်လောက်တောင် ပူပင်သောကတွေ ဖြစ်နေမယ်ဆိုတာကို 'နေမင်း' ပဲ သိပါသည်။

နေ့စဉ်ရက်ဆက် 'လိပ်ပြာ' ရဲ့ ပုံသဏ္ဌာန်လေးတွေ မြင်တွေ့နေကျမို့ ဒီအချိန်ရောက်တိုင်း 'လိပ်ပြာ' သူ့အနားမှာ ရှိမနေခဲ့ဖူးဆိုလျှင် သူ ကယောင်ခြောက်ခြား ဖြစ်နေတတ်ခဲ့ပါသည်။

"ကိုယ် ပြန်လိုက်ပို့ပေးရမလား"

ဟုမေးလိုက်တော့ 'လိပ်ပြာ' က ဝမ်းနည်းသလို မေးလာသည်။





"အစ်ကိုက 'လိပ်ပြာ' ကို ပြန်စေချင်လို့လား… 'လိပ်ပြာ' လာတာကို မကြိုက်လို့လားဟင်"

"ကိုယ့်ကြောင့် မင်း အဆူခံထိမှာစိုးလို့ပါ"

"'လိပ်ပြာ' အဆူခံနိုင်ပါတယ်… အစ်ကို နှင်မထုတ်ရင်ပြီးတာပဲ… ရောက်အောင်လာပြီးမှတော့ 'လိပ်ပြာ' မပြန်ချင်ဘူး"

"မပြန်ချင်ဘူးဆိုရင်လည်း ကျွန်တော်တို့နဲ့ တစ်ခါတည်း ခေါ်သွားလိုက်မလား 'ကိုနေမင်း'…"

'စိုးမိုး' ပြောလိုက်တဲ့စကားကို 'လိပ်ပြာ' က စိတ်ဝင်စားသွားပုံရသည်။

"အစ်ကိုတို့က ဘယ်သွားကြမလို့လဲ…"

"ကျိုက်ထီးရိုးဘုရားကို နေ့ချင်းပြန်တက်မလားလို့ စဉ်းစားနေတာ… ကားကြုံလည်းရှိတယ်လေ… တောင်ခြေထိရောက်မှာဆိုတော့ မပင်ပန်းတော့ဘူးပေါ့"

"ဟယ် တကယ်မှာပေါ့… ကျိုက်ထိုမှာသာနေတာ 'လိပ်ပြာ' က တစ်နှစ်တစ်ခေါက်တောင် အနိုင်နိုင်ရယ်… ဒေါ်လေး က ဘယ်တော့မှ လွှတ်တာမဟုတ်ဘူး… သူ ခိုင်းစရာလူမရှိတာနဲ့ပဲ ဘယ်သွားသွား 'လိပ်ပြာ' လိုက်သွားရတယ်လို့ကို မရှိဘူး…

‘လိပ်ပြာ’ လိုက်ခဲ့ချင်တယ်... သွားရအောင် အစ်ကိုရယ်”

“ကိုယ်တို့က ပြန်ရောက်ရင် ညနေလောက်မှ ပြန်ရောက်မှာ”

“ညနေမကလို့ ညပဲဖြစ်ဖြစ် ‘လိပ်ပြာ’ ကတော့ လိုက်မှာပဲ... ‘မမခင်’ တို့ကိုပါ ခေါ်သွားလို့ရမလားဟင်”

“ ‘လိပ်ပြာ’ ခေါ်ချင်တယ်ဆိုခေါ်လေ... တောင်တက်ကားနဲ့ဆိုတော့ ချောင်ပါတယ်... အပြင်သူစိမ်းလည်း ပါမှမပါတာ”

“တကယ်နော်... ‘လိပ်ပြာ’ ခေါ်ရင် သူတို့ကလိုက်ကြမှာ”

“ခေါ်ပါ... ဘုရားဖူးခေါ်တာပဲ ကိုယ်တောင် ကုသိုလ်ရပါသေးတယ်”

အိမ်မှာချက်ပြုတ်ပြီးတာနဲ့ ‘လိပ်ပြာ’ က ဒေါ်လေးအလစ်ကိုချောင်းပြီး ဆိုင်ကိုပြန်လာခဲ့လိုက်ပါသည်။ ‘လိပ်ပြာ’ ကိုတွေ့တာနဲ့ ‘မမခင်’ က ထိတ်လန့်သလို ပြောလာပါတော့သည်။

“ခက်လိုက်တာ ‘လိပ်ပြာ’ ရယ်... ‘နုနု’ ရှိနေရဲ့နဲ့များ ထွက်သွားရတယ်လို့... ဟိုကနင့်ကို ပြောဆိုနေလိုက်တာ မိုးမွှန်





နေတာပဲ ငါလည်း လိမ်မပြောတတ်တော့ဘူး... ဘယ်ထွက်သွားမှန်းမသိဘူးလို့ပဲ ပြောလိုက်တယ်... အခု အိမ်ကိုခဏပြန်သွားတယ်... ပြန်လာရင်တော့ နင်တော့ မလွယ်ဘူး”

‘လိပ်ပြာ’ သည် ဒေါ်လေး ဆူပူတာလောက်ကို ခုချိန်မှာ စိတ်မဝင်စားနိုင်ပါ။ ‘ကိုနေမင်း’ တို့နဲ့အတူ ကျိုက်ထီးရိုးဘုရားဖူးဖို့ကိုသာ စိတ်အားထက်သန်နေမိ၏။

“ဒေါ်လေး အကြောင်းကြားရတာ ခေါင်းရှုပ်တယ်... ‘လိပ်ပြာ’ ပြောစရာရှိတယ်... ‘ကိုနေမင်း’ တို့က တောင်ပေါ်တက်မလို့တဲ့... အဲ့ဒါ ‘လိပ်ပြာ’ ကိုခေါ်နေတယ် ‘မမခင်’ တို့ပါ လိုက်ခဲ့လိုက်... ”

“လိုက်ရအောင် ငါတို့နဲ့မှမသိဘဲ... မခေါ်ဘဲနဲ့လိုက်ရမှာ ရှက်စရာကြီး”

“ခေါ်ပါတယ်... ‘လိပ်ပြာ’ က ‘မမခင်’ တို့ကို ခေါ်မယ်ဆိုပြီးထွက်လာတာ... လိုက်မှာလား မလိုက်ဘူးလား... လိုက်မယ်ဆိုရင် ခုချက်ချင်း လိုက်ခဲ့လိုက်တော့”

“ဆိုင်က ဘယ်လိုလုပ်ရမှာလဲ”

“ပိတ်ခဲ့လိုက်လေ... ‘လိပ်ပြာ’ ဆိုင်ကိုလည်း ပိတ်လိုက်တော့မယ်”

ပျော်ရွှင်စရာကိစ္စမျိုးကျတော့ 'မမခင်' ကိုယ်တိုင်လည်း တက်တက်ကြွကြွနဲ့ပင် ဆိုင်ကိုအားတက်သရော ပိတ်နေပါသည်။ လိုက်ချင်တဲ့သူတွေကိုလည်း ခေါ်နေပါသေးသည်။

"ဟဲ့ ခေါ်ရင်းခေါ်ရင်းနဲ့ လိုက်မယ့်လူတွေက ဆယ်ယောက်လောက်ဖြစ်နေပြီနော်... ဘယ်လိုလုပ်မလဲ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်... ဘယ်သူမှမပါဘူးတဲ့..."

"နင်က ဒီလောက်တောင်ပိုင်နေလို့လား"

"မပြောတတ်ဘူး... 'ကိုနေမင်း' သဘောကောင်းတာပဲ သိတယ်"

"သဘောကောင်းမကောင်း ငါ စမ်းသပ်ကြည့်လိုက်ရမလား"

"စမ်းပေါ့... 'လိပ်ပြာ' တို့က ဂရုမစိုက်ပါဘူး"

ပြောသာပြောလိုက်ရသည် 'ကိုနေမင်း' ကိုတော့ စိတ်ထဲကနေ 'မမခင်' တို့နဲ့ အရောမဝင်ပါစေနဲ့ဟု ကျိတ်ဆုတောင်းနေမိသည်။

'မမခင်' တို့အုပ်စုက ပြောလို့ရတာမဟုတ်၊ အားလုံး ခပ်ပျော်ပျော်နေတတ်ကြပြီး ဘယ်သူနဲ့မဆို အလိုက်သင့်ပေါင်းတတ်ကြသူတွေ ဖြစ်ပါသည်။





'လိပ်ပြာ' နဲ့လည်း အားလုံး ညီအစ်မတွေလို ခင်နေကြပေမယ့် 'ကိုနေမင်း' နဲ့ ပတ်သက်လာတဲ့အခါကျတော့ 'လိပ်ပြာ' ဘက်က အူပုပ်ပြီး သဝန်တိုချင်နေတာ ထိန်းလို့ပင် မရနိုင်အောင်ပါ။

'ကိုနေမင်း' ရဲ့ ဂရုစိုက်မှု၊ ကြင်နာမှု၊ အရေးပေးမှုတွေကို 'လိပ်ပြာ' တစ်ယောက်တည်းပဲ ခံစားချင်ပါသည်။

"နင့် အဒေါ်ကတော့ ဆိုင်ပါပိတ်ပြီးသွားလို့ ပြန်လာရင် အိမ်ပေါ်ကတောင် နှင်ချမလားမသိဘူးနော်... ဘယ်လိုလုပ်မလဲ"

"နှင်ချရင် 'မမခင်' တို့အိမ်မှာ ခဏလာနေလိုက်မှာပေါ့... ဒေါ်လေးများ 'လိပ်ပြာ' မရှိရင် သူ့အိမ်ကိစ္စတွေတစ်ယောက်တည်း နိုင်မှာကျလို့... 'မမခင်' က မခေါ်ထားချင်လို့လား"

"မေးနေစရာတောင် မလိုဘူး... ငါတို့အိမ်မှာ နင့်လိုလူတစ်ယောက်ရောက်လာလို့ ဘာမှမဖြစ်သွားဘူး... ခိုင်းဖို့လူတစ်ယောက် ထပ်တိုးလာတယ်ဆိုပြီး ပိုတောင်ကျေနပ်သေးတယ်"

'ကိုနေမင်း' တို့အိမ်သို့ အုပ်စုလိုက်ကြီး လမ်းလျှောက်ပြီး လာခဲ့လိုက်ကြပါသည်။ တောင်တက်ကားကို ဈေးနားကျမှရပ်

ခိုင်းပြီး ခေါ်ခိုင်းရင်ရပေမယ့် ဒေါ်လေးနဲ့တိုးနေမှာစိုးတာကြောင့် 'လိပ်ပြာ' က အားလုံးကို တစ်ခါတည်း ခေါ်သွားလိုက်တာဖြစ်သည်။

'လိပ်ပြာ' တို့အုပ်စုကိုကြည့်ပြီး 'ကိုနေမင်း' မျက်နှာက ပြုံးစိစိဖြစ်နေပါသည်။

"ဟာ လူတွေကအများကြီးပဲ... လူများတော့ပိုပြီး ပျော်စရာ ကောင်းတာပေါ့"

"အစ်မတို့က ပွင့်ပွင့်လင်းလင်းပဲ နေတတ်တယ်နော်... နောက်တာပြောင်တာများရင် စိတ်မဆိုးနဲ့... အစ်မတို့အိမ်မှာလည်း ပြန်ပြီး ထမင်းဖိတ်ကျွေးဦးမယ်... 'လိပ်ပြာ' လက်ရာနဲ့ ယှဉ်ရင် အပုံကြီးသာတယ်... "

"အံမယ် 'မမခင်' က ခုမှ 'ကိုနေမင်း' နဲ့တွေ့ပြီး လော ကွတ်ချော်နေတယ်... တကယ်ကော ကျွေးနိုင်လို့လား"

"ဘာလို့မကျွေးနိုင်ရမှာလဲ... ဈေးသာဝယ်ပေးမယ်ဆိုရင် အိမ်ကနေချက်ပြီး ချိုင့်နဲ့ပို့ပေးဖို့တာဝန်ယူတယ်... အိမ်မှာလည်း ညီမတွေအများကြီးရှိတာပဲ ဥစ္စာ... ကိုယ်မြို့ကိုခဏ အလည်လာတုန်း ဧည့်ဝတ်ကျေလိုက်ချင်တာပေါ့"

"အစ်မ တကယ်ပြောရင် ကျွန်တော် 'စိုးမိုး' ကို နေ့တိုင်း





ထမင်းချိုင့်လာယူခိုင်းလိုက်မှာနော်... ပြီးမှ စကားကိုမပြင်နဲ့"

"မပြင်ပါဘူး... တကယ်ပြောတာ... 'လိပ်ပြာ' က ဆိုင်တစ်ဖက်နဲ့ လာလာချက်ပေးနေထဲက အစ်မက ကူညီချင်နေတာ"

တောင်ပေါ်မှာစားဖို့ ထမင်းချိုင့်ထည့်နေသော 'လိပ်ပြာ' တစ်ယောက် ချက်ချင်းဆိုသလို အားအင်မရှိတော့တဲ့အတိုင်း ပုံလဲကျချင်သွားရပါသည်။

'ကိုနေမင်း' ဆီလာရဖို့အတွက် နည်းလမ်းကို မရမက ရှာဖွေထားတာကို 'မမခင်' က အလိုက်ကန်းဆိုးမသိ ပိတ်နေပါသည်။

'လိပ်ပြာ' နဲ့ကူညီပြီး ထည့်ပေးနေတဲ့ 'မမခင်' ညီမ 'တင်တင်' က လှမ်းပြောလာသည်။

"ဘယ်လိုဖြစ်ပြီး လုပ်နေလက်စ ရပ်သွားရတာလဲ ဟင်းတွေအကုန်လုံး စားပွဲပေါ်ပြုတ်ကျကုန်ပြီ... ဘာဖြစ်သွားတာလဲ..."

"ဟင့်အင်း အတွေးလွန်သွားလို့ပါ ဒေါ်လေးအကြောင်း စဉ်းစားမိပြီး စိတ်ရှုပ်သွားတာ"

"စဉ်းစားမနေနဲ့... ခု ပျော်ဖို့ကိုပဲစဉ်းစားထား... 'ကိုနေ

မင်း’ က ခင်ဖို့ကောင်းတယ်နော်... ‘မမခင်’ နဲ့ တစ်ခါတည်းကို အဖွဲ့ကျသွားတာပဲ... ‘မမခင်’ က ကြည့်ရတာ မမနဲ့မောင်လေး ဖြစ်ချင်နေတာလား မသိဘူး”

“ ‘တင်တင်’ နော် ဘာစကားပြောတာလဲ...”

‘လိပ်ပြာ’ ရဲ့လေသံက ဆတ်ဆတ်ထိမခံ ဖြစ်သွားခဲ့ပါသည်။

အနားမှာရှိနေသော ‘စိုးမိုး’ က ‘လိပ်ပြာ’ မခံချင်အောင်လို့ တမင် ထပ်ကာပြောသည်။

“ဖြစ်ရင်လည်းဖြစ်နိုင်တာပဲဟာ... ပြောလို့ရမလား ‘လိပ်ပြာ’ ရဲ့... နင်က ကြားထဲက ဘာဖြစ်နေရတာလဲ... ”

“ ‘စိုးမိုး’ နင်နဲ့ဘာဆိုင်လို့ နင်ကဝင်ရှုပ်နေရတာလဲ... နင့် ပါးစပ်ကိုပိတ်ထား နေရာတကာပါတာ သိပ်မုန်းဖို့ကောင်းတယ်”

“မှန်တာကိုပြောတာလေ”

“ဘာမှန်တာကိုပြောတာလဲ အဲ့ဒါ မှန်တဲ့အတွက် ဆုပေးတယ်လို့သဘောထားလိုက် ရော့ စား”

‘လိပ်ပြာ’ သည် တို့စရာပန်းကန်ထဲမှာ ငရုတ်သီးစိမ်းတောင့် လေးငါးတောင့်ကို တစ်ခါတည်းစုပြုံကိုင်ကာ ဟကျယ်





ဟကျယ်ဖြစ်နေသော ‘စိုးမိုး’ ရဲ့ ပါးစပ်ထဲသို့ အပြုံလိုက်ထိုးထည့်လိုက်ပါသည်။

“ယုတ်မာတယ် ကြည့်စမ်း... စပ်လိုက်တာ သေတော့မယ်”

“သေပေါ့... နောက် ဒီထက်ပိုဆိုးဦးမယ်ဆိုတာ မှတ်ထား”

စူပုပ်ပုပ်နဲ့အိမ်ရှေ့ခန်းပြန်ထွက်လာသော ‘လိပ်ပြာ’ တစ်ယောက် ‘မမခင်’ တို့နဲ့ ရယ်မောအဖွဲ့ကျနေသော ‘ကိုနေမင်း’ ပုံစံကိုကြည့်ပြီး မျက်ရည်ဝဲသွားရပါသည်။

ကြည့်စမ်း။ ဒီကတော့ သူ့အတွက် အပင်ပန်းခံပြီး ချက်ပြုတ်ပေးလိုက်ရတာ။ ‘ကိုနေမင်း’ ကကျတော့ ‘လိပ်ပြာ’ ပင်ပန်းတာကို နည်းနည်းကလေးတောင် အသိအမှတ်ပြုဖော်မရဘဲ ခုမှခင်မင်ပတ်သက်ရတဲ့ သူတွေနဲ့ အဖွဲ့ကျနေလိုက်တာ။

‘လိပ်ပြာ’ သည် ကိုယ့်ရဲ့သဝန်တိုစိတ်ကို လူတွေသိသွားမှာစိုးတာကြောင့် အိမ်ရှေ့သို့တစ်ယောက်တည်းထွက်လာခဲ့လိုက်မိပါသည်။

အိမ်ထဲက ရယ်သံမောသံတွေ စကားသံတွေကြားရတိုင်း လူက တုန်တုန်ရီရီနဲ့ ငိုချချင်စိတ်ပြင်းထန်လို့လာခဲ့ရသည်။

အိမ်ပြန်လိုက်ရင်ကောင်းမလား တွေးမိပေမယ့် အရမ်းရုပ်ပျက်ဆင်းပျက်ဖြစ်သွားမှာကိုငဲ့ပြီး အောင့်အီးကာ ဆက်ထိုင်နေရသည်။

ဝန်တိုစိတ်က အတော်ပူလောင်ပါလားဆိုတာ ကိုယ်တိုင်ခံစားဖူးမှပဲ သိလိုက်ရပါသည်။ တောင်တက်ကားရောက်လာတော့ အားလုံးအိမ်ပြင်သို့ထွက်လာကြသည်။

"ဟာ 'လိပ်ပြာ' က အပြင်ရောက်နေတာကို... ကိုယ်က အထဲမှာပဲ ရှိတယ်အောင်းမေ့နေတာ... ဘာထွက်လုပ်နေတာလဲ"

"ကားလာတာကို စောင့်နေတာ"

"ဟင် ကားကမှာထားပြီးသား ဥစ္စာပဲ အချိန်တန်ရောက်လာမှာပေါ့... ဒီမှာ 'မမခင်' က ရယ်စရာတွေမျိုးစုံပြောနေလို့ ပါးစပ်တောင်မစေ့ရဘူး"

"အစ်ကို ပျော်တယ်ဆို ပြီးတာပါပဲ"

'လိပ်ပြာ' က ယူသွားမယ့်ပစ္စည်းတွေကို 'စိုးမိုး' နဲ့အတူ ဝိုင်းသယ်နေလိုက်ပါသည်။ 'ကိုနေမင်း' မျက်နှာက တစ်မျိုးဖြစ်သွားကာ 'လိပ်ပြာ' လုပ်သမျှတွေကို လိုက်ပြီးအကဲခတ်နေတယ်ဆိုတာ မကြည့်ပေမယ့် 'လိပ်ပြာ' သိနေရသည်။





ကားထွက်တော့ 'ကိုနေမင်း' က ရှေ့မှာထိုင်လိုက်တဲ့အတွက် 'လိပ်ပြာ' နဲ့ အလှမ်းဝေးသွားပါသည်။

"'လိပ်ပြာ' ရယ်... စိတ်ကိုပျော်ပျော်ထားစမ်းပါ... ပူနေရင် ပိုပြီးရင်မောရတယ်... ပျော်ချင်လို့နင် ငါတို့ကိုခေါ်တာမဟုတ်လား ပျော်ပျော်ပဲနေစမ်းပါ..."

"အလကားနေရင်းတော့ ပျော်မနေနိုင်ပါဘူး 'မမခင်' ကလည်း 'လိပ်ပြာ' မှာက စိတ်ညစ်စရာတွေတစ်ပုံကြီး... 'မမခင်' တို့လို လွတ်လပ်တာမှမဟုတ်တာ"

"ထွက်လာပြီးမှတော့ ဘာကိုမှတွေးမနေနဲ့... စိတ်ကို ပျော်ပျော်ပဲ ထားထား"

"ဟုတ်ပါပြီ"

"ဟဲ့ 'နေမင်း' က သဘောလည်းကောင်းတယ်... ချောလည်း ချောတယ်နော်... ပြောလိုက်တဲ့စကားတွေကလည်း ချစ်စရာသိပ်ကောင်းတယ်"

ဟု 'မမခင်' နှုတ်က ခပ်တိုးတိုးကပ်ပြောလိုက်တဲ့ စကားကိုကြားပြီး 'လိပ်ပြာ' မျက်လုံးပြူးသွားရပါသည်။ နေ့စဉ်ရက်ဆက်ဆိုသလို ပတ်သက်နေတဲ့ 'လိပ်ပြာ' တောင်မှ 'ကိုနေမင်း' ကို ချစ်စရာ ကောင်းတယ်လို့ တစ်ခါမှ မပြောရဲခဲ့ပါ။

'မမခင်' နှုတ်ကရုတ်တရက် ပြောထွက်လာတဲ့အတွက် စိတ်တိုပြီး ဒေါသပါထွက်သွားရတော့သည်။

"ချစ်စရာကောင်းရင် ချစ်တယ်လို့ ပြောလိုက်ပါလား 'မမခင်' ကလည်း... 'လိပ်ပြာ' ကို လာပြောလို့ ဘာမှမထူးခြားဘူး... ကာယကံရှင်ကိုပြောမှ ထူးခြားလာမှာ"

"ဟယ် လေသံကလည်း မာလှချည်လား... နှုတ်ကလေးနဲ့တောင် အပြောမခံဘူးလား 'လိပ်ပြာ' ရယ်..."

"'လိပ်ပြာ' နဲ့ ဘာဆိုင်လို့လဲ"

"တကယ် မဆိုင်ဘူးလား"

"မသိဘူး"

ဆက်ပြောနေရင် စကားတွေရှည်လာမှာစိုးတာကြောင့် ဘေးပတ်ဝန်းကျင်ကိုသာ ငေးမောနေလိုက်မိပါသည်။ ကားကတောင်ကြောတွေကို ကွေ့ကာပတ်ကာဖြင့် အရှိန်ဖြင့်မောင်းနေပါသည်။

ဆယ်မိနစ်ဆိုတဲ့ စခန်းကိုရောက်တော့ အပေါ်က ကားတွေ ဆင်းလာတယ်ဆိုသဖြင့် ရပ်စောင့်နေရပါသည်။

"ရေချိုးရင်ကောင်းမယ်နဲ့တူတယ်... အဝတ်အစားအပိုပါလာတယ်... ဘယ်လိုလဲ ချိုးကြမလား"





ဟု 'စိုးမိုး' က အော်လာပါသည်။

"ချိုးရင်ချိုးလေ... 'မမခင်' တို့ကတော့ မပါလာလို့ မချိုးတော့ဘူး... ရေစပ်လောက်ပဲ ဆင်းတော့မယ်"

အားလုံးထိုင်စောင့်နေရမယ့်အတူတူ တောင်ပေါ်မှစီးကျလာသော ရေတံခွန် သေးသေးကလေးမှာ ရေဆင်းဆော့ဖို့ သဘောတူနေကြပါသည်။

'ကိုနေမင်း' လည်း ကားရှေ့ခန်းက ဆင်းလာသည်။

"'လိပ်ပြာ' ရေထဲမဆင်းတော့ဘူးလား... ကိုယ်ကတော့ 'စိုးမိုး' ကို အဝတ်အစားပိုထည့်ခိုင်းထားတော့ ရောက်တုန်း ရေဆင်းစိမ်လိုက်ဦးမယ်"

'ကိုနေမင်း' ပြောတဲ့စကားကို မကြားဟန်ဆောင်နေလိုက်ပါသည်။

"'လိပ်ပြာ' ကိုယ်ပြောတာ ကြားလား"

'လိပ်ပြာ' သည် ကိုယ်နဲ့ဘာမှမဆိုင်ပေမယ့်လည်း 'ကိုနေမင်း' အပေါ် စိတ်ကောက်နေတာကြောင့် တမင် တစ်ဖက်ကို မျက်နှာလှည့်ထားလိုက်ပါသည်။

"ဟ ဘယ်လိုဖြစ်တာလဲ"

"မသိဘူး 'နေမင်း' ရေ... နေရင်းထိုင်ရင်း ဒီလိုပုံဖြစ်

သွားတာပဲ... သူ့ကို ဂရုစိုက်မနေနဲ့... အားလုံး ရေထဲဆင်းကြမယ်”

'မမခင်' က တမင်ရွဲ့တာလားမပြောတတ်။ 'လိပ်ပြာ' ကိုတစ်ယောက်တည်း ထားခဲ့ကာ ကျန်တဲ့သူတွေအားလုံးကို ခေါ်ချသွားပါသည်။

အိုင်တင်ခံနေတဲ့သူကို မချော့ဘဲ ပြီးစလွယ်ထားခဲ့တဲ့အတွက် 'လိပ်ပြာ' တစ်ယောက်တည်း ကားပေါ်မှာ ယောင်ချာချာနဲ့ ကျန်နေရစ်ခဲ့ရပါသည်။

ထားသွားခဲ့တဲ့ လူတွေအားလုံးကို စိတ်ဆိုးသည်။ ဒေါသလဲထွက်မိသည်။ အားလုံးထဲမှာ 'ကိုနေမင်း' ကို ပိုပြီး စိတ်တိုမိပါသည်။ 'လိပ်ပြာ' ကတော့ သူ့အတွက်နဲ့ အူတွေပုပ်ပြီး ရင်ထဲမှာပွင့်ထွက်မတတ် ခံစားလိုက်ရတာ။

သူကကျတော့ နေနိုင်လိုက်တာ။ ခုမှ တွေ့ဆုံရတဲ့ 'မမခင်' နောက်ကို ဒွေ့ကနဲပါသွားတာ တုတ်နဲ့ ပြေးရိုက်လိုက်ဖို့ပဲ ကောင်းပါတော့သည်။

'လိပ်ပြာ' ကို နည်းနည်းကလေး စိတ်ရှည်လက်ရှည်နဲ့ ခေါ် ကြည့်ပါလား။ သူ ခေါ်ရင် 'လိပ်ပြာ' ဆိုတဲ့ မိန်းကလေးက မလိုက်ဘဲ နေမှာမို့လို့လား။





တစ်ယောက်တည်း ဒေါသတွေ လှိမ့်ထွက်ရင်း ကားပေါ်က ဆူအောင့်အောင့်ဆင်းပြီး လူတွေနဲ့ဝေးသော တံတားဒီဘက်ထိပ်က ကျောက်တုံးကြီးပေါ်မှာ တက်ထိုင်နေလိုက်မိပါသည်။

တခြားကားပေါ်က ကောင်လေးတွေက လှမ်းစပေမယ့်လည်း မသိဟန်ဆောင်ပြီး မျက်စောင်းသာ ပိတ်ထိုးပစ်လိုက်သည်။ မျက်လုံးကိုဖွေကာ 'ကိုနေမင်း' ဘက်ကို ခိုးကြည့်လိုက်တော့ တစ်ယောက်ကိုတစ်ယောက် ရေနဲ့ပက်ကာကျီစယ်နေကြလေသည်။

“ဟွန်း လူကိုတော့ ပစ်ထားတယ်... သူတို့ကျတော့ ပျော်နေလိုက်တာ အမြင်ကိုကတ်ဖို့ကောင်းတယ်... ရေချိုးဖို့ဘယ်တည်းက စီစဉ်ထားလဲ မသိဘူး... အဝတ်အစားတွေတောင် မိုယူလို့... ပုံစံက ကြည့်တော့သာ ရုပ်တည်နဲ့ စိတ်ထဲက နန့်လိုက်တာ ရှစ်ကိုကိုက်နေတာပဲ”

'လိပ်ပြာ' တစ်ယောက်တည်း အသံခပ်ကျယ်ကျယ်နဲ့ ပြောနေမိတာဖြစ်ပါသည်။

“နောက်ဘယ်တော့မှ သူ့အိမ်ကိုသွားပြီး စေတနာနဲ့ ထမင်းဟင်း မချက်ပေးတော့ဘူး... စားချင်ရင် 'မမခင်' ကိုပဲ

ချက်ခိုင်းပေါ့ တကယ်... တကယ်ကို မသွားတော့ဘူး...မသွားရလို့ သေသွားမယ် ဆိုရင်လည်း အသေပဲခံလိုက်တော့မယ်... 'လိပ်ပြာ' တို့က ပြတ်ပြီဆိုရင် ဟင်းကနဲပဲ"

စိတ်တွေပိုတိုလာရတာကြောင့် 'လိပ်ပြာ' ရဲ့ အသံက မာန်ပါပြီး ပိုကျယ်လာသယောင်ရှိသည်။

" ဟိတ် ဘာတွေစိတ်တိုနေတာလဲ... တကယ်ကော ပြတ်နိုင်လို့လား"

ဟု မေးလာတဲ့ 'ကိုနေမင်း' ရဲ့ အသံကို မထင်မှတ်ပဲ ကြားလိုက်ရတာကြောင့် အလန့်တကြားနဲ့ 'လိပ်ပြာ' လှည့်ကြည့်လိုက်မိပါသည်။

" ဟင် အစ်ကို..."

ပါးပေါ်မှာလည်း မျက်ရည်စတွေက ရှိနေဆဲပါ။ ဘယ်လိုဖြစ်ပြီး မျက်ရည်ကျလာသလဲတောင် မသိလိုက်ပါ။

"ကလေးကျနေတာပဲကွာ... ဘာလို့ ငိုရတာလဲ... ကိုယ့်အချင်းချင်းတွေကို ဒီလိုဖြစ်စရာလား"

"ဘာမှမဖြစ်ဘူး... "

"ဘာမှမဖြစ်ရင် ဘာလို့တစ်ယောက်တည်းထိုင်ပြီး ငိုနေသလဲ"





"ဘယ်မှာငိုလို့လဲ... မျက်ရည်က အလိုလိုကျနေတာ... မသိဘဲနဲ့ လျှောက်ပြောတယ်"

"တကယ် ဘာမှမဖြစ်ဘူးလား"

"မဖြစ်ပါဘူးဆို... အစ်ကိုနဲ့တော့ ခက်ပါတယ်"

"မဖြစ်ရင် 'မမခင်' က လာခဲ့တဲ့... ခေါ်ခိုင်းလိုက်တယ်"

"အံမယ်... သူ ခေါ်တိုင်းလိုက်တဲ့လူထဲမှာ 'လိပ်ပြာ' တို့ မပါဘူးလို့ပြောလိုက်... ဝေးသေးတယ်"

"ကိုယ်ခေါ်တာဆိုရင်ကော"

'လိပ်ပြာ' သည် ပြုံးတုံ့တုံ့ဖြစ်နေသော 'ကိုနေမင်း' မျက်နှာကို မယုံရဲစွာ စိုက်ကြည့်လိုက်မိပါသည်။

"လာမခေါ်ပါနဲ့... 'မမခင်' တို့ ရှိနေတာပဲ... သူတို့တွေက အပြောလည်းကောင်းတယ်... ခင်ဖို့လည်း သိပ်ကောင်းတယ်... သူတို့နဲ့ပဲ အစ်ကိုနေလိုက်ပါ"

"ကျွတ် ဒါတွေပြောမနေနဲ့... လာမှာလား မလာဘူးလား"

"မလာဘူး... တစ်ယောက်တည်းပဲ နေချင်တယ်"

"တကယ်နော်"

"ဟုတ်တယ်"

လှည့်ပြန်သွားသော 'ကိုနေမင်း' ရဲ့ ခြေသံကိုကြား လိုက်ရတာကြောင့် ရင်ထဲမှာဆွေးသွားရပါသည်။ လှည့်ပြန် သွားတာပဲ ကောင်းပါတယ်။

ခုနက ဖျတ်ကနဲလှည့်ကြည့်လိုက်စဉ် 'ကိုနေမင်း' ရဲ့ ရေစိုရွှဲနေသော အင်္ကျီအဖြူရောင်က အတွင်းသားနဲ့ ကပ်နေသဖြင့် ရင်ဘတ်မှမွေးညှင်းတွေက 'လိပ်ပြာ' ရဲ့ရင်ကို ရှိန်းဖိုလှိုက် မြသွားစေပါသည်။

ရင်တုန်မှုက အာခေါင်တွေတောင် ခြောက်သွေ့သွားသ လိုပါပဲ။ အသက်ကိုခပ်ပြင်းပြင်းရှူပြီး တိတ်တဆိတ် ချောင်း ကြည့်ဖို့ပြင်လိုက်စဉ် အနားမှာတိတ်တိတ်ကလေး ကပ်ထိုင်နေ သော 'ကိုနေမင်း' ကြောင့် အရမ်းကိုလန့်တုန်သွားခဲ့ရပါသည်။

"အံမယ်လေး လူကြီး"

"လူကြီးမဟုတ်လို့ ဘာဖြစ်ရမှာလဲ... လာ လိုက်ခဲ့"

မထင်မှတ်ဘဲ 'လိပ်ပြာ' ကိုပါ ရေထဲသို့ဆွဲချသွားခဲ့ တာဖြစ်ပါသည်။ ရေကပေါင်လည်လောက်ပဲ ရှိတာကြောင့် ကြောက်တော့ မကြောက်မိပါ။

"ဟင် အစ်ကို မကောင်းဘူး... လူကို ရေထဲဆွဲချတယ်... 'လိပ်ပြာ' မှာ ဘာအဝတ်အစားမှမပါဘူး... ရေစိုကြီးနဲ့ ဘယ်လို





လုပ်ပြီး တောင်ပေါ်အထိလိုက်ရမှာလဲ... အအေးပတ်ပြီး သေ သွားမှာပေါ့"

"ဒါတွေ ပြောမနေနဲ့... အားလုံးအဆင်ပြေစေရမယ်... ကိုယ်စီစဉ်ထားပြီးသား"

"စိတ်ညစ်တယ်... လူတွေကတော့ ပြောတော့မှာပဲ... အိုင်တင်ခံနေပြီး အလစ်ကျတော့ ကဲချင်တိုင်းကဲနေတယ်လို့... အစ်ကို ဆွဲချချင်ရင် 'မမခင်' တို့ကို သွားဆွဲချပေါ့"

"သူတို့နဲ့ ကိုယ်နဲ့က ဘာဆိုင်လို့လဲ"

"အစ်ကိုပဲ သွားတဖြီးဖြီးနဲ့ အရောဝင်နေပြီးတော့များ"

"ဒါက 'လိပ်ပြာ' ခေါ်လာတဲ့ ဧည့်သည်ဆိုပြီး အလိုက် အထိုက် ဆက်ဆံတာလေ"

"အလိုက်အထိုက်ကလည်း ပြော မပြောချင်ဘူး"

"ဘာလဲ ကိုယ့်ကို သဝန်တိုနေတာလား"

'လိပ်ပြာ' ခေါင်းကိုခါကာ မျက်နှာလွှဲလိုက်မိပါသည်။ ဒီလိုစကားမျိုး 'လိပ်ပြာ' ကို မေးစရာလား။ မဖြေသင့်တဲ့စကား မျိုးဆိုတာ 'ကိုနေမင်း' သိဖို့ကောင်းပါသည်။

ဟုတ်တယ် လို့ဖြေလိုက်ချင်ပေမယ့် ဘယ်လိုသတ္တိမျိုးနဲ့ ဖြေရဲမှာလဲ။

"မေးနေတာ ဖြေလေကွာ"

"မတိုပါဘူး... ကာယကံရှင်ကိုယ်တိုင်က သဘောကျလို့လက်ခံနေတာပဲ... အရှက်ပြေ ဘေးလူကိုလာဆွဲထည့်’ နေနဲ့"

'လိပ်ပြာ' က ကျောက်တုံးပေါ် ပြန်တက်ဖို့ ပြင်လိုက်မိပါသည်။

တခြား တောင်တက်ကားတွေလည်း တောင်ပေါ်တက်ကုန်ကြပါပြီ။

'လိပ်ပြာ' ရဲ့ လက်ကို 'ကိုနေမင်း' က ခပ်တင်းတင်းပင်ဆုပ်ကိုင်ကာ ဆွဲထားသည်။

"အစ်ကို ဘာလုပ်တာလဲ"

"မသွားစေချင်လို့ ဆွဲထားတာလေ"

"လွှတ်ပါ... ဟိုမှာ အကုန်လုံးဝိုင်းကြည့်နေကြပြီ"

"ကြည့်တော့ ဘာဖြစ်လဲ... သူတို့ကို အစ်ကိုဂရုမစိုက်ဘူး"

"အစ်ကိုနဲ့တော့ ခက်ပါတယ်... နေရင်းထိုင်ရင်း ဘယ်လိုဖြစ်နေတာလဲ"

"အဲဒီလိုဖြစ်အောင် ဘယ်သူက စိတ်ကောက်ပြနေတာလဲ"

"မသိဘူး"

"မသိလို့မရဘူး... မင်း စိတ်ထဲမှာဘာရှိနေတယ်ဆိုတာ ကိုယ်သိနေပြီ"

"လူလည်ကြီး... သူများစိတ်ထဲကို လိုက်ပြောနေတယ်... အစ်ကို့စိတ်ထဲမှာကျတော့ကော"

"မင်းလိုပဲ ဖြစ်နေတာပေါ့"

"'လိပ်ပြာ' လိုပဲ"

"ဟုတ်တယ်..."

'ကိုနေမင်း' မျက်လုံးတွေက အချစ်ရိပ်တွေ မြူးတောက်နေသလိုပါပဲ။ 'လိပ်ပြာ' ရဲ့ရင်ခုန်သံတွေက ဆူညံလို့လာရသည်။ အချစ်စိတ်ကြောင့် တောင်ကျရေတွေတောင် ပူနွေးပွက်ထလာသလိုပါပဲ။

'လိပ်ပြာ' သည် ဝမ်းသာအားရစိတ်နဲ့ စကားတွေလွှတ်ထွက်ကုန်ရသည်။

"'လိပ်ပြာ' ရင်ထဲမှာ အစ်ကို့ကို ချစ်နေတယ်ဆိုတာ အစ်ကို သိတယ်ဟုတ်လား... ဟင် မှားသွားပြီ"

ပြောပြီးတော့မှ ရှက်စိတ်နဲ့ 'လိပ်ပြာ' မျက်နှာတွေ

နီရဲသွေးကြွလာရသည်။

"သိတယ်... ကိုယ်လည်း မင်းကိုချစ်တယ်"

"မပြောနဲ့... အစ်ကို့ကို မယုံဘူး... အပိုင်လုပ်ထားတယ် ကြည့်စမ်း မိန်းကလေးဆိုပြီး အစ်ကို မငဲ့ညှာဘူး... 'လိပ်ပြာ' က အရင်စပြောရတယ်"

"ဒါတွေ ထည့်မပြောနဲ့လေကွာ... ရင်ထဲမှာချစ်ဖို့က အဓိကပဲလေ"

'လိပ်ပြာ' သည် ကိုယ့်ရင်ထဲက ခံစားချက် ပေါ်လွင်သွားတာကြောင့် ရင်ခုန်စိတ်၊ ရှက်စိတ်ဖြင့် 'ကိုနေမင်း' ကို လုံးဝ မကြည့်တော့ပါ။ ဒီ့ထက်ပိုဆိုးတာက 'ကိုနေမင်း' က သူ့အစီအစဉ်နဲ့သူ 'စိုးမိုး' ကို 'လိပ်ပြာ' အတွက် အဝတ်အစားတွေကို ဝယ်ခိုင်းထားချင်ပါပဲ။

အကုန်လုံးအဆင်ပြေပြေဖြစ်နေရင်တော့ 'လိပ်ပြာ' က ဘာပြောမှာတဲ့လဲ။

"'လိပ်ပြာ' တို့ကတော့ ကံကောင်းတယ်ဟော့... အဝတ်အစားကအစ ဝယ်ပေးမယ့်သူက အဆင်သင့်"

စိတ်ညစ်နေရတဲ့ကြားထဲ 'မမခင်' အသံကြောင့် ငိုသံကြီးနှင့် ပြန်ပြောလိုက်မိပါသည်။





"ဘာအဆင်သင့်လဲ... ဒီမှာ ကြည့်ပါဦး... ဒါကြီးကို 'လိပ်ပြာ' ဘယ်လိုဝတ်ရမှာလဲလို့"

"ဟယ်..."

'လိပ်ပြာ' လှမ်းပြလိုက်သော အတွင်းခံအော်လီကြီးက အရမ်းကိုကြီးမားသော ဆိုဒ်ကြီးဖြစ်နေပါသည်။

"'စိုးမိုး' သေချင်းဆိုး... တမင် ယုတ်မာပြီးဝယ်လာတာ... သူ့မိန်းမကျမှပဲ ဒီလောက်ဆိုဒ်ကြီး ဝတ်ခိုင်းတော့မယ်"

'ကိုနေမင်း' နဲ့ပတ်သက်ပြီး ကျေနပ်စိတ်ကတစ်ဝက်၊ အဝတ်အစားအဆင်မပြေလို့ မကျေနပ်စိတ်ကတစ်ဝက်နဲ့ ရင်ထဲမှာရှုပ်ယှက်ခတ်ပြီး ဘောင်ဘင်ခတ်နေပါတော့သည်။

## ၉

ကိုယ်ချစ်တဲ့သူဆီက ချစ်စကားကြားရလို့ ကျေနပ်မယ်လို့မှ မကြံသေး၊ ဒေါ်လေးက သူ့အိမ်ပေါ်ကနေ နှင်ချလိုက်သဖြင့် 'လိပ်ပြာ' 'မမခင်' တို့အိမ်မှာ ရောက်နေရပါသည်။ 'ကိုနေမင်း' နဲ့ အခြေအနေကို 'မမခင်' တို့ တစ်မိသားစုလုံးက ရိပ်မိနေတာကြောင့် 'လိပ်ပြာ' အတွက် ဝမ်းသာနေကြပါသည်။ ဆက်ဆံရေးကောင်းပြီး လူတကာအပေါ် အလိုက်အထိုက် ဆက်ဆံတတ်တဲ့ 'ကိုနေမင်း' ကို ပတ်သက်မိတဲ့သူတိုင်းက ချစ်ခင်ကြသည်။





'လိပ်ပြာ' သည် ဒေါ်လေး နှင်ချလိုက်လို့ ခါတိုင်းလို ဝမ်းနည်းနေတာမျိုးမရှိဘဲ အားကိုးရှိသွားသလိုပုံစံမျိုးဖြင့် မျက်နှာကလေးက မော်ကာနေမိသည်။

'လိပ်ပြာ' သိပ်ကို စိတ်ချမ်းသာနေပါသည်။ ကိုယ်ချစ်တဲ့သူနားမှာ တစ်နေ့ကုန်နီးပါ နေနေရတဲ့အချိန်တွေကို ဘယ်လိုအရာမျိုးနဲ့မှ မလဲနိုင်ပေ။

'ကိုနေမင်း' ဘက်က 'လိပ်ပြာ' ကို ချစ်တယ်လို့ပြောတာနဲ့တင် 'လိပ်ပြာ' မှာ သိန်းဆုကြီးထောင်ချိပေါက်သလို ဝမ်းသာစိတ်နဲ့ လူကရူးချင်သလိုလို ကတုန်ကရီဖြစ်ကာနေမိသည်။

ချစ်သည်။ 'နေမင်း' ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို အရူးအမူးကိုချစ်မိပါသည်။ သူ ဘယ်လောက်ချစ်သလဲဆိုတာ ကိုယ်မသိပေမယ့် ကိုယ့်အချစ်ကတော့ အရာရာကို သူ တစ်ယောက်တည်းနဲ့ ဥပေက္ခာပြုနိုင်ပါသည်ဟု သစ္စာဆိုဝံ့သည့် အထိအောင်ပါ။

မနက်မိုးလင်းလို့ မျက်လုံးနှစ်လုံး ပွင့်သည်ဆိုတာနဲ့ သူ့ဆီသွားရမယ်ဆိုတဲ့ အသိဖြင့် 'လိပ်ပြာ' ရဲ့ စိတ်တွေက မြူးဖျလာရသည်။

သူကလည်း 'လိပ်ပြာ' ရောက်လာတာကို မျှော်နေ

တတ်ပါသည်။ တခြားချစ်သူတွေလို တကူးတက ချိန်းတွေ့နေစရာမလိုတာက 'လိပ်ပြာ' ရဲ့ ကုသိုလ်ကံကောင်းမှုပါ။

ကိုယ်ချစ်တဲ့သူအနားမှာ အကြာကြီးနေရတဲ့အပြင် ချစ်သူကိုပါ အသေးစိတ် ပြုစုအဖော်လုပ်ပေးရသေးတယ်ဆိုတော့ 'လိပ်ပြာ' မှ မပျော်ရွှင်ရင် ဘယ်သူက ပျော်ရွှင်မှာတဲ့လဲ။

'လိပ်ပြာ' တစ်ယောက်တည်းတင် ပျော်ရွှင်ရတာမဟုတ်ပါ။ 'မမခင်' တို့ပါ ပျော်ရွှင်ရပါသည်။ 'ကိုနေမင်း' က အားလုံး ပျော်ရအောင်ဆိုပြီး နေ့ချင်းပြန်ခရီးတိုလေးတွေကို ခဏခဏ လိုက်ပို့ပေးတတ်ပါသည်။

'ကိုနေမင်း' တို့ကလည်း တောင်တက်ကားတွေ ထောင်ထားသေးတယ်ဆိုတော့ဘယ်ပဲသွားသွားကားအတွက် ပူပင်စရာမလိုပါ။ ဘယ်နေ့သွားမယ် ပြောလိုက်တာနဲ့တင် အားလုံးက အဆင်ပြေချောမွေ့နေပါပြီ။

ခရီးလမ်းတွေကို မျိုးစုံအစဖော် လမ်းကြောင်းရှာလာသူက 'စိုးမိုး' ပဲဖြစ်သည်။

"'ကိုနေမင်း' ကို ပြောမလို့... အခု ကလေးဘုရားဆိုတာ ပေါ်နေတယ်... စစ်တောင်းတံတားအကျော်လေးက ရွာမှာလို့ ပြောတာမဲ့... ဘုရားတည်တာ ထူးဆန်းတယ်ဗျ..."





...ဟု အစချီလိုက်တာနဲ့တင် 'ကိုနေမင်း' ကော 'လိပ်ပြာ' ပါ စိတ်ဝင်တစားနဲ့ မျက်လုံးတွေက အရောင်လက်ဖြာလာခဲ့ပြီဖြစ်သည်။

"မင်းကို ဘယ်သူပြောတာလဲ... သေကောသေချာလို့လား"

"ကားဂိတ်မှာ ဈေးရောင်းတဲ့ အဘွားကြီးတွေပြောတာ သူတို့တောင်သွားပြီးပြီတဲ့... အဲ့ဒီရွာက မိုးသိပ်ခေါင်တာတဲ့... အဲ့ဒီအချိန်မှာ နွားကျောင်းသားနှစ်ယောက်က မြေမှာ တုံးကြီးကိုကိုင်ကြည့်နေတုန်း အဖွားကြီးတစ်ယောက်ရောက်လာပြီး ဘုရားတည်မလားလို့မေးတော့ သူတို့က အင်းလို့ပြောတော့ ကျွဲတစ်ကောင်သွားရှာလို့ပြောတယ်တဲ့... အဲ့ဒါနဲ့ ကျွဲ သွားရှာတယ်... ကျွဲလည်းရောက်လာရော အဲ့ဒီရွှံ့တုံးကြီးတစ်ဝိုက်ကိုပဲ မိုးကကွက်ရွာနေတာတဲ့... ရေထိတော့ ရွှံ့တုံး ကြီးကပျော့လာတာပေါ့... အဲ့ဒါကိုကျွဲနဲ့ မွှေပြီး စေတီပုံလုပ်တယ်တဲ့... စေတီလေးနှစ်ဆူလေ... စတည်တုန်းက ကပ်ကပ်လေး... နောက်တော့ သူ့ဖါသာကွာသွားတယ်တဲ့... ကလေး ကိုးယောက်ရှိမှဖြစ်မယ်ဆိုလို့ 'အောင်ညို' ဆိုတဲ့ကိုးယောက် မြောက် ကလေးကိုခေါ်ပြီး မုန့်လက်ကောက်ခုနစ်ဆယ်နဲ့လား မသိဘူး တည်

တာတဲ့ ဘုရားတည်ရင် ဆိုင်းဝိုင်းတွေပါတွေပါရမယ်ပြောလို့ ကလေးတွေက နို့ဆီခွက်တို့ တုတ်တို့နဲ့ သူတို့ ဖါသာသူတို့ ဆိုင်းဝိုင်းပုံစံမျိုး လက်ခုပ်တွေဘာတွေတီးပြီး ဆိုတာ တစ်ဖက် ရွာမှာ စိန်အောင်မင်း ဆိုသလိုမျိုး ဆိုင်းဝိုင်း အသံကြီးကို သွာ ကြားတာတဲ့ဗျ… အံ့သြစရာ ကောင်းတယ်နော်… နို့ဆီခွက် ကန်တော့လိုလိမ်ပြီး ထိပ်မှာစွပ်ထားတာကလည်း ဆန်းတယ် တဲ့… သွားဖူးရအောင် 'ကိုနေမင်း' ”

“နေရာက ဘယ်မှာလဲ… သေချာမေးပြီးသွားပြီလား”

“အခုနာမည်တော်တော်ကြီးနေတာတဲ့… မေးလိုက်ရင် လူတိုင်း သိတယ်လို့ပြောတာပဲ”

'ကိုနေမင်း' က 'လိပ်ပြာ' ကို မေးဆတ်ကာမေးသည်

“ 'ကိုမင်း' သဘောလေ… 'လိပ်ပြာ' ကတော့ 'ကိုမင်း' ဘယ်ကိုပဲသွားသွား လိုက်မှာပဲ”

“အံမယ်လေး ပိုလိုက်တာ”

'စိုးမိုး' ရဲ့လေသံက အမြင်ကတ်သလို ထွက်လာခဲ့သည်

“ 'စိုးမိုး' နော်… နင် သွားချင်ရင် ပါးစပ်ပိတ်ထား… ငါ စိတ်ဆိုးရင် မသွားဘဲနေလိုက်မှာ… 'ကိုမင်း' က ငါမပါရင် နင်ဘယ်လောက်ပဲဆွယ်ဆွယ် သွားမှာကိုမဟုတ်ဘူး”





“ 'ကိုနေမင်း' 'လိပ်ပြာ' ပြောတာ ဟုတ်လား”

'လိပ်ပြာ' ရဲ့ မျက်လုံးလေးက 'ကိုနေမင်း' ခေါင်းခါလိုက်မှာစိုးပြီး ပြူးကျယ်နေပါသည်။

“ဟုတ်တယ်… သူ့သဘောပဲ”

ဟု ဆိုလိုက်မှ သက်ပြင်းချပြီး ပြုံးနိုင်ပါတော့သည်။

အားလုံးစီစဉ်တိုင်ပင်ပြီး ကိုယ့်လူတွေနဲ့ပဲ အုပ်စုဖွဲ့ကာ မနက် ခပ်စောစောပဲ ထွက်လာဖြစ်ကြပါသည်။ ပြောတုန်းက စစ်တောင်းတံတားအကျော်က ရွာဆိုပြီးလာခဲ့လိုက်တာ သွားရင်းသွားရင်းနဲ့ ပဲခူးအထိရောက်လာခဲ့ကြသည်။

“ဟာ 'စိုးမိုး'… မင်း ဥစ္စာဘယ်တော့မှရောက်မှာလဲ… ပြောတော့ဖြင့် နီးနီးလေးဆို… ခု လာရတဲ့ခရီးကိုလည်း ကြည့်ပါဦး… ပဲခူးတောင်ကျော်လာပြီး ခုထက်ထိ လမ်းစကိုသေချာ မတွေ့ရသေးဘူး”

“သနပ်ပင်လမ်းခွဲကို ဆက်သွားရမယ်တဲ့… အဲ့ဒီနားဆို ရောက်ကာနီးပြီလို့ ပြောတာပဲ… ”

“ကဲ သွားကွာ”

သနပ်ပင်လမ်းခွဲအကျော်လေးမှာတော့ ကလေးဘုရားသို့ဆိုတဲ့ ဆိုင်းဘုတ်ကိုတွေ့လိုက်ရတာကြောင့် အားလုံးပျော်

ရွှင်သွားရပါသည်။ မျှော်မှန်းထားတဲ့ ဦးတည်ချက်ကို ရောက်ကာနီးပြီလို့ ထင်လိုက်ကြတာကိုး။

လာရင်းလာရင်းနဲ့ ရွာတွေကို တစ်ရွာပြီးတစ်ရွာ ဖြတ်မောင်းလာခဲ့ရသည်။ မိုးတွင်းဆို ရေလမ်းကြောင်းလားမပြောတတ်။ နွေရာသီမှာတော့ တကယ့်ကိုဖုန်လမ်းကြီးဖြစ်နေပါသည်။

တောင်တက်ကားဆိုတော့ အမိုးမပါ၊ ဘေးအကာမပါနဲ့ဆိုတော့ ဖုန်တွေက အလုံးလိုက်အလုံးလိုက် ပါးစပ်ထဲတွေအထိကို ဝင်ရောက်နှိပ်စက်ကြပါတော့သည်။

ရှိသမျှလူအကုန်လုံးရဲ့ ဆံပင်တွေက ဖွေးဖွေးလှုပ်နေသည်။ နောက်ဆုံးက ပစ္စည်းတွေထည့်တဲ့ သံလေးထောင့်ခြင်းကြီးထဲမှာ လိုက်ပါလာတဲ့ စပယ်ယာကောင်လေးဆို မျက်လုံးနှစ်လုံးပဲ မြင်ရပါတော့သည်။

ကားလမ်းက မြေလမ်းဆိုတော့ ဂျိုင့်တွေနင်းမိတိုင်းအားလုံး အသံထွက်အောင် အော်ဟစ်မိကြသည်။ ပင်ပန်းပေမယ့် ရသမျှလူကို နောက်ပြောင်နေတာကြောင့် ပါးစပ်စေ့လို့ပင်မရအောင် တဟားဟားဖြစ်နေရပါသည်။

ဒီလောက် ရယ်နေရတဲ့ကြားထဲ ပိုပြီး ဝက်ဝက်ကွဲရယ်





ရမယ့် အဖြစ်ကို 'လိပ်ပြာ' ကဖန်တီးလိုက်ပါသည်။ တမင်တကာလုပ်တာတော့လည်း မဟုတ်ပါ။

'လိပ်ပြာ' တကယ့်ကို မသိလိုက်လို့ပါ။ 'လိပ်ပြာ' ရဲ့ စူးစမ်းမှုစိတ်ဝင်စားမှုက 'ကိုနေမင်း' တစ်ယောက်တည်းဆီမှာသာ ဖြစ်နေတာဆိုတော့လည်း ဘေးသူစိမ်းတစ်ယောက်ကို သတိမထားမိတာ အပြစ်တော့မဟုတ်ခဲ့ပါ။

လယ်ကွင်းထဲမှာ လမ်းကြောင်းရှာပြီး မောင်းနေတဲ့ကားက တစ်ချက်မှာ ကုန်းလေးတစ်ခုကို အရှိန်ဖြင့်ဖြတ်ကျော်မောင်းလိုက်သဖြင့် ရှိသမျှလူအကုန်လုံး မြောက်တက်သွားကြပါသည်။

"အောင်မယ်လေး သေပါပြီ"

"Heart ထိတယ်ဗျို့... Heart ထိတယ်"

'စိုးမိုး' ရဲ့အသံက တကယ့်ကို မချိမဆံ့ကြီးထွက်လာပါသည်။ 'စိုးမိုး' စကားကို 'ကိုနေမင်း' က သဘောတကျကို ရယ်မောနေပါသည်။

"ဟာ လုပ်ပါဦးကွ"

'လိပ်ပြာ' တို့နောက်နားကနေ ပေါ်ထွက်လာတဲ့အသံကြောင့် အလန့်တကြား လှည့်ကြည့်လိုက်တဲ့အခါမှာ စပယ်

ယာကောင်လေးက သတိလစ်နေပြီဖြစ်သည်။

သူ ရပ်နေတဲ့နေရာကနေ အရှိန်ဖြင့် မြှောက်တက်ပြီး 'လိပ်ပြာ' တို့ ထိုင်နေတဲ့နေရာအထိကို ကျော်ကျလာခဲ့တာဖြစ်သည်။ ကားဘီး အပိုသံခွေကြီးနဲ့ ခေါင်းနဲ့ရိုက်မိသွားသည်နှင့်တူပါသည်။ လူက ပက်လက်ကြီးနဲ့ တောင့်တောင့်ကြီး သတိလစ်နေပါသည်။

"လုပ်ဦး လုပ်ဦး... ရှုဆေးလေးဘာလေး မပါကြဘူးလား"

"ပါတယ် ပါတယ်"

"နားရွက်ကို လိမ်ဆွဲလိုက်လေ"

"ခြေမကို ချိုးပစ်"

"ဆံပင်ကိုသာ နာနာဆောင့်ဆွဲလိုက်"

အားလုံးက စိုးရိမ်တကြီးဖြင့် သတိပြန်ရလာအောင်လို့ နည်းမျိုးစုံနဲ့ အကြံဉာဏ်တွေ ပေးနေကြပါသည်။ 'စိုးမိုး' က စိုးရိမ်တကြီးဖြင့် ရှုဆေးဘူးကြီးကို နှာခေါင်းထဲလိမ်သွင်းထိုးထည့်နေလေသည်။

'စိုးမိုး' လုပ်လိုက်တဲ့ အရှိန်က ဘယ်လောက်တောင် ပြင်းထန်သည် မသိ။





သတိလစ်နေတဲ့သူတောင် ချက်ချင်း လူးလဲထလာသည်အထိပါ။

"'ကိုမင်း' မျက်ခွံက သွေးတွေထွက်လာတယ်... ကွဲသွားတာလား မသိဘူး"

"အင်း အင်း"

'ကိုနေမင်း' က ပလာစတာတစ်ခုကို သူ့ပိုက်ဆံအိတ်သေးသေးလေးထဲကနေ ထုတ်လိုက်ကာ မျက်ခွံမှာကပ်ပေးလိုက်လေသည်။

"ညီလေး ဘယ်လိုလဲ... ဘာဖြစ်နေလဲ"

"ခေါင်းနည်းနည်းမူးနေတယ်... ပြီးတော့ နှာခေါင်းကလည်း နာနေတယ်"

'လိပ်ပြာ' တင်မက အားလုံးပြိုင်တူနီးပါ ပြုံးဖြစ်ကြပါသည်။ 'စိုးမိုး' လက်ချက်နဲ့ နှာခေါင်းတစ်ဖက်က သိသိသာသာကြီးကို ကျယ်ထွက်နေတာ မဟုတ်လား။

ဘယ်လောက်တောင် အားနဲ့ ထိုးထည့်လိုက်သည် မသိပါ။

"ကျွန်တော် ထတော့မယ်"

"ရရဲ့လားကွ... အားမနာနဲ့... လှဲနေလို့ရတယ်နော်"

'ကိုနေမင်း' ပေါင်ပေါ်မှာ လှဲသိပ်ထားတာဖြစ်ပါသည်။

"ရတယ် ရတယ်"

မြန်းကနဲ ထလိုက်တဲ့အချိန်မှာ ဘေးတစောင်း ကြည့်နေတဲ့ 'လိပ်ပြာ' ရဲ့ မျက်လုံးတည့်တည့်ထဲကို အမြင်ဆန်းတဲ့ဘုကြီးတစ်ဘုက ဝင်ရောက်လို့လာရပါသည်။

နည်းတဲ့ဘုသီးကြီး မဟုတ်။ 'လိပ်ပြာ' ရဲ့ လက်သီးဆုပ်ထက်ကို အတော်ကြီးမားနေပါသေးသည်။ 'လိပ်ပြာ' ရဲ့ အတွေးထဲမှာက မာကြောတဲ့အရာတစ်ခုခုနဲ့ ဆောင့်မိပြီးရောင်ရမ်းကာ ဘုသီးကြီး ထွက်လာသည်ဟု ထင်မိလိုက်တာပါ။

ဦးနှောက်ကြီးများ ရောင်ရမ်းပြီး ဖုထွက်လာသည်လား မပြောတတ်ပါ။ ကြောက်လည်းကြောက် တစ်ဖက်သားအတွက်လည်း အရမ်းကို ပူပင်မိသွားရပါသည်။

လှည့်ကြည့်နေတဲ့သူတွေအားလုံးကတော့ 'လိပ်ပြာ' လိုတွေးမပူကြဘူးလား မသိ။ စိုးရိမ်မကင်းတဲ့ ပုံစံတွေလောက်နဲ့ပဲ ကြည့်နေကြပါသည်။

" 'ကိုမင်း' 'ကိုမင်း'... ဟိုမှာ ကြည့်ပါဦး... နည်းတာကြီး မဟုတ်ဘူး"





"ဘာလဲ"

'လိပ်ပြာ' သည် စိုးရိမ်စိတ်ဖြင့် ပါလာတဲ့ ပုဝါစကိုလုံးခြေပြီး အာငွေ့ပေးကာ ဘုသီးကြီးကို အားနဲ့ဖိချေထိုးချပစ်လိုက်ပါသည်။ အထိုးခံရတဲ့သူက ဆတ်ကနဲနေအောင် ရုန်းပစ်လိုက်လေသည်။

"အစ်မ ဘာလုပ်တာလဲ"

"ငြိမ်ငြိမ်နေစမ်းပါ... နင့် အတွက်လုပ်ပေးနေတာ"

"ဟာ 'လိပ်ပြာ' "

'ကိုနေမင်း' ကလည်း ထိတ်လန့်တကြား အော်လိုက်ပါသည်။ ခုမှပဲ လန့်တတ်သလား။ စောစောတည်းက မျက်လုံးတွေက မြင်လိုက်ကြပါတော့လား။

'လိပ်ပြာ' သည် ရုန်းကန်နေတဲ့သူကို နည်းနည်းကလေးမှ ဂရုမစိုက်ဘဲ ဝေဒနာသက်သာစေချင်တဲ့စိတ်ဖြင့် ဘုသီးကြီးအား အတင်းကာရောကို ဖိဖိပြီး ထိုးနေမိပါသည်။

"ဟား ဟား ဟား"

"အဟီး ဟီး ဟီး"

" 'လိပ်ပြာ' ရေ ဘာတွေလုပ်နေတာလဲ ဟ"

တစ်ယောက်တစ်ပေါက် ရယ်သံတွေဖြင့် အော်ဟစ်နေ

တာကြောင့် 'လိပ်ပြာ' မှာကြောင်ပြီး အားလုံးကိုကြည့်လိုက်မိပါသည်။ 'ကိုနေမင်း' ကို အဖြေတောင်းသလို ကြည့်မိတော့လည်း ရယ်ချင်သလို ပြုံးနေလေသည်။

"ဘာလဲ ဘာလဲ... ဘာလို့ ရယ်နေကြတာလဲ"

'လိပ်ပြာ' မေးတာကို မဖြေကြဘဲ သေတော့မတတ် ရယ်နေကြပါသည်။

"'ကိုမင်း' 'လိပ်ပြာ' မေးတာကို ဖြေဦးလေ... ဘာဖြစ်လို့ ရယ်နေကြတာလဲလို့... ဒီက စေတနာနဲ့ လုပ်ပေးတာလေ... အဲ့ဒါကို ရယ်နေကြတာ ဘာလို့လဲလို့ဆို"

'လိပ်ပြာ' သည် ဘုသီးကြီးကိုကြည့်လိုက် ရယ်မောနေတဲ့သူကို ကြည့်လိုက်ဖြင့် အူကြောင်ကြောင်ဖြစ်ကာ နေရသည်။

"မင်းက ရယ်စရာဖြစ်အောင် လုပ်တာကိုး... အဲ့ဒီဘုကြီးက ဆောင့်မိလို့ ထွက်လာရတာမှမဟုတ်ဘဲ... စကတည်းက ရှိနေတာ အားလုံးလည်း မြင်ကြတယ်... မွေးကတည်းက ပါလာတဲ့ အသားပို ဘုသီးကြီးလေ"

"ဘာ အသားပိုကြီး"

"ဟုတ်တယ်... သူများ အသားပိုဘုကြီးကို မင်းက ဖြတ်ကနဲ ဖြတ်ကနဲ ဖိထိုးနေတော့ အထိုးခံရတဲ့သူလည်းနာ... ဘေး





လူတွေလည်း ရယ်စရာဖြစ်နေတာပေါ့"

"ကြည့်စမ်း... ရှက်စရာကောင်းလိုက်တာ... 'လိပ်ပြာ' မှ မသိဘဲ... 'ကိုမင်း' က သိရင် စောစောတည်းက ပြောလိုက်ပါလားလို့"

"ပြောချိန်တောင်ရလို့လား... မင်းဖါသာ စွတ်လုပ်နေပြီးတော့"

'လိပ်ပြာ' သည် ရှက်စိတ်ဖြင့် 'ကိုနေမင်း' ရဲ့ လက်မောင်းကို ထုထုနေမိသည်။ ရယ်စရာမောစရာ စိတ်တိုစရာတွေနဲ့ပဲ ကလေးဘုရားသို့ ရောက်လာကြပါတော့သည်။

ဘုရားနှစ်ဆူလေးကို ဌာပနာပြီး စေတီနှစ်ဆူတည်နေပါသည်။ 'လိပ်ပြာ' တို့ရောက်တဲ့နေမှာပဲ စေတီအကြီးလေးက မြေသားကနေ ကြွတက်လာသည်ဟု ပြောပြကြသည်။ စေတီလေးအောက်ကနေ ရွှေထွက်လာသည်ဟုလည်း ပြောကြပါသည်။

ဟိုး လယ်ခေါင်ခေါင် ကွင်းပြင်ကြီးမှာ မထင်မှတ်လောက်အောင် ကားတွေ၊ ဈေးဆိုင်ခန်းတွေ၊ စားသောက်ဆိုင်ခန်းတွေနဲ့ စည်ကားပြီး ပြည့်နေလေသည်။

လာရတာဝေးလို့ ပင်ပန်းပေမယ့် ထူးထူးခြားခြား ဖြစ်

စဥ်နဲ့ စေတီလေးနှစ်ဆူကို ဖူးလိုက်ရသဖြင့် အားလုံးရင်ထဲမှာ စိတ်ချမ်းသာနေကြပါသည်။

" 'လိပ်ပြာ' က ဘာဆုတောင်းလဲ"

ဟု 'ကိုနေမင်း' က မေးလာတော့ ရင်ထဲရှိတိုင်းအတိုင်း ပြောပြလိုက်မိပါသည်။

"စိတ်ထဲမှာ ဖြစ်ချင်တာကို ဆုတောင်းတာပေါ့ 'ကိုမင်း' ရဲ့"

"ဘာဖြစ်ချင်နေတာလဲ"

" 'ကိုမင်း' နဲ့ တစ်သက်လုံး မခွဲဘဲ ချစ်ပြီးအတူတူနေရပါလို၏ပေါ့"

"တခြား ချမ်းသာဖို့ ကြီးပွားဖို့တို့ ဘာတို့ ကော မပါဘူးလား"

"မပါဘူး... လူချမ်းသာပြီး စိတ်မချမ်းသာတော့ကော ဘာလုပ် ရမှာလဲ... 'လိပ်ပြာ' စည်းစိမ်ဥစ္စာ မချမ်းသာချင်ပါဘူး 'ကိုမင်း' ရယ် 'ကိုမင်း' နဲ့ အတူတူ တစ်သက်လုံး နေသွားရရင်ပဲ ကျေနပ်ပါတယ်"

"ကိုယ့်ကို တကယ်ချစ်လို့လား"

"ပါးစပ်နဲ့ မပြောချင်ဘူး... လက်တွေ့ပဲ သက်သေပြချင်





တယ်"

'နေမင်း' ရင်မောသွားရပါသည်။ သူ့အပေါ် 'လိပ်ပြာ' ဘက်က အသည်းအသန် သံယောဇဥ်တွယ်လေ၊ သူ ပိုပြီး စိတ်မောလူမောဖြစ်သွားရလေပါပဲ။

'လိပ်ပြာ' ကို သူ ချစ်မိသွားတာ မှားတယ်လို့ မပြောချင်တော့ပါဘူး။ ဒါပေမဲ့ တတ်နိုင်သလောက်တော့ သူ့စိတ်သူ ထိန်းချုပ်ထားဖို့ သင့်သည်ဟု ထင်မိပါသည်။

ဘွားဘွား ရှိနေသေးသရွေ့တော့ 'လိပ်ပြာ' နဲ့ ကိစ္စကို ဘယ်လိုနည်းနဲ့မှ သဘောတူနိုင်မယ်မထင်ချေ။ ဘွားဘွား ရဲ့ စိတ်ဓါတ်ကို သူ သိနေပါသည်။

သူတို့ မိသားစု အသိုင်းအဝိုင်းကြားမှာ 'လိပ်ပြာ' တစ်ယောက် မြေဇာမြက်ဖြစ်သွားရင် ဒုက္ခပါပဲ။ 'လိပ်ပြာ' နဲ့ လည်း သူ မခွဲချင်ပါ။ 'လင်္ကာ' တုန်းက တိကနဲပြတ်နိုင်တဲ့စိတ်က 'လိပ်ပြာ' နဲ့ ကျတော့ မပြတ်နိုင်ဘူးဆိုတာ သူ ကိုယ်တိုင်ပဲသိပါသည်။

'လိပ်ပြာ' သာအနားမှာ ရှိနေရင် သူ့ဘဝတစ်ခုလုံး ပြည့်စုံသလိုကို ဖြစ်နေတာ သူ ကိုယ်တိုင်ပဲ ခံစားလို့ရသည်။ 'စိုးမိုး' ကတော့ သတိပေးပါသည်။

" 'ကိုနေမင်း' 'လိပ်ပြာ' ကို ခွဲနိုင်သေးတယ်ဆိုရင် ခုချိန်မှာ ရန်ကုန်ကို ပြန်သာချသွားလိုက်… နောက်ပိုင်းကိစ္စတွေ ကျွန်တော် ကြည့်ရှင်းထားလိုက်မယ်… ရေရှည်ကိုစဉ်းစားလိုက်ရင် ဘယ်လိုမှ ဖြစ်မှာကိုမဟုတ်ဘူးနော်"

"ငါ အပျော်ချစ်ခဲ့တာ မဟုတ်ဘူး 'စိုးမိုး' "

"သိပါတယ်… ဒါပေမဲ့ ရင်မောရမယ့် ဒဏ်တွေကို 'ကိုနေမင်း' ခံနိုင်မလား… ဘကြီး ပုံစံကလည်း အရင်လိုသိပ်ပြီး ကြည်လင်တာ မဟုတ်တော့ဘူး… 'လိပ်ပြာ' ကိုတောင် အိမ်လာတာ သိပ်မကြိုက်တော့သလိုပဲ"

"အင်း… ဒါပေမဲ့ ဘယ်လိုလုပ်ပြီး 'လိပ်ပြာ' ကို မလာနဲ့လို့ ငါ့ပါးစပ်က ဖွင့်ပြောရက်မလဲ"

" 'ကိုနေမင်း' မပြောရဲရင် ကျွန်တော် ပြောလိုက်ရမလား"

"မပြောပါနဲ့ကွာ… ငါ့ကြောင့် သူ အိမ်ပေါ်ကနေတောင် ဆင်းပြီး သူများအိမ်မှာကပ်နေရတာပါ… သူ့ကို ငါသနားတယ်…ဘွားဘွား သိသွားတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ… ငါ့ဘဝအတွက် ငါ ချစ်နိုင်တဲ့သူကိုပဲ ရွေးချယ်တာ မှန်ကန်တယ်လို့ထင်တယ်"

သူ တကယ်ပဲ နောက်ဆုတ်ဖို့ စိတ်မကူးခဲ့ပါ။ လူတစ်





ယောက်အပေါ် သနားတဲ့စိတ်က အချစ်မှာပိုပြီး ခိုင်မြဲစေသလား မပြောတတ်ပါ။

"ဘာတွေ စဉ်းစားပြီး သက်ပြင်းတွေချနေတာလဲ 'ကိုမင်း' ရယ်"

"ကိုယ် ရန်ကုန်ပြန်သွားရင် 'လိပ်ပြာ' ဘယ်လိုဖြစ်မလဲ သိချင်လို့ပါ"

'လိပ်ပြာ' ရဲ့ မျက်လုံးက ချက်ချင်းကို ပြူးကျယ်ဝိုင်းစက်သွားလေသည်။

"ဟင် 'ကိုမင်း' ရန်ကုန်ပြန်တော့မယ်"

"ပြန်ရင်ပြောတာပါ"

"ဟင့်အင်း မပြောနဲ့… 'လိပ်ပြာ' 'ကိုမင်း' နဲ့ မခွဲနိုင်ဘူး… တကယ်လို့ 'ကိုမင်း' ရန်ကုန်ပြန်သွားရင်လည်း 'လိပ်ပြာ' ရန်ကုန်ကို မရောက်ရောက်အောင် လိုက်လာခဲ့မှာပဲ"

"ကိုယ်တို့မှ အတူတူနေလို့မရသေးတာ"

"သိပါတယ်… 'လိပ်ပြာ' ဖါသာ နေစရာရှာမယ် အလုပ်ရှာမယ် ပြီးတော့ 'ကိုမင်း' နဲ့ ချိန်းတွေ့မှာပေါ့"

"မင်း တစ်ယောက်တည်းနဲ့ ရန်ကုန်မြို့ကြီးမှာ ဘယ်သူ့ကို သွားအားကိုးမှာလဲ"

" 'လိပ်ပြာ' ရဲ့ဘဝကို အလင်းခွန်အားတွေပေးမယ့် 'နေမင်း' ဆိုတဲ့လူ တစ်ယောက်လုံးရှိနေတယ်လေ... သူ့မျက်နှာကို မှန်းဆပြီး 'လိပ်ပြာ' ကြိုးစားမှာပေါ့... 'လိပ်ပြာ' အတွက် 'ကိုမင်း' ဘာအပူမှ ယူစရာမလိုပါဘူး... 'လိပ်ပြာ' လည်း ဘာအတွက်နဲ့မှ 'ကိုမင်း' ကို အကူအညီမတောင်းဘူး..."

"ကိုယ်က မကူညီချင်လို့ ပြောနေတာမဟုတ်ဘူးလေ"

"သိပါတယ်... 'လိပ်ပြာ' ဘက်ကလည်း 'ကိုမင်း' နဲ့ ပတ်သက်ရင် ကူညီလိုက်ချင်တာပဲ ရှိတယ်... ကိုယ်ချစ်ရတဲ့သူကို 'လိပ်ပြာ' ဘက်ကပဲပေးဆပ်ချင်တယ်... ရယူတာမျိုးမဖြစ်ချင်ဘူး"

" 'လိပ်ပြာ' ရယ်"

မျက်ရည်တွေ ရစ်ဝဲနေသော 'လိပ်ပြာ' ကို သနားတဲ့စိတ်ဖြင့် 'နေမင်း' လက်ကိုခပ်တင်းတင်း ဆုပ်ကိုင်ဖြစ်ညှစ်လိုက်မိပါသည်။ ဘေးလူတွေရှိနေတာကြောင့်လည်း ရင်ခွင်ထဲဆွဲသွင်းကာ နှစ်သိမ့်လိုက်လို့ မဖြစ်နိုင်ပါ။

" 'လိပ်ပြာ' ကို 'ကိုမင်း' ကတိတစ်ခုပေးနိုင်မလားဟင်"

"ပြောလေ"

" 'လိပ်ပြာ' ကလွဲပြီး နောက်ထပ် ဘယ်သူ့ကိုမှ မချစ်





တော့ပါဘူးဆိုတဲ့ ကတိ"

"အင်း ပေးတယ် ပေးတယ်... 'လိပ်ပြာ' ဘက်ကလည်း ကတိပြန်ပေးရမယ်"

"ပေးမှာပေါ့"

"ကိုယ်နဲ့ပတ်သက်ပြီး ဘယ်လောက်ပဲ အခက်အခဲတွေတွေ့တွေ့ နောက်မဆုတ်ပါဘူး စိတ်ဓါတ်မကျပါဘူး အချစ်လျော့မသွားပါဘူးဆိုတဲ့ ကတိ"

"တစ်သက်လုံး 'ကိုမင်း' ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူးလို့ပြောပြီးနေမှတော့ 'ကိုမင်း' တောင်းတဲ့ကတိတွေက 'လိပ်ပြာ' အတွက် တကယ့်ကိုအသေးအဖွဲလေးတွေပါ... အချစ်က ခွန်အားနဲ့သတ္တိတွေကို ဖြစ်စေတယ်လေ"

'လိပ်ပြာ' ရဲ့စကားကိုနားထောင်ပြီး 'နေမင်း' ရင်ထဲမှာလည်း အားအင်တွေ ပိုပြီးရှိလာခဲ့ပါသည်။

## ၁၀

'နေမင်း' စိတ်ထဲမှာ လာကာစတုန်းက ပျင်းစရာကောင်းလှသည်ဟု တွေးထင်မိထားတဲ့ ဒီကျိုက်ထိုမြို့က ခုတော့လည်း တကယ့်ကို ရင်ခုန်ပျော်မြူးစရာတွေဖြင့် ကြည်နူးစရာကောင်းလှသော မြို့ကလေးတစ်မြို့ ဖြစ်လို့နေခဲ့ရလေသည်။

ရန်ကုန်မြို့ကြီးလို လည်စရာပတ်စရာ မပေါများလှပေမယ့် 'နေမင်း' နဲ့ 'လိပ်ပြာ' အဖို့မှာတော့ ရှိသမျှနေရာကလေးကိုပဲ ထပ်ခါတလဲလဲသွားနေရတာသည် အရသာတစ်ခုလိုဖြစ်





ကာနေသည်။

ညဘက်ဆို နေရှင်နယ်မှာ အခွေငှားမယ်အကြောင်းပြကာ 'လိပ်ပြာ' ဆီရောက်အောင်လာမိပါသည်။ ပြီးတော့ နှစ်ယောက်သား နေဇာလွင် မှာ လက်ဘက်ရည်သောက်ရင်သောက်၊ မသောက်ရင် နေဇာလင်း မှာ အအေးသောက်ဖြစ်ကြသည်။

သွားတာလာတာများသဖြင့် 'နေမင်း' တို့စုံတွဲကို သတိမထားမိတဲ့သူဆိုတာ မရှိသလောက်ပါပဲ။

" 'လိပ်ပြာ' ပြန်တော့လေ... ကိုယ့်ကိုလိုက်ပို့မနေနဲ့တော့... ပြန်ရင် တစ်ယောက်တည်းဖြစ်နေလိမ့်မယ်"

"အိတ်ချိန်းရုံးနားလောက်အထိတော့ လိုက်ပို့မယ်လေ... ပြီးမှပြန်မယ်"

အထက (၁) ကျောင်းရှေ့နားက မိဘမေတ္တာစတိုးဆိုင်နားရောက်တော့ 'လိပ်ပြာ' ရဲ့ မျက်နှာက ပျက်ယွင်းသွားလေသည်။

"ဟိုမှာ ဒေါ်လေး ကြည့်နေတယ်... ဒုက္ခပါပဲ... ဒီကိုလျှောက်လာနေပြီ... ဘာပြဿနာရှာဦးမလဲ မသိဘူး"

ဟု ပြောတော့ 'နေမင်း' လှမ်းကြည့်လိုက်မိပါသည်။

'လိပ်ပြာ' ရဲ့ ဒေါ်လေးပုံစံက ချိုသာပြုံးရွှင်နေပါသည်။ ပြဿနာရှာမယ့်ပုံတော့ မမြင်ပါ။

" 'လိပ်ပြာ' ဘယ်သွားမလို့လဲ... "

" 'ကိုနေမင်း' ကို ပြန်လိုက်ပို့မလို့ပါ"

ဒေါ်လေးက ချိုသာသောအပြုံးဖြင့် 'နေမင်း' အား မျက်လုံးလှန်ကာအကဲခတ်သလို ကြည့်သည်။

"ညည်းလည်း အိမ်မှာပြန်လာနေလေ... သူစိမ်းအိမ်မှာ ရက်ရှည်ကြီးနေလို့ ဘယ်ကောင်းမလဲ... အလိုက်သိမှပေါ့"

" 'မမခင်' တို့က ဘာမှမပြောပါဘူး"

"မပြောပေမယ့်အလိုက်သိရမှာပေါ့ အဒေါ်တစ်ယောက်လုံးရှိနေရဲ့နဲ့ တခြားသူစိမ်းအိမ်မှာ သွားနေတာကတော့ ဘယ်ကောင်းပါ့မလဲ"

"ဟုတ်ကဲ့"

"ဒါနဲ့ ဒေါ်လေးကို တစ်ခုကူညီစမ်းပါကွယ်... ဆိုင်ကထွက်ပေးမယ့်လူမရှိလို့ အရင်းပြုတ်သွားပြီ... အဲ့ဒါ တခြားစီးပွားရေးလေး တစ်ခုခုလုပ်မလို့ ငွေတစ်သောင်းလောက်ရှိရင် ခဏလှည့်ပေးထားစမ်းပါ"

"အို 'လိပ်ပြာ' မှာ ဘယ်ရှိမှာလဲ"





"မရှိရင် ရှိတဲ့သူဆီမှာ ခဏတောင်းပေးလေဟာ... သိပ်မကြာပါဘူး... အဆင်ပြေတာနဲ့ ပြန်ပေးမှာပေါ့"

ဒေါ်လေး ရဲ့ မျက်လုံးတွေက 'ကိုနေမင်း' ဆီမှာသာ ဦးတည်ပြီး ရှိနေတာကြောင့် 'လိပ်ပြာ' အရမ်းကို ရှက်သွားခဲ့ရပါသည်။ ဒေါ်လေး တမင် အနိုင်နဲ့ပိုင်ပြီး 'ကိုနေမင်း' ရှေ့မှာ အရှက်မရှိလာပြောလိုက်တာပေါ့လေ။

"ဟင့်အင်း... ဘယ်သူ့ဆီကမှ 'လိပ်ပြာ' မတောင်းချင်ဘူး"

"ညည်း တကယ်ပဲ မကူညီချင်ဘူးလား"

'ကိုနေမင်း' ရဲ့ ကြားထဲက ရင်မောလာသလို သက်ပြင်းချသံကို 'လိပ်ပြာ' ကြားလိုက်ရပါသည်။

"ကိုယ် ပေးလိုက်ပါ့မယ် 'လိပ်ပြာ' ရယ်... ကိုယ့်အဒေါ်မှာ အခက်အခဲဖြစ်နေတာပဲဥစ္စာ... မတတ်နိုင်တာဆိုရင်လည်းထားတော့ ခု တတ်နိုင်တဲ့ကိစ္စဆိုတော့ ကိုယ်ပဲကူညီလိုက်ပါ့မယ်... 'လိပ်ပြာ' စိတ်ထဲမှာ ကိုယ့်ကိုဘာမှအားနာနေစရာ မလိုဘူး"

"ဟင့်အင်း ရတယ် 'ကိုမင်း'... မပေးပါနဲ့"

မပေးပါနဲ့ပြောပေမယ့်လည်း 'ကိုမင်း' က ပိုက်ဆံတစ်

ထပ်ကို ဒေါ်လေး လက်ထဲသို့ ထည့်ပေးနေပြီဖြစ်သည်။

"ကျေးဇူးတင်ပါတယ်... နောက် 'လိပ်ပြာ' နဲ့အတူ ဒေါ်လေး အိမ်ကိုလိုက်ခဲ့နော်... မင်းကို ထမင်းဖိတ်ကျွေးဦးမယ် သိလား"

"ရပါတယ်ခင်ဗျ... ကျေးဇူးတင်ပါတယ်"

လက်ထဲပိုက်ဆံရောက်တာနဲ့ ဒေါ်လေးက လျှင်မြန်စွာ ထွက်သွားပါတော့သည်။ 'လိပ်ပြာ' သည် ဒေါ်လေး ရဲ့လုပ်ရပ်ကြောင့် ရင်ထဲမှာ တနုံ့နုံ့နေအောင် ရှက်နေရကာ မျက်ရည်က ဝဲတက်လာခဲ့ရသည်။ 'ကိုမင်း' နဲ့ပတ်သက်ရင် 'လိပ်ပြာ' ဘက်ကသာ ပေးဆပ်ချင်တယ်လို့ ပြောထားခဲ့တဲ့ စကားတွေက ခုတော့ အလကားဖြစ်ကုန်ရပြီ။

'လိပ်ပြာ' ရဲ့ ခြေလှမ်းတွေက လုံးဝကို ရှေ့တိုးလို့မရတော့ပါ။

"ဘာဖြစ်တာလဲ 'လိပ်ပြာ' ရယ်... ကိုယ်နဲ့မင်းနဲ့ကြားထဲမှာ အားနာစရာတို့ဘာတို့ဆိုတာရှိသေးလို့လား ဘာမဟုတ်တဲ့ကိစ္စလေးကို ခေါင်းထဲမှာထည့်မနေစမ်းပါနဲ့"

"ဟင့်အင်း ဒေါ်လေး တမင် 'လိပ်ပြာ' ကို အရှက်ခွဲလိုက်တာ"





"ဒီလိုမတွေးနဲ့လေ... ခု ဒေါ်လေးက 'လိပ်ပြာ' ကိုအိမ်မှာပြန်လာနေဖို့ခေါ်နေပြီ မဟုတ်လား... အားလုံးပြန်အဆင်ပြေနေတာ ဘယ်လောက် ဝမ်းသာဖို့ကောင်းသလဲ"

တဖြည်းဖြည်းချင်း လျှောက်လာလိုက်တာ နှစ်ယောက်သား အိတ်ချိန်းရုံးကိုကျော်လို့ ရွှေဘုံသာဘုရားနားအထိကို ရောက်လာခဲ့ပါသည်။

"ကဲ ဒီပုံစံနဲ့ဆို ကိုယ် ဘယ်လိုပြန်ရမလဲ... ပြန်ကာနီးအချိန်တိုင်း စိတ်ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ပြန်ချင်တယ်ကွာ... မင်းက ငိုတော့မလိုလုပ်နေရင် ကိုယ် ဘယ်စိတ်ကောင်းပါ့မလဲ"

"'လိပ်ပြာ' 'ကိုမင်း' ရဲ့ ပိုက်ဆံကို ပြန်ပေးမယ်"

"တွေ့လား... အဲ့ဒီလို စကားမျိုးပြောတာ ကိုယ့်ကိုစော်ကားတာနဲ့အတူတူပဲ... ကိုယ်တို့နှစ်ယောက်ကြားထဲမှာ သူစိမ်းဆန်တဲ့ စကားမျိုးမပြောရဘူးလေ"

"ဘယ်လိုပဲဖြစ်ဖြစ် 'လိပ်ပြာ' ကြောင့် 'ကိုမင်း' စိတ်ထဲမှာတစ်ခုခုတော့ဖြစ်သွားမှာပဲ... 'လိပ်ပြာ' နဲ့ပတ်သက်ပြီး 'ကိုမင်း' စိတ်ထဲမှာ ဘယ်လိုအစိုင်အခဲမျိုးမှ မဖြစ်စေချင်ဘူး"

"ဘာအစိုင်အခဲမှမဖြစ်ဘူး... ပိုပြီးတော့တောင် ကျေနပ်သေးတယ်... ကိုယ့်ချစ်သူရဲ့ပြဿနာတိုင်းကို ဖြေရှင်းပေးနိုင်တဲ့

သူဆိုပြီး ရင်ထဲမှာ ပိုတောင်ကြည်နူးမိသေးတယ်နော်”

“ပြဿနာက တစ်ခါဆိုရင်တော့ ကောင်းတာပေါ့... တစ်ခါမက အခါပေါင်းမရေတွက်နိုင်အောင် ဖြစ်လာရင် ဘယ်လိုလုပ်မလဲ ‘လိပ်ပြာ’ က ဒေါ်လေးတို့အကြောင်းတွေကို ကြိုသိနေတယ်”

“မကူညီနိုင်တော့လည်း ငြင်းလိုက်မှာပေါ့ကွာ... ကိုယ်ပြောတတ်ပါတယ်... မင်း ဘာမှပူမနေနဲ့... ကဲ ဒီကနေပဲ ပြန်တော့နော် ကိုယ် ပြန်လိုက်ပို့ပေးရမလား”

“ရပါတယ်... ဒီနယ်မြေမှာ ‘လိပ်ပြာ’ ကို စော်ကားရဲတဲ့သူ တစ်ယောက်မှမရှိဘူး... ‘လိပ်ပြာ’ နဲ့ပတ်သက်တဲ့သူတိုင်း အပူလုံးကြီးကို ရင်ဝယ်ပိုက်ရမှာမှန်းသိလို့ အဝေးကြီးကနေကို ရှောင်ရှားနေကြတာ”

“ ‘လိပ်ပြာ’ ရယ်...”

ခွဲခွာရတဲ့အချိန်တွေသည် သူတို့နှစ်ယောက်စလုံး အတွက်တော့ တကယ့်ကို ကြေကွဲစရာအချိန်တွေပါပဲ။ ခဏကလေး ခွဲခွာရတာမှန်း သိပေမယ့်လည်း ရင်ထဲမှာ ကိုယ်စီဝမ်းနည်းသလို ခံစားမိကြသည်ချည်းပါပဲ။

‘နေမင်း’ တို့နှစ်ယောက်ရဲ့ အချစ်ကို ကျိုက်ပေါလော





မှဲ့ရှင်တော်ဘုရားလည်း သိနေလောက်ပါပြီ။ သွားစရာနေရာမရှိတိုင်း နှစ်ယောက်သား ဘုရားကို ခဏခဏသွားဖြစ်ကြသည်။ ဘုရားမှာ တိုင်တည်ကြသည်။

ဘုရားဝင်းထဲရှိ မပြုမပြင်ဘဲထားထားတဲ့ သိမ်ကျောင်းဝင်းထဲက ဘုရားဂူလေးတွေထဲမှာ နှစ်ယောက်သား စကားတွေပြောလို့ မကုန်နိုင်လောက်အောင်ပါ။ လူသူကင်းရှင်းပြီး အေးချမ်းတဲ့နေရာလေးမို့ စကားအေးအေးဆေးဆေးပြောလို့ အလွန်ကောင်းပါသည်။

‘နေမင်း’ က ဘယ်တော့ပဲလာလာ အမှတ်တရဖြစ်အောင်ဆိုပြီး ထိုင်နေကျနေရာရဲ့ ဘေးအကာနံရံမှာ ‘နေမင်း+လိပ်ပြာ’ ဆိုပြီး မှင်ဖျက်ဆေးရည်အဖြူနဲ့ ရေးထားခဲ့သည်။

ဒီလိုနှစ်ယောက်တည်းသိပြီး ရေးထားတဲ့စာကိုတောင် ‘မမခင်’ တို့အုပ်စုက တွေ့ဖြစ်အောင် တွေ့သွားကြပါသေးသည်။ တကယ့်ကို စံပါပဲ။

အင်းလေ။ ဘုရားကို ဘယ်သူပဲရောက်ရောက် ထင်ရှားနေတဲ့ ဒီစာတမ်းလေးကို ဘယ်သူမဆို တွေ့နိုင်ကြမှာပါပဲ။ ‘မမခင်’ တို့တင်မက ကျိုက်ထိုတစ်မြို့လုံးက လူတွေလည်းတွေ့ချင်ရင်တွေ့မှာပါပဲ။

'နေမင်း' နဲ့ 'လိပ်ပြာ' ကတော့ အပြင်လက်တွေ့ဘဝမှာ ပေါင်းရတယ်မပေါင်းရဘူးဆိုတာ မသေချာပေမယ့်စာတမ်းအနေနဲ့ကတော့ ပေါင်းနေရပါပြီ။

"ဒီနေရာလေးကို အမြဲတမ်းမှတ်ထားမယ်နော်... တစ်ယောက်နဲ့တစ်ယောက် ဝေးနေကြရင် 'လိပ်ပြာ' ကတော့ ဒီနေရာမှာပဲ အမြဲတမ်းလိုလို လာငိုနေမှာပဲ... 'လိပ်ပြာ' ကိုတွေ့ချင်ရင် 'ကိုမင်း' ဒီနေရာမှာပဲ လာရှာလိုက်နော်"

"မရှာပါဘူး"

'နေမင်း' ရဲ့ အပြောကို 'လိပ်ပြာ' က မကျေနပ်သလိုလေးကြည့်လာပါသည်။

"ရပါတယ်... 'ကိုမင်း' က ကျိုက်ထိုကိုအလည်လာတုန်းအပျင်းပြေရည်းစားထားတယ်ဆိုတာ သိပါတယ်နော်... 'ကိုမင်း' သဘောပါပဲ..."

"ဟာ ပြောတာကတခြား... မရှာပါဘူးဆိုတာ ရှာစရာမလိုတာ... ကိုယ်နဲ့ မင်းနဲ့က ဘယ်တော့မှဝေးမှာမဟုတ်တော့ ရှာစရာမလိုဘူးဆိုပြီး ပြောလိုက်တာ"

"သွား စကားသိပ်တတ်တယ်"

အဲ့ဒီလိုပျော်ရွှင်စရာ အခြေအနေတွေ၊ အချိန်တွေကို အမြဲ





တမ်းပိုင်ဆိုင်နေမယ်လို့ တွေးထင်ထားမိတာ 'နေမင်း' တို့နှစ်ယောက်ရဲ့ အမှားပေလား မသိခဲ့ပါ။

## ၁၁

အိမ်ရှေ့မှာ ကားတစ်စီးရပ်လိုက်သံကို ကြားလိုက်ရတာကြောင့် 'လိပ်ပြာ' အပြေးထွက်ကြိုလိုက်မိသည်။ 'လိပ်ပြာ' စိတ်ထဲမှာ ထင်ထားတာက 'ကိုမင်း' ပြန်လာတယ်အောင်းမေ့လို့ပါ။

'ကိုမင်း' က ရန်ကုန်ကို ဝင်း ကားနဲ့ လူကြုံပစ္စည်းသွားပို့ ပေးနေတာပါ။ မမြင်ဘူးတဲ့ကားကိုကြည့်ပြီး 'လိပ်ပြာ' ဘာပြောရမှန်းမသိအောင် ဖြစ်နေမိပါသည်။

"မင်းက ဘယ်သူလဲ"





ဟု မေးလိုက်တဲ့အသံက တကယ့်ကို ခက်ထန်မာကြောပြီး ရင့်လှပါသည်။

"အန်တီကြီးက ဘယ်သူပါလဲရှင်"

"တယ် ငါမေးတာကို မဖြေဘဲ မင်းက ဘာထပ်ရှည်ပြီး ပြန်မေးနေရတာလဲ... ငါ မေးနေတာဖြေစမ်းပါ မင်းဘယ်သူလဲဆိုတာကို"

"ကျွန်မက 'လိပ်ပြာ' ပါ"

"ဩော် 'နေမင်း' ခေါ်ထားတဲ့ အိမ်ဖော်ပေါ့ ဟုတ်လား"

"ကျွန်မ အိမ်ဖော်မဟုတ်ပါဘူး"

"အိမ်ဖော်မဟုတ်ရင် ဒီအိမ်မှာ ညည်းက ဘာတာဝန်နဲ့ လာနေနေရတာလဲ... မင်းနဲ့ အမျိုးတော်လို့ လား"

"ဟို 'ကိုနေမင်း' တို့နဲ့ ခင်နေလို့ လာကူညီပြီးလုပ်ပေးနေတာပါ"

"'နေမင်း' ဘယ်သွားလဲ"

"ရန်ကုန်ကို လူကြုံပစ္စည်းသွားပို့ပါတယ်"

"ကဲ မင်း ပြန်တော့... နောက်ကို ဘယ်လိုကိစ္စမျိုးပဲ ရှိနေနေ ဒီအိမ်ကို မင်း ဘယ်တော့မှပြန်မလာနဲ့ တော့... 'နေမင်း' ကိုလည်း မင်း ခေါင်းထဲက ထုတ်ပစ်လိုက်တော့... မပတ်သက်

လေ မင်းအတွက် အန္တရာယ်ကင်းလေပဲလို့သာ မှတ်ထားလိုက်တော့ ကြားလား”

“ရှင်...”

“ကြောင်ပြမနေနဲ့... မင်း မြန်မြန်ပြန်တာအကောင်းဆုံးပဲ”

ထင်မှတ်မထားတဲ့ စကားတွေကြောင့် ‘လိပ်ပြာ’ ကြောက်လန့်ပြီး ရင်တုန်နေရပါသည်။ ပိုင်ပိုင်နိုင်နိုင် စကားတွေဖြင့် ‘လိပ်ပြာ’ အား နှင်လွှတ်ခြိမ်းခြောက်နေတာတွေသည် ‘ကိုနေမင်း’ နဲ့ ဘယ်လိုများ ပတ်သက်တဲ့သူတွေ ဖြစ်နေလို့ပါလဲ။

လုပသာယာနေတဲ့ ‘လိပ်ပြာ’ တို့ဘဝလေးမှာ ချက်ချင်းပဲ မုန်တိုင်းထန်တော့မယ်နဲ့တူပါရဲ့။ ‘လိပ်ပြာ’ သည် ပြန်လို့ အနှင်ခံနေရပေမယ့် ‘ကိုမင်း’ မရှိဘဲ မသိဘဲ မပြန်သွားချင်ပါ။

အခြေအနေကို ‘ကိုမင်း’ အား အသိပေးချင်ပါသည်။ ‘ကိုမင်း’ က ပြန်ပါလို့ပြောလာမှပဲ ‘လိပ်ပြာ’ ဒီအိမ်ကနေ ပြန်သွားဖို့ဆုံးဖြတ်ထားလိုက်မိသည်။

စိမ်းစိမ်းတောက်နေသော အဘွားကြီးရဲ့ မျက်လုံးတွေကိုလည်း တန်ပြန်ပြီး မကြည့်ရဲချေ။ ‘လိပ်ပြာ’ အားမွေးပြီးနေရာ





မှာရပ်နေရပေမယ့် စိတ်ထဲကတော့ တဆတ်ဆတ်တုန်အောင်ကို ကြောက်ရွံ့နေမိတာသေချာပါသည်။

“ဟဲ့ ဘာရပ်လုပ်နေတာလဲ... မင်းကို ပြန်လို့ပြောနေတာ မကြားဘူးလား... အချိန်ဆွဲနေပြန်ပြီ”

“ဟို ‘ကိုနေမင်း’ ပြန်လာတာကို စောင့်နေတာပါ... အိမ်ရှင်မရှိဘဲ ပြန်သွားတယ်ဆိုပြီး အပြစ်တင်နေမှာစိုးလို့ပါ”

“ငါက အိမ်ရှင်ပဲ... မင်း မကြားဖူးဘူးလား... ‘ဒေါ်စိန်ဥ’ ဆိုရင် မင်းသိမှာပါ”

“ ‘ကိုနေမင်း’ ရဲ့ ဘွားဘွား ဆိုတာသိပါတယ်”

“သိရင် ပြန်တော့လေ... လူကြီးတစ်ယောက်စကားကို နားမထောင်ဘဲ ပေရပ်နေတာ မင်းက ဘာမို့လို့လဲ”

“ ‘လိပ်ပြာ’ သွားမှာပါ... ‘ကိုနေမင်း’ နဲ့ ခဏကလေး တွေ့လိုက်ချင်သေးလို့”

“ခဏကလေးလည်း တွေ့ဖို့မစဉ်းစားနဲ့... မင်း ငါ့မြေးနားမှာ တောက်တဲ့လို တွယ်ကပ်နေမှန်းသိလို့ ဆုံးမရအောင် ငါလာခဲ့တာ... မင်း သိထားစမ်း... ‘နေမင်း’ လို အပျံစားအသိုင်းအဝိုင်းက သူမျိုးနဲ့ မင်းလို အခြေအမြစ်မရှိ တောသားသာ အရပ်ကသူမျိုးနဲ့ တန်လို့လား တူလို့လား... ကိုယ့်အခြေအနေ

အဆင့်အတန်းကို သဘောပေါက်ရင် 'နေမင်း' အနားက ခုချိန်ကစပြီး ခပ်ခွာခွာနေလိုက်တော့"

ရက်စက်လိုက်တာ။ ဒီလိုစကားမျိုးတွေပြောဖို့အတွက် ရန်ကုန်မြို့ကြီးကနေ တကူးတက ဒီကျိုက်ထိုကို အရောက်လာခဲ့တာလား 'ဒေါ်စိန်ဥ' ရယ်။

အချစ်မှာ ဆင်းရဲတာချမ်းသာတာတွေ လိုနေလို့လား။ 'ကိုမင်း' ချမ်းသာလို့ 'လိပ်ပြာ' ချစ်ခဲ့တာမှမဟုတ်ဘဲ။ စတွေ့တွေ့ချင်း မြင်ကတည်းကကို 'လိပ်ပြာ' ရဲ့ ရင်ထဲမှာ စွဲထင်နစ်ဝင်သွားခဲ့ရတာဖြစ်သည်။

'ကိုမင်း' နဲ့သာ အတူနေရမယ်ဆိုရင် 'လိပ်ပြာ' အပင်ပန်းခံပြီး အိမ်ထောင်တစ်ခုရဲ့တာဝန်ကို ယူနိုင်ပါတယ်။ 'ကိုမင်း' ကို ဘာအလုပ်မှမလုပ်စေရဘဲ အိမ်ဦးခန်းမှာ တင်ကျွေးထားနိုင်ပါတယ်။

'လိပ်ပြာ' 'ကိုမင်း' ကို ချစ်တာပဲသိသည်။ 'ကိုမင်း' နဲ့ မခွဲချင်တာပဲ သိပါသည်။

"ကဲ သူ့ကို ပြန်ခိုင်းလိုက်တော့... ခရီးပန်းလာရတဲ့ကြားထဲ စိတ်ရှုပ်တာနဲ့ တန်းတိုးနေရသေးတယ်... 'နေမင်း' ပြန်လာရင် တစ်ခါတည်းအခန်းထဲကိုလွှတ် ပိုက် ကြားလား"





ဟု ပြောပြီး 'လိပ်ပြာ' အား မျက်စောင်းထိုးကာ အိမ်ထဲသို့ ဝင်သွားခဲ့ပါသည်။

"ကလေးမ ပြန်လိုက်တော့... ခေါင်းမာနေတာ မင်းအတွက် ဘာမှဖြစ်လာမှာမဟုတ်ဘူး... 'ဒေါ်စိန်ဥ' က စကားကို မပြင်တတ်ဘူး သူ့စကားကို တို့အားလုံးနားထောင်ရတယ်"

ကားမောင်းတဲ့ ဦးလေးကြီးက ကြောက်ရတဲ့ပုံဖြင့် 'လိပ်ပြာ' အား ပြန်ဖို့ပြောနေပါသည်။ 'လိပ်ပြာ' သည် အားငယ်နေပေမယ့်လည်း 'ကိုမင်း' ကို မတွေ့ရဘဲ မပြန်ဟု ဆုံးဖြတ်ထားတာကြောင့် ခေါင်းကိုသာ ခါပြလိုက်မိသည်။

"ခဏလေးပါ ဦးလေးရယ်... ပြန်မှာပါ... 'ကိုနေမင်း' ပြန်လာတာကို စောင့်နေတာပါ"

"စောင့်ချင်ရင် ခြံပြင်မှာသာ သွားစောင့်တော့ကွယ်... အိမ်ထဲမှာတော့ မစောင့်ပါနဲ့..."

ဘယ်လိုပဲဖြစ်ဖြစ် 'ကိုမင်း' နဲ့တွေ့ရဖို့ကသာ အရေးကြီးနေတာကြောင့် ခြံပြင်မှာပဲ စောင့်နေလိုက်မိပါသည်။ ချက်ချင်းလက်ငင်းကြီး ပြောင်းလဲသွားသော ကိုယ့်ဘဝအခြေအနေကိုလည်း အံ့သြနာကျင်နေမိသေး၏။

ဘယ်လိုဖြစ်သွားတာလဲ မသိပါ။ 'ကိုမင်း' နဲ့ 'လိပ်ပြာ'

ရဲ့ အခြေအနေကို ဘယ်သူတွေက 'ဒေါ်စိန်ဥ' ဆီကို သတင်းပေးပို့လိုက်တာပါလဲ။

'လိပ်ပြာ' ရင်ထဲမှာ တွေးထားခဲ့တာက ဒီလောက်မြန်မြန်ကြီး မုန်တိုင်းထန်လိမ့်မယ်လို့ ထင်မထားခဲ့ပါ။ ခုတော့ မျက်လှည့်ပြလိုက်တဲ့အတိုင်း ပျော်ရွှင်ရင်ခုန်ကြည်နူးခဲ့ရတဲ့ 'ကိုမင်း' နေတဲ့အိမ်လေးက 'လိပ်ပြာ' အတွက် ရုတ်တရက်အကျည်းတန်သော အိမ်တစ်အိမ်ဖြစ်သွားခဲ့ရပါပြီ။

ခြံပြင်ပတ်ဝန်းကျင်က အရိပ်မရှိတာကြောင့် နေပူပူထဲမှာပင် မျက်ရည်ဝဲဝဲ ချွေးတရွှဲရွှဲဖြင့် 'လိပ်ပြာ' စောင့်နေမိပါသည်။ 'ကိုမင်း' ပြန်ရောက်လာတဲ့အခါမှာ 'လိပ်ပြာ' မျက်ဝန်းမှာ မျက်ရည်တွေခိုတွဲနေခဲ့ရပြီ။

"ဘာဖြစ်လို့ ခြံပြင်မှာ ထွက်ရပ်နေရတာလဲ... နေပူထဲမှာကွာ ဟင် မျက်ရည်တွေလည်း ကျလို့"

'နေမင်း' သည် မျက်နှာတွေနီမြန်းပြီး အံ့ကြိတ်ကာမျက်ရည်ကျနေသော 'လိပ်ပြာ' ရဲ့ ပုံစံကြောင့် ရင်ထဲမှာအရမ်းကိုစိုးထိတ်သွားခဲ့ရပါသည်။

သူ မေးတာကိုမဖြေဘဲ 'လိပ်ပြာ' က စိုက်ကာကြည့်နေသည်။





"ဘာဖြစ်တာလဲ"

ပါးစပ်ကမေးရင်း ခြံထဲကို အကဲခတ်သလိုကြည့်လိုက်မိပါသည်။

ဘွားဘွား ရောက်နေခဲ့တာပဲ။ ချက်ချင်း ဖြုန်းစားကြီးရောက်ချလာတယ်ဆိုတည်းက အခြေအနေက သိပ်မကောင်းတော့ဘူးဆိုတာကို 'နေမင်း' ရိပ်မိလိုက်ပါသည်။

မနေ့ကတင် ဖွားဖွား နဲ့ဖုန်းပြောတုန်းက ကျိုက်ထို ကိုလိုက်လာမယ်ဆိုတာ လေသံကလေးပင် မဟခဲ့ပါ။

"လာလေ အိမ်ထဲသွားမယ်... နေပူထဲမှာထွက်စောင့်နေတာ အဓိပ္ပါယ်ကိုမရှိဘူး"

'လိပ်ပြာ' ရဲ့ လက်ကို သူ ဖေးမသလိုမျိုး ဆွဲခေါ်ယူလိုက်ပါသည်။

"ဟင့်အင်း... 'လိပ်ပြာ' မလိုက်ရဲဘူး... 'ကိုမင်း' ပြန်လာတာကို စောင့်နေတာ... အိမ်ထဲမှာ ဘွားဘွား ရောက်နေတယ်... 'လိပ်ပြာ' ကိုလည်း နှင်လွှတ်တယ်... နောက် ဒီအိမ်ကို ဘယ်တော့မှမလာပါနဲ့တဲ့... 'ကိုမင်း' နဲ့လည်း မပတ်သက်ပါနဲ့တဲ့"

"ဟာကွာ"

"'လိပ်ပြာ' ကြောက်တယ်... ဒါပေမဲ့ 'ကိုမင်း' နဲ့လည်း

မခွဲနိုင်ဘူး... 'လိပ်ပြာ' ကို ဘယ်လိုပဲဖြစ်ဖြစ် ထားမသွားပါနဲ့နော်... 'ကိုမင်း' ကို 'လိပ်ပြာ' အရမ်းချစ်တယ်"

"အေးပါကွာ ကိုယ်သိပါတယ်...လာလိုက်ခဲ့ ဘွားဘွားနဲ့ မိတ်ဆက်ပေးမယ်"

" 'လိပ်ပြာ' ပြန်တော့မယ်... ညနေကျရင် ဘုရားမှာ စောင့်နေမယ်... 'ကိုမင်း' လာမှာလားဟင်"

"အင်း လာခဲ့မယ်... ခု ကိုယ် ပြန်လိုက်ပို့ပေးမယ်"

"ရပါတယ်... 'လိပ်ပြာ' လမ်းလျှောက်ပြန်သွားလိုက်မယ်"

'လိပ်ပြာ' ပြန်တိုင်း 'နေမင်း' ကိုယ်တိုင် ဆိုင်ကယ်နဲ့ဖြစ်ဖြစ် ကားနဲ့ဖြစ်ဖြစ် ပြန်လိုက်ပို့ပေးနေတာ ကြာပါပြီ။ တစ်ယောက်တည်း လမ်းလျှောက်ပြန်မယ်ဆိုတာကို 'နေမင်း' လက်မခံနိုင်ပါ။

"မရဘူး ကိုယ် လိုက်ပို့ပေးမယ် လာခဲ့"

'လိပ်ပြာ' ရဲ့လက်ကိုအတင်းကာရောဆွဲကာ ကားဆီသွားဖို့အပြင် ဘွားဘွား ရဲ့ အော်ခေါ်လိုက်သော အသံက မိုးခြိမ်းသံလိုထွက်ပေါ်လာခဲ့ပါသည်။

" 'နေမင်း' ခုချက်ချင်း ငါ့ဆီကို လာခဲ့စမ်း"





'စိုးမိုး' တစ်ယောက်က အပြေးအလွှားပင် အိမ်ထဲဝင်သွားခဲ့လေသည်။ 'နေမင်း' ဘာလုပ်လို့ လုပ်ရမှန်းပင် မသိတော့ပါ။

"ခေါ်နေတာမကြားဘူးလား... ဘာလုပ်ဖို့လဲ... အိမ်ပြန်ရောက်ပြီးမှများ နောက်တစ်ခေါက်ပြန်ထွက်ဖို့ပြင်ရအောင် ကိစ္စကဘယ်လောက်တောင်များ အရေးကြီးနေလို့လဲ... လာစမ်း ဒီကို"

"ကျွန်တော် ဒီနား ခဏလေး..."

"ဘာမှမပြောနဲ့... လာခဲ့..."

'နေမင်း' သည် 'လိပ်ပြာ' ရဲ့လက်ကိုလွှတ်ကာ ဘွားဘွား ဆီကို သွားဖို့ပြင်လိုက်မိသည်။

" 'လိပ်ပြာ' ကိုယ် လိုက်ပို့ပေးမယ်နော်... ဘွားဘွားဆီမှာ ခွင့်တောင်းလိုက်ဦးမယ်"

ပြေရာပြေကြောင်းပြောဖို့ ဘွားဘွား ဆီကို အကြံနှင့် လာခဲ့တဲ့ 'နေမင်း' တစ်ယောက် လှောင်အိမ်ထဲမထင်မှတ်ဘဲ ပိတ်မိသွားရလေသည်။

'နေမင်း' အိမ်ထဲရောက်တာနဲ့ ဘွားဘွား က အမိန့်ပေးလိုက်လေသည်။

"'မောင်ဦး'... ကားကိုသွင်းပြီး ခြံတံခါးကို သော့အသေသာ ခပ်ထားလိုက်စော့... ငါ ခွင့်ပြုချက်မရဘဲ ဘယ်သူ့ကိုမှ ခြံထဲပေးမဝင်နဲ့ ကြားလား"

"ဘွားဘွား"

ခြံတံခါးပိတ်သွားတာကို ငေးမောကြည့်နေသော'လိပ်ပြာ' ကိုကြည့်ပြီး 'နေမင်း' အရမ်းကို သနားသွားရပါသည်။

"အတင်းကာရောကြီး ဘယ်လိုဖြစ်နေတာလဲဗျာ... 'လိပ်ပြာ' မှာ ဘာအပြစ်မှမရှိပါဘူး... လူတစ်ယောက်ရဲ့စိတ်ကို ကျိုးကြေသွားအောင် မတူသလိုမတန်သလို နှိမ်မပစ်ပါနဲ့ ဘွားဘွား ရာ"

"ဖြစ်သင့်တယ်ထင်လို့ ဒီလိုမျိုး လုပ်ရတာလေ... မင်းသာ အနေအထိုင် ဆင်ခြင်တတ်ခဲ့ရင် ခုလိုမျိုး အခြေအနေတွေ ဖြစ်လာစရာကိုအကြောင်းမရှိဘူး... မင်း ကြောင့်ဖြစ်ရတာ 'နေမင်း'... မင်း အသုံးမကျလို့ဖြစ်ရတာ"

"ကျွန်တော် မဟုတ်တာ ဘာမှမလုပ်ဘူး ဘွားဘွား"

"မဟုတ်တာမလုပ်ဘူး ဟုတ်လား... ဒါဆို 'လိပ်ပြာ' ဆိုတဲ့ မိန်းကလေးက အိမ်ပေါ်ကိုဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ"





"သူက ကျွန်တော့်တို့ကို စေတနာနဲ့လာပြီး အိမ်ကိစ္စတွေ ဝိုင်းကူပြီးလုပ်ပေးနေတာ"

"စေတနာနဲ့ အိမ်ကိစ္စတွေ ဝိုင်းကူလုပ်ပေးရင်းနဲ့ မင်းကိုပါ အပိုင်သိမ်းတော့မယ်ဆိုတာ မင်း သိနေရဲ့နဲ့ ငြိမ်ခံနေတာ မင်းမှာ ဦးနှောက်မရှိလို့လား ငတုံးရဲ့"

"'လိပ်ပြာ' က ကျွန်တော့်ကို အပိုင်သိမ်းတာမဟုတ်ပါဘူး... ကျွန်တော်က သူ့ကို မနေနိုင်မထိုင်နိုင် ချစ်မိသွားခဲ့တာပါ"

"အခု ငါ ရောက်လာပြီ... မင်း စိတ်ကိုနေနိုင်ထိုင်နိုင်အောင် ကြိုးစားတော့... မင်းဘဝမှာ 'လိပ်ပြာ' ဆိုတာလည်း မရှိဘူး... ပိတုန်း ဆိုတာလည်း မရှိတော့ဘူး မှတ်ထား"

"ဘွားဘွား မတရားဘူးဗျာ"

"အေး မတရားဘူး ဘာဖြစ်လဲ... မင်း ငါနဲ့ ရန်ကုန်ကို ပြန်လိုက်ဖို့သာ ပြင်"

'နေမင်း' သည် ဘွားဘွား အားပြောလို့မနိုင်တော့သလိုပုံစံမျိုးဖြင့် စိတ်ပျက်အားငယ်စွာဖြင့်သာ စိုက်ကြည့်လို့နေမိတော့သည်။

'ဒေါ်စိန်ဥ' ကတော့ ခြံပြင်ကိုတစ်ချက်လှမ်းကြည့်ကာ

'လိပ်ပြာ' ရဲ့ အရိပ်အခြေကို မမြင်တွေ့ရတော့မှပဲ သက်ပြင်းမောကိုချပြီး အနားယူရန်အတွက် အခန်းထဲ ဝင်ခဲ့လိုက်ပါတော့သည်။

ခုလောလောဆယ် 'နေမင်း' နဲ့ ဘာစကားမှ ဆက်မပြောတာသည် ရန်ပွဲကိုငြိမ်းစေနိုင်တဲ့ နည်းလမ်းမဟုတ်လား။



၁၂

"ဒုက္ခပါပဲ 'လိပ်ပြာ' ရယ်... ထင်တောင်ထင်မထားဘူး ဘယ်လိုကနေဘယ်လို 'နေမင်း' ရဲ့ အဘွားကရောက်လာရတာလဲ ကြည့်ရတာတစ်ယောက်ယောက်အတို့အထောင်လုပ်လိုက်လို့ပဲဖြစ်ရမယ်"

"အင်း ဟုတ်မှာပေါ့ 'လိပ်ပြာ' ထင်တာကတော့ ဘကြီးပဲ ဖြစ်လိမ့်မယ်နဲ့တူတယ်... ဘကြီး ပုံစံက အရင်ကလိုကြည်ဖြူတာမဟုတ်ဘူး... 'ကိုမင်း' ကို ပြောမနိုင်လို့သာ 'လိပ်ပြာ' နဲ့ ပတ်သက်နေတာကို ငြိမ်နေတာ... ခု 'ဒေါ်စိန်ဥ' ကို ဘကြီး

ပဲခေါ်လိုက်တာ ဖြစ်မှာပေါ့"

"အခြေအနေကတော့ လုံးဝကိုမကောင်းဘူး... နင် ဘာလုပ်မှာလဲ... ညနေဘက်ကော သွားဦးမလို့လား"

"သွားမယ်... 'ကိုမင်း' မလာဘဲနေမှာမဟုတ်ပါဘူး"

ပြောသာပြောလိုက်ရသည် 'လိပ်ပြာ' ရဲ့စိတ်ထဲမှာ လေးလံလို့နေရသည်။ 'မမခင်' တို့ကတော့ 'လိပ်ပြာ' ပြောပြတဲ့အခြေအနေတွေကို နားထောင်ပြီး ရင်မောနေကြရသည်။

ဘေးလူတွေတောင် 'လိပ်ပြာ' ရဲ့ အဖြစ်ကို ရင်မောနေရတယ်ဆိုရင် ကာယကံရှင်ဖြစ်တဲ့ 'လိပ်ပြာ' အဖို့ကတော့ ရင်မကွဲအောင် နေနေရတယ်ဆိုတာ ရိပ်မိကြမှာပါ။

'လိပ်ပြာ' ရဲ့ရင်ထဲမှာ မီးတောင်ပေါက်ကွဲသလို ပူပြင်းစွာခံစားနေရတဲ့ကြားထဲ ဒေါ်လေး က အပူထပ်ပြီး လာပေးနေပြန်ပါသည်။

"ပိုက်ဆံပြတ်သွားလို့ ထပ်ချေးပေးဦး 'လိပ်ပြာ'... ကလေးတွေရဲ့ကျောင်းစရိတ်ကလည်း ရှိသေးတယ်... "

ဟု လေသံပိုင်ပိုင်နဲ့ ပြောလာတဲ့အတွက် 'လိပ်ပြာ' ရင်ထဲမှာ ခါးသက်လို့သွားရပါသည်။ အဒေါ်ဖြစ်ပေမယ့် သူ့ဆီက ဘာဆိုဘာမှ အကူအညီမရဘဲ 'လိပ်ပြာ' ကသာ နည်းမျိုးစုံနဲ့





ကူညီပေးနေရတာ သာများပါသည်။

ဒေါ်လေး ကိုကြောက်လွန်း၍ သူ ဘယ်လောက်ပဲ ပြန်ခေါ်ခေါ် 'မမခင်' တို့အိမ်မှာပဲ အတင်းတွယ်ကပ်နေနေတာကိုသိပေမယ့်လည်း အရှက်မရှိ အိမ်ပေါ်အထိကိုတက်ပြီး အပူပေးနေပြန်သည်။

"သူ့မှာ ဘယ်ရှိမှာလဲ..."

ဟု 'မမခင်' က ဝင်ပြောပေမယ့် ဒေါ်လေး က လက်မခံချေ။

"သူ့မှာမရှိဘူးဆိုတာတော့ သိတာပေါ့... ဒါပေမဲ့ သူကသူဌေးကိုအပိုင်ကပ်ထားတာပဲဟာ... ငွေဖန်တီးဖို့တော့ သူ့အတွက်အဆင်ပြေပါတယ်... ဟိုတစ်ခါတောင် ဖြတ်ကနဲထုတ်ပေးလိုက်သေးတာပဲ"

"သူ ချမ်းသာတာ 'လိပ်ပြာ' နဲ့ ဘာမှမဆိုင်ဘူး ဒေါ်လေး... 'လိပ်ပြာ' အရှက်ဆုံးက လူတစ်ယောက်ကို ငွေရေးကြေးရေးနဲ့ ပတ်သက်ရတာကိုပဲ... 'လိပ်ပြာ' တို့ရဲ့ ခင်မင်မှုကို ဒေါ်လေး အဲရောင် လာမဆိုးပါနဲ့"

"ညည်းကို တူမမို့လို့ လာပြောနေတာ"

"တူမက ချမ်းသာတဲ့လူမှ မဟုတ်ဘဲ ဒေါ်လေး ရယ်"

"ညည်း မတောင်းပေးနိုင်ဘူးလား"

"ဟင့်အင်း... လုံးဝမဖြစ်နိုင်ဘူး"

"ဒါဆိုလည်း ပြီးတာပဲလေ"

ခြေကိုဆောင့်ကာ ထွက်သွားတဲ့ ဒေါ်လေး ကြောင့် လူက တစ်ခါတည်း သတိလစ်ချင်သွားရပါသည်။

ဒေါ်လေးရဲ့အကြောင်းကို သိနေတာကြောင့်လည်း သေချင်သွားရတာပါ။

တစ်ခုခုဆို သူ့ ဆန္ဒအတိုင်း ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အရှက်မရှိလုပ်တတ်တဲ့ ဒေါ်လေး ရဲ့ အကျင့်ကိုလန့်ပါသည်။

"ပြဿနာက ခုမှစတာကို သူက ကြားထဲက ဝင်ရှုပ်နေသေးတယ်... 'နေမင်း' အိမ်ကို လိုက်ချသွားရင်တော့ ခက်ခက်ရချည်ရဲ့"

ရင်မောစရာအကြောင်းတွေကို စဉ်းစားနေရင်းနဲ့ပင် အချိန်က ကုန်မှန်းမသိ ကုန်လို့လာခဲ့ရသည်။ ညနေချိန်းထားခဲ့တာကို သတိရတဲ့အတွက် ခပ်စောစောပဲ 'လိပ်ပြာ' ထွက်လာခဲ့လိုက်ပါသည်။

ဘုရားဖူးလာတဲ့လူတွေ ရှိနေပေမယ့် 'လိပ်ပြာ' တို့အမြဲတွေ့နေကြနေရာလေးကတော့ လူရှင်းနေပါသည်။ ဂူလေးထဲ





မှာ တစ်ယောက်တည်း ထိုင်နေရင်း 'ကိုမင်း' အလာကို မျှော်နေမိသည်။

ချိန်းထားတာကို 'ကိုမင်း' သိနေတဲ့အတွက် မရောက်ရောက်အောင် လာမယ်လို့ ထင်နေမိပါသည်။

မျှော်လင့်ပေမယ့်လည်း မျှော်လင့်သလိုဖြစ်မလာတာ လူ့ဘဝရဲ့ကံကြမ္မာလား မသိပါ။

အချိန်တွေသာ ကုန်လာသည်၊ 'လိပ်ပြာ' ရဲ့ မျက်ဝန်းမှာ မျက်ရည်တွေသာ ခိုတွဲလာသည် 'ကိုမင်း' ရဲ့ ခြေသံ၊ စကားသံ၊ အရိပ်အရောင်ကိုတောင် နည်းနည်းကလေးမှ မမြင်တွေ့ရသေးပါ။

ဖျတ်ကနဲ ခြေသံကြားတိုင်း 'ကိုမင်း' ရောက်လာပြီလားဆိုတဲ့အသိဖြင့် အားရဝမ်းသာ လှမ်းလှမ်းကြည့်မိတတ်တာ ခဏခဏရယ်ပါ။

သူစိမ်းတွေကိုမြင်မှ၊ ပြုံးစိစိကျော်လွှားသွားကြသော သရော်ရိပ် မျက်လုံးတွေကိုမြင်မှ ဒီနေရာကနေ သွားမှဖြစ်တော့မယ်ဆိုတဲ့အတွေးက ဝင်ရောက်လို့လာခဲ့ရသည်။

မိန်းကလေးတစ်ယောက်တည်း လူသူကင်းရှင်းတဲ့ နေရာမှာ ဘယ်လောက်ထိအောင် အချိန်အကြာကြီး စောင့်နေလို့သင့်

မှာတဲ့လဲ။

'ကိုမင်း' သာ တကယ်ရောက်လာမယ်ဆိုရင်ဖြင့် အချိန်တွေ ဘယ်လောက်ပဲ ကြာမြင့်နေပါစေ 'လိပ်ပြာ' စောင့်နေမိမှာပါ။ လက်မှာပတ်ထားသော နာရီကိုကြည့်ကြည့်နေမိတာ မရေတွက်နိုင်တော့အောင်ပါ။

'ကိုမင်း' ကို ရက်စက်တယ်လို့တော့ မပြောချင်ပါ။ 'ကိုမင်း' 'လိပ်ပြာ' ကိုချစ်တာ သိသည်။ မလာတော့ဘူးဆိုတာ သေချာနေတဲ့ အချိန်လောက်ကျမှပဲ ဘုရားဝန်းထဲက 'လိပ်ပြာ' ပြန်လာခဲ့လိုက်ပါသည်။

'ကိုမင်း' နဲ့မတွေ့လိုက်ရဘဲ ပြန်မသွားချင်တာကြောင့် စိတ်ကိုတင်းပြီး အရဲစွန့်ကာ 'ကိုမင်း' တို့နေတဲ့လမ်းဘက်ကနေ ပတ်ပြန်လာခဲ့လိုက်ပါသည်။

လှမ်းနေတဲ့ခြေလှမ်းတွေက ဘယ်လောက်ပဲ များနေပါစေ ရင်ထဲမှာဗလာတစ်ခုကပ်နေတာကြောင့် ညောင်းတယ်ဆိုတာမျိုး နည်းနည်းကလေးမှ မခံစားလိုက်ရချေ။

တင်းတင်းစေ့ပိတ်ထားတဲ့ ခြံတံခါးကိုကြည့်ပြီး မျက်ရည်ဝဲချင်သွားရသည်။ ဒီအိမ်နဲ့ ဒီခြံဝင်းတံခါးက 'လိပ်ပြာ' အတွက် စိမ်းကားခဲ့တဲ့ အရာတွေမှမဟုတ်တာပဲလေ။





ခြံပြင်ကနေ တိတ်တိတ်ကလေး ချောင်းကြည့်နေတဲ့ 'လိပ်ပြာ' ကတော့ အိမ်တွင်းကအခြေအနေတွေကို နည်းနည်းကလေးမှ မသိသေးပါ။

'နေမင်း' တို့အိမ်ထဲမှာ 'ဒေါ်နုနု' ရောက်နေခဲ့ပါသည်။

ဘယ်လိုမှနှင်ထုတ်မောင်းထုတ်လို့မရအောင် ဝင်တွေ့ခွင့် တောင်းနေတာကြောင့် 'ဒေါ်စိန်ဥ' က အကြောင်းအရင်းကို သိချင်စိတ်နဲ့ အိမ်ထဲ ပေးဝင်လိုက်တာဖြစ်ပါသည်။

'ဒေါ်နုနု' ကို မြင်တာနဲ့ 'နေမင်း' ရင်ထဲ အရမ်းကိုစိတ်ပျက်သွားခဲ့ရသည်။ နဂိုတည်းက 'လိပ်ပြာ' အပေါ်ကို အထင်သေးနေရတဲ့ကြားထဲ 'ဒေါ်နုနု' ကြောင့် ပိုပြီးအထင်မြင်သေးစရာတွေ ဖြစ်တော့မယ်ဆိုတာကို သဘောပေါက်နေရပါပြီ။

'လိပ်ပြာ' ကတော့ ဒီအဖြစ်တွေကို သိပုံမရဘဲ၊ ဘုရားမှာသူ ရောက်လာလိမ့်နိုးနဲ့ စောင့်နေတော့မှာသေချာပါသည်။ အပြင်ထွက်လို့ရအောင် ဘွားဘွား ဆီမှာ နည်းမျိုးစုံနဲ့ 'နေမင်း' ခွင့်တောင်းကြည့်ပေမယ့်လည်း ခေါင်းကိုသာ ခါယမ်းပြနေလေသည်။

လစ်ထွက်ဖို့ဆိုတာလည်း ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။ အိမ်ရဲ့ဝင်ပေါက်ထွက်ပေါက်အားလုံးကို ဘွားဘွား က

သော့ခတ်ထားခဲ့လေသည်။

စိတ်နာနာနဲ့သာ ဘွားဘွား ရဲ့ လုပ်ရပ်တွေကို ဒီအတိုင်းကြည့်နေရပါသည်။ 'နေမင်း' ရင်ထဲမှာ 'လိပ်ပြာ' ရဲ့ အားငယ်သောမျက်လုံးလေးတွေကို ပြန်မြင်ယောင်မိတိုင်း ကျင်စက်နဲ့ အတို့ခံရသလိုကို နာကျင်စွာခံစားရလေသည်။

သူမလေး ကိုယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ်သာ အသိဆုံးမဟုတ်လား။

"'မောင်နေမင်း' ရယ်... 'လိပ်ပြာ' ကို လိုက်ခဲ့ဖို့ခေါ်ပါသေးတယ်... သူက 'မောင်နေမင်း' ကို အားနာနေပုံရတယ်... ဒေါ်လေးကိုပဲ သွားလိုက်ပါဆိုလို့ အရဲစွန့်ပြီးလာခဲ့လိုက်တာ... ဒေါ်လေး တကယ့်ကို အားနာပါတယ်ကွယ်... မပြောလို့ကလဲ မဖြစ်လို့ပါ"

ဟု ပြောနေတဲ့ 'ဒေါ်နုနု' လေသံတွေက ပျားရည်ထက် ပင်ချိုနေလေသလား မသိပါ။ 'နေမင်း' ကတော့ လက်ပိုက်ပြီး စိတ်ပျက်သလိုသာ ကြည့်နေမိတော့သည်။

'ဒေါ်နုနု' ကို အိမ်ထဲပေးမဝင်ခင် ဘယ်သူလဲဆိုတာကို ဘွားဘွား က မေးထားခဲ့ပြီးပါပြီ။ 'နေမင်း' ကိုလည်း သူဘာပဲ ပြောပြော ဝင်မပြောဖို့ အမိန့်ပေးထားခဲ့ပြီးပြီ။





"စကားပြောရင် 'နေမင်း' ကို ဦးတည်ပြီးမပြောပါနဲ့... အဘွားကိုပြော.. ဘာဖြစ်ချင်တာလဲ... တိုတိုနဲ့လိုရင်းကိုပြော... အချိန်ဆွဲနေလို့ ဘာမှမထူးဘူး"

"ဟို အဓိကကတော့ 'လိပ်ပြာ' က 'မောင်နေမင်း' ဆီမှာ ငွေနည်းနည်းချေးခိုင်းလိုက်တာပါပဲ... သူ က အားနာပြီး ရှက်နေလို့ ကျွန်မက ကိုယ်စားလာပြောပေးရတာပါ"

"ငွေလာချေးတာ"

ဘွားဘွား ရဲ့ အသံကကျယ်လောင်ပြီး ရွံ့ရှာသလိုကို ဖြစ် နေပါသည်။ 'နေမင်း' ဆီကိုလည်း မျက်လုံးပင့်ကာ တွေ့ပြီလား ဆိုတဲ့ပုံစံမျိုးဖြင့် လှမ်းကြည့်လိုက်သေးသည်။

'နေမင်း' ရှက်သလို ခေါင်းငုံ့သွားတာမြင်မှ 'ဒေါ်စိန်ဥ' က ကျေနပ်သလို စကားကိုဆက်ပြောလိုက်သည်။

"ခုလိုမျိုး ခဏခဏ ငွေလာချေးနေတာပဲလား"

"နှစ်ခါပဲ ရှိပါသေးတယ်... ဒါကလည်း အဆင်ပြေရင် ပြန်ဆပ်မှာပါ"

"နှစ်ခါ"

'ဒေါ်စိန်ဥ' အရမ်းကို စိတ်ပျက်ပြီး အထင်ပိုသေးမိသွားရ၏။ 'နေမင်း' ကို အပိုင်ကိုင်ပြီး မိသားစုလိုက်ကို ချူစားနေတာ

သေချာသွားခဲ့ပြီပဲ။

'လိပ်ပြာ' ဆိုတဲ့မိန်းကလေးရုပ်က ကြည့်တော့ဖြင့် ထင်ရက်စရာမရှိအောင် ဖြူစင်ရိုးသားပုံရပြီး စိတ်ဓါတ်ကတော့ တကယ့်ကို အကျည်းတန်လွန်းလှပါလား။

'ဒေါ်စိန်ဥ' ဖြစ်ချင်တာက 'နေမင်း' အပေါ် တကယ်ချစ်သွားခဲ့လို့ဆိုရင်လည်း ကိုယ်ဝင်ခွဲတာက ကိုယ့်အလွန်ဖြစ်နိုင်ပါသေးသည်။ ဒီလို အပိုင်ကြံပြီး ချူစားတာမျိုးကတော့ ကိုယ့်ဘက်ကဘယ်လောက်ပဲ ခွဲခွဲ အပြစ်ဖြစ်လာစရာ အကြောင်းကို မရှိပါ။

'နေမင်း' ရဲ့ဘဝကို ကယ်တင်တာပဲ မဟုတ်လား။ မိမိလုပ်ရပ်မှန်သည်ဟုသာ 'ဒေါ်စိန်ဥ' က ခပ်တင်းတင်းတွေးထားပစ်လိုက်မိတော့သည်။

"ချေးတဲ့ငွေကလည်း ဘယ်လောက်မှ မများပါဘူးရှင်... ကလေးတွေ ပညာရေးမို့လို့သာ ကျွန်မက လာချေးတာပါ... 'မောင်နေမင်း' ကလည်း စေတနာကောင်းတဲ့သူဆိုတော့ အကူအညီပေးမယ်ဆိုတာ သေချာပေါက်သိနေတာလည်း ပါပါတယ်"

"ရှည်လိုက်တာ... ငွေ ဘယ်လောက်လိုချင်တာလည်း





ပြော"

'ဒေါ်နု' မျက်နှာက ငွေရတော့မယ်ဆိုသဖြင့် လင်းပဝင်းဖြာသွားခဲ့လေသည်။

"သုံးသောင်းလောက်ဆို ဖြစ်ပါတယ်..."

"ကဲ ပေးလိုက်မယ်... ငါတို့ဘက်က စေတနာထားသလို ညည်းဘက်ကလည်း ငါတို့နဲ့ပတ်သက်ရင် စေတနာပြန်ထားပေးပါ ကိုယ့်ကိုအကူအညီပေးခဲ့တာကိုသိရင် ကိုယ့်အလှည့်ကျရင်လည်း ပြန်ကူညီပေးဖို့မမေ့ပါနဲ့"

"ရပါတယ်... ကျွန်မဘက်က တတ်နိုင်တာဆို အချိန်မရွေးပြန်ကူညီပေးဖို့အသင့်ပါပဲ"

ဘွားဘွား ကအကြံရှိသလို အပြုံးမျိုးဖြင့် ငွေသုံးသောင်းကို လွယ်လွယ်ကူကူပဲ ထုတ်ပေးလိုက်ပါသည်။ 'ဒေါ်နု' ခြေလှမ်းတွေက လိုချင်တာရသွားတဲ့အတွက် ပြန်တဲ့အခါ မြန်ဆန်လို့နေရသည်။

"ကဲ 'နေမင်း'... မင်း ပတ်သက်ထားတဲ့ မိန်းကလေးရဲ့ အသိုင်းအဝိုင်းကိုသိပြီမဟုတ်လား... ငါတို့မျိုးရိုးထဲကို ဒီလိုအရှက်မရှိတဲ့ အသိုင်းအဝိုင်းမျိုး မင်းအဝင်ခံမလို့လားပြော"

"'လိပ်ပြာ' မှာ ဒီလိုစိတ်ဓါတ်မျိုး မရှိဘူးဆိုတာ ကျွန်

တော် အာမခံရဲတယ် ဘွားဘွား ... ခုကိစ္စကိုလည်း 'လိပ်ပြာ' သိရင် သဘောတူမှာကိုမဟုတ်ဘူး"

"အံမယ်လေး... သူကိုယ်တိုင်လွှတ်လိုက်တယ်ဆိုတာကို ပြောသွားတာ မင်းမကြားဘူးလား... အပိုစကားတွေနဲ့ လာကာကွယ်မနေနဲ့..."

"ကျွန်တော် ပြောတာကိုမယုံရင် ဘွားဘွား 'လိပ်ပြာ' နဲ့တွေ့ကြည့်လိုက်ပါလား... 'လိပ်ပြာ' နဲ့ စကားပြောကြည့်ရင် သူ့ရဲ့စိတ်ဓါတ်အခြေအနေကို ဘွားဘွား ခန့်မှန်းတတ်မှာပါ"

"တွေ့စရာအကြောင်း ဘာမှကိုမရှိဘူး... ငါ ပြောတာကိုမင်းသေချာမှတ်ထား... မနက်ဖြန် ရန်ကုန်ပြန်ကြမယ်... မင်းနဲ့ထိုက်တန်တဲ့သူနဲ့ ငါရှာပြီးပေးစားမယ်... လေလွင့်ချင်နေတဲ့ မင်းရဲ့စိတ်တွေကို ဒီမှာပဲအပြီးထားခဲ့လိုက်တော့... ရန်ကုန်ရောက်တာနဲ့ မင်းလုပ်ရမယ့်အလုပ်တွေက တန်းစီနေပြီ... မင်းဘဝ မင်းအခြေအနေမှန်ကို ဦးနှောက်နဲ့သေချာစဉ်းစားပြီး ဘာမဟုတ်တဲ့အပျော်ကိစ္စတွေကို မင်း ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ"

"ကျွန်တော် 'လိပ်ပြာ' ကို အပျော်ချစ်တာမဟုတ်ဘူး"

"'လင်္ကာ' တုန်းကလည်း မင်း ဒီလိုပဲပြောခဲ့တာပဲလေ"





"ပြောခဲ့ရင်ပြောခဲ့မယ်... ဒါပေမဲ့ 'လိပ်ပြာ' နဲ့ကတော့ တကယ့်ကို အတည်ပါ... 'လိပ်ပြာ' ကို ကျွန်တော့်ဘဝရဲ့လက်တွဲဖော်အဖြစ် သတ်မှတ်ထားပြီးပါပြီ"

"မင်းစကားကို ငါ ခေါင်းထဲမထည့်နိုင်ဘူး... 'နေမင်း' ဆိုတာ 'ဒေါ်စိန်ဥ' ရဲ့စကားကို အမြဲတမ်းနာခံနေတဲ့သူတစ်ယောက်ပဲ အမြဲ ဖြစ်နေရမယ်ဆိုတာ မှတ်ထား"

တစ်သက်လုံး မိမိသဘောအတိုင်း နေလာခဲ့ပြီး ခုမှပြောဆိုလို့မရအောင် အာခံပြနေသော 'နေမင်း' ကိုကြည့်ပြီး 'ဒေါ်စိန်ဥ' ရင်ထဲမှာ အသည်းယားပြီးအရမ်းကို နာကျင်ခံရခက်နေခဲ့ပါသည်။

ဒီမိန်းကလေးက ဘယ်လောက်တောင်များ စွဲမက်ဖွယ်ကောင်းနေခဲ့လို့လဲ။ ရုပ်ကလေးလှတာလေးတစ်ခုလောက်က လူ့ဘဝကြီးမှာ နေရာတကာ အသုံးကျတယ်လို့များ 'နေမင်း' ထင်နေသလားမသိပါ။

မျိုးရိုးဆိုတဲ့ အကျင့်စာရိတ္တပိုင်းက ပိုပြီးအရေးကြီးတယ်ဆိုတာကို မေ့များနေလေရော့သလား။ မဖြစ်ပါဘူး။ 'နေမင်း' ကို ရန်ကုန် ပြန်ခေါ်သွားလိုက်တာကသာ အကောင်းဆုံးပဲဖြစ်လိမ့်မည်။

"ကျွန်တော် အပြင်ခဏသွားချင်တယ် ဘွားဘွား"

"မသွားရဘူးလို့ မင်းကို ပြောထားတယ်လေ... မနက်ဖြန် မနက်အစောကြီး ရန်ကုန်ပြန်ကြမယ်... မင်း စောစောအိပ်ယာဝင်တာ အကောင်းဆုံးပဲ"

"ဒီလောက်ကြီး လူတစ်ယောက်ကို ချုပ်ချယ်ဖို့မကောင်းပါဘူးဗျာ"

"ဘုရားရေ... အမြဲတမ်း ငါ ပြောသမျှစကားတွေကို မင်း ငြိမ်ငြိမ်သက်သက်လေး နားထောင်ခဲ့တာပဲမဟုတ်လား... ခုမှ လေလုံးတွေကြီးပြီး ဆတ်ဆတ်ခါနေတာ မင်းမရှက်ဘူးလား"

"ကျွန်တော့်ဘဝ ကျွန်တော်မပိုင်တာကို စိတ်နာတယ်"

"စိတ်နာရင် လဲသေလိုက်ပေါ့... မင်းဘဝကောင်းစားဖို့အတွက် ငါက အမုန်းခံပြီးဆုံးမနေရတာပါကွ"

"အချစ်ဆိုတာကို ဘွားဘွားထည့်မတွက်ပေးတော့ဘူးလား"

"ဘာအချစ်လဲ... အချစ်က ထမင်းတစ်လုတ်လောက်တန်ဖိုးရှိလို့လား... မင်းအချစ်တွေနဲ့ ဘာမှမလုပ်မကိုင်မစားမသောက်ဘဲနေနိုင်သလား ပြောစမ်း"





"မစားမသောက်ဘဲ နေနိုင်တာထက် အချစ်ရဲ့တန်ခိုးနဲ့ ဘဝတစ်ခုကို အားအင်အပြည့်နဲ့ ဖြတ်သန်းကျော်လွှားနိုင်တယ်ဆိုတာကိုတော့ ဘွားဘွား လက်ခံရလိမ့်မယ်"

"အို ရူးလိုက်တာ... တော် တော် အသက်ကြီးမှ တန်ဖိုးမရှိတဲ့ အကြောင်းတွေ ပြောနေရတာ အာခေါင်ခြောက်တယ်... ငါ အနားယူတော့မယ်"

ဘွားဘွား အိပ်သွားရင်လစ်တဲ့အချိန်ကိုချောင်းပြီး 'လိပ်ပြာ' ဆီကို သွားမည်လို့ ကြိုတင်ကြံစည်ကာ ခြံပြင်ကိုဘာရယ်မဟုတ် လှမ်းကြည့်လိုက်မိပါသည်။

လူရိပ်တစ်ခုက 'နေမင်း' ရဲ့ အကြည့်ထဲသို့ တိုးဝင်လာခဲ့ရသည်။ ကြည့်ရင်း ကြည့်ရင်း ဘယ်သူဆိုတာကို ခန့်မှန်းခွဲခြားလို့လာခဲ့ရပါသည်။

'လိပ်ပြာ' ပါလား။ ဟုတ်တယ် 'လိပ်ပြာ' ရောက်နေခဲ့တာပဲ။

အမှောင်ထဲမှာ မျှော်လင့်တောင့်တနေတဲ့ 'လိပ်ပြာ' ရဲ့ မျက်ဝန်းလေးတွေက တစ်ခါတစ်ခါ လက်ဖြာတောက်ပလို့နေတာကို ဖျတ်ကနဲ မြင်တွေ့လိုက်ရသည်။

'နေမင်း' အပြင်ကိုထွက်ချင်ပေမယ့် ထွက်လို့မရပါ။

သူ ကြည့်နေတယ်ဆိုတာကို 'လိပ်ပြာ' မြင်ရလေမလား မသိ။

ပြန်ပါ 'လိပ်ပြာ' ရယ်။

အခွင့်အရေးရတာနဲ့ 'လိပ်ပြာ' ဆီကို သူအရောက် လာခဲ့မယ်ဆိုတာ သိစေချင်ပါတယ်။ 'လိပ်ပြာ' ရဲ့ အရိပ်ကလေး မပျောက်ကွယ်မချင်း သူ ပြတင်းတံခါးနားက ခွာလို့မရခဲ့ပါ။

အတော်ကြီးမိုးချုပ်မှ 'လိပ်ပြာ' ရဲ့ အရိပ်ကလေး ပျောက်ကွယ်သွားခဲ့သည်။ 'နေမင်း' ရဲ့ ရင်မှာလည်း နွမ်းလျလို့နေရပါသည်။



## ၁၃

ဒေါ်လေးကို တွေ့ချင်၍ 'လိပ်ပြာ' လာလာပြီး ရှာနေမိတာ အကြိမ်ပေါင်းမနည်းတော့ပါ။ လာလိုက်တိုင်း အိမ်တံခါးသော့ခတ်ထားတာကိုသာ တွေ့နေရသဖြင့် လူက ဒေါသဖြစ်လို့လာရ သည်။

တမင်သက်သက် 'လိပ်ပြာ' ကို မတွေ့ချင်၍ ရှောင်နေမှန်း သိပ်သိသာပါသည်။ မနေ့ညက 'လိပ်ပြာ' နဲ့တွေ့တော့ စကားတောင် ကောင်းကောင်းမပြောဘဲ ခပ်မြန်မြန်ပဲ လစ်ထွက်သွားခဲ့သည်။

'ကိုမင်း' တို့အိမ်ထဲက ဒေါ်လေး ထွက်လာတာကို တွေ့လိုက်ရသဖြင့် အရမ်းကို အံ့ဩသွားခဲ့မိပါသည်။ ဒေါ်လေး က ဘာကိုရှင်မြူးနေမှန်းမသိဘဲ မျက်နှာထားက ညအမှောင် မှာပင် လင်းဖြာဝင်းပလို့နေသည်။

ဗြုန်းကနဲ ဒေါ်လေး ရှေ့ကနေ ပိတ်ရပ်လိုက်တဲ့ 'လိပ်ပြာ' ကိုအတွေ့မှာတော့ ဒေါ်လေး မျက်နှာက ချက်ချင်းကို ပျက်ယွင်းသွားတာ မဖုံးမဖိနိုင်အောင်ပါ။

"ဒီအိမ်ကို ဘာလာလုပ်တာလဲ ဒေါ်လေး"

ဟု မေးလိုက်တော့ ဒေါ်လေး က ခပ်တည်တည်ပဲပြန် ကာဖြေသည်။

"ဘာလုပ်လုပ်ပေါ့... ညည်းက ဘာကိစ္စရှုပ်ပြီး မေးနေ ရတာလဲ"

"'ကိုနေမင်း' က 'လိပ်ပြာ' နဲ့ပတ်သက်တဲ့သူပါ... ဒေါ် လေး နဲ့ ဘာမှမပတ်သက်ဘူး... ဒေါ်လေးကြောင့် 'လိပ်ပြာ' ဘက်က ခဏခဏအရှက်မကွဲပါရစေနဲ့"

"အို ညည်းကိုများ စာရင်းထဲတောင် မထည့်ဘူး... ငါ့ ကိစ္စနဲ့ ငါလာတာ... 'နေမင်း' ဆီကိုလည်း မဟုတ်ဘူး... သူ့ အဘွားဆီကို လာတာ"





"'ဒေါ်စိန်ဥ' နဲ့ ဒေါ်လေး နဲ့က သိလို့လား"

"သိတယ် သိတယ်... သိလို့ပဲ သူ့အိမ်ထဲက ထွက် လာတာကို ညည်း မမြင်ဘူးလား"

"ဒေါ်လေး 'လိပ်ပြာ' ကို အကြောင်းပြပြီး ပိုက်ဆံသွား ချေးလာတာမဟုတ်လား"

"သိနေရင်လည်း ဘာလို့မေးနေသေးလဲ... ကဲ မှောင်နေ ပြီပြန်တော့မယ်... ညည်းကော မပြန်သေးဘူးလား"

"ပြန်တာမပြန်တာထက် ဒေါ်လေးချေးလာတဲ့ပိုက်ဆံ 'လိပ်ပြာ' ကို ပြန်ပေးပါ"

"ဘာလို့ပေးရမှာလဲ... ငါ့အစွမ်းအစနဲ့ငါ ရလာတာပဲ"

"မသိဘူး... 'လိပ်ပြာ' ပြန်သွားပေးမယ်"

"လုံးဝပြန်မပေးနိုင်ဘူး...ညည်း ထပ်တောင်းရင် ငါ့လက် ဝါးနဲ့ညည်းပါးနဲ့ ဝမ်းဆက်ဖြစ်သွားမယ်ဆိုတာ မှတ်ထား"

ခြေလှမ်းကျဲနဲ့ မပြေးရုံတမယ် ထွက်သွားသော ဒေါ် လေး ကို ကြည့်ပြီး 'လိပ်ပြာ' ဘာလုပ်ရမှန်း မသိအောင်ပါ။ ရင်ထဲမှာလည်း အရမ်းကိုရှက်နေမိပါသည်။

'ဒေါ်စိန်ဥ' ကတော့ 'လိပ်ပြာ' ကိုပို့ပြီး အထင်သေး အမြင်သေးသွားမှာ သိပ်ကိုသေချာပါသည်။ 'ကိုမင်း' များ

အပြင်ထွက်လာလေမလားဆိုပြီး မျှော်လင့်ချက်ဖြင့် မပြန်သေးဘဲ 'လိပ်ပြာ' အချိန်တော် တော်ကြာအထိအောင်ကို စောင့်နေမိပါသေးသည်။

လုံးဝ မလာတော့ဘူးဆိုတာ သေချာသွားမှ 'လိပ်ပြာ' ပြန်လာခဲ့လိုက်ပါသည်။ 'ကိုမင်း' နဲ့တွေ့ရင် ပြောစရာစကားတွေ၊ မေးစရာစကားတွေက 'လိပ်ပြာ' ရဲ့ ရင်ထဲမှာ တစ်ပုံတစ်ခေါင်းကြီးပါ။

ဒေါ်လေး ဆီက ပိုက်ဆံကို ပြန်တောင်းဖို့ ကြိုးစားပြန်တော့လည်း ဒေါ်လေး ကရှောင်ကာနေသည်။ တွေ့ချင်နေတဲ့သူကို မတွေ့ရဘဲ မထင်မှတ်တဲ့ မကြားချင်တဲ့ သတင်းတစ်ခုကို ကြားလိုက်ရပါသည်။

"'လိပ်ပြာ' နင် ဒီမှာ ထိုင်စောင့်နေလို့ အပိုပဲ... ငါ့ကို အိမ်ကလာပြောသွားတယ်... 'မနု' ကို 'နေမင်း' ရဲ့အဘွားနဲ့ အတူ တွေ့လိုက်ဘယ်တဲ့"

"ဟင် ဘယ်မှာတွေ့လိုက်တာလဲ... ဒေါ်လေး က ဘာတွေလုပ်နေတာလဲ"

"မသိဘူးလေ...ကားတစ်စီးပေါ် ပါသွားတာပဲ... မြို့ပြင် ဘက်ထွက်သွားတယ်လို့ပြောတယ်"





"ဒုက္ခပါပဲ... ဒေါ်လေး ဝင်ရှုပ်တာနဲ့ ပြဿနာကပိုပြီးတော့တောင် ရှင်းမရဖြစ်တော့မယ်... 'ကိုမင်း' ကောပါလားမသိဘူး"

'လိပ်ပြာ' သည် ဘာလုပ်လို့လုပ်ရမှန်း မသိဘဲ 'ကိုမင်း' ကို တွေ့ချင်တဲ့ဇောဖြင့် ပြေးထွက်လာခဲ့လိုက်ပါသည်။ 'ကိုမင်း' သူ့အဘွား မရှိဘူးဆိုလျှင် အိမ်မှာအနည်းငယ် လွတ်လပ်နေနိုင်ပါသည်။

အပြင်ထွက်ခွင့်မရဘူးဆိုလျှင်တောင် 'လိပ်ပြာ' ဘက်က သွားတွေ့လျှင် တစ်နည်းနည်းနဲ့မဟုတ် တွေ့ခွင့်ရနိုင်သေးသည်။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် တောင်းပန်ရ၊ တောင်းပန်ရ 'လိပ်ပြာ' အောက်ကျခံကာ တောင်းပန်ပါမည်။

တွေ့ချင်စိတ်က ပြင်းထန်နေတာကြောင့် စက်ဘီးကို အရှိန်ဖြင့် နင်းလာခဲ့လိုက်မိသည်။ 'ကိုမင်း' တို့ ခြံရှေ့ရောက်တော့ ခြံတံခါးက သော့ခတ်ထားလေသည်။

ဘယ်လိုလုပ်ပြီး ဝင်ရပါ့မလဲမသိပါ။ မိန်းကလေးတစ်ယောက် ဖြစ်နေတဲ့အတွက် ခြံတံခါးကို ကျော်ခွပြီး 'လိပ်ပြာ' မဝင်ရဲပါ။ ခြံတွင်းမှာလည်း လူရှင်းနေပါသည်။ 'ဒေါ်စိန်ဥ' စီးလာတဲ့ကားကို မတွေ့ရဘဲ 'ကိုနေမင်း' ရဲ့ကားတစ်စီးသာ

ခြံထဲမှာ ရပ်ထားတာကို တွေ့လိုက်ရသည်။

ဆိုင်ကယ်လည်း ရှိမနေတာကြောင့် 'စိုးမိုး' ပါ အပြင် သွားနေလေသလားမသိပါ။ 'လိပ်ပြာ' သည် ပတ်ဝန်းကျင်ရှိ လူရိပ်လူခြေကိုပါကြည့်ကာ ဖြစ်ချင်ရာဖြစ်သဘောထားပြီး ခြံစည်းရိုးကာရံထားသည့် ပုဏ္ဏရိပ်ပန်းပင်တွေကြားထဲကို ဖွတ် တိုးဝင်ပစ်လိုက်ပါသည်။

ခပ်စိပ်စိပ်ပေါက်နေသော အပင်တွေကြားထဲတိုးရတာ သည် လူတစ်ကိုယ်လုံးကို သစ်ချောင်းတွေဖြင့် ဆွဲခြစ်နေသ လားထင်မှတ်ရအောင် နာကျင်အောင့်မျက်လွန်းလှသည်။

ဘယ်လောက်ပဲ ဖွတ်တိုးနေပါစေ ထင်သလောက်ခရီး မပေါက်လှချေ။

'ကိုမင်း' ကို တွေ့ချင်တဲ့စိတ်ဖြင့် နာကျင်တာကိုအောင့် ခံပြီး 'လိပ်ပြာ' ကြိုးစားမိပါသည်။ ယောကျ်ားတစ်ယောက် အတွက်နဲ့ အောက်ကျနောက်ကျ ဖြစ်လွန်းတယ်ဆိုတာကို သိ ပေမယ့်လည်း ဘယ်တတ်နိုင်ပါ့မလဲ။

'ကိုမင်း' ကို 'လိပ်ပြာ' တအားချစ်ရသည် မဟုတ်လား။

'ကိုမင်း' ဘက်က ကြိုးစားပိုင်ခွင့်အားနည်းနေမည်ဆို လျှင် 'လိပ်ပြာ' ဘက်က ကြိုးစားရမည်ဖြစ်သည်။ အချစ်





တန်ခိုးလိုပဲဆိုဆို ခြစ်ရာတွေဗလပွဖြင့် ခြံတွင်းသို့ 'လိပ်ပြာ' ဝင်ရောက်နိုင်ခဲ့ပါသည်။

အိမ်ရှေ့သံပန်းတံခါးကို တဂျိန်းဂျိန်းမြည်အောင် တွန်း လှုပ်ရင်း 'ကိုမင်း' ကို အော်ခေါ်လိုက်မိသည်။

"'ကိုမင်း'... 'ကိုမင်း'... 'ကိုမင်း' ဘယ်မှာလဲ... 'လိပ်ပြာ' ရောက်နေတယ် 'ကိုမင်း' ရေ"

'လိပ်ပြာ' ရဲ့ အသံက ကြေကွဲမှုနဲ့ တုန်ခတ်နေပေမယ့် အကျယ်ကြီးဖြစ်နေသေးသည်။ မျှော်လင့်တောင့်တနေသည် လား မပြောတတ်။ ကိုမင်း' အပြေးအလွှား ထွက်လာသည်ကို မြင်လိုက်ရပါသည်။

"'လိပ်ပြာ'..."

'ကိုမင်း' ရဲ့အသံက ဘာကြောင့်မှန်းမသိဘဲ တုန်ခါကာ မျက်ဝန်းတွင် မျက်ရည်ကြည်တွေ ဝဲပျံ့နေသည်။ သော့ခတ်ထား သော သံပန်းတံခါးကြောင့် နှစ်ယောက်သား နီးနေရက်နဲ့ ဝေး နေခဲ့ရပါသည်။

'ကိုမင်း' ရဲ့အနောက်ကနေ ဘကြီး ထွက်လိုက်လာပါ သည်။

"'လိပ်ပြာ' ကို ထားမသွားပါနဲ့နော်... ဘယ်လိုအခက်

အခဲပဲတွေ့တွေ့ 'ကိုမင်း' ကို 'လိပ်ပြာ' မစွန့်လွှတ်နိုင်ဘူး"

"ကိုယ် သိပါတယ် 'လိပ်ပြာ' ရယ်"

"ဟော့ မင်း တော်တော်အတင့်ရဲလှပါလား... ခြံထဲက ခုချက်ချင်း ပြန်ထွက်သွားလိုက်စမ်းပါ"

ဟု အော်လိုက်တဲ့ ဘကြီး ရဲ့အသံက အတော့်ကိုစိတ်ပျက်နေပုံပေါ်ပါသည်။

"မနှင်ပါနဲ့ ဘကြီး ရယ်... 'လိပ်ပြာ' မှာ ဘာအပြစ်မှမရှိပါဘူး"

"ဒီအချိန်မှာ ဒါတွေ မပြောနဲ့တော့ 'နေမင်း'... မင်းအဘွားစိတ်ကို မင်းအသိဆုံးပါ"

" 'လိပ်ပြာ' မှာ ငွေမရှိတာကလွဲရင် ဘာအပြစ်မှမရှိပါဘူးဗျာ"

"မင်း ကိုငါမပိုင်ဘူးလေ... ငါရှိနေရဲ့နဲ့ မပြောဘူးဖြစ်မှာစိုးလို့ မင်းအဘွားကို အသိပေးလိုက်ရတာပဲ သူ့သဘောတူရင် ငါ့ဆက်ကကန့်ကွက်ဖို့ဆိုတာမရှိဘူး အခုလုံးဝကိုကန့်ကွက်နေပြီပဲကွာ"

'ကိုမင်း' ရဲ့ လက်ကို ခပ်တင်းတင်းပဲ 'လိပ်ပြာ' ဆုပ်ကိုင်ထားလိုက်ပါသည်။ အချိန်တန်ရင် ခွဲရမယ်ဆိုတာ သိနေ





ပေမယ့်လည်း ရတဲ့အချိန်လေးလောက်မှာ အနေနီးနီးရှိနေပါရစေ။

" 'ကိုမင်း' ကို ရန်ကုန် ပြန်ခေါ်သွားတော့မယ်နဲ့တူတယ်နော်"

"အင်း ဒီနေ့ပဲ ပြန်မယ်လို့ပြောတယ်"

" 'လိပ်ပြာ' ရန်ကုန်ကိုလိုက်ခဲ့မယ်... 'ကိုမင်း' နဲ့မနီးနီးအောင် 'လိပ်ပြာ' ကြိုးစားမယ်နော်"

"ဟင့်အင်း... ကိုယ် ဆက်သွယ်တာကိုသာစောင့်နေ"

တစ်ယောက်နဲ့တစ်ယောက် စကားတောင်ဝအောင်မပြောရသေး ခြံဝမှာ 'ဒေါ်စိန်ဥ' ရဲ့ကား ထိုးဆိုက်လာပါသည်။ ကားမောင်းတဲ့သူက ခြံတံခါးသော့ကို အပြေးအလွှားပင် ဖွင့်နေပါသည်။

မြင်လိုက်ရတဲ့ ခြံတွင်းကမြင်ကွင်းကိုကြည့်ပြီး 'ဒေါ်စိန်ဥ' ရင်ထဲ မီးစနဲ့အထိုးခံလိုက်ရသလို ပူတက်သွားရသည်။

ဒီကောင်မလေး အတော့်ကိုအတင့်ရဲနေပါလား။

ဒီလောက် အတင်းအကြပ် ပိတ်လှောင်ထားတဲ့သူကိုတောင် မရမက တွေ့ချင်ပတ်သက်ချင်နေတာ လုံးဝကိုအလွှတ်မခံနိုင်ဘူးဆိုတာ ပေါ်လွင်နေပါသည်။

သူ ဘယ်လောက်ပဲ ပတ်သက်ချင်၊ ပတ်သက်ချင် အမိကအုပ်ထိန်းသူဖြစ်တဲ့ အဒေါ်က ကတိတွေပေးပြီး ထိန်းသိမ်းပါ့မည်ဟု ပြောလိုက်မှတော့ ရှေ့ဆက်ခရီးလမ်းက အဆင်ပြေနိုင်ပါသေးသည်။

ကျိုက်ထိုကို 'နေမင်း' အား လွှတ်လိုက်မိတာ တကယ့်ကိုမှားသွားခဲ့တာပါလား။ ရန်ကုန်မှာပဲ တခြားနည်းလမ်းတစ်ခုခုရှာကာ ခြေရာဖျောက်ထားခဲ့တာကမှ ကောင်းပါဦးမည်။

အသက်ကြီးမှ 'နေမင်း' လုပ်လို့ နှလုံးတုန်ရင်ခုန်ပြီး နှလုံးရောဂါဖြစ်တော့မှာပါပဲ။ မိမိတို့အသိုင်းအဝိုင်းနဲ့ ဒီကောင်မလေး အဆင့်အတန်းအခြေအနေနဲ့က လုံးဝကိုမအပ်စပ်တာသေချာသည်။

မဖြစ်နိုင်တာကို ခပ်စောစောတည်းက ခွဲဖြတ်ထားနိုင်မှနောင် တစ်ချိန်အတွက် စိတ်အေးရမည်လေ။ ကားကအိမ်ရှေ့မှာရပ်လိုက်သည်အထိ မိန်းကလေးက ထွက်မသွားသေးပါ။

လှမ်းကြည့်လာတဲ့ အကြည့်တွေက 'လင်္ကာ' တုန်းကလိုမာထန်ရိုင်းစိုင်းမနေတာကပဲ ပြန်ကျေးဇူးတင်ရမလို ဖြစ်နေသည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ… 'နေမင်း'နဲ့မပတ်သက်





ပါနဲ့လို့ပြောထားတာ မရဘူးလား… မင်းကို ရှင်းရှင်းပဲမေးမယ်… 'နေမင်း' ဆီက ဘာလိုချင်လို့လဲ… ငွေလား … ငွေဆိုရင်လည်း ပြော ဘယ်လောက်ယူမလဲ"

ခုလေးတင် 'ဒေါ်နုနု' လက်ထဲကို ငွေသုံးသိန်းထည့်ပြီး တူမ ဖြစ်သူကိုထိန်းဖို့ ကတိတွေတောင်းခဲ့ပြီးပါပြီ။ ငွေမက်တဲ့သူအတွက်က မျက်လုံးအရောင်တွေလက်ထကာ ချက်ချင်းပင် သဘောတူသွားခဲ့တာကိုကြည့်ပြီး ကျေနပ်မိပေမယ့် စိတ်ထဲကတော့ ရှုံ့ချနေမိသည်။

'လိပ်ပြာ' သည်လည်း သူ့အဒေါ်လိုပဲ လာလေမလားမသိပါ။

"'လိပ်ပြာ' အတွက်က ငွေမလိုပါဘူး ဘွားဘွားရယ်… 'ကိုမင်း' နဲ့ မဝေးရရင်ပဲ ကျေနပ်ပါပြီ… 'ကိုမင်း' နဲ့မခွဲဘူးဆိုပြီး 'လိပ်ပြာ' ကို ခိုင်းချင်တာခိုင်းပါ 'လိပ်ပြာ' လုပ်ပေးပါ့မယ်"

"မင်းရင်းနှီးစားသောက်ဖို့အတွက် မင်း အဒေါ်ကို ငွေပေးခဲ့ပြီးပါပြီ… မင်း 'နေမင်း' ကို မေ့လိုက်တော့… မင်းအဒေါ်ကလည်း မင်းကိုသူနိုင်အောင် ထိန်းသိမ်းပါ့မယ်လို့ ကတိပေးလိုက်ပြီးပြီ… မင်း ခေါင်းထဲက 'နေမင်း' ကို ထုတ်လိုက်တော့"

"ဟင့်အင်း… 'ကိုမင်း' ကို မမေ့နိုင်ဘူး… 'ကိုမင်း' က

နှုတ်က ‘လိပ်ပြာ’ ကို မုန်းတယ်လို့မပြောမချင်း ‘လိပ်ပြာ’ ‘ကိုမင်း’ နဲ့ မနီးနီး အောင်ကြိုးစားနေမှာပဲ”

“ ‘မောင်ဦး’ မျက်စိနောက်တယ်.. ခြံထဲကဆွဲထုတ်လိုက်စမ်း”

ကားမောင်းတဲ့ ဦးလေးကြီးက ‘လိပ်ပြာ’ ကို လက်မောင်းရင်းမှဆုပ်ကိုင်ကာ ခြံပြင်ကိုမရောက်ရောက်အောင် အားနဲ့ဆွဲထုတ်နေပါသည်။ ‘လိပ်ပြာ’ ရုန်းကန်နေပေမယ့်လည်း သန်မာထွားကျိုင်းသော ယောကျ်ားတစ်ယောက်ရဲ့အားကို ဘယ်လိုမှပြန်ပြီး အံမတုနိုင်ခဲ့ပါ။

လွယ်လွယ်ကူကူလည်း ထွက်မသွားချင်တာကြောင့် ကိုယ်ခန္ဓာကို တရွတ်တိုက်လုပ်ချပစ်လိုက်သည်။ ဒီလိုဖြစ်နေတာတောင် နှင်လွှတ်မယ်ဆိုရင်လည်း နှင်လွှတ်လိုက်ပါတော့။

ညှာတယ်မယ်အောင်းမနေပြီး တွေးထားတဲ့ ‘လိပ်ပြာ’ ရဲ့ အတွေးက တကယ်တကယ်စင်အောင် လွဲမှားသွားခဲ့ရပါသည်။ တင်ပါးတွေပွန်းပဲ့ပြီလားထင်ရအောင် ဆွဲခေါ်ချသွားခဲ့တာ ခြံပြင်ကိုရောက်မှပဲ ရပ်တန့်ပစ်လိုက်ပါတော့သည်။

“ ‘လိပ်ပြာ’... ‘လိပ်ပြာ’ ရယ်”





ဟု ‘ကိုမင်း’ ရဲ့ မချိတင်ကဲ စိတ်မကောင်းသံကို ကြားလိုက်ရတာကြောင့် ရင်ထဲဆွေးသွားရပါသေးသည်။

“ရက်စက်တယ် ဘွားဘွားသိပ်ရက်စက်တယ်...နေရာတကာ ဘွားဘွား ဖြစ်ချင်တာတွေကြီးပဲ လျှောက်လျှောက်လုပ်နေတယ်... ခံစားရတာတွေက နှလုံးသားတွေဗျ ဘွားဘွားရဲ့... ပြီးစလွယ်လုပ်လို့ရမယ့်... ပြီးစလွယ်မေ့လို့ရမယ့် အရာတွေ မဟုတ်ဘူးဆိုတာကို ဘွားဘွား သိဖို့ကောင်းပါတယ်”

“မသိချင်ဘူး... မဖြစ်သင့်တာကို မဖြစ်အောင် ထိန်းသိမ်းတတ်တာပဲသိတယ်... မင်းကွာ ပညာတွေသင်ပြီး စိတ်ဓါတ်ဘာလို့အောက်တန်းကျနေရတာလဲ”

“ဟား ပညာဆိုတာ အမှားအမှန်ကို ဦးနှောက်နဲ့ချင့်ချိန်တတ်အောင် ဗဟုသုတရှိအောင် ကျက်မှတ်ခဲ့ရတာလေ... နှလုံးသားကို ဘယ်လိုချစ်ရမယ်ဆိုတာ အတွက်အချက်တွေနဲ့ သင်ပေးခဲ့တာမှ မဟုတ်ဘဲ... ဆင်းရဲရင် မချစ်နဲ့ ချမ်းသာမှချစ်လို့ ဘယ်သူ့ကမှ မသင်ပေးခဲ့ဖူး... သူ့အလိုလိုရင်ခုန်လာလို့ အချစ်ဆိုတာပေါက်ဖွားလာခဲ့ရတာပါ”

“အဆင့်အတန်းရှိတဲ့သူနဲ့ ပေါက်ဖွားပါတော့လား...”

“အဆင့်အတန်းဆိုတာ လူကလုပ်တာပါ... ခုနေများ

'လိပ်ပြာ' သိန်းသုံးရာထီပေါက်ကြည့်ပါလား...ဘွားဘွားဘယ်လိုဆုံးဖြတ်ပေးမှာလဲ"

"မပေါက်နိုင်ဘူးဆိုတာ သိနေတဲ့အတွက် မဆုံးဖြတ်တတ်ဘူး"

"'လိပ်ပြာ' ကို ဘာမကျေနပ်တာလဲ ဘွားဘွား ရယ်... အဓိကက သူ ကျွန်တော့်ကို စစ်စစ်မှန်မှန် ချစ်ဖို့ပဲမဟုတ်လား"

'ဒေါ်စိန်ဥ' ခေါင်းက သွက်သွက်လည်အောင်ကို ခါရမ်းလို့သွားရသည်။ မဖြစ်နိုင်တာ။ 'နေမင်း' ကို အချစ်စစ်နဲ့ချစ်တယ်ဆိုတာ ဘယ်လိုနည်းနဲ့ ဖြစ်နိုင်မှာလဲ။ ငွေမက်လို့ သူတို့ဘဝကောင်းစားဖို့အတွက် အကြံအဖန်နဲ့ ချစ်ခဲ့တာပဲဖြစ်ရပါမည်။

သွေးပူနေတုန်းတော့ မိမိ ပြောတာကို 'နေမင်း' လက်ခံဦးမှာမဟုတ်သေး။ အချိန်ကြာလာတာနဲ့ အမှု လက်ခံသဘောပေါက်လာလိမ့်မည်ဟု တွေးထားလိုက်၏။

"မင်းကို သူ တကယ်ချစ်တယ်ဆိုတာ ဘယ်လိုသက်သေများပြနိုင်လို့လဲ"

"အချိန်က သက်သေပြမှာပေါ့... သူ့လောက် ကျွန်တော့်မျက်နှာကို အရိပ်လိုကြည့်ပြီး ချစ်နိုင်တဲ့ချစ်သူမျိုး ထပ်ရှိ





လာမှာ မဟုတ်တာသေချာတယ်"

"အဟင်း ဟင်း... ထားလိုက်ပါ... ငါ မသေမချင်း စောင့်ကြည့်နေလိုက်ပါ့မယ်"

ကျွန်မ ရွဲ့ပြောတာကို 'နေမင်း' က နာကြည်းသလို စိုက်ကာကြည့်နေခဲ့သည်။ အဲ့ ခုချိန်မှာ ဘာတွေပြောပြော ကျွန်မ ဂရုစိုက်မနေချင်တော့ပါဘူး။

ရန်ကုန်ပြန်ရောက်တော့လည်း သူ့ဘဝနဲ့သူ 'လိပ်ပြာ' ဆိုတဲ့ မိန်းကလေးကို မေ့သွားမှာသေချာပါသည်။ သေသော သူတောင် ကြာရင်မေ့သွားသေးတာပဲလေ။

ဒီနေ့ပဲ ရန်ကုန်ပြန်ရောက်တော့မှာဆိုတော့ စိတ်ကိုအေးအေးထားနိုင်မှ စိတ်ချမ်းသာပါတော့မည်။

## ၁၄

'နေမင်း' ကို ကြည့်နေရတာသည် အပူလုံးကိုထိုင်ကြည့်နေရတာနဲ့ ဘာမှမခြားပါ။ သူ သွားသမျှတိုင်းကို ကျွန်မ လိုက်ကြည့်အကဲခတ်နေတဲ့အတွက် စိတ်ထဲရှိတာ လုပ်ခွင့်တော့ မရသေးပေ။

ကျွန်မ ဘဝကလည်း အသက်ကြီးမှ ဘုရား၊တရားနဲ့ နေရမလား အောင်းမေ့ပါတယ်၊ အလိုရမ္မက်တောထဲကကို ရုန်းမထွက်နိုင်သေးတာ ခက်လှပါချည်ရဲ့။





ငယ်ငယ်ကတည်းက အဖွား ဖြစ်သူကိုချစ်ကြောက်ရိုသေလာတဲ့သူမို့လို့သာ အတင်းကာရောကြီး ဆန္ဒမပြုရဲပေမယ့် လစ်ရင်လစ်သလိုတော့ အကဲစမ်းချင်တာ အကြိမ်ကြိမ်ရယ်ပါ။

ကျွန်မကလည်း ငယ်ရာက ကြီးလာတဲ့သူဆိုတော့ သိပ်ကိုလျှင်ပါသည်။ 'နေမင်း' ကို သီးသန့် သူ့အခန်းသူ မထားတော့ဘဲ ကျွန်မ အခန်းထဲမှာ ကုတင်တစ်လုံးသွင်းပြီး လာနေခိုင်းလိုက်ပါသည်။

ရှုံ့မဲ့ငြင်းဆန်နေသည့်ကြားက ကျွန်မ ဆုံးဖြတ်ချက်ကို မပြင်တဲ့အခါ အလိုလိုအခန်းထဲရောက်လို့လာရသည်။ ကျိုက်ထို ကို ဖုန်းခိုးဆက်ပြီး 'စိုးမိုး' က တစ်ဆင့် အောင်သွယ်လုပ်ခိုင်းမှာကိုလည်း ကြောက်ရပါသေးသည်။

'နေမင်း' ကြောင့် အိပ်ရေးပျက်ရတာကလည်း အခါခါရယ်ပါ။ သူ့ ခြေသံဖွဖွလေးကြားတိုင်း ဘာများလုပ်မလဲဆိုတဲ့ အတွေးဖြင့် လူ က ဆတ်ကနဲနိုးသွားတတ်သည်။

ပြန်အိပ်ဖို့ကျတော့လည်း မျက်လုံး က ကြောင်သွားသဖြင့် ဆက်အိပ်လို့ မပျော်တော့ပါ။

နောက်ဆုံး ကျွန်မ ဘာဖြစ်သလဲဆိုတော့ နှလုံးအား

နည်းပြီး အနားယူကာ ကျန်းမာရေးကိုဂရုစိုက်ဖို့ ဆရာဝန်က သေချာမှာကြားတာကို ခံရပါတော့သည်။

'နေမင်း' က အဘွားဖြစ်သူကို စိုးရိမ်သလိုရှိပေမယ့် မြူးဖျနေတဲ့ စိတ်ကလည်း ဖုံးဖိလို့မရနိုင်အောင်ပါ။

"နေ့တိုင်း ကျွန်တော် သွားတဲ့နောက်ကို လိုက်နေလို့ ဘွားဘွား ခုလိုစိတ်ပင်ပန်းပြီးဖြစ်တာ ခုချိန်ကစပြီး ကျွန်တော့် နောက်ကို ဘွားဘွား မလိုက်နဲ့တော့... အိမ်မှာပဲ အနားယူတာ အကောင်းဆုံးပဲ"

ကျွန်မ ခေါင်းကိုခါရမ်းပစ်လိုက်သည်။

"သေရင်သေသွားပစေ... မင်းကိုတော့ တစ်ယောက်တည်း စိတ်ချလက်ချမလွှတ်လိုက်နိုင်ပါဘူး... မင်း အကြံအစည်ကို မသိဘူးထင်မနေနဲ့..."

"ဘွားဘွားရယ် မချစ်မနှစ်သက်တဲ့သူနဲ့ ကျွန်တော် တစ်သက်လုံးနေသွားရမယ့်အဖြစ်ကိုလည်း ဘွားဘွား ထည့်တွက်စမ်းပါဦး... ဘွားဘွား မရှိတော့ရင် ကျွန်တော့်ကို ဘယ်သူကအဖော်လုပ်ပေးမှာလဲ မချစ်တဲ့မိန်းမတစ်ယောက်ရဲ့အဖော်လုပ်ခြင်းကိုလည်း ကျွန်တော်က လက်မခံနိုင်ဘူး"

"အချစ်ဆိုတာ နီးစပ်ရင်ဖြစ်တတ်တာပဲ... မင်းကို





အိမ်ကခိုင်းတဲ့ 'မပု' နဲ့ နီးနီးကပ်ကပ်နှစ်ယောက်တည်း နေခိုင်းလိုက်မယ်... ကြာလာတဲ့အခါ မင်း 'မပု' ကို ချစ်စရာကောင်းတဲ့ ဆိုပြီး ချစ်သွားမှာပဲ... 'လိပ်ပြာ' ဆိုတာ ဘာလဲဆိုတာတောင် ဖြစ်သွားဦးမယ်"

"မယုံဘူး"

"ဟဲ့ ဒါအမှန်တရားတွေပဲ... မယုံမရှိနဲ့"

"ဒါဆို ဘွားဘွားကိုသက်သေပြမယ်... ဒရိုင်ဘာ 'ဦးထူး' နဲ့ ဘွားဘွားနဲ့တွဲလာတာနှစ်ပေါင်း ဘယ်လောက်ကြာပြီလဲ... ဘာဖြစ်လို့ ဘွားဘွား 'ဦးထူး' ကို မကြိုက်သလဲ... နီးစပ်တိုင်းသာ ချစ်ကြမယ်ဆိုရင် ဘွားဘွားနဲ့ 'ဦးထူး' နဲ့ လင်မယားတောင်ဖြစ်နေတာကြာပြီ"

ကျွန်မ မျက်နှာက မဲ့တက်သွားတာ လေဖြတ်ပြီလားတောင် ထင်လိုက်ရပါသည်။ ပြောတတ်လိုက်တာ။ ကျွန်မ စကားနဲ့ကျွန်မကို ပြန်နှက်လိုက်တာပါပဲ။

"ငါက ကိုယ်နဲ့တန်ရာတန်ရာကိုပဲမှန်းတယ် မင်းအဘိုးမရှိတော့တည်းက ငါနဲ့တန်တဲ့ ယောကျ်ားဆိုတာ မရှိတော့ဘူးလို့ မှတ်ထားလိုက်တာ... ငါ့ဘေးနားမှာ ဘယ်သူပဲ ကပ်နေနေ 'ဦးထူး' လည်းမသိဘူး... 'ဦးပြူး' လည်း မသိဘူး...

ယောက်ျားဆိုရင် မင်းအဘိုး 'ဦးသော်ကောင်း' ကလွဲပြီး ကျန်တာဘယ်သူ့ကိုမှ ယောက်ျားလို့ မမြင်တတ်ခဲ့တာ လက်ထပ်ပြီးစတည်းကပဲဆိုတာ မှတ်ထား"

"ကျွန်တော်လည်း ဘွားဘွား လိုပဲပေါ့... 'လိပ်ပြာ'ကို ချစ်ပြီးတည်းက ဘယ်မိန်းကလေးကိုမှ မိန်းမလို့မမြင်တော့ဘူး... ချစ်ရမှန်းလည်း မသိတော့ဘူး... ကျွန်တော့်နှလုံးသားက 'လိပ်ပြာ' ဆီမှာကျန်ခဲ့ပြီ... ကျွန်တော့်ရင်ဘတ်ထဲ နှလုံးသားဆိုတာ မရှိတော့ဘူး"

"ခွေးကောင်လေး... စကားတတ်တိုင်း ငါ့ကို လာရိမနေနဲ့... မင်းကို ငါသဘောတူတဲ့သူနဲ့ပဲ ပေးစားမယ်... အသည်းမရှိရင်လည်းနေ ရတယ်... အဓိကက မင်း လက်ထပ်ယူဖို့ပဲ"

"ကျွန်တော်ကတော့ ဖွတ်ကိုထွက်ပြေးမှာပဲ"

ကျွန်မ စိတ်ထဲ 'နေမင်း' ခြိမ်းခြောက်တယ်လို့ပဲ ထင်လိုက်မိတာပါ။ အဲ့ဒီစကားပြောပြီး သိပ်မကြာခင်အချိန်မှာပဲ လုပ်ငန်းခွင်ထဲကနေ ဗြတ်ကနဲဆိုပျောက်သွားခဲ့ပါတော့သည်။

သိသိချင်း ကျွန်မ နီးစပ်ရာနေရာအနှံ့ကို လိုက်ရှာခိုင်းခဲ့ပါသေးသည်။ လုံးဝ မတွေ့ဘူးဆိုတာ သေချာမှ ကျွန်မကိုယ်တိုင် ကျိုက်ထိုသို့ လိုက်ချလာခဲ့လိုက်သည်။





ကျွန်မစိတ်ထဲ 'လိပ်ပြာ' ကို ခိုးပြေးသွားမှာပဲ စိုးရိမ်နေမိသည်။ 'နေမင်း' ကတော့ 'လိပ်ပြာ' ကို လွမ်းလွန်းအားကြီးလို့ မရမကကို အတင်းခိုးထွက်လာခဲ့ခြင်းဖြစ်သည်။

ကိုယ့်ဘက်က ဘာဆိုဘာမှ စနစ်တကျ အစီအစဉ်မရှိဘဲနဲ့တော့ 'လိပ်ပြာ' အား သူ့ဘဝထဲ ဆွဲမသွင်းရက်တာ သူ့ရဲ့စေတနာထားမှုပဲ ဖြစ်ပါသည်။

ဝင်း ကားက ကျိုက်ထိုမြို့ထဲသို့ လေးနာရီသာသာက လေးပဲမောင်းပြီး ခပ်မြန်မြန်ပဲ ရောက်လို့လာခဲ့ပါသည်။ 'နေမင်း' အိမ်ကိုလည်း မသွားချင်ပါ။

အထက(၁) အရှေ့ရောက်တော့ တခြားခရီးသည်တွေ ဆင်းနေတာမို့ ကားကခဏရပ်သွားပါသည်။ မှောင်ရီပိုးတဝါး အချိန်မှာ ပတ်ဝန်းကျင်က လွမ်းစရာလိုလိုပါ။

ကိုယ် ရင်ခုန်စွာ ကျင်လည်ခဲ့ဖူးတဲ့ နေရာပတ်ဝန်းကျင်မို့ ဘာရယ်မဟုတ်ငေးကြည့်နေဆဲ တစ်ယောက်တည်းထိုင်ငေးနေတဲ့ မိန်းကလေးတစ်ယောက်ကို အမှတ်မထင် သတိထားမိသွားရပါသည်။

ဆန်းကဖီး ဆိုတဲ့လက်ဘက်ရည်ဆိုင်ကလေးရဲ့မှောင်ကျကျ ထောင့်စားပွဲလေးမှာ ကားဆီကို မျှော်လင့်တကြီး ငေး

မောကြည့်နေတဲ့သူက 'လိပ်ပြာ' ပါပဲ။

'လိပ်ပြာ' သူ့အား မျှော်နေတာပဲ ဖြစ်ပါလိမ့်မည်။

ကားမထွက်ခင် သူ ခပ်မြန်မြန်ပဲ ဆင်းချလာခဲ့လိုက်ပါသည်။ကားပေါ်က ဆင်းဆင်းချင်းပင် ဖြူနီးကနဲ မယုံသလို ဝမ်းသာအားရထလိုက်တဲ့ 'လိပ်ပြာ' ကို သူ လှမ်းမြင်လိုက်ရသည်။

" 'ကိုမင်း' ရောက်လာတယ်... 'လိပ်ပြာ' ဆီ လာတာလားဟင် 'ကိုမင်း' "

မျက်ရည်တွေဝဲနေသော မျက်လုံးတွေက ဝမ်းနည်းမှုကော၊ ဝမ်းသာမှုပါပေါင်းပြီး တလက်လက်နဲ့အလင်းတွေ ဖြာထွက်သလိုရှိနေရသည်။

သူ့လက်ကိုလည်း ဆုပ်ကိုင်ထားတာ မလွှတ်နိုင်အောင်ပါပဲ။

"လာ လာ... ကိုယ် ဘကြီး ဆီကိုသွားမှာမဟုတ်ဘူး... တည်းခိုခန်းမှာပဲ တည်းလိုက်မယ်... 'လိပ်ပြာ' ကို တွေ့ချင်လွန်းလို့ အိမ်က မသိအောင်လစ်လာတာကွ... ဒီ နီလာ မှာပဲ တည်းလိုက်ရင် ကောင်းမယ်နဲ့တူတယ်"

"ရတယ်လေ... ဒါပေမဲ့ 'ကိုမင်း' ရောက်နေတာ တစ်





ယောက်ယောက်သိသွားရင် ဘယ်လိုလုပ်မလဲ"

"သိတာကတော့ သိမှာပဲ... ဘယ်လိုပဲဖြစ်ဖြစ် 'လိပ်ပြာ' နဲ့တွေ့လိုက်ရတယ်ဆိုရင်ပဲ ကိုယ် ကျေနပ်တယ်"

တည်းခိုခန်းမှာ အခန်းယူပြီးတာနဲ့ သူတို့နှစ်ယောက် ထွက်လာခဲ့ကြပါသည်။ ကျိုက်ပေါလောဘုရားဘက်ကိုသွားရင် 'စိုးမိုး' တို့မြင်သွားနိုင်တာကြောင့် အမှောင်ရိပ်ရှိတဲ့ ဘူတာလမ်းဘက်ကိုပဲ လျှောက်လာခဲ့လိုက်ပါသည်။

" 'ကိုမင်း' ဘယ်တော့ ပြန်မှာလဲဟင်"

"မသိသေးဘူး ဘွားဘွားဘက်က ကိုယ့်ကိုပြန်မတွေ့မချင်း ကိုယ် 'လိပ်ပြာ' အနားမှာနေဦးမယ်"

" 'ကိုမင်း' ကို ဘာတွေပြောသေးလဲ"

"ဘာတွေပဲပြောပြော ကိုယ်ကတော့ 'လိပ်ပြာ' နဲ့ဘယ်တော့မှ မခွဲနိုင်ဘူးဆိုတာသေချာတယ်... ကိုယ့်ကိုစောင့်ပါနော် ဘယ်လို အဆင်မပြေမှုတွေပဲရှိရှိ တစ်နေ့ကိုယ်နဲ့ 'လိပ်ပြာ' နီးကိုနီးစပ်ရမယ်လို့အာမခံတယ်... ကိုယ်နဲ့ဝေးတဲ့ရက်တွေမှာ 'လိပ်ပြာ' ဘာတွေလုပ်နေသလဲ"

"ဘာလုပ်ရမှာလဲ... ဒေါ်လေး ကအတင်းပြန်ခေါ်လို့ သူတို့အိမ်မှာပဲ ပြန်နေတယ်... အခု ဒေါ်လေးက ဈေးထဲမှာဆိုင်

ထွက်နေတယ်... 'ကိုမင်း' ဘွားဘွား ပိုက်ဆံပေးသွားတယ်နဲ့ တူပါတယ်... ဘယ်လောက်ဆိုတာတော့ 'လိပ်ပြာ' ကို မပြော ဘူး... ဒေါ်လေး အမြဲပြောနေတာကတော့ 'ကိုမင်း' နဲ့မပတ် သက်တော့ဖို့ ဘယ်တော့မှအဆက်အဆံမလုပ်တော့ဖို့ ပြီးတော့ သူသဘောတူထားတဲ့ ဒီမြို့ကတောင်တက်ကား မောင်းတဲ့လူနဲ့ယူဖို့ တစ်ချိန်လုံးနားချနေတယ်... 'လိပ်ပြာ' ကတော့ ပြန်ပြောနေရင် ရန်ဖြစ်နေရမယ့်အတူတူ ဘာဆိုဘာမှ ပြန်မပြောဘူး... ဈေးကူရောင်းပေးတယ်... ညနေတိုင်း ခုဏ ဆန်းကဖီးမှာ 'ကိုမင်း' များရောက်လာမလားဆိုတဲ့ မျှော်လင့် ချက်နဲ့တစ်ယောက်တည်း သွားထိုင်စောင့်နေတယ်... ဒီအလုပ် ပဲရှိတယ်"

"ကိုယ် ရောက်မလာတော့ မင်း မပင်ပန်းဘူးလားကွာ"

"လူပင်ပန်းတာထက် စိတ်ပင်ပန်းတာက ပိုပြီး ခံရခက် တယ်ဆိုတာကို 'ကိုမင်း' သဘောပေါက်မှာပါ"

မီးရထားသံလမ်းပေါ်မှာပဲ နှစ်ယောက်သား ထိုင်ဖြစ်ကြ သည်။ သူတို့လိုပဲ တခြားစုံတွဲတွေလည်း ရှိနေတာကြောင့် မှောင်နေပေမယ့် ပတ်ဝန်းကျင်က လူတော့မပြတ်လှပါ။

ဘူတာကုန်းတံတားပေါ်က ဖြတ်သွားတဲ့လူတွေထဲမှာ





အသိတွေများ ပါနေမလားဆိုပြီး စိုးရိမ်စိတ်နဲ့ ကြည့်ကြည့်နေ ရတာကလည်း အလုပ်တစ်ခုလိုဖြစ်နေပါသည်။

"'ကိုမင်း' ဘက်က ခုလိုမျိုး လာရခက်နေရင် 'လိပ်ပြာ' ဘက်က ရန်ကုန်ကိုလိုက်လာဖို့ ကြိုးစားရတော့မယ်"

'နေမင်း' ခေါင်းခါပြလိုက်သည်။

"မဖြစ်နိုင်တာ 'လိပ်ပြာ' ရယ်... ကိုယ့်မြို့မှာပဲ အဆင် ပြေပြေနေစမ်းပါ... ကျိုက်ထိုကို ကိုယ့်ဘက်က လစ်တာနဲ့လာ ခဲ့ လိုက်လို့ရတယ်... ရန်ကုန်မှာ 'လိပ်ပြာ' ကို ကိုယ်စိတ်မချပါ ဘူးကွာ... ကိုယ့် စကားကို နားထောင်စမ်းပါ... ကိုယ် စိတ်ပူရ အောင်မလုပ်နဲ့"

"'ကိုမင်း' ရောက်မလာတော့ဘူးဆိုရင် ဘယ်လိုလုပ်မ လဲ"

"မဖြစ်စေရဘူး... ကိုယ့်စကားကို မင်း မယုံဘူးလား"

"ယုံပါတယ်... ဒါပေမဲ့ ဖြစ်လာမယ့် ကံကြမ္မာကို မယုံချင် ဘူး"

ပြောရင်း 'လိပ်ပြာ' က သူ့ရင်ခွင်ထဲကိုတိုးဝင်းကာ ဝမ်း ပမ်းတနည်းငိုချလိုက်လေသည်။ 'နေမင်း' ရင်ထဲမှာလည်း ဘယ်လိုမှစိတ်မကောင်းနိုင်ပါ။

'လိပ်ပြာ' ဘယ်လောက်တောင် စိုးရိမ်နေတယ်ဆိုတာ
ကို သူကိုယ်ချင်းစာမိပါသည်။ ဘဝချင်းက လုံးဝကိုခြားနားနေ
လေတော့ ဘယ်သူက လွယ်လွယ်ကူကူနဲ့ နီးစပ်လိမ့်မယ်လို့
မျှော်လင့်ရဲမှာတဲ့လဲ။

သူ့ရင်ခွင်ထဲမှာ ရှိနေတဲ့ 'လိပ်ပြာ' ရဲ့ ကိုယ်ခန္ဓာက
သာမန် အပူချိန်ထက်ကို ပိုပြီးပူပြင်းနေတာကြောင့် သူ စိုးရိမ်
စိတ်နဲ့ မေးလိုက်မိသည်။

"နေမကောင်းဘူးလား 'လိပ်ပြာ' ဟင်"

"ရတယ်... ဘာမှမဖြစ်ဘူး"

"ဘာမဖြစ်ရမှာလဲ... ကိုယ်တွေ့ပူနေတဲ့ဟာ နေမကောင်း
ရင်လည်း အိမ်ထဲမှာပဲ နားနားနေနေ နေတာမဟုတ်ဘူးကွာ...
အပြင်ထွက်ပြီး လေစိမ်းအတိုက်ခံတော့ ပိုဆိုးတော့တာပေါ့..."

"အိမ်ထဲမှာနေနေရင် 'ကိုမင်း' ရောက်လာတာကို 'လိပ်
ပြာ' ဘယ်လိုလုပ်ပြီးသိရမှာလဲ... ဒေါ်လေး ကလည်း ခေါ်ပေး
မယ်ထင်လို့လား... "

"ကိုယ် ရအောင်ကြံဖန်မှာပေါ့ကွာ... လာ ခုဆေးခန်း
သွားပြမယ်..."

"မသွားချင်ဘူး... ခေါင်းမူးနေတယ်... ဒီမှာပဲဆက်ထိုင်





နေတာပဲ ကောင်းပါတယ်"

"လာပါကွာ... ကျန်းမာရေးက ပိုအရေးကြီးပါတယ်...
ကိုယ်လည်း ခုချက်ချင်းကြီး မပြန်ဖြစ်သေးပါဘူး... တစ်ရက်
နှစ်ရက်တော့ မင်း အနားမှာနေဖြစ်ဦးမှာပါ"

" 'ကိုမင်း' တကယ်ပြောတာလား"

"တကယ်ပေါ့ကွာ"

ပြောမယ့်သာပြောလိုက်ရတာ 'နေမင်း' ရင်ထဲမှာ လေး
လံလို့ နေရပါသည်။ ဘွားဘွား ရဲ့ ခက်ထန်သောစိတ်ဓါတ်ကို
စိုးထိတ်နေမိတာလည်းပါသည်။

'လိပ်ပြာ' ကို ခပ်ဖြည်းဖြည်းတွဲလျှောက်ရင်း 'ဖြူဖွေး'
ဆေးခန်းကို လာခဲ့လိုက်ပါသည်။ ပတ်ဝန်းကျင်က သူတို့နှစ်
ယောက်ကို အကဲခတ်သလိုကြည့်နေကြသည်။

'လိပ်ပြာ' ကို ဆေးခန်းပြပြီး အခန်းပြင်ကို ပြန်အထွက်
မှာတော့ 'နေမင်း' လို့ အော်ခေါ်လိုက်တဲ့ ဘွားဘွား ရဲ့အသံက
မီးတောင်ပေါက်ကွဲလိုက်သလို သူတို့နှစ်ယောက်နားထဲသို့ ပူ
ပြင်းစွာစီးဝင်လာခဲ့ပါတော့သည်။

"အဟင့် 'ကိုမင်း' ဘယ်လိုလုပ်ကြမလဲ... လိုက်လာ
ကြပြီ... 'ကိုမင်း' သွားရတော့မယ်"

ဟု ပြောလိုက်တဲ့ 'လိပ်ပြာ' ရဲ့အသံက တုန်လှုပ်ဝမ်းနည်းကြောင့် ငိုသံပါနေရပြီဖြစ်သည်။

သူ လည်း တတ်နိုင်ရင် ငိုချလိုက်ချင်ပါသည်။ တကယ့်ကို မကြာသေးတဲ့ အချိန်ခဏလေးမှာ သူနဲ့ 'လိပ်ပြာ' ချက်ချင်းပဲ ခွဲရတော့မှာလား။

'လိပ်ပြာ' ကို သတိရလွန်းလို့၊ လွမ်းလွန်းလို့ ကျိုက်ထိုကို အရဲစွန့်ပြီး ခိုးထွက်လာခဲ့ရတာပါ။ 'လိပ်ပြာ' ဘက်ကလည်း နေမကောင်းဖြစ်နေတာတောင်မှ သူ့ကိုလွမ်းစိတ်နဲ့ တွေ့ရနိုးနဲ့ လာမျှော်နေခဲ့တာပါ။

တွေ့မယ့်တွေ့ရတော့လည်း ဒီလောက် အချိန်ပိုင်းလေးက သူတို့နှစ်ယောက်ရဲ့ ရင်တွင်းက စိတ်ဆန္ဒတွေကို ပြေပျောက်စေနိုင်မှာတဲ့လား။

ဖြစ်နိုင်ရင် 'နေမင်း' မပြန်ချင်သေးပါဘူး။ ဘွားဘွားခေါ်တဲ့နောက်ကို မလိုက်ချင်ပါဘူး။

"လာ ကိုယ်တို့ထွက်ပြေးကြမယ်"

" 'ကိုမင်း' "

'နေမင်း' ဆွဲခေါ်ရာနောက်ကို 'လိပ်ပြာ' က အသာတကြည်မလိုက်နိုင်ဘဲ 'နေမင်း' ရဲ့လက်ကို သတိပေးသလိုမျိုး





ပြန်ဆွဲထားလေသည်။

"ဘာလုပ်တာလဲ"

"လွတ်မှမလွတ်နိုင်တာ ဘာလို့သွားတော့မှာလဲ..."

"ဟာကွာ"

စိတ်ရှုပ်မှုကြောင့် 'နေမင်း' မျက်လုံးမှာ မျက်ရည်တွေပင် ဝဲတက်လာခဲ့ရပါပြီ။

'စိုးမိုး' က 'နေမင်း' ရဲ့လက်တစ်ဖက်ကို လာဆွဲခေါ်လိုက်ပါသည်။

" 'ကိုမင်း' မသွားပါနဲ့နော်"

"ဟဲ့ လွတ်လိုက်စမ်း... အရှက်မရှိတဲ့ မိန်းမ... လူကြားသူကြားထဲမှာတောင် ကိုယ့်သိက္ခာကိုယ် မထိန်းသိမ်းနိုင်ဘူး"

ဟု ကြမ်းကြမ်းတမ်းတမ်း စကားတွေကိုပြောပြီး ဘွားဘွား က 'လိပ်ပြာ' ရဲ့ ကိုယ်ခန္ဓာကို အဝေးသို့ရောက်အောင် တွန်းထုတ်ပစ်လိုက်ပါသည်။

နဂိုတည်းက နေမကောင်းဖြစ်ပြီး အားနည်းခေါင်းမူးနေသော 'လိပ်ပြာ' မှာ ရုတ်တရက် မထင်မှတ်ဘဲ ဆောင့်တွန်းခံလိုက်ရတာကြောင့် လူကမိုက်ကနဲဖြစ်ပြီး မြေပြင်ပေါ်ပက်လက်ဖင်ထိုင်ရက်ကြီး ပြုတ်ကျသွားခဲ့ရတော့သည်။

“ဟာ ဘွားဘွား ဘယ်လိုလုပ်လိုက်တာလဲ ဗျာ”

‘ဒေါ်စိန်ဥ’ ဘက်ကလည်း ဒီလိုမျိုး ဖြစ်သွားလိမ့်မယ်လို့ မထင်ထားတာကြောင့် ကြောင်ပြီးကြည့်နေမိသည်။ ကိုယ်လွန်သွားတယ်ဆိုတာ သိပေမယ့်လည်း ပြန်ပြီး မတောင်းပန်ချင်ပါ။

အားလုံးအမြင်မှာ လူကြမ်းမကြီး အသွင်ဖြစ်နေမှတော့ မုန်းလက်စနဲ့ပဲ မုန်းတာကောင်းပါတယ်လေ။

“ပစ်ထားလိုက်စမ်းပါ... ‘နေမင်း’ ကားပေါ်တက် သွားမယ်... ‘စိုးမိုး’ ရအောင် ဆွဲခေါ်စမ်း”

‘စိုးမိုး’ နဲ့အတူ ‘ဦးထူး’ ကပါ ဝင်ဆွဲခေါ်တာကြောင့် ‘နေမင်း’ ဘယ်လိုနည်းနဲ့မှ ပြန်မရုန်းနိုင်တော့ချေ။ မြေပြင်ပေါ်မှာ အားငယ်ဝမ်းနည်းသောမျက်လုံးတွေနဲ့ ထိုင်ကြည့်နေတဲ့ ‘လိပ်ပြာ’ ဆီကိုလည်း မသွားနိုင်တော့ပါ။

“ ‘ကိုမင်း’...”

“ကိုယ် အရောက်ပြန်လာခဲ့မယ်”

“အို ဘာတွေပြောနေတာလဲ... ဟဲ့ ကားပေါ်ရောက်အောင် ဆွဲတင်စမ်းပါ...”

ကားပေါ်ရောက်တာနဲ့ အရှိန်ဖြင့်ကားက ထွက်ခွာလာ





နိုင်ခဲ့ပါသည်။

အနောက်ဘက်ကို ကျွန်မ လှမ်းကြည့်လိုက်မိတော့ သွေးရူးသွေးတန်းသဘောမျိုး အရက်ပြေ ပြေးလိုက်လာတဲ့ ‘လိပ်ပြာ’ ကို တွေ့လိုက်ရတာကြောင့် အလွန်အမင်းကို စိတ်ပျက်လို့သွားခဲ့ရပါသည်။

ဒီ ကလေးမ တကယ်ပဲ ‘နေမင်း’ ကို ချစ်တာလား၊ ‘နေမင်း’ ရဲ့ စည်းစိမ်ချမ်းသာတာတွေကို မက်လို့၊ ဟန်ဆောင်ပန်ဆောင်နဲ့ အိုင်တင်လုပ်ပြနေတာလား ကျွန်မ မဝေခွဲနိုင်အောင်ပါ။

ဘာပဲဖြစ်ဖြစ် ခုကိစ္စမှာ ဘေးပတ်ဝန်းကျင်တွေကပါ သိကုန်ပြီဆိုတော့ ‘လိပ်ပြာ’ အတွက် ရှက်စရာကောင်းတာ အမှန်ပါပဲ။ မိန်းကလေးချင်း ကိုယ်ချင်းစာကြည့်ရင် ပတ်ဝန်းကျင်မှာ ဘယ်လိုမျက်နှာပြမလဲ မသိချေ။

“ရန်ကုန်ကိုပဲ တန်းမောင်းလိုက်တော့”

ဟု ကျွန်မရဲ့ အမိန့်ပေးသံကို ‘နေမင်း’ က ဝင်ရောက်ဖျက်ဆီးပစ်လိုက်ပါသည်။

“ဘွားဘွားလုပ်ရက်တယ်နော် ကျွန်တော့်တို့ဘက်က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တွေ့ဖို့ကြိုးစားတာကို ဘွားဘွား လုပ်

ရက်တယ်နော် ဘွားဘွား ဘက်ကတောင် ဒီလိုမျိုးလုပ်ရက်မှတော့ ကျွန်တော့်ဘက်ကလည်း ဘယ်သူ့ကိုမှ ငဲ့မှာမဟုတ်တော့ဘူး... ကျွန်တော် သစ္စာဆိုလိုက်မယ်... ‘လိပ်ပြာ’ ကလွဲပြီး ဘယ်မိန်းကလေးကိုမှ ကျွန်တော် မယူဘူး... ‘လိပ်ပြာ’ နဲ့ အမြန်ဆုံးနီးစပ်အောင် ကျွန်တော့်ဘက်က ကြိုးစားတော့မယ်”

“မင်း ဘာလို့ဒီလောက် မိုက်လုံးကြီးချင်နေရတာလဲ”

“ရိုးရိုးသားသားနဲ့ အမှန်တကယ်ချစ်တဲ့သူတွေကို ဘွားဘွား ကကော ဘာလို့ခွဲချင်ရတာလဲ... ငွေအကြောင်း ထည့်မပြောပါနဲ့... ကျွန်တော် ငွေမမက်ဘူး... စိတ်ချမ်းသာတာကိုပဲလိုချင်တယ်... မယုံဘူးဆိုရင် ဘွားဘွား ကျွန်တော့်ကို အမွေပြတ်စွန့်လွှတ်ပြီး အိမ်ပေါ်က ကန်ချလိုက်စမ်းပါ... ကျွန်တော် ပျော်ပျော်ကြီး ဆင်းသွားဖို့ အဆင်သင့်ပဲ”

“မင်း မင်း...”

ဒေါသထွက်လွန်းလို့ ကျွန်မ နှုတ်က ဘာစကားမှ မထွက်နိုင်အောင် ဖြစ်လို့နေရသည်။

‘နေမင်း’ ကို ထိန်းသိမ်းလို့ ရနိုင်တော့မယ် မထင်။

ကျွန်မ စဉ်းစားရတော့မည်။ ကျွန်မဘက်က သေချာ





တာ တစ်ခုက ‘နေမင်း’ ကို မခွဲနိုင်တာပါပဲ။ ‘နေမင်း’ ကတော့ ကျွန်မရင်ခွင်ထဲကနေ ခွဲထွက်ဖို့ ကြံစည်နေပါပြီ။

အကြမ်းနည်းကို ဆက်သုံးနေရင် ကျွန်မနဲ့ ‘နေမင်း’ နဲ့အဝေးဆုံးကို ရောက်သွားမယ့်အတူတူ အနုနည်းကိုပဲ ပြောင်းသုံးရင်ကောင်း မလား စဉ်းစားကြည့်လိုက်မိသည်။

မချစ်သော်လည်း အောင့်ကာနမ်းပြီး ‘လိပ်ပြာ’ ဆိုတဲ့ ကလေးမကို အဝေးဆုံးသို့ရောက်အောင် ကျွန်မ ပညာပြနှိပ်စက်မှပဲ ဖြစ်ပါတော့မည်။

## ၃၅

ရသလောက်တော့ ကျွန်မ ဘက်ကို ‘နေမင်း’ ပါမပါဆိုတာ စမ်းသပ်ကြည့်လိုက်ချင်ပါသေးသည်။ ဖွား အေဖြစ်သူရဲ့အချစ်ထက် သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ အချစ် ဘယ်သူ့အပေါ်ကို ပိုသလဲဆိုတာ ကျွန်မ သိပ်ကို သိချင် နေမိပါသည်။

အရွယ်ရောက်လာရင် အချစ်နဲ့ထိတွေ့ပြီး ရူးရူးမူးမူး နဲ့သတ္တိတွေ ရှိတတ်လာတယ်ဆိုတာကို ကျွန်မ သိပါတယ်။ ဒါပေမယ့် မွေးကတည်းက ကျွန်မစကားကို မြေဝယ်မကျ နား





ထောင်ခဲ့တဲ့ ‘နေမင်း’ လိုလူမျိုး ဖောက်ပြန်လာတယ်ဆိုတာ တကယ့်ကို မယုံနိုင်စရာ အံ့ဖွယ်လိလိအဖြစ်ပါ။

အချစ်ရဲ့တန်ခိုးကပဲ ဒီလောက်တောင် အစွမ်းထက်မြက် ခဲ့လေသလား မသိတော့။ ကျွန်မတုန်းကတော့ ကိုယ်ချစ်သူ့ကို မိဘတွေက ကြည်ဖြူခဲ့တဲ့အတွက် ပူဆွေးခြင်းဆိုတဲ့ သောကကို နည်းနည်းကလေးတောင် မခံစားလိုက်ရခဲ့ပါ။

အဲ့ဒီလို မခံစားခဲ့ရလို့လည်း ကျွန်မဘက်က ဒီလောက် ထိကို ရရင့်ရသလောက် ဖျက်ဆီးနေခဲ့တာလည်း ဖြစ်နိုင်ပါ သည်။ လောလောဆယ် အခန်းတွင်းမှာ အောင်းနေသော ‘နေ မင်း’ ဆီကို ကျွန်မ ကိုယ်တိုင်မသွားဘဲ သတင်းစကားတချို့ကို သာ ပို့လွှတ်လိုက်မိပါသည်။

“‘ကိုနေမင်း’ ဘွားဘွားသွေးတွေတိုးပြီး ခေါင်းတောင် မထောင်နိုင်တော့ဘူး...အိပ်ယာထဲမှာလဲနေတာသနားပါတယ် ‘ကိုနေမင်း’ သတင်းသွားမေးလိုက်ပါလား ဟင်”

ဟု ‘မပု’ ပြောတဲ့စကားကိုတော့ ချက်ချင်းအလေးထား ပြီး ကျွန်မ အခန်းထဲရောက်ချလာခဲ့ပါသည်။ ပြန်ရောက်တည်း က သူ့အခန်းမှာ သူ ဝင်နေခဲ့တာဖြစ်သည်။

‘နေမင်း’ ဝင်လာတာကိုတွေ့တာနဲ့ ကျွန်မ ချက်ချင်းပဲ

ကျွန်မ လန့်ပြီး မျက်လုံးပြူးသွားခဲ့ရပါသည်။ ကျွန်မ ပြောနေတာတွေက အိုင်တင်လုပ်ပြီး မူယာမာယာနဲ့ ပြောပြနေခဲ့တာပါ။ ဒီ ကောင်လေးက တကယ်လုပ်ချင်လုပ်လိုက်မယ့်ပုံ။

"အို နမိတ်မရှိ နမာမရှိတာတွေ မပြောစမ်းပါနဲ့... မိန်းကလေးတစ်ယောက်အတွက်နဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်အသက်ကိုတောင် စတေးတယ်ဆိုတာ ရက်စရာကောင်းလွန်းပါတယ်... ကြာ တော့လည်း မင်း မေ့သွားမှာ ကျိန်းသေတယ်"

"မမေ့ဘူး... ကျွန်တော် ဘယ်တော့မှမမေ့ပါဘူး... 'လိပ်ပြာ' ဆီကို အခွင့်အရေးရတာနဲ့ ကျွန်တော် အပြေးပြန်သွားမှာပဲ... လစ်တဲ့အချိန်ကို ကျွန်တော် အမြဲတမ်းစောင့်နေမယ်"

"မင်း ငါ့စကားကို လုံး၀ နားမထောင်နိုင်တော့ဘူးလား"

"ဘွားဘွားကကော တစ်သက်လုံး ကျွန်တော်စိတ်ချမ်းသာအောင် ထားလာခဲ့ပြီးမှ ခု ဘာဖြစ်လို့ ကျွန်တော့်အသည်းကိုခွဲချင်နေရတာလဲ... 'လိပ်ပြာ' က မိန်းမဆိုးတစ်ယောက်ဆိုရင်လည်း ထားပါတော့... ပိုက်ဆံမရှိတာလေးကို အပြစ်လုပ်ပြီး ပြောနေတာကတော့ ဘွားဘွား လွန်လွန်းပါတယ်"

"မင်း ငါသေတာကို မြင်ချင်လို့လား"





ကိုယ်ခန္ဓာကို ဘေးတစောင်းလှည့်ရင်း အိပ်ချင်ဟန်ဆောင်နေလိုက်ပါသည်။

ခုခေတ်မှာ ဒီလိုမျိုး အိုင်တင်တွေ လုပ်မပြလို့ကတော့ သူတို့တွေက ကိုယ့်ကိုပတ်ပြီး ရောင်းစားသွားမယ်ဆိုတာကို ကျွန်မ သဘောပေါက်နေခဲ့ရပြီ မဟုတ်လား။

"ဘွားဘွား နေမကောင်းဘူးဆို... ကျွန်တော် ဆရာ၀န်ခေါ်ပေးရမလား ဟင်"

ကျွန်မ ခေါင်းကိုညင်သာစွာ ခါရမ်းပြလိုက်သည်။

"အိပ်ယာထဲနေနေရင် ပိုခေါင်းမူးနေမှာပေါ့... ခြံထဲမှာ ဆင်းပြီး ထိုင်မလား"

"နေပါစေ 'နေမင်း' ရယ်... စိတ်ညစ်လို့ ဘာဆိုဘာမှကိုမလုပ်ချင်ပါဘူး... ဒီလိုမျိုး သေသွားလည်း ကောင်းတာပါပဲ လောကမှာ ကိုယ့်စိတ်တိုင်းကျ မဖြစ်လာမှတော့ သေသွားတာကမှ အကောင်းဆုံးပါပဲ"

"ကိုယ့်စိတ်ကူးတဲ့အတိုင်း ဖြစ်မလာလို့ သေရစတမ်းဆို ကျွန်တော်ပဲ အရင်ဆုံးပြေးပြီး သေပြလိုက်ချင်ပါတယ်... ကျွန်တော် သေတာကိုအရင်ကြည့်ပြီးမှ ဘွားဘွား လိုက်သေရင်သေလိုက်ပါတော့"

ကျွန်မ စိမ်ခေါ်သလို မေးလိုက်မိတာဖြစ်ပါသည်။

'နေမင်း' က ကျွန်မ ထင်မထားတဲ့ စကားကို ပြန်မေး လိုက်သည်။

"ကျွန်တော် သေတာကိုကော ဘွားဘွားကမြင်ချင်လို့လား"

"တောက် မင်း တော်တော် မိုက်လုံးကြီးနေပါလား"

"ကျွန်တော် ဆုံးဖြတ်ပြီးသွားလို့ပါ... 'လိပ်ပြာ' ကို ကျွန်တော် သနားတယ်... သူ ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော်တစ်ယောက်တည်းက အသိဆုံးပဲ"

"ဟင်း..."

ကျွန်မ တကယ့်ကိုမောပန်းစွာဖြင့် သက်ပြင်းချဖြစ်သွားရသည်။ ခေါ်ခိုင်းတုန်းက ကျွန်မရဲ့ ကျန်းမာရေးနဲ့ ခြိမ်းခြောက်ပြီး 'နေမင်း' ကို နားချမလို့ ခေါ်ခိုင်းခဲ့တာပါ။

ခုတော့ နားချရမယ့်သူက နားမချရဘဲ သူ ပြောသမျှတွေကိုသာ ခေါင်းမညိတ်မိအောင် ပြန်ဖြေရှင်းနေရတဲ့ဘဝရောက်လို့နေရပါရောလား။

ခွဲလို့မရမယ့်အတူတူ 'နေမင်း' နဲ့ ကျွန်မနဲ့ကြားမှာ





အပေးအယူတစ်ခုခုတော့ အမြန်ဆုံး ရှိဖို့လိုအပ်လာပါပြီ။ ကျွန်မ တောင်းဆိုတာကို 'နေမင်း' သဘောတူရင် ပြီးပါပြီ။

စိတ်ထဲမှာရှိတာကို ဖွင့်မပြောသေးဘဲ သုံးလေးရက်လောက် ကျွန်မ အောင့်အီးမြိုသိပ်ကာ 'နေမင်း' ရဲ့ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

သူ့ကိုအပြင်ပေးမထွက်တာကြောင့် ကျွန်မ ကိုယ်တိုင်လည်း အိမ်တွင်းအောင်းပြီး အလုပ်တွေကို ဖုန်းတစ်လုံးနဲ့သာ လှုပ်ရှားပြီး လုပ်ကိုင်နေရပါသည်။ စိတ်ချရတဲ့ လူယုံတွေရှိလို့သာ တော်ပါသေးသည်။

တစ်နေ့ကုန်တစ်နေ့ခန်း အခန်းတွင်းအောင်းကာ ငြိမ်သက်နေသော 'နေမင်း' ရဲ့ အကြံဥာဏ်ကို ကျွန်မ နည်းနည်းကလေးတော့ သတိလက်လွတ်ဖြစ်သွားခဲ့ရပါသည်။

'နေမင်း' ဆီမှာ သူ့ကိုယ်ပိုင် ဟန်ဒ်ဖုန်းရှိနေတယ်ဆိုတာကို တကယ့်ကိုမေ့လျော့နေခဲ့တာပါ။ 'စိုးမိုး' ဆိုတဲ့ကောင်ကိုလည်း ယုံစားမိတာပါတာပေါ့လေ။

တကယ်လို့ ကျိုက်ထို ကို ဖုန်းခေါ်ရင်တောင် 'လိပ်ပြာ' နဲ့ ပေးတွေ့မယ်လို့ ထင်မထားတာကြောင့် ဖုန်းကိစ္စကို လုံးဝကိုမစိုးရိမ်ခဲ့ပါ။ ကျွန်မ အတွေးက မှားသွားခဲ့ပါသည်။

အစတုန်းက 'လိပ်ပြာ' ကို ကြည့်မရသလိုဖြစ်နေခဲ့တဲ့ 'စိုးမိုး' ဆိုတဲ့ကောင်က ဘာတွေတွေးပြီး ကြည်လင်သွားသည် မသိပါ။ ကြား ထဲက အောင်သွယ်တော် လုပ်ပေးလိုက်ပါသေး သည်။

သည်သတင်းကို အရင်လာပြောပြသူက အိမ်ကခိုင်းတဲ့ လူတွေ ပါပဲ။ ထမင်းဟင်းတောင် အခန်းတွင်းပို့ပေးမှ စားတဲ့ 'နေမင်း' ကိုအမြင်ကတ်ပြီး ကျွန်မ ကလည်း စကားစပြီး မပြော ခဲ့ပါ။ ဒါကပဲ သူတို့အတွက် တကယ့်ကို အခွင့်အရေးကောင်း လား မသိပါ။

"ဖွားဖွား အခန်းထဲမှာ 'ကိုနေမင်း' တစ်ယောက်တည်း စကားတွေပြောပြောနေတာ ကျွန်မ တွေ့တာ နှစ်ခါမကတော့ ဘူး"

ဟု စပြောကာစတုန်းက ကျွန်မ မယုံသေးပါ။

"မဖြစ်နိုင်တာ… ရူးနေရင်လည်း ထားပါတော့… ညည်း မျက်စိနဲ့သေချာမြင်တာလား"

"မျက်စိနဲ့တပ်အပ်မမြင်ပေမယ့် အခန်းထဲမဝင်ခင်စ ကားပြောနေတာကတော့ သေချာတယ်… ကျွန်မ အခန်းထဲ ရောက်သွားရင်တော့ သူ မဟုတ်တဲ့အတိုင်း မျက်နှာကခပ်တည်





တည်ပဲ"

"သေကောသေချာလို့လား ဟယ်"

"သေချာပါတယ်"

ကျွန်မ ကိုယ်တိုင် တိတ်တိတ်ကလေး 'နေမင်း' အခန်း တံခါးဝသို့သွားကာ ချောင်းကြည့်ပေမယ့်လည်း ဘာဆိုဘာမှ ထူးခြားခြင်း မတွေ့ခဲ့ရပေ။

"ညည်းတို့ ငါ့ကိုတမင် လာရျောက်တွန်းနေတာ မဟုတ် လား ဘယ်မှာလဲ စကားတွေပြောနေတာ… ငါ ချောင်းနေတာ နှစ်ရက်ရှိနေပြီ… ဘာမှထူးခြားတာ မတွေ့ခဲ့ရဘူး"

"ဒုက္ခပဲ… ဒီရက်တွေကျမှပဲ 'ကိုနေမင်း' က တိတ်နေ တာ"

ကျွန်မ စိတ်က တကယ့်ကို မေ့မေ့ပျောက်ပျောက် ထား လိုက်ကာမှပဲ တကယ့်အဖြစ်အပျက်ဆိုတာ သက်သေပြတဲ့လူ က ပေါ်လာခဲ့ပြန်ပါသည်။

"ဘွားဘွား မြန်မြန်လာ… 'ကိုနေမင်း' စကားတွေပြော နေတယ် ထမင်းပို့မလို့ဟာမပို့သေးဘဲ ဘွားဘွားကို လာခေါ် တာ"

ကျွန်မ ခြေလှမ်းတွေက အသက်အရွယ်နဲ့မလိုက်

အောင် မြန်မြန်ဆန်ဆန် လှုပ်ရှားလို့သွားခဲ့ရပါသည်။ တစ်ယောက်တည်း စကားပြောတာသေချာရင်ဖြင့် ရူးများ ရူးနေပြီလား မပြောတတ်။ ဘုရားသခင် ကယ်တော်မူကြပါ။

ကျွန်မနားက အခန်းတံခါးမှာ တစ်သားတည်း ဖြစ်လို့သွားခဲ့ရသည်။

"လာမှာသေချာပါတယ်... ဒီတစ်ခါဆိုရင်တော့ မင်းကိုကိုယ် ဟိုးအဝေးကြီးကို ခိုးပြေးတော့မှာ... မင်း သတ္တိမွေးထားဖို့ပဲလိုတယ် ညအရမ်းမိုးချုပ်တဲ့အထိတော့ ကိုယ့်ကို စောင့်မနေပါနဲ့ကွာ... ကိုယ် လာရင် ခပ်စောစောအချိန်ပဲ လာဖြစ်မှာပါ"

ကျွန်မ ရင်ခုန်သံတွေ အံ့သြစိတ်ကြောင့် တဒိုင်းဒိုင်းနဲ့နေအောင် မြန်ဆန်လှုပ်ရှားလို့ လာခဲ့ရသည်။ 'နေမင်း' တစ်ယောက်ယောက်နဲ့ စကားတွေပြောနေတာတော့ သေချာပါပြီ။

"ဆက်လေ... ရတာပဲ... 'စိုးမိုး' ကို ပြောမနေနဲ့တော့... အိတ်ချိန်းကနေပဲ ဆက်ပေါ့... ကိုယ့်ဖုန်းနံပါတ်လည်း သိနေပြီပဲဟာ... ဒီတစ်ပတ်ထဲဆိုတာတော့ လုံးဝကိုသေချာတယ်"

ကျွန်မ သဘောပေါက်လိုက်ပါပြီ။ 'လိပ်ပြာ' တစ်ယောက် 'နေမင်း' ရဲ့ ဖုန်းနံပါတ်ကိုရပြီး အိတ်ချိန်းကနေ လွယ်လွယ်ကူကူဆက်နေခဲ့တာပေါ့။





ဒီအရင်အခြေအနေက 'စိုးမိုး' ဆိုတဲ့ကောင်က တစ်ဆင့်ဆက်သွယ်ခဲ့ကြတာပဲ ဖြစ်လိမ့်မည်။ အခန်းထဲမှာ နေနေလို့ ငြိမ်နေမလား အောင်းမေ့ပါတယ် ကြည်နူးစရာတွေနဲ့ တကယ့်ကို ပျော်မြူးသွေးကြွ နေခဲ့တာပါလား 'နေမင်း' ရယ်။

ဝုန်းကနဲ အခန်းတံခါးကို ကျွန်မ တွန်းဖွင့်ဝင်သွားပြီး 'နေမင်း' လက်ထဲက ဖုန်းသေးသေးလေးကို ဆောင့်ဆွဲယူပစ်လိုက်ပါသည်။

"ဟာ ဘွားဘွား ..."

ထင်မှတ်မထားတာမို့ 'နေမင်း' ပုံစံက ဖုံးကွယ်လိုက်ချိန်မရ ဖြစ်နေပါသည်။ တုန်လှုပ်ခြောက်ခြားပြီး ကျွန်မထွက်လာတဲ့နောက်ကို တကောက်ကောက်လိုက်လာကာနေသည်။

"ဟဲ့ ဘယ်လောက်ပြောပြော အရှက်မရှိတော့ဘူးလား... ငါ့ ငွေကိုလည်း ယူသေးတယ်... ပေးထားတဲ့ကတိကိုလည်း မတည်ဘူး ညည်းတို့အသိုင်းအဝိုင်းက ဒီလိုပဲ မျက်နှာပြောင်တိုက်ပြီး ချူစားနေကြပဲလား ဟင်"

ကျွန်မရဲ့အသံက ဒေါသကြောင့် လှိုင်းထကာနေသည်။

"ငွေကိစ္စကို 'လိပ်ပြာ' ဘာမှမသိပါဘူးဘွားဘွားရယ် ခေါ်လေး ဖါသာလုပ်ချင်တာလုပ်တာ... ဘွားဘွား ငွေကိုပြန် ပေးနိုင်အောင် 'လိပ်ပြာ' ကြိုးစားပါ့မယ်"

"ငွေပြန်လိုချင်လို့ မဟုတ်ဘူး... 'နေမင်း' နဲ့ ပတ်သက် နေလို့ ပြောနေရတာ... ညည်း သိထားစမ်း... နောက်နှစ်ရက် သုံးရက်နေရင် 'နေမင်း' က လက်ထပ်တော့မယ်... လက် ထပ်ပွဲကိုဖျက်ရင် ညည်းသေပြီသာအောင်းမေ့ထား"

ဖုန်းကိုပိတ်ဖို့ပင် သတိမရဘဲ ကျွန်မ အဝေးသို့ပစ် ပေါက်ပြီး လွှင့်ပစ်လိုက်မိသည်။ ကျွန်မ မှာတော့ အခန်းထဲမှာ နေနေတယ်ဆိုပြီး စိတ်ချလက်ချရှိနေခဲ့မိတာ။

သူတို့က ခိုးပြေးဖို့ပင် ချိန်းပြီးနေကြပြီ။

'နေမင်း' က မျက်နှာငယ်နဲ့ ကျွန်မနားကို တစ်ခုခုပြော ဖို့ကပ်လာခဲ့ပါသည်။ သူ့လေသံကို နားထောင်ရမှာ အော့နှလုံး နာလွန်းတာကြောင့် 'နေမင်း' ရဲ့ မျက်နှာကို ကျွန်မ ရှိသမျှ အားနဲ့ ဖြတ်ရိုက်ပစ်လိုက်မိသည်။

လှည့်ထွက်သွားသော 'နေမင်း' ကိုကြည့်ပြီး ကျွန်မရင်ထဲ စို့တက်လာခဲ့ရပါသည်။ ကျွန်မ ချစ်လို့ငယ်ငယ်တည်းက ဖူးဖူး မှတ်ထားခဲ့တဲ့ မြေးလေးကို မထင်မှတ်ဘဲ ရိုက်ချလိုက်မိပြီ။





လူကြီးဖြစ်နေတဲ့အတွက် ကျွန်မ ဘက်က မှားပါ တယ်ဆိုပြီး တောင်းပန်ဖို့လည်း ခက်နေပါသည်။

"မင်း ငါ့ရှေ့က ထွက်သွားတော့ 'နေမင်း'"

ကျွန်မ မျက်ရည်မကျခင် အော်ပြောလိုက်မိသည်။

"သွားမှာပါ... ကျွန်တော် ထွက်သွားမှာပါ... ဘွားဘွား မမြင်ချင်တဲ့ ကျွန်တော့်ကို ဘယ်တော့မှမမြင်စေရပါဘူး"

ကျွန်မ သွားခိုင်းတာက သူ့အခန်းထဲသူ ပြန်ဝင်ခိုင်းတာ ဖြစ်ပေမယ့် 'နေမင်း' က လေ့ကားထစ်တွေကိုဆင်းနေပါသည်။ ပြောစကားကိုနင်းပြီး လုပ်ချင်တာကို လုပ်တဲ့သူပါလား။

"မင်းကို ငါ သွားခိုင်းတာ အခန်းထဲကို... မင်း မိုက်ဖို့ အတွက် အပြင်ကို ထွက်ခိုင်းနေတာ မဟုတ်ဘူး"

"ကျွန်တော်ကတော့ ဘွားဘွားနဲ့ဝေးတဲ့နေရာကို သွား တော့မယ် 'လိပ်ပြာ' နဲ့အတူ ကျွန်တော့်ဘဝကို တည်ဆောက် တော့မယ်"

"'နေမင်း' မင်းကို ငါတားလို့မရတော့ဘူးလား ပြော စမ်း"

"မရတော့ဘူး... ဘွားဘွား ကို ကျွန်တော် သိပ်စိတ်နာ သွားပြီ"

'နေမင်း' ခြေလှမ်းစတာနဲ့ ကျွန်မ ဒူးတွေက စိုးရိမ်စိတ်နဲ့တုန်လှုပ်ရမ်းလို့လာခဲ့ရတော့သည်။ 'နေမင်း' ကို ကြည့်ရတာသည် ရှိသမျှအခက်အခဲတွေ အကုန်လုံးကို ရိုက်ချိုးဖျက်ဆီးပြီး သူလုပ်ချင်တာကို လုပ်မယ့်ပုံပါ။

ကျွန်မ ရင်ထဲ မောပန်းရလွန်းတာကြောင့် 'နေမင်း' ဆန္ဒကိုလည်း မဖျက်စီးချင်တော့ပါ။ ချက်ချင်းကြီး အလျှော့ပေးရမှာကျတော့လည်း ကျွန်မ ရဲ့မာနက တင်းခံနေပြန်သည်။

ရိုက်လိုက်မိတဲ့ ကျွန်မရဲ့အပြစ်ကို ပြန်ပေးဆပ်ချင်စိတ်ကသာ များနေပါသည်။ သူ စိတ်ချမ်းသာရင် ကျွန်မလည်း စိတ်ချမ်းမြေ့နိုင်တာပဲ မဟုတ်လား။

'နေမင်း' ရဲ့ ခြေလှမ်းကိုရပ်တန့်သွားအောင် ကျွန်မဘက်က လုပ်စရာတစ်နည်းပဲ ရှိပါတော့သည်။ ကျွန်မ ဆုံးဖြတ်ချက်ကိုချကာ ရပ်နေရာမှာပင် ကိုယ်ခန္ဓာကို ပုံကျသွားအောင် ပျော့ခွေချပစ်လိုက်တာဖြစ်ပါသည်။

မျက်လုံးကိုစုံမှိတ်ထားရင် 'နေမင်း' ရဲ့ ခြေသံကိုနားစွင့်ထားလိုက်မိသည်။ ကျွန်မ ထင်ထားတဲ့အတိုင်း 'နေမင်း' က ကျွန်မကိုပွေ့ကာ စိုးရိမ်တကြီးခေါ်နေပါသည်။

"ဘွားဘွား ဟာ လုပ်ကြပါဦး... ဆရာဝန်မြန်မြန်





ခေါ်ပေးကြပါ"

ကျွန်မကိုပွေ့ကာ သူ့အခန်းထဲက ကုတင်ပေါ် ဖြည်းဖြည်းချင်းချနေပါသည်။

"ဆရာဝန်ကို အမြန်ဖုန်းဆက်ခေါ်လိုက်... ဒီမှာ သတိလစ်နေတာ"

ကျွန်မ မျက်လုံးကို ခပ်ဖြည်းဖြည်းချင်းပဲ ပြန်ဖွင့်လိုက်ပါသည်။ ဘာမှမဖြစ်ဘဲနဲ့တော့ ဆရာဝန်ရှေ့မှာအိုင်တင်မလုပ်ပြပရစေနဲ့။ 'နေမင်း' ရှေ့မှာက ကိုယ်စိတ်ကူးနဲ့ ကိုယ်ဆိုတော့ အရေးမကြီးဘူးလေ။

"အင်း..."

ကျွန်မရဲ့ ညည်းညူသံကိုကြားမှ 'နေမင်း' မျက်နှာက စိုးရိမ်စိတ်တွေ ပြေပျောက်သွားသလို ရှိလာပါသည်။ သူ့ဘက်က ခုလိုမျိုး ပြာယာခတ်အောင် စိုးရိမ်ပြတာနဲ့တင် ကျွန်မမှာ ကြည်နူးရလှပါပြီ။

"ဘွားဘွားဘယ်လိုနေလဲဟင် ကျွန်တော် ဆရာဝန်ခေါ်ခိုင်းလိုက်ပြီနော်"

"နေပါစေကွယ်... သက်သာပါပြီ... မင်း ထွက်သွားမယ်ဆိုရင် သွားတော့လေ"

"ကျွန်တော် ခုချိန်မှာတော့ ဘွားဘွားကိုပစ်ပြီး မသွားရက်ပါဘူး သွားတော့သွားမယ်... တစ်နေ့နေ့ပေါ့ ဘွားဘွားရယ်"

"မင်း 'လိပ်ပြာ' ကို တကယ်ပဲ မစွန့်လွှတ်နိုင်ဘူးလား"

"ကျွန်တော် သူ့ကို ဘဝတစ်သက်တာလုံးအတွက် ချစ်တာပါ"

"ဟင်း ဘွားဘွား မင်းကိုယုံပါတယ်... သူ့ကိုမယုံချင်သေးဘူး ဘွားဘွားနဲ့မင်းနဲ့ကြားမှာ အပေးအယူတစ်ခုတော့ ရှိရမယ်... မင်း သူ့အချစ်ကို ယုံတယ်ဆိုရင်ပေါ့"

'နေမင်း' မျက်လုံးတွေက မျှော်လင့်ချက်ကြောင့် တောက်ပလာခဲ့သလိုရှိသည်။

"ပြောလေ ဘွားဘွား"

"အချိန်အတိုင်းအတာတစ်ခုအထိ သူ့ကို ဘွားဘွား နည်းမျိုးစုံနဲ့စမ်းသပ်မယ်... ဘွားဘွား စိတ်တိုင်းကျပြီဆိုရင် မင်းနဲ့သူ့ကို ခမ်းခမ်းနားနား မင်္ဂလာပွဲကျင်းပပေးဖို့ တာဝန်ယူတယ်... မင်းအပေါ်မှာ သူ့အချစ်က မရိုးသားဘူးဆိုရင်တော့ မင်း ကျေကျေနပ်နပ်နဲ့နောက် ဆုတ်ရမယ် ဘယ်လိုလဲ"

"ဘွားဘွား က ဘယ်လိုစမ်းသပ်မှာလဲ"





"သူ့ကို ဘွားဘွားနဲ့အနီးကပ်နေရအောင် အိမ်မှာခေါ်ထားလိုက်မယ်... မင်း ဘက်က မသိချင်ဟန်ဆောင်နေလိုက်ဖို့ပဲလိုတယ်"

"'လိပ်ပြာ' ကို အတင်းကာရောကြီးတော့ ပညာတွေမပြပါနဲ့ ဘွားဘွားရယ်... သူက တကယ့်ကိုအရိုးခံလေးပါ"

"ငါ နားလည်ပါတယ် 'နေမင်း' ရယ်... မင်းသာ နှုတ်လုံပစေ ငါ ဘာပြောပြော ကာဆီးကာဆီးလာမလုပ်မိစေနဲ့ ကြားလား"

'နေမင်း' က ရင်လေးသလိုမျိုး ခေါင်းကိုသာ ညိတ်ပြလိုက်ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ဆန္ဒဖြစ်ချင်တာ ဖြစ်ရမယ်ဆိုတော့ စိတ်ထဲမှာ ကျေနပ်နေမိပါသည်။

## ၁၄

'လိပ်ပြာ' သည် ဒေါ်လေး အလစ်ကိုချောင်းပြီး အိမ်ထဲမှထွက်ဖို့ ကြံစည်နေမိတာ အကြိမ်ကြိမ်ရယ်ပါ။ ခေါင်းတွေကလည်း မူးနောက်နေတာ ပတ်ဝန်းကျင် အမြင်တွေပင် ဝေဝါးနေတဲ့အတိုင်းပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် 'ကိုမင်း' က ရောက်အောင်လာမယ်လို့ပြောထားတဲ့အတွက် စောင့်ကြိုနေရမှာသည် 'လိပ်ပြာ' ရဲ့ တာဝန်ပဲမဟုတ်လား။

'ကိုမင်း' နဲ့ အမြန်ဆုံးတွေ့ချင်နေရပါပြီ။ 'ဒေါ်စိန်ဥ'





ရဲ့စကားတွေကိုကြားပြီးတည်းက 'လိပ်ပြာ' မှာ စိုးထိတ်မှုနဲ့ လန့်ပြီး အဖျားဝင်နေခဲ့ရသည်။

နောက်နှစ်ရက်သုံးရက်နေရင် 'ကိုမင်း' ကို လက်ထပ်ပေးစားတော့မယ်ဆိုတာ တကယ်ပဲလားမသိပါ။ 'လိပ်ပြာ' 'ကိုမင်း' ကိုစောင့်နေတာ ဒီနေ့ပါနဲ့ဆို ငါးရက်မြောက်ခဲ့ပါပြီ။

ရင်ထဲမှာလည်း ပူပြင်းနေလိုက်တာ မပြောပါနဲ့တော့။ တစ်ပတ်အထိတော့ စိတ်ကိုတင်းပြီး 'ကိုမင်း' ကိုစောင့်ဖို့ စိတ်ကူးထားမိပါသည်။

'ကိုမင်း' ရဲ့လိပ်စာကိုလည်း 'စိုးမိုး' ပြောပြလို့ သိပြီးနေပါပြီ။ 'ကိုမင်း' လက်ထပ်မထပ်ဆိုတာကို 'စိုးမိုး' ကိုယ်တိုင်ကလည်း သေချာမသိပါတဲ့။

ဘကြီး က 'စိုးမိုး' ကို ခြံထဲမှာပဲ အပြီးပို့ထားလိုက်ပါသည်။ တစ်ခါတလေ သူ ပါ ခြံထဲက ပြန်မလာတော့ဘဲ အိမ်ကိုဒီအတိုင်း သော့ခတ်ထားကာ 'လိပ်ပြာ' နဲ့ အဆက်အသွယ်ဖြတ်ထားခဲ့လေသည်။

ဘယ်သူ့ဆီမှာ ဘယ်လိုအကူအညီမျိုးတွေတောင်းရမှန်းမစဉ်းစားတတ်တော့အောင်ပါ။ အဖျားတော်တော်ကြီးနေပြီဆိုတာ သိရဲ့နဲ့ ဒေါ်လေးအလစ်မှာ ခပ်မြန်မြန်ပင် အိမ်ပေါ်ကနေ

'လိပ်ပြာ' ဆင်းပြေးလာခဲ့လိုက်ပါသည်။

လမ်းသွားရတာ ခါတိုင်းလို ပေါ့ပါးမနေဘဲ လူကယိုင်တိယိုင်တိုင်နဲ့ အရက်မူးသမားလို ဖြစ်ကာနေသည်။ 'မမောင်' တို့မြင်ရင်တားမှာစိုးတာကြောင့် လမ်းကြားထဲကဖြတ်လျှောက်လာခဲ့မိသည်။

လမ်းမပေါ်မှာ လဲကျန်နေခဲ့တဲ့အဖြစ်ကို 'လိပ်ပြာ' နဲ့ ပတ်သက်တဲ့သူတွေက နာကြပါသည်။ သူတို့နာဘဲအထဲမှာ ဘာမဆိုင်ညာမဆိုင် 'ကိုမင်း' ကိုပါ ပြောနေကြတဲ့တာကြောင့် 'လိပ်ပြာ' အားလုံးကို ရှောင်ရှားမိခြင်းပါပဲ။

'ကိုမင်း' ရဲ့အချစ်ကို 'လိပ်ပြာ' သိပ်ကို ယုံကြည်ပါသည်။ အခြေအနေမပေးသေးလို့သာ သူ 'လိပ်ပြာ' ဆီ မရောက်လာနိုင်တာကို နားလည်နေတဲ့အတွက်လည်း နေ့စဉ် သူ ရောက်လာလိမ့်နိုးနဲ့ မျှော်လင့်တကြီး စောင့်စားနေခဲ့တာပေါ့လေ။

ထုံးစံအတိုင်း ဆန်းကဖီးရဲ့ ချောင်ကျကျ စားပွဲလေးမှာ တစ်ကိုယ်တည်း လမ်းမတန်းကို ထိုင်ငေးနေလိုက်ပါသည်။

တစ်ယောက်တည်း ရောက်တတ်ရာရာတွေ စဉ်းစားရင်း ဟို အရင်တုန်းက 'ကိုမင်း' နဲ့ သွားခဲ့ဖူးတဲ့ နေရာတွေ၊ ကြည်နူးခဲ့ကြတဲ့ အဖြစ်တွေကို ပြန်မြင်ယောင်လို့လာမိသည်။





သတိရတိုင်း လွမ်းဆွတ်စိတ်၊ ဝမ်းနည်းစိတ်နဲ့ မျက်ရည် က လျှောကနဲနေအောင် စီးကျလာခဲ့ရသည်။ လူတွေရှေ့မှာ မျက်ရည်ခိုးသုတ်ရတဲ့အဖြစ်ကလည်း အကြိမ်ကြိမ်ရယ်ပါ။

'ကိုမင်း' ရယ် ... 'လိပ်ပြာ' တို့အဖြစ်ကလည်း ဘာဖြစ်လို့ ဒီလောက်တောင် ဆိုးဝါးခဲ့ရတာလဲ။ စကတည်းက ဒီလိုရင်ကွဲရသလိုမျိုး ခံစားရမယ်ဆိုရင် 'ကိုမင်း' နဲ့မတွေ့မိအောင် 'လိပ်ပြာ' ရှောင်နေမိခဲ့မှာအမှန်ပါ။

ခုချိန်မှတော့ ရင်ကွဲရတာကိုပဲ ကျေကျေနပ်နပ်ကြီး ခံစားနေရတဲ့အဖြစ်မျိုး ရောက်လို့နေရသည်။ ညအမှောင်မှာ ငိုနေတာကိုလည်း ဘယ်သူကမှ သတိထားမိနိုင်မယ် မထင်။ မြင်ချင် လည်း မြင်ကြပါစေတော့။

စိတ်ရှိလက်ရှိသာ 'လိပ်ပြာ' ငိုပါရစေတော့။ ငိုနေတဲ့သူကို ပိုငိုရအောင်လို့ ကက်စက်က သီချင်းကလည်း တွန်းပို့တတ်ပါသည်။

မင်း ဘယ်လမ်းသွားသွား× × × မင်းနောက်က လိုက်လို့နေမယ်× × × မင်း ဘယ်လမ်းလှမ်းလှမ်း× × × ဖဝါးထပ်မျှလိုက်လို့ပါမယ်× × × မင်း ကမ္ဘာဆုံးလှမ်းလဲ× × ×

လှည့်မကြည့်နဲ့နောက်ကပါမယ်× × × မင်းလိုသလောက်ဖြစ်အောင် ဘဝတစ်ခုလုံး ဆုံးသွားပါစေကွယ်× × ×

စိုးပိုင်မှုရဲ့အချစ်စိတ်တွေ အရိပ်လိုငြိတွယ်မိပေါ့လေ× × × စိတ်ရင်ထဲက အတွေးလှိုင်းဝေ× × × ကမ်းခြေမရောက်တဲ့ လှိုင်းကလေးအခြေ× × × စိုးရိမ်နေ× × × သစ်ရွက်ကလေးနဲ့ပန်းကလေးတွေက စိုးရိမ်နေ× × × သစ်ရွက်ကလေးနဲ့ ပန်းကလေးတွေက စိုးရိမ်နေ× × × သစ်ရွက်ကလေးနဲ့ ပန်းကလေးတွေကလေ× × ×

အချစ်ခံစားမှုတွေ မီးတောက်မက ပြင်းလို့ထန်တယ် × × × ဘဝမှန်တိုင်းအတွင်းဝယ် × × × မင်းဘဝအတွက်တို့ရှိနေမယ် မိုးမှောင်တဲ့နေ့× × × တို့အသည်းလေး ကျွမ်းခဲ့ရင်လေ× × × ရှိပစေတော့ အချစ်ရယ်× × × အချစ်ဆုံးမို့ မမုန်းရက်နိုင်ပါကွယ်× ×

စာသားကော၊ ဆိုတဲ့လူကပါ ကောင်းလွန်းတာကြောင့် ပါးပေါ်ကို မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလို့လာခဲ့ရပြန်ပါသည်။ ဘာလုပ်ရမလဲ။ 'လိပ်ပြာ' 'ကိုမင်း' ဆီကို အရောက်လာခဲ့ရမလား ဟင်။

'လိပ်ပြာ' ဒီတစ်သက်မှာ 'ကိုမင်း' တစ်ယောက်တည်း





ကိုပဲ ချစ်ပါရစေ 'ကိုမင်း' ရယ်။ တစ်ယောက်တည်း စကားတွေပြောနေမိဆဲ မြင်ကွင်းထဲကို 'ဒေါ်စိန်ဥ' စီးတဲ့ ကားမြင့်မြင့်ကြီးဝင်ရောက်လို့ လာခဲ့ရပါသည်။

ကားပေါ်မှာ 'ကိုမင်း' ကိုတော့ မတွေ့ရပါ။ ဘယ်လိုပဲဖြစ်ဖြစ် 'ကိုမင်း' ရဲ့ သတင်းအစအနလေးများ ရလိုရငြား 'လိပ်ပြာ' ဝုန်းကနဲ ထိုင်နေရာမှာထကာ ကားနောက်သို့ တရှိန်ထိုးပြေးလိုက်လာခဲ့လိုက်ပါသည်။

လူတစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေပေမယ့်လည်း ရှိသမျှအားအင်တွေကိုစုပြီး 'လိပ်ပြာ' ပြေးနေမိပါသည်။ တဖြည်းဖြည်း မျက်လုံးတွေလေးလံကာ အမြင်တွေမှုန်ဝါးဝေဝါးလို့ လာခဲ့ရသည်။

ခြေလှမ်းတွေလည်း နှေးလာလိုက်တာသည် ဆက်လှမ်းလို့ပင် မရနိုင်တော့အောင်ပါ။ 'လိပ်ပြာ' ရဲ့ အတွေးထဲမှာ 'ဒေါ်စိန်ဥ' ရဲ့ကားကြီး ရုတ်တရက် ရပ်တန့်သွားသည်ဟု ထင်လိုက်မိပါသည်။

"အံမယ်လေး မောလိုက်တာ... ဟင်း ဟင်း 'ကိုမင်း' ရေ... 'လိပ်ပြာ' ဘာလုပ်ရမလဲ ဟင်"

လူက မိုက်ကနဲဖြစ်သွားပြီးတာနဲ့ နာကျင်သလိုမျိုးခံ

စားလိုက်ရပြီး 'လိပ်ပြာ' ဘာကိုမှ မသိတော့ပါ။ 'လိပ်ပြာ' ရဲ့ နံဘေးမှာ ဖြစ်ပေါ်နေတဲ့ အော်သံဟစ်သံတွေကိုလည်း မကြား နိုင်တော့ပါ။

'လိပ်ပြာ' ရဲ့ အသိစိတ်က 'နေမင်း' ဆီကိုသာ ဦးတည် ပြီးသွားနေမိပါတော့သည်။



## ၁၇

သတိပြန်ရလာတာနဲ့ ထူးဆန်းအံ့ဩဖွယ် သောစကားကို မထင်မှတ်ဘဲ ကြားလိုက်ရပါသည်။

'လိပ်ပြာ' ကို 'ဒေါ်စိန်ဥ' က ရန်ကုန်ကို ခေါ်သွားမလို့ တဲ့။ ဖြစ်နိုင်ပါ့မလား။ 'ကိုမင်း' နဲ့ နည်းနည်းကလေးမှကို သဘောမတူ မကြည်ဖြူနိုင်တဲ့သူက ရန်ကုန်ကို ခေါ်သွားမယ် ဆိုတာ တကယ့်ကို ယုံတမ်းစကားလေလား မသိပါ။

"မင်း သေချာစဉ်းစားပါ... ဒါမျိုး ငါ ဘာဖြစ်လို့လုပ်ရ သလဲဆိုရင် 'နေမင်း' ကို မခွဲနိုင်လို့ပဲ... သူ့ကိုနောက်ဆုံးအနေ

နဲ့ အခွင့်အရေးပေးပြီး မင်းကို ရန်ကုန်ကိုခေါ်ပြီး အနီးကပ်လေ့လာဖို့ ဆုံးဖြတ်ခဲ့တာပဲ”

“ရန်ကုန်ကို ညည်း တစ်ယောက်တည်း လိုက်သွားရဲ့သလား ‘လိပ်ပြာ’ ”

ဟု ဒေါ်လေး က စိုးရိမ်သလိုမျိုး မေးလာပါသည်။

တကယ်တမ်းကျတော့လည်း ဆွေမျိုးဆိုတဲ့စိတ်နဲ့ ပူပန်နေပုံရပါသည်။

“ ‘လိပ်ပြာ’ ဘာလုပ်ရမလဲ ဟင်”

“ဒါက မင်း ဆုံးဖြတ်ရမှာလေ... တကယ်လို့ ‘နေမင်း’ နဲ့ ယူဖြစ်ရင်လည်း မင်း တစ်ယောက်တည်း ရန်ကုန်မှာလိုက်နေရမှာပဲ မဟုတ်လား... ယူဖြစ်ရင်ပဲ ပြောသေးတာနော်... ဒီကြားထဲမှာအခက်အခဲတွေ အများကြီးရှိရင်ရှိနေဦးမှာ”

“လိုက်မသွားနဲ့ ‘လိပ်ပြာ’... သူစိမ်းတွေကြားထဲမှာ နင် ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာမှာလဲ... ‘နေမင်း’ ကကော နင့်ဘက်မှာ ဘယ်လောက်တောင်များ ရပ်တည်ပေးနိုင်မှာမို့လို့လဲ”

‘မမခင်’ ကတော့ လုံးဝကို ဟန့်တားနေပါသည်။

ဒါပေမယ့် ‘ကိုမင်း’ နဲ့ တွေ့ရမယ်၊ ‘ကိုမင်း’ အနားမှာ နေရမယ်





ဆိုရင်ဖြင့် ဘယ်လို ဒုက္ခတွေမျိုးကိုပဲဖြစ်ဖြစ်၊ ‘လိပ်ပြာ’ သတ္တိရှိရှိနဲ့ ရင်ဆိုင်နိုင်ဝံ့တာ သေချာပါသည်။

‘လိပ်ပြာ’ ရင်ထဲမှာရှိတဲ့အချစ်က တကယ့်ကို စစ်စစ်မှန်မှန်ရှိနေခဲ့တဲ့ အချစ်တစ်ခုပါ။

“လိုက်ချင်ရင်လည်း လိုက်လာခဲ့... အချိန်သုံးရက်ပဲပေးထားမယ်...”

နောက်သုံးရက်ဆိုတာကြီးကို ‘လိပ်ပြာ’ စောင့်စားပြီးမနေချင်တော့ပါ။ မျှော်လင့်နေရတဲ့ဘဝက ဘယ်လောက်တောင်ပင်ပန်းနာကျင်ရတယ်ဆိုတာကို ‘လိပ်ပြာ’ ကိုယ်တိုင်ပဲ အသိဆုံးမဟုတ်လား။

ဖြစ်ချင်တာဖြစ်ပါစေတော့။ ‘ကိုမင်း’ ရဲ့အနားမှာ နေရမယ်ဆိုတာတစ်ခုတည်းနဲ့ အရာရာကို ရင်ဆိုင်ဖို့ အားမွေးထားလိုက်မိပါသည်။

“ဘွားဘွားပြန်တာနဲ့ ‘လိပ်ပြာ’ လိုက်ခဲ့လို့မရဘူးလား ဟင်”

အားလုံး တအံ့တသြ ဖြစ်သွားကြပုံရသည်။

“ဟဲ့ ‘လိပ်ပြာ’ ဘယ်လိုပြောလိုက်တာလဲ”

“အို လိုက်မသွားရပါဘူး”

‘လိပ်ပြာ’ ဘယ်သူ့စကားကိုမှ နားမထောင်နိုင်တော့ပါ။ ရင်ထဲမှာ ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်ဖို့အသင့်ပြင်ထားလိုက်သည်။

“ငါက မနက်ခပ်စောစောပဲပြန်တော့မှာ... တကယ်လိုက်မှာကော သေချာလို့လား”

“သေချာပါတယ်”

“အင်းလေ... လိုက်ရင်လည်းလိုက်ခဲ့ပေါ့... ငါနဲ့လိုက်လို့တော့ မင်းဘဝ မပျက်စေရဘူးဆိုတာတော့ အာမခံတယ်... မင်းကိုယ်တိုင် မနေချင်တော့ဘူးဆိုတဲ့နေ့တစ်နေ့ကျရင်တော့ ငါ ကိုယ်တိုင် မင်းကို ပြန်ပို့ပေးပါ့မယ်”

“တစ်သက်လုံး မပြန်ချင်တော့ဘူးဆိုရင် ဘွားဘွား လက်ခံပေးနိုင်ပါ့မလား”

“ဒါကတော့ ညည်းရဲ့သည်းခံနိုင်မှုအပေါ်မှာ မူတည်ပါတယ်လေ”

အားလုံးရဲ့ ဆန္ဒတွေကို ဆန့်ကျင်ပြီး ‘လိပ်ပြာ’ ‘ဒေါ်စိန်ဥ’ ခေါ်တဲ့နောက်သို့ လိုက်လာခဲ့လိုက်ပါသည်။ ရန်ကုန်အိမ်ကိုရောက်တော့မှ ‘ကိုမင်း’ တို့ရဲ့ စည်းစိမ်ချမ်းသာ၊ ဂုဏ်ပကာသန အရည်အချင်းတွေကို တပ်အပ်မြင်တွေ့လိုက်ရပါသည်။





‘လိပ်ပြာ’ ရဲ့ ကိုယ်ခန္ဓာလေးက သေးသေးကွေးလေးပဲ ကျန်တော့လောက်အောင် အလိုလိုသေးသိမ်ကျုံ့ဝင်၍ သွားရသလိုပါပဲ။ မတူမတန်ဘူးဆိုတဲ့စကားကို လက်တွေ့မြင်လိုက်ရတော့မှပဲ သဘောပေါက်သလိုရှိပါတော့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ‘လိပ်ပြာ’ စိတ်ဓါတ်ကို ပြန်တင်းထားလိုက်သည်။ ‘ကိုမင်း’ ကို ချစ်ခဲ့တာ ဒီလိုစည်းစိမ်ချမ်းသာတွေကို မက်မောလို့ချစ်ခဲ့ဟာမှမဟုတ်ဘဲ။

နှလုံးသွေးသန့်သန့်နဲ့ အချစ်တစ်ခုတည်းကို ရှေ့တန်းတင်ပြီးချစ်ခဲ့တာဆိုတော့ ခုမြင်နေရတဲ့ စည်းစိမ်တွေက ‘လိပ်ပြာ’ အတွက်တော့ တကယ့်တန်ဖိုးမရှိတဲ့ အရာတွေပါပဲ။

‘လိပ်ပြာ’ ရဲ့ မျက်လုံးတွေက မရပ်မနားကို ပြေးလွှားကာ ‘ကိုမင်း’ ကိုတွေ့ရနိုး လိုက်ရှာကြည့်နေမိသည်။ ‘လိပ်ပြာ’ ရောက်နေပြီဆိုတာကို ‘ကိုမင်း’ သိပါရဲ့လား။

“ ‘ကိုနေမင်း’ မရှိဘူးလားဟင် ဘွားဘွား”

ဟု တိုးတိုးကလေး မေးလိုက်တဲ့အဆုံးမှာ ဆတ်ကနဲ လှည့်ကြည့်လာတဲ့ ‘ဒေါ်စိန်ဥ’ ရဲ့ မျက်လုံးတွေက ကြောက်စရာကောင်းလောက်အောင် မီးဝင်းဝင်းတောက်လျှက် ရှိနေလေသည်။

"မင်း ဘာစကားပြောလိုက်တာလဲ"

"ဟို 'ကိုနေမင်း' ကို မတွေ့လို့မေးမိတာပါ"

"'နေမင်း' နဲ့တော့ မတွေ့ရဘူး မင်း သေမင်းနဲ့ပဲတွေ့ရမယ်ဆိုတာ အရင်မှတ်ထား"

ဟု ပြောကာ 'လိပ်ပြာ' အား အဝေးသို့ရောက်အောင် ဆောင့်တွန်းပစ်လိုက်ပါသည်။ ကြောက်လန့်လွန်းသဖြင့် 'လိပ်ပြာ' ရဲ့ အသားတွေ တဆတ်ဆတ်ကိုတုန်နေခဲ့ရသည်။

"မင်း 'နေမင်း' အနားမှာနေချင်တယ် မဟုတ်လား... နေချင်တယ်ဆိုရင် ငါ နှိပ်စက်တဲ့ဒဏ်ကိုလည်း မင်း ကျေကျေနပ်နပ်ကြီး ခံစားရမယ်ဆိုတာမှတ်ထား... ဒါကို မကျေနပ်ဘူးဆိုရင် မင်း ချက်ချင်း ကျိုက်ထိုကို ပြန်သွားလို့ရတယ်နော် လုံးဝကို မတားဘူး"

"ဟင့်အင်း 'ကိုမင်း' အနားမှာနေရရင်ပဲ ကျေနပ်လှပါပြီ... ဘွားဘွား သဘောအတိုင်းပါပဲ... 'လိပ်ပြာ' မပြန်ဘူး"

"ဒါဆိုလာခဲ့..."

'လိပ်ပြာ' ရဲ့လက်ကို အားနဲ့ဆောင့်ဆွဲကာ အပေါ်ထပ်လှေကားထစ်တွေတလျှောက် မညှာမတာ ဆွဲခေါ်သွားခဲ့ပါသည်။ နာကျင်ပေမယ့် စိတ်ကိုအတတ်နိုင်ဆုံး လျှော့ချထားခဲ့မိ





သည်။

"ဒါ မင်းနေရမယ့်အခန်းပဲ... ဘယ်လိုပဲဖြစ်ဖြစ် 'နေမင်း' နဲ့ မတွေ့ရမှာတော့ မပူနဲ့... တွေ့ကိုတွေ့ရမယ်... အေး 'နေမင်း' နဲ့တွေ့ရင်လည်း ကိစ္စအားလုံးအဆင်ပြေပါတယ်ပဲ ပြော မင်းဘက်က တစ်ခုခုများ ငါ့အပေါ် ဂုံးတိုက်လို့ကတော့ ဒီအိမ်ကနေ ပြန်ပြေးဖို့သာ ပြင်ထားပေတော့ ကြားလား"

"ဟုတ်ကဲ့ ကြားပါတယ်"

ငရဲခန်းကို ဖြတ်ကျော်သလိုမျိုး ခံစားမိပေမယ့် 'ကိုမင်း' ရှိနေတာယ်ဆိုတဲ့အသိဖြင့် အပူမီးကို သုခဘုံဖြစ်အောင် 'လိပ်ပြာ' စိတ်ထဲမှာအတင်းမှတ်ယူထားလိုက်သည်။

ညနေပိုင်းလောက်မှ 'ကိုမင်း' ကိုတွေ့ရပါသည်။ 'ကိုမင်း' ရဲ့ပုံစံက ဝမ်းသာလွန်းလို့ မျက်ရည်ကြည်တွေပင် ဝဲနေလေသလား မပြောတတ်ပါ။

'လိပ်ပြာ' ကတော့ ရှိုက်ကြီးတငင်ကို ငိုချပစ်လိုက်ပါသည်။

"မငိုနဲ့တော့လေကွာ... ကိုယ့်အနားမှ နေရပြီပဲ မဟုတ်လား ဘွားဘွားနဲ့အဆင်ပြေအောင်နေနော် သူနဲ့အဆင်ပြေရင် ကိုယ်တို့ နှစ်ယောက်ဘဝက နီးစပ်ဖို့သိပ်ကိုသေချာသွားပြီ"

"'ကိုမင်း' က တစ်နေကုန် ဘယ်တွေလျှောက်သွားနေတာလဲဟင်"

"အလုပ်တွေလုပ်နေရတာပေါ့ကွာ... မင်း ဒီအိမ်ကိုရောက်ဖို့အတွက် ဘွားဘွား ခိုင်းတဲ့အလုပ်တွေကို ကိုယ်လုပ်ပေးရတယ်... ဘယ်လိုပဲဖြစ်ဖြစ် မင်းနဲ့နီးနီးကလေးနေရတာနဲ့တင် ကိုယ်အလုပ်တွေလုပ်ရတာတန်ပါတယ်"

"'ကိုမင်း' ပင်ပန်းလား"

"မင်း မျက်နှာကိုမြင်လိုက်ရလို့ ပင်ပန်းတာတွေပျောက်သွားပြီ"

"အဟင်း ဟင်း ဟင်း"

ကြည်နူးစိတ်ကလေးနဲ့ ရယ်မောလိုက်တဲ့ 'လိပ်ပြာ' ရဲ့ရယ်သံလေးက ကြာရှည်ပင်မခံလိုက်ပါ။

"အံမယ်လေး ဖြစ်ပျက်နေလိုက်တာ... ဟဲ့ ညည်းကိုခေါ်ထားတာ 'နေမင်း' နဲ့ပလူးဖို့မဟုတ်ဘူးလေ... ငါ ခိုင်းတာကိုလုပ်ဖို့ခေါ်ထားတာ မဟုတ်လား... သွား သွား ငါ့အခန်းကိုသွားရှင်းထား... နောက် လူမြင်ကွင်းမှာ ဒါမျိုးမနေပါနဲ့"

'ဒေါ်စိန်ဥ' ရဲ့အသံက ဟိန်းထကာနေသည်။ 'ကိုမင်း' က သက်ပြင်းကိုချပြီး အပေါ်ထပ်သူ့အခန်းရှိရာဆီ ထွက်သွား





ပါတော့သည်။

"ဘာလဲ ညည်းက သူများအိမ်မှာလာပြီး ဇိမ်ကလေးနဲ့နေဖို့ စဉ်းစားနေတာလား... မရဘူးနော်... ငါ့လို အသက်အရွယ်ကြီးတောင် အလုပ်လုပ်နေရတယ်... ညည်းအရွယ်မျိုးဆိုပိုပြီးတောင်တောင် လုပ်သင့်သေးတယ်ဆိုတာ မှတ်ထား"

'ဒေါ်စိန်ဥ' ရဲ့အခန်းထဲသို့ 'လိပ်ပြာ' ဝင်လာခဲ့လိုက်ပါသည်။ မထင်မှတ်တဲ့မြင်ကွင်းမို့ 'လိပ်ပြာ' အသံပင်ထွက်သွားခဲ့ရသည်။

"အံမယ်လေး..."

ကြည့်စမ်းပါဦး။ တစ်ခန်းလုံး ပွရှုပ်ပြီးညစ်ပတ်ပေရေနေတာ မြင်လို့ပင်မကောင်းအောင်ပါ။ ပစ္စည်းတွေက သူ့ရှိသင့်တဲ့နေရာမှာမရှိဘဲ ဟိုနေရာတစ်စ၊ ဒီနေရာတစ်စနဲ့ ဖြစ်ချင်တိုင်း ဖြစ်ကာနေ၏။

ဘယ်ကဘယ်လိုစပြီး ရှင်းရမယ်မှန်းကို မသိအောင်ပါ။ ရင်မောစွာကြည့်နေမိပြီးမှ စိတ်ကိုခပ်ရှင်းရှင်းထားကာ တစ်ခုချင်းစီကို အသေးစိတ် နေရာတကျဖြစ်အောင် လိုက်ရှင်းပေးနေမိပါသည်။

ရှင်းနေရင်းမှလည်း တွေးမိသေးသည်။ တမင် ခိုင်းချင်

လို့ ဒီလိုမျိုး မပွင့်ပွအောင်ဖွထားခဲ့တာပဲ ဖြစ်ပါလိမ့်မည်။ ဖွတဲ့သူကိုယ်တိုင်လည်း ပင်ပန်းမယ်ဆိုတာသိနေတာကြောင့် 'လိပ်ပြာ' ရဲ့ မျက်နှာလေးက ပြုံးလို့ပင်လာခဲ့ရတော့သည်။

ဒါ 'လိပ်ပြာ' ကို စမ်းသပ်နေတာပဲ ဖြစ်ရမည်။

အို 'လိပ်ပြာ' ဆိုတဲ့မိန်းကလေးက အချစ်နဲ့ပတ်သက်လို့စမ်းသပ်တာကို ပြုံးပြုံးကလေးပင် ငြိမ်ခံနေလိုက်ပါဦးမည်။



၁၈

ရက်ကြာလာတာနဲ့အမျှ 'လိပ်ပြာ' ရဲ့ သည်းခံနိုင်မှုစွမ်းအားကို ကျွန်မ လက်ဖျားခါလို့လာခဲ့ရတော့သည်။ ဒီမိန်းကလေး ဟန်ဆောင်တာပဲ ကောင်းလွန်းတာလား၊ တကယ့်စိတ်ရင်းနဲ့ပဲ ကြည်ဖြူသည်းခံပြီးနေပေးတာလားဆိုတာ သံသယ ပင်ဝင်လာတဲ့အထိတိုင်အောင်ပါ။

သူမ ဘက်က ပြောသမျှဆိုသမျှတိုင်းကို ခေါင်းငုံ့သည်းခံနေတာရယ်၊ မညှာမတာ ခိုင်းသမျှတိုင်းကိုလည်း မညီးမညူ လုပ်ပေးနေတာတွေသည် ကြာတော့ ပြောရတဲ့သူ၊

ခိုင်းရတဲ့သူတွေပင် ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ဖြစ်လို့လာရတဲ့အထိပင်။

'နေမင်း' နဲ့ တစ်နေ့ကို ဆယ့်ငါးမိနစ်ထက် မပို ့ဲ့အချိန်ပိုင်းကလေးတွေ့နေရတာကိုပဲ သူမ မှာ ကျေနပ်နေသည်။ 'နေမင်း' ကို တကယ်ပဲ ချစ်တာလား မပြောတတ်တော့ပါ။

ကျွန်မကတော့ 'လိပ်ပြာ' နဲ့ထိတွေ့နေတဲ့ အချိန်ကာလအပိုင်းအခြားလေးက တကယ့်ကိုတိုတောင်း ဂန်းသေးတာကြောင့် စမ်းသပ်မှုကို တစ်ခုပြီးတစ်ခု ထပ်လုပ်ဖို့ စဉ်းစားနေမိဆဲဖြစ်သည်။

အခုဆိုရင် ကျွန်မ နှုတ်က ဘာလုပ်ပါလို့ ခိုင်းစရာပြောစရာမလိုဘဲနဲ့ကို 'လိပ်ပြာ' က သူ့အသိစိတ်ဓာတ်နဲ့သူ ကျွန်မရဲ့ဝေယျာဝစ္စတွေကို အလိုက်တသိ လုပ်ပေးသွားတတ်သည်။

သူမ လုပ်ပေးနေတဲ့ကြားထဲကပင် ကျွန်မက တမင်ပင် ဂွတိုက်ပြီး မျိုးစုံဂျီကျတာကိုလည်း အပြုံးမပျက်ပင် ဖြည့်ဆည်းပေးပြန်တယ်ဆိုတော့ ကျွန်မ ဘယ်လိုပြောရမယ်မှန်းပင် မသိတော့ပါ။

တစ်နေ့ ဘယ်လိုဖြစ်ပြီး အစားမှားသွားတယ် မသိ







ပါ။ ကျွန်မ ဝမ်းတွေလျှောပါတော့သည်။ လူကြီးဆိုတော့လည်း တစ်ခါနှစ်ခါလောက်တော့ ကျွန်မ အိမ်သာအခန်းထဲထိ သွားနိုင်ခဲ့ပေမယ့် နှစ်ခါထက်ပိုလာတဲ့အခါမှာတော့ လူကပျော့ခွေပြီး လမ်းပင်မလျှောက်ချင်လောက်အောင် ယိုင်နဲ့လာရတော့သည်။

'လိပ်ပြာ' တစ်ယောက်သာ ကျွန်မရဲ့အနားမှာ ခပ်ကြာကြာကလေးပဲ နေပေးဖော်ရပါတော့သည်။ ကျွန်မ ယုံကြည်စိတ်ချရပါတယ်ဆိုတဲ့ လူဟောင်းတွေသည် အညစ်အကြေးပိုင်းနဲ့ ပတ်သက်လာတဲ့အခါကျတော့ မသိသလိုဟန်ဆောင်ကာ တခြားအလုပ်တွေ အကြောင်းပြပြီး ကျွန်မရဲ့အနားက ခွာသွားခဲ့ကြပါသည်။

ကျွန်မရဲ့အဖြစ်က ဆိုးပါသည်။

အိမ်သာဆီကို တွဲသွားနိုင်လောက်တဲ့အထိအောင် မအောင့်နိုင်တော့ဘဲ နေရာမှာတင် ဖြန်းကနဲ ဖြန်းကနဲ ထွက်ကျတဲ့အထိဖြစ်လို့လာခဲ့သည်။

'နေမင်း' ဆီကို 'လိပ်ပြာ' က ဖုန်းဆက်အကြောင်းကြားပြီး ဆရာဝန်ကို ပင့်ခိုင်းလိုက်ပါသည်။ ဆရာဝန်မလာခင်စပ်ကြား မရှုံ့မရှာပြုစုဆေးကြောပေးရတဲ့သူသည် 'လိပ်ပြာ'

တစ်ယောက်တည်း ဖြစ်ခဲ့သည်။

ရောဂါဝေဒနာ ခံစားနေရတဲ့အချိန်မှာ ကျွန်မ ဘာကိုမှ မစဉ်းစားနိုင်တော့အောင်ပါ။ 'လိပ်ပြာ' ပြုစုလုပ်ကိုင်ပေးသမျှတွေကိုသာ အသာတကြည် ခံယူနေရင်း စိတ်ထဲကတော့ ကျေနပ်ပီတိ တကယ်ကိုဖြစ်ပေါ်နေခဲ့ပါသည်။

ကျွန်မရဲ့ အညစ်အကြေးတွေပေနေတဲ့ ထမိန်တွေကို သူကိုယ်တိုင်ပဲ လျှော်ဖွတ်ပေးသွားခဲ့သည်။ ပြီးတော့ ကျွန်မရဲ့ အနားမှာထိုင်ပြီး ညင်ညင်သာသာနဲ့ လာနှိပ်နယ်ပေးနေပါသည်။

"မမောသေးဘူးလား 'လိပ်ပြာ'... သွားနားရင်နားတော့လေ"

"ရပါတယ်... နားရအောင် ဘာမှပင်ပန်းတာမှမဟုတ်ဘဲ... ကျိုက်ထိုမှာတုန်းက ဒီ့ထက်ပိုပင်ပန်းတဲ့အလုပ်တွေတောင် လုပ်ခဲ့ရသေးတာပဲ... ဘွားဘွား သက်သာရဲ့လား"

'လိပ်ပြာ' ရဲ့ မျက်လုံးလေးတွေက နာကျင်ရိပ်တွေ စွန်းထင်းမနေပါ။ ကြည်ကြည်သာသာပဲ ရှိနေပါသည်။

"ဘွားဘွားကို မင်းမမုန်းဘူးလား... ကလဲ့စားချေချင်စိတ်ကော မရှိဘူးလား"





"'လိပ်ပြာ' က ပြန်ပြီးကျေးဇူးတင်နေရတာပါ... 'ကိုမင်း' အနားမှာ ပေးနေထားတာနဲ့ကို ဘွားဘွား ရဲ့ကျေးဇူးတွေက ဆပ်လို့မကုန်နိုင်ပါဘူး... ဘွားဘွားကို 'လိပ်ပြာ' ကိုယ်ချင်းစာလို့ရပါတယ် ဒီလိုအဆင့်အတန်း ဒီလိုအခြေအနေမျိုးနဲ့ 'လိပ်ပြာ' လို ဟိုးအောက်ခြေက လူမျိုးနဲ့ ဘွားဘွား သဘောမတူနိုင်ဘူးဆိုတာ သဘာဝကျပါတယ်... ခုလိုမျိုး အိမ်ပေါ်ခေါ်တင်ထားတယ်ဆိုတာတောင် လွန်လှပါပြီ"

"လောကမှာ ငွေကြေးစည်းစိမ်ချမ်းသာထက် စိတ်ထားမွန်မြတ်ဖို့က ပိုအရေးကြီးပါတယ် ကလေးရယ်"

ကျွန်မရဲ့အသံက တကယ့်ကို ကျေနပ်နေတဲ့ အသံမျိုးပါ။

ကျွန်မအပေါ်ကို ဆက်ဆံတဲ့ 'လိပ်ပြာ' ရဲ့ ရင်တွင်းကစိတ်အခြေအနေကို သိလိုက်ရတဲ့အတွက် အရမ်းကိုကျေနပ်မိပါသည်။ နောက်ဆုံးအနေနဲ့ 'နေမင်း' အပေါ်ကို တကယ်ချစ်မချစ်ဆိုတာပဲ သိဖို့လိုပါတော့သည်။

ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်ကို အကြာကြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ကျွန်မ တစ်ကိုယ်ကောင်းဆန်ဆန်နဲ့ ထပ်မနှိပ်စက်ချင်တော့ပါ။

ကျန်းမာရေး ပြန်ကောင်းသွားတာနဲ့ ကျွန်မရဲ့စိတ်တွေက အရင်ကလို 'လိပ်ပြာ' အပေါ်မှာ ကောက်ကျစ်စဉ်းလဲတာမျိုးမရှိတော့ဘဲ တကယ့်မြေးအရင်းလေးလို သဘောထားပြီး သူမ လေးလိုအပ် တာတွေကို ဖြည့်ဆည်းပေးခဲ့ပါသည်။

ကျွန်မရဲ့ ပြောင်းလဲသွားသော ဆက်ဆံရေးကိုကြည့်ပြီး 'နေမင်း' ကလည်း သဘောတွေကျနေပါသည်။ 'လိပ်ပြာ' အလစ်မှာ ကျွန်မကို ခပ်တိုးတိုးကပ်ပြီး လာမေးသည်။

"ဘွားဘွားကျွန်တော်နဲ့ 'လိပ်ပြာ'ကို သဘောတူတော့မယ် မဟုတ်လား"

"မတူသေးပါဘူး... ခုမှ လေ့လာအကဲခတ်တုန်း ရှိပါသေးတယ်နော်... အေး မင်းအနေအထိုင် ဆင်ခြင်ရင်ဆင်ခြင်... မဆင်ခြင်ဘဲ ကဲလို့ကတော့ ကောင်မလေးကို ငါ ကျိုက်ထိုပြန်ပို့ပစ်မှာနော် မင်း ငါ့အကြောင်းကို သိတယ်မဟုတ်လား"

"ဟာ ကျွန်တော် ဘာလုပ်လို့လဲ...ဘွားဘွားပြောထားလို့ တစ်နေ့ကို ဆယ့်ငါးမိနစ်ထက် ပိုတွေ့လို့လား... အိမ်ပြန်ရောက်ရင်လည်း အခန်းထဲပဲအောင်းနေတာကို ဘွားဘွား သိရဲ့သားနဲ့"

"အေးလေ... သိလို့ ဒီလောက်ထိ အခြေအနေတွေတိုး





တက်လာခဲ့တာပေါ့... မင်း အပေါ်မှာပဲ မူတည်တယ်... တစ်ခုတော့ မင်း စိတ်ချမ်းသာအောင် ပြောပြထားမယ်... 'လိပ်ပြာ' ရဲ့စိတ်ဓါတ်ကိုတော့ ငါသဘောကျပါတယ်... ဒီကောင်မလေး စည်းစိမ်ချမ်းသာကို မမက်မောတတ်ဘူးဆိုတာ သိပ်ကိုသေချာတယ်"

ပြုံးရွှင်သွားသော 'နေမင်း' မျက်နှာကိုကြည့်ပြီး ကျွန်မပါ အပျော်တွေကူးစက်သွားသလို ခံစားလိုက်ရပါသည်။

'လိပ်ပြာ' ရဲ့ အကျင့်စာရိတ္တကို ကျွန်မ တကယ့်ကို အကြွင်းမဲ့ ယုံကြည်စိတ်ချပါသည်။ နည်းမျိုးစုံနဲ့လည်း စမ်းသပ်ခဲ့ပြီးပါပြီ။ သိသလိုလို၊ မသိသလိုလိုနဲ့ ကျွန်မရဲ့ပိုက်ဆံတွေ၊ လက်ဝတ်လက်စားတွေကို ဟိုနေရာပစ်၊ ဒီနေရာပစ် လုပ်ခဲ့တာတွေ မနည်းမနောပါ။

ဘယ်တော့ပဲဖြစ်ဖြစ် 'လိပ်ပြာ' က သူတွေ့တာနဲ့ ချက်ချင်းပင် ကျွန်မလက်ထဲသို့ ပြန်လာအပ်သည် ချည်းပင်။ ငွေရေးကြေးရေးပိုင်း နဲ့ပတ်သက်ပြီးလည်း အသွင်းအထုတ်တွေ ခိုင်းခဲ့ပြီးပါပြီ။

အခြေအနေမပေးလို့ တက္ကသိုလ်ဆက်မတက်ရတာကလွဲ၍ စာရင်းဇယားကိစ္စတွေမှာ တကယ့်ကို သေချာတိကျလှ

သည်ပင်။ အပိုအလိုမရှိ ကျွန်မလက်ထဲသို့ စနစ်တကျ အပ်နိုင်ခဲ့သည်။

ဒီနှစ် တက္ကသိုလ်တွေ ပြန်ဖွင့်ရင်ဖြင့် 'လိပ်ပြာ' ကို ကျောင်းပြန်တက်ခိုင်းဖို့ ကျွန်မတစ်ယောက်တည်း စိတ်ကူးနေမိပြီးပါပြီ။ 'နေမင်း' ကိုတောင် ဖွင့်မပြောပြရသေးပါ။

"'လိပ်ပြာ' ကို ကျိုက်ထို ခဏပြန်လွှတ်ရင် ကောင်းမလားမသိဘူးနော်"

ဟု 'နေမင်း' က ကောက်ကာငင်ကာ ပြောလာသည်။

"ဘာဖြစ်လို့လဲ... နေရင်းထိုင်ရင်းနဲ့များ"

"မဟုတ်ဘူးလေ နေတာလည်း ကြာပြီဆိုတော့သူတို့ဘက်က တစ်မျိုးမြင်ရင် မကောင်းဘူးဖြစ်နေမယ်... ဘွားဘွားအတွက်ပြောနေတာပါ... တစ်ညအိပ်ဖြစ်ဖြစ် နှစ်ညအိပ်ဖြစ်ဖြစ် လွှတ်သင့်တာပေါ့"

"အင်း ဟုတ်တော့လည်းဟုတ်တာပဲ... တလောကတော့ လူကြုံလာသေးတယ်... 'လိပ်ပြာ' က ငါ ခိုင်းလိုက်တဲ့ကိစ္စတွေ လုပ်နေလို့ အပြင်ရောက်ပြီး မတွေ့လိုက်ရဘူး... သူတို့စိတ်ထဲ တစ်မျိုးမြင်သွားလားတောင် မသိဘူး"

'လိပ်ပြာ' ကို ခေါ်ပြီး ပြန်ဖို့ကိစ္စကို မေးကြည့်လိုက်မိ





ပါသည်။ ကိုယ်တွေက စေတနာထားပြီး မေးတာကို သူက ဘယ်လိုအတွေးပေါက်သွားသည် မသိပါ။ ချက်ချင်းဆိုသလို မျက်ရည်တွေဘာတွေ ကျလာရတော့သည်။

"'လိပ်ပြာ' ကိုမထားချင်တော့လို့လား ဘွားဘွားရယ်"

"အို..."

ကျွန်မလည်း စိတ်မကောင်းဖြစ်သွားရသည်။

"'လိပ်ပြာ' မှာ အပြစ်ရှိရင် ပြောပါနော်... ဘွားဘွား မကြိုက်တာကို ပြင်ပါ့မယ်... ကျိုက်ထိုကိုတော့ ပြန်မပို့ပါနဲ့"

"ပြန်ပို့တာမဟုတ်ပါဘူး 'လိပ်ပြာ' ရယ်... အဆက်အသွယ်မလုပ်တာကြာတော့ မြို့ကလူတွေက တစ်မျိုးမြင်နေရင် ဘယ်လိုလုပ်မလဲ... ဟိုတစ်ခါ လူကြုံလာတုန်းကလည်း မတွေ့လိုက်ရဘူးဆိုတော့ သူတို့စိတ်ထဲ တစ်မျိုးမြင်ရင် မြင်နေနိုင်တယ်လေ... ဘွားဘွား ပြောတာက လက်ဆောင်လေး ဘာလေး သွားပေးပြီးရင် ပြန်လာခဲ့ပေါ့... မနှင်ပါဘူးအေ... တစ်ရက် နှစ်ရက်လောက်တော့ ပြန်ပြီး ဒီကအခြေအနေတွေ ပြောပြသင့်တယ်မဟုတ်လား... ဘွားဘွား စခေါ်လာကာစတုန်းကအခြေအနေနဲ့ အခုအခြေအနေနဲ့ မတူဘူးဆိုတာတော့ ပြောပြရမှာပေါ့... ဒါမှလည်း ဘွားဘွား တို့အတွက်

ကောင်းမယ်လေ”

“ဒါဆိုလည်း ဝင်းကားနဲ့ပဲ သွားလိုက်မယ်... နှစ်ည လောက်တော့ အိပ်လိုက်မယ်နော် ဘွားဘွား”

“အိပ်တာကရတယ်... ဝင်းကားနဲ့ မသွားနဲ့... အိမ်က ကားတစ်စီးစီးသာ ယူသွားလိုက်... ‘နေမင်း’ စီစဉ်ပေးလိုက် လိမ့်မယ်”

“ရပါတယ်... အိမ်ကကားနဲ့သွားရမှာ ရှက်စရာကြီး”

“ဘာရှက်စရာရှိလဲ... ပြောစကားနားထောင်နော်... လိုအပ်တာတွေလည်း ‘နေမင်း’ ကိုပဲ ဝယ်ထည့်ခိုင်းလိုက်မယ်”

‘နေမင်း’ နဲ့ ‘လိပ်ပြာ’ ရဲ့ မျက်နှာက အပြုံးတွေ ဝေနေခဲ့ လေသည်။



## ၁၉

ခရီးသွားလိုက်ရတဲ့ ရက်ကလေးက နှစ်ရက်ပဲ ကြာမြင့်လိုက်ပါသည်။ အဲ့ဒီ နှစ်ရက်အတောအတွင်းမှာ ရင်စို့ စရာအဖြစ်ကို ကြုံတွေ့လိုက်ရတဲ့အတွက် ‘လိပ်ပြာ’ မှာ မယုံ ကြည်နိုင်လောက်အောင် တုန်လှုပ်နေရသည်။

ဘွားဘွားကိုကြည့်တော့လည်း အချိန်တိုင်း မျက်ရည် နဲ့ မျက်ခွက်ဖြစ်ကာနေသည်။ နှလုံးသားနဲ့ရင်းပြီး ချစ်ရတဲ့ ‘လိပ်ပြာ’ ဆိုရင် ပိုပြီးတော့တောင် ခံစားရပါသည်။

‘ကိုမင်း’ လေ။ ‘ကိုမင်း’ ပေါ့။

နေရှင်းထိုင်ရင်းကနေ ဘယ်လိုဝဋ်ကြွေးမျိုးတွေ ပါလာသည်ပဲ မသိပါ။ 'ကိုမင်း' တစ်ကိုယ်လုံးမှာ အနာကြီးတွေ အပြည့်အသိပ်ပေါက်လာခဲ့တာဖြစ်သည်။

မျက်နှာပြင်မှာဆိုလည်း များလွန်းလို့ ဆရာဝန်က ပတ်တီးနဲ့တောင် စည်းပေးထားတဲ့အထိပါ။ အထူးကုဆရာဝန်ကြီးတွေနဲ့ သွားပြတော့လည်း ရေရေရာရာ မပြောနိုင်တာကြောင့် တစ်အိမ်လုံး စိုးရိမ်သောကတွေ မွှားများလို့နေရပါသည်။

'ကိုမင်း' အနားကိုကပ်ရင် အနာတွေကနေ အပုပ်နံ့တွေ ထွက်နေတာကြောင့် ဘယ်သူမှ မကပ်ချင်ကြတော့ပါ။ 'လိပ်ပြာ' ကတော့ ဘယ်လိုမျိုးတွေပဲဖြစ်နေနေ ကိုယ့်ချစ်သူက ချစ်သူပဲမို့ ရွံ့ရှာတာတွေ ဘာတွေ ထည့်မစဉ်းစားနိုင်အားပါ။

အိမ်ကိုလာတဲ့ ဆရာဝန်ကလည်း ပျော့တိပျော့ဖတ်နဲ့ 'ကိုမင်း' ရဲ့ရောဂါကို နာမည်ဆန်းတစ်ခုတပ်ပစ်လိုက်ပါသည်။

ဘာတဲ့ အေအိုင်ဒီအက်စ် တဲ့လား။ 'ကိုမင်း' လို ရိုးသားပြီး မဟုတ်တာဘာမှမလုပ်တဲ့လူမျိုးက ဒီလိုရောဂါဆိုးကြီးမျိုးကို ဖြစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

'လိပ်ပြာ' ကတော့ လုံးဝကို မယုံကြည်ပါဘူး။





ကွယ်ရာမှာ မျက်လုံးတွေ မို့မောက်မတတ်၊ ငိုယိုနေပေမယ့်လည်း 'ကိုမင်း' အရှေ့ရောက်ရင်တော့ မျက်နှာကို အပြုံးရွှင်ဆုံးထားကာ စိတ်ချမ်းသာမယ့် စကားတွေကိုသာ ရွေးပြောတတ်ခဲ့ပါသည်။

"'ကိုမင်း'... အနာတွေက ချပ်လာသလိုပဲသိလား... အနံ့တောင် သိပ်မနံ့တော့သလိုပဲ... ပျောက်ကာနီးပြီနဲ့တူတယ်"

ဟုပြောတော့ 'ကိုမင်း' က မယုံသလို ပြုံးလာပါသည်။

"ကိုယ်ရောဂါအခြေအနေ ကိုယ်သာ အသိဆုံးပါ 'လိပ်ပြာ' ရယ်... နှစ်သိမ့်မနေစမ်းပါနဲ့... ကိုယ်တစ်ယောက်တည်း အေးအေးဆေးဆေး နေပရစေ... ဖြစ်နိုင်ရင် ကိုယ့်အနားကို မလာပါနဲ့နော်"

"ဟင့်အင်း... 'ကိုမင်း' အနားမှာပဲ 'လိပ်ပြာ' တစ်သက်လုံးနေမှာ... 'လိပ်ပြာ' ကို မောင်းမထုတ်ပါနဲ့ 'ကိုမင်း' ရယ်..."

"ကျွတ် မင်း တော်တော်ပြောရခက်တာပဲ... ငါ့မှာ ရောဂါကို ခံစားနေရတဲ့ကြားထဲ မင်းက ဘေးနားက တကျီကျီလုပ်နေရင် ဘယ်လောက်သေချင်တယ် မှတ်သလဲ... ငါ့ဘဝနဲ့ ငါ မင်းပစ်ထားလိုက်ရတယ်"

"စချစ်တည်းက အေးအတူ ပူအမျှဆိုပြီး ချစ်ခဲ့တာပါ 'ကိုမင်း' ရယ်... ပစ်တယ်ဆိုတဲ့စကားကို မပြောပါနဲ့... တစ်သက်လုံးမပစ်ပါဘူး... 'ကိုမင်း' ဘာပဲဖြစ်နေနေ 'လိပ်ပြာ' တစ်သက်လုံးအနားမှာ ရှိနေမှာပါ"

"မင်း ပြောချင်တာပြော... အခုတော့ ငါ့ဘေးနားက ထွက်သွားပေးပါကွာ... မင်းကိုမြင်ရင် ငါ စိတ်ဆင်းရဲလွန်းလို့ပါ"

'ကိုမင်း' စိတ်တိုင်းကျ အခန်းပြင်ထွက်ခဲ့ရပေမယ့် ရင်ထဲမှာတော့ အရမ်းကိုဝမ်းနည်းနာကျင်နေမိပါသည်။ ဘွားဘွားက 'လိပ်ပြာ' ကို ကြည့်ပြီး နားချသည်။

"သူ မလာစေချင်ရင်လည်း မသွားဘဲနေပေါ့ သမီးရယ်... သူ့ မကောင်းလို့ ဒီရောဂါဆိုးကြီးကို ခံစားရတာ... ဘွားဘွားတော့သူ့ကိုမုန်းတယ် ရွံတယ်... ဘွားဘွားတို့အမျိုးထဲမှာ ဒီလိုရောဂါဆိုးမျိုး ဘယ်သူမှ မဖြစ်ခဲ့ဖူးဘူး... ဘေးလူတွေသိရင် သိပ်ရှက်စရာကောင်းတယ်"

"ဒီလို မပြောပါနဲ့ ဘွားဘွားရယ်... 'ကိုမင်း' ရောဂါက ပျောက်မှာပါ... 'လိပ်ပြာ' ကတော့ မပျောက်ပျောက်အောင် ကုမယ်လို့ ဆုံးဖြတ်ထားတယ်... အေအိုင်ဒီအက်စ်ဆိုတာ





လည်း မဖြစ်နိုင်ဘူး... အဲ့ဒီရောဂါက တဖြည်းဖြည်းချင်းမှပဲ ပေါ်လာတာလေ... ခုဟာက ဖြုန်းစားကြီး... အပူတွေများလို့ပဲလားမသိဘူး"

"အို ဘာပဲဖြစ်ဖြစ် ဘွားဘွားတို့အသိုင်းအဝိုင်းမှာ ဒီလိုဖြစ်တာ ရှက်ဖို့သိပ်ကောင်းတယ်... နောက်ဆုံးပေါ် ဆေးဝါးတွေနဲ့ကုတာတောင် မပျောက်ဘူးဆိုတော့ ဘာဆက်လုပ်လို့ရဦးမှာလဲ"

'လိပ်ပြာ' ဘာဆက်ပြောရမှန်း မသိအောင်ပါပဲ။ 'ကိုမင်း' ကိုသိပ်ချစ်လှပြီလို့ ပြောတဲ့ ဘွားဘွားတောင်မှရက်ပိုင်းအတွင်းစိတ်ပျက်သလို လေသံတွေ ထွက်လာခဲ့ပြီဆိုတော့ဘေးလူဖြစ်တဲ့ 'လိပ်ပြာ' က အတင်းဝင်စေ့စပ်ပေးဖို့ မလွယ်ကူပါ။

ရက်တွေ ကြာလာတာနဲ့အမျှ 'ကိုမင်း' ရဲ့ ရောဂါအခြေအနေက ပိုပြီးဆိုးဝါးလာသည်ဟု ထင်သည်။ 'ကိုမင်း' နေတဲ့အခန်းထဲဆို ဝင်ပင်မဝင်ချင်တော့လောက်အောင်ကို အပုပ်နံ့တွေက လှိုင်လှိုင်ထကာနေသည်။

ဘွားဘွားကလည်း 'ကိုမင်း' ကို သွားပင် မကြည့်တော့ဘဲ ကွယ်ရာကနေသာ တဗျစ်တောက်တောက်နဲ့ ရန်လုပ်နေပါတော့သည်။

‘လိပ်ပြာ’ ကတော့ ရတဲ့အချိန်မှာ ရသလိုအခွင့်အရေးနဲ့ ‘ကိုမင်း’ အနားကို ကပ်ချင်ပေမယ့် ‘လိပ်ပြာ’ ကို မြင်တာနဲ့ ဝူးဝူးဝါးဝါး အော်ထုတ်တတ်တဲ့ ‘ကိုမင်း’ ကြောင့် ငိုယုံမှတစ်ပါး ဘာမှမလုပ်တတ်တော့ပါ။

‘လိပ်ပြာ’ ရင်တွေ ကွဲကြေရပါပြီ။ အဆင်ပြေမယ်လို့မှ မကြံသေး ကံကြမ္မာက ဘာဖြစ်လို့များ ဒီလောက်ထိအောင် ရက်စက်ပြခဲ့ရတာလဲမသိပါ။

တစ်နေ့ တစ်နေ့ ‘ကိုမင်း’ ရဲ့အခန်းဝမှာ ငုပ်တုတ်ထိုင်ကာ ငိုနေချိန်ကသာများနေတာမို့ ဘွားဘွားက ‘လိပ်ပြာ’ ကို ခေါ်ပြောလာသည်။

“ဒီအတိုင်း ထိုင်ငိုနေလို့တော့ ပြဿနာက ပြီးမှာမဟုတ်ဘူး ‘လိပ်ပြာ’ ... တစ်ခုခုတော့ ဆုံးဖြတ်မှဖြစ်တော့မယ်... ‘နေမင်း’ ရဲ့ အခြေအနေကလည်း တစ်နေ့တခြား ဆိုးလာပြီ... မသေဘဲ တစ်အိမ်လုံးကို ရက်ရှည်လများ ဒုက္ခပေးနေရင် ဘယ်လိုလုပ်မလဲ... ပတ်ဝန်းကျင်ကလည်း ရှိသေးတယ်”

“ပတ်ဝန်းကျင်က အရေးမကြီးပါဘူး... ‘ကိုမင်း’ စိတ်ချမ်းသာဖို့က ပိုအရေးကြီးပါတယ်”

‘ဒေါ်စိန်ဥ’ က ခေါင်းကိုခါယမ်းပြီး သက်ပြင်းရှည်ကြီး





ကို ချလိုက်လေသည်။

“ဘွားဘွားတို့အတွက်တော့ ပတ်ဝန်းကျင်က ပိုအရေးကြီးတယ် ‘လိပ်ပြာ’... ‘နေမင်း’ ကို အိမ်မှာဆက်ထားရင် အိမ်မှာ ဟိုးအရင်တည်းက ရှိခဲ့တဲ့လူယုံတွေလည်း ထွက်ပြေးကြတော့မယ်... သူတစ်ယောက်တည်းနဲ့ အိမ်ကလူတွေ အများကြီးကို ဘွားဘွားမလဲနိုင်ဘူးလေ... သူ့အခြေအနေက ပြန်ကောင်းလာမယ်ဆိုရင်လည်း တစ်မျိုးပေါ့”

ဟု ပြောတဲ့ စကားတွေက မခံစားနိုင်သလို ငြင်းပစ်လိုက်မိပါသည်။

မပြောသင့်တဲ့စကားကို ဘွားဘွား ပြောလိုက်တာပါလား။ လောကမှာ ကိုယ့်ဆွေမျိုးသားချင်းကသာ အရေးကြီးဆုံးမဟုတ်လား။ အထူးသဖြင့် ဘွားဘွား အတွက်ဆို ‘ကိုမင်း’ က ပိုတောင်အရေးကြီးပါသေးသည်။

“ဘွားဘွား ပြောတဲ့စကားက ဘယ်လိုအဓိပ္ပါယ်လဲ မသိဘူး”

“ရှင်းရှင်းပဲပြောမယ်ကွယ်... ‘နေမင်း’ ကို အိမ်မှာမ ထားနိုင်တော့ဘူး... မြေးအဖြစ်ကလည်း အမွေပြတ်စွန့်ပစ်လိုက်တော့မယ် ဒါဆို အေးရောပေါ့... ”

“ရက်စက်လိုက်တာ ဘွားဘွားရယ်... ‘ကိုမင်း’ က ဘယ်နေရာမှာ သွားနေရမှာလဲ”

“ကျိုက်ထို ကိုပို့လိုက်မယ်လေ... အဲ့ဒီမှာပဲ သေတဲ့အထိ နေခိုင်းလိုက်တော့မယ်... သူ့ဘဝနဲ့ သူ့ကုသိုလ်ကံပဲလေ... မတတ်နိုင်ဘူး”

“ဟင့်အင်း... ‘လိပ်ပြာ’ သဘောမတူဘူး... ‘ကိုမင်း’က ဘွားဘွားရဲ့မြေးအရင်းဆိုတာကိုလည်း သတိရပါဦး”

“မြေးအရင်းမို့လို့ ဒီလောက်အထိ စဉ်းစားပေးတာပေါ့... သူစိမ်းဆို ကန်ထုတ်ပစ်လိုက်တာ ကြာနေပြီ”

ပြတ်သားလှသော စကားတွေကို နားထောင်ပြီး ‘လိပ်ပြာ’ ဒေါသတွေ လှိမ့်လှိမ့်ပြီးထွက်လို့လာခဲ့ရသည်။ ‘လိပ်ပြာ’ တန်ဖိုးထားပြီး ချစ်ရတဲ့ ယောကျ်ားတစ်ယောက်ကို ဒီလိုမျိုး ပြီးစလွယ်တန်ဖိုးမထားဘဲ စွန့်ပစ်လိုက်စရာလား။

‘စိုးမိုး’ လိုလူမျိုးကတော့ ဘယ်လောက်ထိအောင် ပြုစုပေးမှာမို့လို့လဲ။ ‘ကိုမင်း’ တစ်ယောက်တည်း ပြုစုပေးမယ့်သူ မရှိဘဲ ရောဂါဝေဒနာခံစားနေရမယ်ဆိုရင် သနားစရာ အရမ်းကောင်းနေမှာပေါ့။

“ ‘ကိုမင်း’ သွားတဲ့နောက်ကို ‘လိပ်ပြာ’ ပါ လိုက်သွား





မယ်”

“အို အေ... အသုံးမကျတော့တဲ့ ယောကျ်ားတစ်ယောက်ကို ညည်းက ဘာဖက်တွယ်နေရတာလဲ... ဘွားဘွား ပြောစရာ ကျန်သေးတယ်... ‘နေမင်း’ ကို စွန့်ပစ်လိုက်လို့ ဘွားဘွားမှာ အထီးကျန်ဖြစ်မယ်မထင်နဲ့... သမီးကို ‘နေမင်း’ နေရာမှာ အစားထိုးပြီး အမွေစားအမွေခံ မွေးစားဖို့ ဘွားဘွား ဆုံးဖြတ်လိုက်ပြီ”

“ဟင့်အင်း... ‘လိပ်ပြာ’ လက်မခံနိုင်ဘူး ဘွားဘွား”

“စည်းစိမ်ချမ်းသာတွေ တစ်ပုံကြီးခံစားရမှာကို ညည်းက ဘာနာတယ်လို့ထင်နေလို့လဲ”

“စည်းစိမ်တွေကို ‘လိပ်ပြာ’ မမက်မောပါဘူး... ‘လိပ်ပြာ’ မက်မောတာ ‘ကိုမင်း’ ကိုပဲ ... ‘ကိုမင်း’ ကို ‘လိပ်ပြာ’ သိပ်ချစ်တယ်... သူနဲ့သာဆို ဘယ်ဘဝမျိုးမှာပဲဖြစ်ဖြစ် အတူနေရဲပါတယ်... ‘ကိုမင်း’ ကို တစ်ယောက်တည်း ပစ်မထားလိုက်နိုင်ပါဘူး... ‘လိပ်ပြာ’ ပါ ‘ကိုမင်း’ နဲ့အတူ ကျိုက်ထိုကို ပြန်လိုက်သွားတော့မယ်... တစ်ခုပဲ ဘွားဘွားဆီက တောင်းဆိုစရာရှိပါတယ်... ”

‘လိပ်ပြာ’ ရဲ့ ရင်ခုန်သံတွေ ဆူညံပွက်ထလို့ လာခဲ့ရ

သည်။

"ပြောလေ ဘာတောင်းဆိုမှာလဲ"

"'ကိုမင်း' ကို အမွေပြတ်စွန့်လွှတ်ပြီးတာနဲ့ 'လိပ်ပြာ' နဲ့ 'ကိုမင်း' ကို လက်ထပ်ပေးပါနော်... ဘာလို့လဲဆိုတော့ 'ကိုမင်း' အနားမှာ ဇနီးမယားတစ်ယောက်အဖြစ်နဲ့ဆိုရင် ဘယ်သူကမှ ကဲ့ရဲ့လို့မရတော့ဘူးလေ... 'လိပ်ပြာ' တစ်သက်လုံး ပြုစုလို့ကောင်းအောင်လို့ပါ"

"ဒီလိုအနာကြီးရောဂါသည်ကို ညည်းက တကယ် လက်ထပ်ယူရဲလို့လား"

"ဘွားဘွားရယ် အနာဆိုတာ ကုသိုလ်ကံမကောင်းလို့ အရေပြားပေါ်မှာ ဖြစ်လာတဲ့ကိစ္စပါ... 'လိပ်ပြာ' တန်ဖိုးထားတဲ့အရာက 'ကိုမင်း' ရင်ဘတ်ထဲက နှလုံးသားပါ... ကျန်တဲ့ အသေးအမွှားကိစ္စတွေကို 'လိပ်ပြာ' ထည့်မတွက်ပါဘူး..."

"တစ်သက်လုံးကော အတူနေနိုင်ပါ့မလား အေ"

"နေနိုင်တယ် မနေနိုင်ဘူးဆိုတာ အချိန်က အဆုံးအဖြတ်ပေးသွားပါလိမ့်မယ်... 'ကိုမင်း' သာ အနားမှာရှိရင် 'လိပ်ပြာ' မှာ အားအင်တွေ အလိုလိုရှိလာမှာပါ... 'လိပ်ပြာ' ရဲ့အားအင်နဲ့ လင်မယားနှစ်ယောက်ဘဝကို ထူထောင်နိုင်လိမ်





မယ်ဆိုတာ ရဲရဲကြီးအာမခံပါတယ် ဘွားဘွား ရယ်"

'လိပ်ပြာ' သည် ရင်ထဲမှာစို့နေအောင် ခံစားရလာတာ ကြောင့် စိတ်ရှိလက်ရှိ ငိုချလိုက်မိပါသည်။ 'ကိုမင်း' အတွက် စိုးမကောင်းလွန်းလို့ပါ။

'ကိုမင်း' ရဲ့အခုအခြေအနေကို 'လိပ်ပြာ' မမြင်ရက်ပါဘူး။ ဟိုးအရင်တုန်းက အခြေအနေမျိုးကိုပဲ ပြန်တမ်းတလွမ်းဆွတ်ရင်း 'လိပ်ပြာ' ဘက်က တတ်နိုင်သလောက် ပြုစုပေးဖို့ ဆုံးဖြတ်ထားလိုက်ပါသည်။

"ကဲ သွားမယ်ဆို ဘယ်တော့သွားမှာလဲ..."

"ဘွားဘွား ခုချက်ချင်း လက်ထပ်ပေးရင် ခုချက်ချင်းပဲ 'ကိုမင်း' ကိုခေါ်ပြီး သွားမှာပါ..."

"တကယ်ပြောတာလား"

"တကယ်ပါ"

ဘွားဘွား က သူ့ဖြစ်ချင်တဲ့ဆန္ဒတွေ ပြည့်ဝသွားလို့လားမပြောတတ်ပါ။ မျက်နှာက ချက်ချင်းကို ပြုံးရွှင်သွားတော့သည်။

"ကဲ 'နေမင်း' ရေ... 'လိပ်ပြာ' နဲ့လက်ထပ်ဖို့ကို ဘုရား သဘောတူလိုက်ပြီ... မင်း ဆင်းလာခဲ့တော့"

ဟု အော်ခေါ်လိုက်တဲ့အဟွက် 'လိပ်ပြာ' အံ့ဩသွားရပါသည်။ 'ကိုမင်း' က သူ့ရောဂါနဲ့သူ ခြေလှမ်းတောင် အနိုင်နိုင်လှမ်းနေရတဲ့သူပါ။ မတော် လှေကားထစ်တွေကနေ ပြုတ်ကျလာရင် မခက်ပေဘူးလား။

"ဘွားဘွား 'လိပ်ပြာ' ပဲ သွားတွဲပြီး ခေါ်လိုက်ပါ့မယ်... 'ကိုမင်း' ရှေ့မှာတော့ ရက်ရက်စက်စက် စကားတွေမပြောလိုက်ပါနဲ့နော်"

"တွဲခေါ်စရာကော လိုလို့လား 'လိပ်ပြာ' ရယ်... ဟိုမှာကြည့်ပါဦး... 'နေမင်း' ကဖြင့် မင်းသားရုပ်ရှုံးလောက်အောင် ပြင်ဆင်လာပြီးတော့များ"

'လိပ်ပြာ' ကြောင်သွားရပါသည်။

အပေါ်ထပ် လှေကားထစ်ကို လှမ်းကြည့်တော့လည်း တကယ်အဟုတ်ကို 'ကိုမင်း' က အဝတ်အစားအသစ်တွေဝတ်ဆင်ကာ မင်းသားတစ်ယောက်လို ဆင်းလာလေသည်။

"ဟင် 'ကိုမင်း' ပြန်ကောင်းသွားပြီ... အနာတွေကကော"

"အဟင်း ဟင်း... အနာတွေက အစကတည်းကမှမရှိဘဲ... တမင် 'လိပ်ပြာ' ခရီးသွားတုန်း ဇာတ်လမ်းဆင်ပြီး ဘွားဘွား ကလုပ်လိုက်တာ... သနားပါတယ်ကွယ်... 'နေမင်း' တကယ်ဖြစ်တယ် အောင်းမေ့ပြီး ငိုနေလိုက်တာ"

"ဘွားဘွား ဒါဆို 'ကိုမင်း' က ဘာမှမဖြစ်ဘူးနော်... တကယ်နော် ဘွားဘွား"

ဝမ်းသာလွန်းတော့လည်း 'လိပ်ပြာ' မျက်ရည်တွေကျလာရပြန်သည်။

'ကိုမင်း' က 'လိပ်ပြာ' ကို သူ့ရင်ခွင်ထဲဆွဲထည့်ကာ ခေါင်းလေးကိုပွတ်သပ်ရင်း နှစ်သိမ့်နေပါသည်။ 'လိပ်ပြာ' က 'ကိုမင်း' ရဲ့ ရင်ခွင်ထဲကနေ လွတ်ထွက်သွားမှာစိုးသည့်အလား ခပ်တင်းတင်း ပြန်ဖက်ထားရင်း တအီးအီးနဲ့နေအောင် ရှိုက်ငိုနေဆဲပါ။

*ရှင်လန်းချမ်းမြေ့ပါစေ*

**အထင်ကရ**